www.burmeseclassic.com

# လရောင်ကျူးရှင်

ချစ်၍ ချစ်ခဲ့သည် ချစ်ပြီးသည့်နောက်...



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၁၉၅၀၂၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၃၄၀၀၃၀၈

အကြိမ် – ပထမအကြိမ်
၂၀၀၈–ခုနှစ်၊ မေလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ
၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




## အခန်း (၁)

ရွှေရှိနေပေမယ့် ငွေမဖြစ်သေးပါ။ ငွေတွေရှိနေတာကိုလည်း ထိုင်မသုံးနိုင်။ ထိုင်နေတော့ ထရဖို့ဖြစ်လာသည်။ ထသွားလိုက်ပြန်တော့ ပြေးရဖို့ ကြုံလာ၏။ ကိုယ့်အဖြစ်ကိုတွေးမိရင်း လှိုက် မကျေနပ် ဖြစ်မိသည်။

စည်းစိမ်ဥစ္စာဆိုတာ စားထိုက်မှစားရသည်တဲ့။ မစားထိုက်လို့ အခွင့်မရှိတော့ဘူးဆိုရင်လည်း ဝမ်းနည်းစရာမရှိပါ။

ဒါပေမဲ့ စည်းစိမ်ချမ်းသာအားလုံးက သူမ ရထိုက်နေသည့် အမွေအနှစ်အစစ်အမှန်တွေဖြစ်နေ၏။ ကိုယ်က ဒါတွေကို လိုချင်လွန်းလို့ အောင်ယူထားတာ မဟုတ်ဘဲ ရသင့်သည့် မျိုးဆက်အလိုက် အမှန်အတန် ဆက်ခံ ခံစားရမည့်သူ....။

သို့ကြောင့် မတော်လောဘနှင့် လိုချင်နေသူတွေကို မပေးနိုင်နိုင်ပါ။ တစ်ဦးတည်း ဆက်ခံရတော့မည့် မျိုးဆက်သွေးနှင့် နှစ်ဘက်သိုသွား၏ အမွေတွေက မနည်းမနော။ အားလုံးကို လှိုက် လက်ထပ်ထဲ့နေ့ လွှဲပြောင်းပေးမှာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနဲ့လက်ထပ်မှ ဘာညာ စေ့စပ်ထားခဲ့တာလည်းမရှိပါ။ ဒါပေမဲ့ လှိုက်ရဲ့ အိမ်ထောင်ဘက်ဟာ မျိုးရိုးစာရိတ္တကောင်းမွန်ရမည်။ ဦးစီးဦးဆောင်နိုင်သည့် အရည်အချင်းများနှင့် ယောကျ်ားကောင်းဖြစ်ရမည်။

သူမ ရွေးချယ်ပြီးသည့် ဘဝကြင်ဖော်အား လက်ရှိ အုပ်ထိန်းသူများနှင့် အမွေကို စောင့်ရှောက်ပေးကြသော အကျိုးတော်ဆောင်များက ဝေဖန်အကြံပေးခွင့်ရှိသည်။ အကယ်၍ စာချုပ်ပါ အချက်များနှင့် မကိုက်ညီပါက အမွေ၏တစ်ဝက်ကိုသာ ခံစားစေရမည်။

ကျန်သည့် တစ်ဝက်အား သာသနာရေးဝန်ဆောင်မှု လုပ်ငန်းဌာနများအားပေးလှူရမည်။ ထိုအချက်အားလုံးကို ရှေ့နေကြီးကပဲ သေချာဖတ်ပြခဲ့တာ ဖြစ်သည်။ ဘကြီးဝမ်းကွဲတော်သည့် ဦးသာရှိန်ကတော့ ကျေနပ်ခဲ့၏။ ပြီးတော့ ပြောသေးသည်။

"အထူးကောင်းတာက ကလေးရဲ့ အိမ်ထောင်ရေးကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထားတာပဲကွယ့်၊ စာချုပ်စာတမ်းနဲ့ မဖြစ်မနေ ဆုံးဖြတ်ရမယ့် ကိစ္စမှာ သတ်မှတ်ပြီးသားဖြစ်ခဲ့ရင် ကလေးစိတ်ချမ်းသာချင်မှ ချမ်းသာမယ်"တဲ့။

ခုတော့ အိမ်ထောင်ရေးကြောင့်ပဲ လှိုက်မှာ ထိုင်နေလို့မရ၊ ထနေတော့လည်း အငြိမ်မနေနိုင်ဘဲ ပြေးခဲ့ရသည်။

ပင်တိုင်စံ ထိပ်ထားလေးလို ခေါင်းဖြီးပေးမယ့်သူတွေ ဖိနပ်စီးပေးမယ့်သူတွေဝိုင်းဝိုင်းလည် ခစားနေခဲ့ကြသည့်အလယ်မှာ ဘာဆိုဘာမှ မသိဘဲ အပူအပင် ကင်းမဲ့စွာကြီးပြင်းခဲ့ရသည့် သူမဟာ မောက်မာတာ မဟုတ်ပေမယ့် မာနတော့ကြီး၏။





သူမဖြတ်သန်းခဲ့ရသည်က မြေမခ၊ နေမလောင်သော မြပုခက်နဲ့ ရွှေယပ်တောင်အောက်မှာ...။

ခု...ထိုင်နေရတော့ အလွန်စုတ်ပြတ်နုံချာသည့် စားသောက်ဆိုင်ငယ်လေးတစ်ခု၏ ထောင့်ကျကျ စားပွဲတစ်လုံး မှာ ဖြစ်၏။

ဝေ့ကြည့်လိုက်တော့ ဆိုင်က ကျယ်သာကျယ်ပြီး. စားပွဲလေး ခုလုံးလောက်ပဲရှိသည်။ ဒါတောင် စားပွဲတိုင်းမှာ လူမရှိဘဲ လှိုက်နဲ့ ခေါင်းတွက်မှ သုံးလေးယောက်လောက်ပဲရှိမည်ထင်၏။

လူတစ်ယောက်မှ မရှိတဲ့ စားပွဲမှာကျတော့ စားသောက်ထားခဲ့သည့် ရေစိုကွက်တွေ မသပ်မရပ် တင်နေသေးသည်။ ရေနွေးပန်းကန်ထဲက ပက်လက်တချို့၊ မှောက်လျက်တချို့၊ မာတ်ဘူးဆိုတာမှာ ငုံ့ချသည့်နှုတ်သီးခေါင်းနေရာမှာ ကြေးအထပ်ထပ်နှင့် အရောင်အဆင်းဆောင်မရှိတော့ပေ။

ထိုပြင် ထောင်ထားသည့်ဘောမှာတော့ ရနိုင်သည့် စားစရာများသာ ခေါင်းစဉ်တပ်ကာ ရေးထည့်ထားလိုက်တာ အမျိုးကိုစုံလို့ပါပဲ။ ဝေ့ကြည့်လိုက်တော့ ဘာမေးမေး ခေါင်းခါပြသည်။ နောက်ဆုံး ခေါက်ဆွဲစီနဲ့ လက်ဖက်ရည်ပဲ မှာလိုက်ရ၏။

လက်ဖက်ရည်ပူပူတုန်းလေး သောက်လိုက်မယ်ဟု ဆုံးဖြတ်ကာ ကိုင်လိုက်မိသည်။ လက်ဖက်ရည်ပန်းကန်က အက်ကြောင်းတွေရှိနေလျက် မည်းညစ်နေတော့ မသောက်ဖြစ်။ ပေါက်စီကိုကိုင်လိုက်တော့လည်း အေးစက်ပြီး မာတောင့်တောင့်မို့ မစားချင်တော့ပေ။ ထို့ကြောင့် စားစရာတွေရှေ့မှာချလျက်နှင့် လှိုက် ငုတ်တုတ်လေး ထိုင်တာ မတက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဘားအံက ထွက်လာကတည်းက ကားကအဆင်မပြေ။ အဆင်ပြေတော့လည်း ကားမစီးနိုင်ဘဲ ဟိုပတ်ရှောင် ဒီဘက်လှည့်ပြေးနှင့် ခရီးတော်တော်များများမှာ လူတွေပြောကြသလို ကိုးခြောက်ကိုးသုံးပဲ။

ထိုင်နေရင်း ဗိုက်ထဲက ဆန္ဒပြလာသည်။ ဒီကနေထပြီး ဒီ့ထက်ကောင်းမွန်သန့်ရှင်းတဲ့ဆိုင်ဝင်ဖို့က မဖြစ်နိုင်။ ဘာလုပ်ရမှန်းမသိဘဲ ဗိုက်ဆာတာကြီးကို ကမ္ဘာ့ဥာဏ်ရှုနေခဲ့ရစဉ် ဆိုင်ထဲကို လူတစ်ယောက် ဝင်လာသည်။

ဆံပင်ဘုတ်သိုက်က ကွေးကွေးကောက်ကောက်နှင့် အသားလတ်လတ်ပဲဖြစ်သည်။ အနားကနေ ဖြတ်သွားတော့ မြင့်မားသည့် သူ့အရုပ်ကြီးကို မျက်နှာရောက်အောင် မော့မကြည့်နိုင်တော့ဘဲ လှိုက် မျက်နှာပြန်ငုံ့လိုက်၏။ ထိုအချိန်မှာပဲဖြစ်သည်။

"ဘယ်မှာလဲ ဆရာချိန်"

မေးလိုက်သံက ရင့်သည်။ လက်ဆွဲနှုတ်ဆက်ဖို့ မဟုတ်ဘူးဆိုတာ သိသာနေသဖြင့် လှိုက်နောက်လှည့်ကြည့်လိုက်တော့ ဝင်လာသူပဲဖြစ်၏။

အပြင်မှာ တစ်ယောက်တည်းထိုင်၍ ဆိုင်သန့်ရှင်းရေးမလုပ်ဘဲ ပျင်းရိပျင်းရွဲရှိနေသော စားပွဲထိုးတစ်ယောက်က ကပျာကယာ ထရပ်လိုက်၏။

"နိုဒါန်း"

"ဟုတ်တယ်၊ ဆရာချိန်နဲ့ ငါတွေ့ချင်တယ်"

"ဘာ..ဘာလုပ်မလို့လဲ ဆရာ"

"ဖယ်စမ်း"





စားပွဲထိုးက သူ့နဲ့ ရင်ဘတ်ချင်းထိမတတ် ကပ်လိုက်ပြီး ပြဿနာတစ်စုံတစ်ရာကို တိုးတိုးတိတ်တိတ်နှင့် ပြီးဖို့ကြိုးစား၏။

သူက စားပွဲထိုး၏ပခုံးကို ဘေးတိုက်တွန်းထုတ်ပစ်လိုက်သည်။ ထိုအခါ စားပွဲထိုးသည် ခွေးခြေခုံပုလေးပေါ်သို့ ပုံပျက်ပန်းပျက် လဲကျသွားကာ ဆိုင်ထဲမှာ ရုတ်ရုတ်သဲသဲ အရေးအခင်းတစ်ခုက ချက်ချင်းကြီး ထဖြစ်၏။

စားသောက်နေကြသူ နှစ်ယောက်သုံးယောက် ဖြူးဖြူးဖြဲဖြဲ ခေါင်းထောင်လာကြသည်။ နှစ်ယောက်က ခပ်တည်တည် ထလစ်သွားကြ၏။ စားသောက်ထားတာတွေအတွက် မရှင်းဘဲ အခွင့်အရေးရတုန်း ထလစ်ကြတာမို့ နောက်က ပြဿနာကို တစ်ချက်မှ ပြန်မကြည့်တော့ပေ။

တစ်ယောက်ကတော့ အခန့်မသင့်လျှင် ထလစ်ဖို့ ခြေလှမ်းပြင်ဆင်သော်လည်း ပြေးတော့မပြေးပါ။ သို့သော် လက်တစ်ဖက်က ရှပ်အင်္ကျီအိတ်ထဲကို နှိုက်လျက် မျက်လုံးများဖြင့် စပ်စု၏။

လှိုက်က ကိုယ့်တစ်ယောက်ဘည်း ကျန်ခဲ့တာမဟုတ်မှန်း သိတော့မှ ဖြစ်နေတဲ့ဆီ မျက်လုံးပြန်ရောက်သည်။

"နိုဒါန်း...မင်း..."

လဲကျသွားသူက ပြန်ထဖို့ ကြိုးစားနေသည်။ ဒါပေမဲ့ ခါးနာသွားပုံရတာ မထနိုင်။ နိုဒါန်းဆိုသူက ဆိုင်တွင်းသို့ကူးသော ခန်းဆီးမျက်နှာစာကို စူးစိုက်ကြည့်ကာ ခြေလှမ်းကျဲများဖြင့် တိုးသွားသည်။ ရှေ့လှမ်း သုံးလှမ်းလောက်မှာ ရပ်ပစ်လိုက်၏။

"ဆရာချိန်၊ ခင်ဗျားကို ကျုပ်လာတွေ့တာ၊ ခင်ဗျားထွက်ခဲ့ပါ"

သူ့အသံ အေးစက်စက်၏ အဆုံးမှာ ခန်းဆီးလေးက လူးလွန့်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ သို့သော် တစ်စုံတစ်ယောက် ထွက်လာခြင်းမဟုတ်တဲ့ ဘောင်းဘီ ရှည်အနက်ဝတ်ထားသော ခြေထောက်တစ်ဖက်က တန်းခနဲ ဆန့်ထွက် လာ၏။

ကန်ချက်က သူ့မျက်နှာကိုကွက်တိ။ လှိုက်ရင်ထဲမှာ လှပ်ခနဲဖြစ် သွားကာ ကိုယ်လုံးလေးပါ နောက်သို့ယောင်ရမ်းရှောင်လိုက်မိ၏။ နီဒါန်း က ကိုယ်ကိုတခြမ်းစောင်းပစ်လိုက်ပြီး ခြေထောက်ကို ဖက်ခနဲ ကိုင် သည်။

သူကိုင်လိုက်သည့်အရှိန်နှင့် အထဲကလူက ကျန်သည့်ခြေတစ် ဖက်နှင့် မျက်နှာကို နောက်ထပ် ပိတ်ကန်လိုက်ပြန်၏။ နီဒါန်းမျက်နှာ ကို မော့လှန်ပစ်သည်။ ကန်ချက်လွဲသွားသည်နှင့် တစ်ဖက်လူသည် သူ့လက်ထဲမှာ ခြေလွှတ်လက်လွှတ်ပါလာပြီး ဖြစ်၏။ နီဒါန်း ခြေထောက် ကော လက်ဝါးစောင်းကော ဆက်တိုက်ပစ်ဝင်သွားသည်။

“အင့်”

မချိမဆန့် ညည်းသံကြီးနှင့် ထိုသူလွင့်ကျလာတာ ပြန်ထမလာ တော့ပေ။

“ဟား...ဟား...ဟား”

ရယ်သံကြီးက ခြေရှုရှုနှင့် လှမ်းမိုးနိုင်မှုတွေ ပါနေသည်။ ထို့ပြင် ကောက်ကျစ်တတ်သည့် မျက်နှာကြီးတစ်ခု ခန်းဆီးနောက်ကွယ်က နေ ထွက်လာတာမြင်ရ၏။

ထိုသူဟာ ဆရာချိန်ဆိုသူလား။ မျက်နှာပြည့်ပြည့်ကြီးမှာ တစ်ကိုယ်လုံး ရွှေတွေ အိနေအောင် ဝတ်ထား၏။ လှိုက်ကတော့ စပ်စုခြင်းအလုပ်မှာ နစ်မျောနေပြီမို့ နောက်ကလူတစ်ယောက်





...သွားပြန်သည့် အဖြစ်ကို မသိလိုက်တော့ပါ။

...ဆိုင်ထဲမှာ စားသောက်သူအဖြစ် ကျန်ရစ်ခဲ့တာ သူမတစ်ယောက် ...တော့လျက် သတ်ပုတ်တိုက်ခိုက်ကြတော့မည့် ယောကျ်ားတို့ ...ယ်မှာ သူမဘာဖြစ်ကျန်ခဲ့တော့မည်ဆိုတာကိုလည်း မတွေးမိ။

“ဟား...ဟား...ဟား နီဒါန်း...နီဒါန်း။ မင်းတော်တော်မိုက်တဲ့ကောင် ...”

“ဟုတ်လား၊ ခင်ဗျား‌ရဲ့ လိမ္မာတဲ့နည်းတွေ ပြောပြစမ်းပါဦး”

နီဒါန်းက အတွင်းခံအကျီမပါဘဲ ဝတ်ထားသည့် ဂျင်းအကျီ၏ ...တ်စနစ်ဖက်ကို သိမ်းဖယ်ကာ ခါးထောက်သည်။

လှိုက်နောက်ကနေ နီဒါန်း၏ နောက်ပိုင်းပုံစံက အရပ်မြင့်သ ...တ် ကိုယ်လုံးကတောင့်သည်။ ဘယ်နေရာမှ အဆီပိုမရှိသော ...မှာ ဂျင်းဘောင်းဘီဟောင်းကတော့ အရောင်လွင့်နေပြီဖြစ်သည်။ သူ၏တစ်ကိုယ်လုံးကို မျက်နှာချင်းဆိုင်ရပ်နေသည့် ဦးချိန်က ...တော့ စုန်ချည်ဆန်ချည်ကြည့်ကာ ရယ်မောလို့မဆုံး...။

ထို့နောက် သူ့ဘေးမှာ ထပ်ရောက်လာသော တပည့်လား၊ သား ...သိသူတစ်ယောက်က နီဒါန်း၏ဘေးတိုက်လောက်မှာ သွားရပ် ...၏။

“လူမိုက်ဆိုတာ ဂြိုလ်မပါဘူးဆိုတာ ငါအခုသိသွားပြီ၊ မင်း ...တကတည်းက ဘယ်လောက်မိုက်တဲ့ကောင်လည်းဆိုတာ ... နီဒါန်း၊ မင်းက နီဒါန်းဆိုတဲ့အတိုင်း စပဲစတတ်တာပါ။ အဆုံး ...တ်နိုင်ပါဘူး၊ ဟုတ်တယ်မို့လား”

“အဆုံးသတ်ဖို့က ခင်ဗျားဆီက မှန်ကန်တဲ့အဖြေတစ်ခုရမှဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပြောစမ်းပါ၊ ကျုပ်သူငယ်ချင်း ဘယ်မှာလဲ”

မေးရင်း နီဒါန်းက ရှေ့တက်သည်။ ဘေးကတစ်ယောက်က လက် မောင်းတစ်ဖက် ဆန့်တန်းပြီး တားဏ်။ နီဒါန်းက ထိုလက်ကို အောက် ကပင့်၍ ဖတ်ခနဲ ဆုပ်ကိုင်လိုက်လျှင်....

“မလုပ်နဲ့”

ဦးချိန်က တင်းမာသည့်လေသံနှင့် တားဏ်။ နီဒါန်း ဘာလုပ်တော့ မည်ကို သူသိသည်။ တပည့်ဖြစ်သူကို စူးစူးရဲရဲကြည့်၍ အသံတိတ် အပြစ်တင်သည်။ ပြီးတော့ အမိန့်ပေးဏ်။

နီဒါန်း လက်ကို လျှော့လိုက်မှ တပည့်ဖြစ်သူက မျက်နှာတင် တင်းနှင့် နောက်ဆုတ်သွားသည်။

“ခင်ဗျားတို့ ကျုပ်သူငယ်ချင်းကို ဘာလုပ်ပစ်လိုက်ကြသလဲ၊ သူ ဘယ်မှာလဲ”

“သေပြီ”

“တောက်”

နီဒါန်း မိုက်မိုက်ကန်းကန်း လှုပ်ရှားသည်။ လျှပ်တပြက်မျှ ဘယ်သူ မှ မလှုပ်ရှားလိုက်နိုင်မီ ဆရာချိန်၏ နှာခေါင်းသို့ ကန်ချက်က ထိတ် မိမိ ဝင်သွားဏ်။

“ဟိတ်ကောင်”

ဘေးကလူ လက်ထဲမှာ ဓားရောက်လာတာကို မြင်မှ လိုက် ထိတ် လန့်ကာ နေရာမှထရပ်လိုက်မိသည်။ ဒီလူတွေက ဓားသောက်ဆိုင် ကို အမည်ခံပြုထားပြီး မကောင်းမှုတွေ ကျူးလွန်ကာ စီးပွားရှာနေ ကြတာဖြစ်ဏ်။





သူမ အသိဝင်လာချိန်တွင် ခန်းဆီးနောက်ကွယ်မှ လူနှစ်ယောက် ထွက်လာပြန်သည်။ သူတို့လက်ထဲမှာလည်း ဓားတွေနဲ့ပဲဖြစ်သည်။ ဒါန်းက လျင်ပါသည်။

လျှပ်တပြက်အတွင်းမှာပဲ နှစ်ယောက်လက်ထဲမှ ဓားတွေလွင့် ကျကုန်သည်။ သို့သော် နောက်တစ်ယောက်မှာ ကျန်သေးသည်။ ထိုသူ က နီဒါန်းနားကို ဝင်ပူးဖို့ မကြိုးစားတော့ဘဲ နောက်ကနေ ပစ်ပေါက် ကျကျနန ချိန်နေဏ်။

“နောက်မှာ ... နောက်မှာ ဓား”

လိုက် ကိုယ့်အဖြစ်ကို မေ့သွားဏ်။ ပစ်ကွင်းကြီးလို ဖြစ်နေသည့် ဒါန်း၏ ကျောပြင်ကြီးကိုကြည့်ကာ အလန့်တကြား အော်လိုက်ဏ်။

နီဒါန်း၏ကိုယ် ဖျတ်ခနဲလှည့်သည်။ လက်ထဲမှာ တစ်ခါတည်း ပါလာသည့် လူဆိုး၏ ကိုယ်လုံးကြီးကို လွှဲပစ်လိုက်ဏ်။

“အင့်”

ဓားကိုင်သည့်လူမှာ ပစ်ခွင့်မရတော့ဘဲ နှစ်ယောက်သား ပစ်တိုက် တာ လုံးထွေးလဲကျသွားလေသည်။

“ဟော့ ဖမ်း..ဖမ်းထားစမ်း”

သွေးတို့ဖြင့် နီနေသော မျက်နှာကြီးက လက်ညှိုးထိုးအမိန့်ပေး လိုက် ကြည့်လိုက်တော့ ဆရာချိန်ဆိုသည့် လူကြီး၊ လက်ညှိုးထိုး တာက သူမကိုဖြစ်ဏ်။

“ဟင်”

စိတ်ထဲမှာ ထိတ်လန့်လျက် နောက်ကို ချာခနဲ လှည့်ပြေးခဲ့သည်။

“လိုက်... ဟိုမှာ ပြေးပြီ”



www.burmeseclassic.com

www.burmeseclassic.com



နောက်က အော်သံကြီးက ဝမ်းခေါင်းသံကြီးပါနေ၏။ နီဒါန်း သည့်လူကို ကူညီမိသလို ဖြစ်သွားခဲ့တာက မှန်ပါသည်။ ဒါပေမဲ့ ဒါ ရုတ်တရက် ထိတ်လန့်စိတ်နှင့် အမြင်မတော်တာကို ကယောင်ကတ အော်လိုက်မိတာဖြစ်သည်။ လှိုက်ကိုဖမ်းပြီး ဘာလုပ်ကြမလို့လဲ ပြေ ပြေးစမ်း....။

လှိုက်ဝတ်ထားတာက ထမိစကတ်နောက်ကွဲ ပေါင်ရင်းနား တုတ်ကျပ်ကာ ဘယ်လိုမှ ပြေးလို့မရပေ။ ထို့ပြင် ဂျာကင်အထူကြီးထ ဝတ်ထားရသဖြင့် ကိုယ်က လေးနေ၏။

"ဟော့ ... ရပ်စမ်း"

နောက်က လှမ်းအော်သည်။ အော်သံအရ သူမနောက်ကို လို လာကြတာ နှစ်ယောက်သုံးယောက်လောက် ရှိနိုင်၏။

လှိုက် ကံဆိုးစွာ ဦးတည်ပြေးခဲ့မိသည်ကလည်း လမ်းကြားလ သွယ်လေးထဲမှာ ဖြစ်နေခဲ့ရာ....

"ဟိတ်"

"အမလေး"

နောက်က လှမ်းဆွဲလိုက်သည်။ လှိုက် ခလုတ်တိုက်၍ ဟပ်ထိုး သွားသည်နှင့် တိုက်ဆိုင်ကာ ကုတ်အင်္ကျီစကိုပဲ ဆွဲမိသွား၏။

"ဖယ်နော်... လွှတ်"

"ဒုတ်"

"အား"

နောက်မှာ လှုပ်ရှားမှုတွေကို မြင်လိုက်ရ၏။ နှစ်ယောက်နှ နီဒါန်း....။





လှိုက်ကို ဆွဲမိသူက လှိုက်ကိုဆွဲထား၍ လည်ပင်းနင်သွား၏။ ထိုသူ နောက်ကြောင်းကို လှည့်ကြည့်နေတုန်း လှိုက်က အင်္ကျီကို ချွတ်ပစ်လိုက်သည်။ ပြီးတော့ လှည့်မကြည့်စတမ်း ပြေးလေသည်။

ဒီတစ်ခါတော့ မဆိုးပါလား။ နောက်ကလိုက်လာမယ့် သူတွေ ရှိတော့ဘူးထင်သည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်ရောက်လို့ ရောက်နေမှန်းလည်း မသိတော့ပေ။ ခြေလှမ်းတွေရပ်ပစ်လိုက်ပြီးနောက် လှည့်ကြည့်မိသည်။ ဘယ်သူမှ လိုက်မလာတော့တာမြင်မှ နေရာမှာပဲ ပစ်စလက်ခတ် ထိုင်ချပစ်လိုက်မိ၏။

"အား ... ညောင်းလိုက်တာ"

သေငယ်ဇောနဲ့ ပြေးနေတုန်းက ဘာမှမဖြစ်ခဲ့တဲ့ နားလိုက်တော့မှ ခေါင်းတွေမူးကာ ခြေထောက်နှစ်ဖက်စလုံး တဆတ်ဆတ် တုန်နေတာကို ဖိဆုပ်ထားလို့မရ။ ပြီးတော့ ဆူးမပေါက်နိုင်သည့် ရှူးဖိနပ်တောင်မှ စုတ်ပြတ်နေရသည့်အဖြစ်မှာ သူမ၏ ခြေဖမိုးလေးတွေမှာလည်း မြင်လို့ပင်မကောင်း....

"အား"

ဖိနပ်ချွတ်လိုက်တော့ ဖိနပ်နှင့် ထိစပ်ခဲ့သည့်နေရာတွေမှာ သွေးခြည်ဥနေပြီဖြစ်၏။ လောလောဆယ်မှာ ခြေထောက်က သွေးခြည်ဥသည့် အနာထက် အရေးကြီးတာရှိသည်။ နင် ဘယ်သွားမလဲ လှိုက်။

ထိုင်လျက်ကြည့်တော့ ပတ်ပတ်လည်မှာ သစ်ပင်တွေချည်းဖြစ်နေသည်။ ဘယ်ဘက်ကို သွားရမှာမှန်းမသိ။ ဟိုလူတွေ ဘယ်လောက်ထိလိုက်နေဦးမည်မသိသော အဖြစ်မှာ....

"အမေ့"

www.burmeseclassic.com



နောက်မှာ အရိပ်မြင်လိုက်သည်နှင့် တပြိုင်နက် လှိုက်ပါးစပ်ကို နောက်ကနေ ဖမ်းပိတ်ပစ်လိုက်ခြင်း ခံရလေသည်။

"ငြိမ်ငြိမ်လေးလိုက်ခဲ့"

တစ်ဖက်က လှိုက်ပါးစပ်ကို ဖိပိတ်ထားပြီး တစ်ဖက်ကနေ လက်မောင်းကို ဆွဲထူသဖြင့် မတ်တတ်ရပ်လိုက်ရ၏။ လှိုက်သိသည်။ ဒါ နီဒါန်း ဆိုတဲ့လူ....။

ပါးစပ်ကိုပိတ်ပြီး ဘာလုပ်တာလဲ။ သူနဲ့လိုက်က ရန်သူမှမဟုတ်တာ၊ လက်ကြမ်းကြီးနှင့် ဖိဆုပ်ခံထားရသည့် ပါးစပ်ကို ဖယ်ချလို့ မရသဖြင့် ဘာမှလည်း ပြောလို့မရ။

နောက်ပြန်ဆုတ်လိုက်နေရသဖြင့် သူ့ရင်ခွင်ထဲမှာ နောက်ပြန်လဲပြီးနေရသော အဖြစ်ကို ဒေါသတွေထွက်ကာ သူ့ဗိုက်ကို တံတောင်နှင့် တွက်မိသည်။ လက်ကို မရမက ဖြုတ်ချပစ်၏။ ဒါပေမဲ့ လှိုက် ကြိုးစားသမျှ ဘာမှမအောင်မြင်ဘဲ သူဆွဲခေါ်သွားသည့်အတိုင်း သစ်ပင်ချုံနွယ်တွေထဲ ပါသွားခဲ့လေသည်။

✪ ✪ ✪





အခန်း (၂)

"ဘယ်ရောက်ကုန်ပြီလဲ"

"မသိဘူး"

"တောက်"

နှစ်ယောက်တည်း ပတ်ရှာနေကြသည်။ ဒီနေရာမှာပဲ ဝဲလည်နေကြ၏။

"မင်းက ဒီမှာဘာလို့ကပ်နေတာလဲ၊ ဟိုဘက်ကိုသွားရှာ"

"မင်းကကော"

"ပြန်မမေးနဲ့ မင်း သွားဆိုသွား"

အချင်းချင်း အဝေမညီကြ။

"နီဒါန်းဆိုတဲ့ကောင်ကို မင်းက ဘာမှတ်လို့လဲ၊ သတ္တိရှိရင် မင်းသွားပါလား"

"သူရ"

"ဘာလဲ"

"ဒီကောင်မလေး လွတ်သွားလို့မဖြစ်ဘူးဆိုတာ မင်းသိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေးလွှတ်လို့ မဖြစ်တာက နိဒါန်းလက်ထဲရောက်နေရင် ဘယ်လိုလုပ်မလဲ"

"တောက် မင်း ဒီခွေးသူတောင်းစားကိုပဲ ထည့်ထည့်ပြောနေ"

"ခွေးသူတောင်းစားကြောင့် ငါတို့ကောင်တွေ ဘယ်ကောင်ထနိုင်လို့လဲ၊ လုပ်မနေစမ်းပါနဲ့ နေထွန်းရား မင်းကော တစ်ယောက်တည်းသွားရဲလို့လား"

"မင်းပါးစပ်ပိတ်ထား"

အသံတွေ ပြန်ငြိမ်သွား၏။ ခြေသံတွေကော ပြောသံတွေကော တဖြည်းဖြည်းပြန်ပျောက်သွားသည်။ ထိုအခါကျမှ နိဒါန်းက လှိုက်ယံ စပ်ကလေးပေါ် မညှာမတာ ဖိဆုပ်ထားခဲ့သည့် လက်ကို ဖယ်ပေးလိုက်ကာ...

"မင်း ဘယ်သူလဲ"

လှိုက်မဖြေနိုင်။ မွန်းကျပ်သွားခဲ့သည့် ရင်ဘတ်ထဲကို လေရောက်အောင် ပါးစပ်ကိုဖွင့်၍ အသက်ဝဝရှူရသေးသည်။ နိဒါန်းကိုလည်း မျက်စောင်းထိုးလျက်နှင့် ကြည့်ကာ...

"ကျွန်မဘယ်သူဖြစ်ဖြစ် ရှင်မေးဖို့မလိုပါဘူး၊ ခုလို ဖြစ်ရတာ ရှင့်ကြောင့်"

နိဒါန်းက ချုံနွယ်အခြောက်တွေပေါ်မှာ ဒူးနှစ်ဖက်ထောင်လျက်ထိုင်ချလိုက်ရင်း လှိုက်မျက်နှာလေးကို စိုက်ကြည့်သည်။ ထို့နောက် လှိုက်၏ တစ်ကိုယ်လုံးကို စူးစူးရဲရဲ...

"ရှင်...ရှင်ဘာကြည့်တာလဲ"

ဘယ်လိုမှ မသိချင်ယောင်ဆောင်နေလို့မရအောင် ရိုင်းစိုင်းသော





သူ့အကြည့်တွေကြောင့် လှိုက်ဒေါသဖြစ်သွား၏။

မေးခွန်းနှင့်အတူ ကိုယ်မှာကပ်နေသည့် အသားရောင် စမို့ရှပ်လေးပေါ်မှာ လက်ပိုက်ထားလိုက်မိ၏။ သူမဘာပြောပြော ဘယ်လိုဖြစ်နေနေ နိဒါန်းက၊ ဂရုစိုက်ပုံမရှိဘဲ မျက်နှာလေးဆီသို့ အကြည့်တွေပြန်ရောက်လာကာ...

"မင်းက ဘာဝင်လှိုက် ဆိုတဲ့တစ်ယောက်လား"

"ဟင်..ရှင်...ရှင်သိတယ်"

လှိုက်မျက်ဝန်းလေးတွေ ပြူးကျယ်သွားတော့ နိဒါန်းက စိတ်ပျက်ဟန် ခေါင်းခါ၏။ ပွယောင်းရှုပ်ပွနေသည့် ဆံပင်တွေကို လက်တစ်ဖက်နှင့် သပ်ချရင်း မကျေမနပ် ရှုံ့မဲ့နေသည်။

လှိုက်သည် ဘယ်လိုမှ မယုံနိုင်သည့် အဖြစ်များကြောင့် သူ့ရှေ့မှာ ဒူးထောက်လေးထိုင်ချလိုက်ပြီး မျက်နှာကို လိုက်ငုံ့ကြည့်သည်။

"ရှင်က လှိုက်ကို ဘာလို့သိနေတာလဲ၊ ဟင် ... ပြောစမ်းပါ"

နိဒါန်းမျက်နှာ ရှေ့တည့်တည့် ပြန်လှည့်လာ၏။ ဒါပေမဲ့ လှိုက်မေးတာကိုတော့ မဖြေပါ။

"မင်းကကော အဲဒီဆိုင်ထဲ ဘာဝင်လုပ်နေတာလဲ"

မေးတာကိုတော့ မဖြေဘဲ ပြန်မေးနေသဖြင့် လှိုက် မကျေမနပ်ဖြစ်သွားသည်။ မျက်ခုံးထူထူ နှုတ်ခမ်းပြည့်ပြည့်နှင့် မေးရိုးကားသော မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ ဒီလူဟာ မိုက်ရူးရဲလျှောက်ရမ်းတတ်တာမျိုးမဟုတ်ဘဲ တကယ်လည်းတော်သည်။

သူမကိုယ်တိုင်လည်း အခု သူ ကယ်ထုတ်ခဲ့လို့ပဲ လွတ်ခဲ့ရ၏။ ဒီ့ကြောင့် ဒေါသဖြစ်မိပေမယ့် ခဏ မျိုသိပ်လိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"လှိုက်က ခရီးထွက်လာတာ၊ အဲဒါ စားသောက်ဆိုင်မဟုတ် လား"

ပြောတော့ လှိုက်ကိုသူက သူငယ်နှပ်စားတစ်ယောက်ကို ကြ သလို အထင်မြင်သေးသည့် မျက်ဝန်းများနှင့်။ လှိုက်က သူ့မျက်ဝ များကို ဂရုမစိုက်တော့ဘဲ ဆက်ပြောသည်။

"ကားပေါ်ကဆင်းတော့ တည်းခိုခန်းမေးတာ၊ အဲဒါကို ညို့ဖြ က ဒီဘက်မှာရှိတယ်ဆိုပြီး လမ်းညွှန်လိုက်တာပဲ"

နီဒါန်းက နှာခေါင်းတစ်ချက်ရှုံ့၍ မျက်နှာလွှဲပစ်လိုက်၏။ သည် စိတ်မွေးနေရင်းကနေ လှိုက် မခံမရပ်နိုင်ဖြစ်သွားလေသည်။

"ဒါ လှိုက်ရောက်ဖူးခဲ့တဲ့နေရာမှ မဟုတ်တာ၊ ဘာသိမှာလဲ၊ ရှ လူကို အထင်သေးအမြင်သေး"

"ကြီးစရာမှမရှိတာ၊ ကြီးစေချင်သေးလား"

နီဒါန်းက ဒူးနှစ်ဖက်ထောင်လျက်ရှိရာမှ တင်ပလ္လင်ခွေထိုင်ချလို ကာ လှိုက်မျက်နှာလေးကို ကျကျနနကြည့်၏။

မျက်နှာလေးက ပြည့်ပြည့်သွယ်သွယ်လေးဖြစ်ကာ လှလ လှသည်။ ချစ်စရာကောင်းနေတာလေးကလည်း ပေါ်လွင်၏။ မျက် မျက်လုံးက သိပ်အလှကြီးမဟုတ်ပေမယ့် ကော့ခြင်း၊ လန်ခြင်းမရှိ အဖုအထစ်မဲ့စွာ တန်းစင်းနေသော နှာတံချွန်ချွန်လေးနှင့် နီရဲသေ နှုတ်ခမ်းပါးလေးတွေက အလှဆုံး။

ထို့ပြင် ဖြူဝင်းသော ပါးပြင်လေးနှစ်ဖက်မှာ ပန်းရင့်ရော သမ်းနေတာလေးကလည်း ပွင့်ဖတ်ကလေးလို နု၏။

"မင်းလို မိန်းကလေးကို ဘယ်လို မိဘက ဒီခရီး ဒီလမ်းကို





သောက်တည်း လွှတ်လိုက်တာလဲ၊ စဉ်းစားလို့ကိုမရဘူး။ အံ့ဩစရာပဲ၊ ဆိုမပါဘူး၊ တကယ်အံ့ဩတာ"

လှိုက်ကို သေသေချာချာကြည့်ပြီး ထပြောလိုက်ပုံက ဘာလဲ၊ လှလို့ ပြောတာလား။ အ လို့ပြောတာလား။

အ လို့ဆိုရင်တော့ လှိုက်လက်မခံနိုင်ပါ။ မသိတာတော့ ရှိမှာပေါ့။ ကို အ တယ်လို့ ပြောစရာလား။ သို့သော် လှိုက် ဘာမှမပြောရသေးမီ န်းက ဆက်တိုက်ပြောချလိုက်၏။

"မင်း ဒီကိုရောက်လာမှာမှန်းသိလို့ အဲဒီရွှေချိန်ဆိုတဲ့ ပုဂ္ဂိုလ်က ချောင်းလို ပါးစပ်ဖြိုပြီး စောင့်နေတာ၊ အဲဒီအတွက် အင်အားတွေ ယ်လောက်သုံးထားသလဲ သိလား"

"ဟင်"

လှိုက် မျက်လုံးလေးပြူးသွားသည်။ သူမ ဆိုင်ထဲမှာ တောက် ချောက်ထိုင်နေခဲ့တာတော့ အေးအေးဆေးဆေးပါလား။

"ဒီဘက်ကို လမ်းညွှန်လိုက်တဲ့ ညို့ကြီးဆိုတာလည်း သူ့လူပဲ၊ လာက်ခေါင်တဲ့နေရာမှာ တည်းခိုခန်းရှိမလား၊ ဒီလိုပုံစံနဲ့များ တစ် သက်တည်း ခရီးထွက်လာသေးတယ်၊ အဲဒီထဲကို ငါသာတိုက်တိုက် ိုင်ဆိုင် ဝင်မလာရင် ခုလောက်ဆို မင်း..."

သူက စကားကို ရပ်ပစ်လိုက်၏။ လှိုက် အံ့ဩပေမယ့် နားလည် ပါသည်။ အန္တရာယ်ဟာ သူမ ထင်ထားတာထက် မြန်ဆန်စွာ ိုကြိုနေခဲ့သည်ပဲ။ ဘဘကြီးက ဘယ်လိုသွားပါ၊ ဘယ်လိုရှုပ် င် တတွတ်တွတ် မှာလိုက်သည်။ ဒီကိုရောက်တာနှင့် ဘယ်သူလာ ည်၊ အကျိုက ဘာရောင်၊ လူက ဘယ်ပုံစံ အားလုံးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မှာလိုက်၏။

ဒီရောက်တော့ ဘယ်သူမှ လာမကြိုသဖြင့် လှိုက် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။ ထိုမှစ၍ လွဲခဲ့တာဖြစ်သည်။ ရန်တွေ့မလို မျက်လုံးလေးတွေ ဝင်းဝင်းလက်လက်ဖြစ်သွားပြီးမှ မျက်လွှာချကာ ငြိမ်သက်သွားသည့် လှိုက်ကို နိဒါန်းက စောင့်ကြည့်နေလိုက်၏။ သူ ဘာမှမပြောဘဲ နေတော့မှ….

"သူတို့မပြောပေမယ့် ငါခန့်မှန်းကြည့်မိတာတော့ မင်းက တော်တော်ချမ်းသာမယ့်ပုံပဲ"

လှိုက် မျက်နှာလေး မော့လာ၏။ ရုတ်တရက် ထိတ်လန့်သွားတာမျိုးဖြစ်ကာ အမှန်ကိုဖြေသင့် မဖြေသင့်၊ နိဒါန်းကို ယုံကြည်ဖို့ ရာနှုန်းဖြင့် တိုင်းတာနေခဲ့၏။ နိဒါန်းက လှိုက်မျက်ဝန်းလေးတွေကို စိုက်ကြည့်လိုက်ပြီး နားလည်သွားသည်။ ခေါင်း ဆတ်ခနဲ ညိတ်၍ ပြုံးလိုက်၏။

"မင်း မယုံကြည်ထိုက်တဲ့အထဲမှာ ငါကရှေ့ဆုံးကပဲ၊ ဘာဖြစ်လို့လဲ သိလား"

ပြောပြီး မေးဆတ်ကြည့်၏။ လှိုက် ဘယ်လိုလုပ်သိမှာလဲ။ ကိုယ့်ကိုကိုယ် လူကောင်းမဟုတ်တဲ့အကြောင်း ပြောပြနေသူကိုလည်း အံ့သြပါ၏။ နိဒါန်းက နေရောင်ရင့်နေသည့် ပတ်ဝန်းကျင်ကို နားစွင့်အကဲခတ်လိုက်၏။

ပြီးမှ နေရာမှ ထရပ်လိုက်သည်။ လှိုက်လည်း ဘာမှန်းမသိလိုက်ဘဲ လိုက်ထမိ၏။ သူ ခြေနှစ်လှမ်းသုံးလှမ်းခန့် လျှောက်သွားပြီးမှ ရပ်လိုက်တော့ လှိုက်က သူ့ကျောနောက်မှာ….။





"မင်းကို လာကြိုမယ့်လူ မရှိတော့ဘာ မင်းသိလား"

လှိုက် ရင်ကွေ ဒိတ်ခနဲ ခုန်သွား၏။

"အဲဒီလူကို ငါနဲ့ကောင်းဆက်ပဲ ဖမ်းပေးခဲ့ရတာ"___

"ဘာ"

"ဟုတ်တယ်၊ အဲဒီလူက ခပ်ပုပုခပ်ဖိုင့်ဖိုင့်ပဲ၊ ဒါပေမဲ့ လျင်တယ်၊ သွားမှာ ဒီဒေသက မျက်နှာကြီးတဲ့ ပုဂ္ဂိုလ်တွေရှိနေတော့ သူပျောက်သွားတာနဲ့ ငါတို့ ပြဿနာတက်တာပေါ့"

"သူ့ကို ရှင်တို့သတ်ပစ်လိုက်တာပေါ့၊ ဟုတ်လား"

"သတ်နိုင်းတာပဲ၊ ဒါပေမဲ့ ငါတို့က မသတ်ခဲ့ဘူး၊ သတိလစ်ရုံသာ လုပ်ပြီး ထိုးအပ်ပေးလိုက်တယ်၊ သူတို့ဘာသာ ဘာလုပ်လုပ်လေ"

"အို သတ်ပစ်မှာပေါ့ရှင့်"

လှိုက် အသံတုန်တုန်လေးနှင့် ထအော်သည်။ နိဒါန်းက ရှာခနဲ သည့်ကြည့်ကာ လှိုက်၏ လက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲ၏။ ပြီးတော့ ခပ်ဆောင့်ဆောင့် ပြန်လွှတ်ကာ…

"မင်းဖါးစမ်တွေကို ခဏပိတ်ထား၊ ငါပြောနေတာတွေကို နားထောင်ပြီး ကိုယ့်အန္တရာယ်ကို ကြည့်ရှောင်ဖို့ပဲ စဉ်းစား၊ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက် ဒါပဲ၊ မင်းကိုအခု ငါလိုက်ကယ်ခဲ့တာ ဘာ ဆိုင်ထဲမှာ မင်း ငါ့ကို ကူညီခဲ့တာရှိလို့"

နိဒါန်းက ဆံပင်တစ်ချက်သပ်ပြီး ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်တွေ ထည့်၏။

"သူတို့ခိုင်းတာကို လုပ်ပေးလိုက်ဖို့က အဓိကပဲ၊ အဲဒီလူ သေသေ ရှင်ရှင် ငါ့အလုပ်မဟုတ်ဘူး၊ လူသတ်ပေးဖို့ လက်ခံခဲ့တာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး”

“ရှင်က ရွှေချိန်ဆိုတဲ့လူကြီးရဲ့ ဟီးရိုးပေါ့”

“မင်းစော်ကားပြန်ပြီ”

“ကျွန်မ အဲဒီလိုမေးသင့်တာပဲ၊ ရှင် သူခိုင်းတာ လုပ်နေတာက”

“အဲဒါ ငါ့အကြောင်းနဲ့ငါ၊ မသိရင် မဝေဖန်နဲ့”

“ဝေဖန်မှာပဲ သိအောင်ရှင်ပြောပေါ့၊ ကျွန်မက မဆိုင်သလိုနေရမယ့်လူလား၊ ကျွန်မကို လာကြိုမယ့်လူက ကျွန်မဦးလေးဝမ်းကွဲရှင့်”

လက်ညှိုးထိုးပြောနေသည့် လက်ညှိုးလေးတုန်ခါလာသည်၊ မျက်ဝန်းမှာ မျက်ရည်တွေ ပြိုကျလုလု ကျပ်သိပ်လာတော့ မျက်စမ်းစပ်လေးတွေရဲတက်လာကာ သနားစဖွယ်လေး ဖြစ်သွား၏။

နီဒါန်း မျက်မှုံးနှစ်ဖက်တွန့်ကုပ်နေရာမှ အနည်းငယ်ပြေကျသွား၏။ နောက်ထပ်ဆံပင်တွေကို သပ်ချနေရင်း သူတို့နှစ်ယောက်လျှောက်ဆင်းခဲ့သည့် ရှုပ်ပွမ်းနဲ့တူသော မြေသားနတ်ခမ်းတို့ကို ခြေထောက်နှင့်လှမ်းထောက်လိုက်၏။ ထိုခြေထောက်တစ်ဖက်ကို သတိထားကြည့်တော့ စီးထားသည့် ကင်းဘတ်ရှူးကလည်း အကောင်းစား လူကစုတ်စုတ်ပေမယ့် ဖိနပ်က လူနဲ့မတန်။

သူကလှည့်မကြည့်ဘဲ ဆက်ပြောနေသည်။

“ငါနဲ့ ငါ့သူငယ်ချင်းကောင်းဆက်က လူကောင်းတွေတော့ မဟုတ်ဘူး၊ မိဘမဲ့အလုပ်လက်မဲ့ဆိုတော့ အင်း ... ကံလေကချေပေါ့၊ ဒါပေမဲ့ ဦးရွှေချိန်နဲ့ ဘာမှမပတ်သက်ဘူး၊ ဟိုဘက်နိုင်ငံကို ကူးမလို့ ထွက်လာကြတာ၊ ခေါင်းဆောင်တဲ့လူက လိမ်ပြီး ဒီရောက်မှ ဒုက္ခရောက်တော့ ဦးရွှေချိန် က ကူညီခဲ့တယ်၊ အဲဒီတုန်းကတော့ အဲဒီလူ





ကြောင်း မသိသေးဘူး၊ တကယ်တော့ ဒီလူတွေက လူ၊ ပဲ့စွည်းဆို မကောင်းတာအကုန် လုပ်ကြတယ်၊ မင်းနဲ့ပတ်သက်ပြီး မှမခိုင်းခင်အချိန်မှာပဲ ငါတို့ကို သူက လူယုံတွေဖြစ်အောင် င်းထားနိုင်ခဲ့တာ”

နီဒါန်းက စကားပြောရင်း ဒီဘက်လှည့်လာ၏။ လိုက်က နောက်ထပ်ကွဲသွားသည့် စကတ်စကို နောက်ပြန်ဆွဲကြည့်လိုက်တုန်းဖြစ် သူလှည့်လာမှ ကမန်းကတန်း ပြန်ချ၏။ ရှက်စိတ်နှင့် မျက်နှာ းတတ်ဖြစ်သွားပြီး နောက်ကို ခြေတစ်လှမ်းဆုတ်မိ၏။

ဆံပင်တွေကို ကယောင်ကတမ်း ဖွပစ်လိုက်ပြီးမှ ပြန်သပ်ချ ည်။ နီဒါန်းက မျက်နှာပြန်လွှဲလိုက်၍...

“သူတို့ကို တစ်စုံတစ်ယောက်က ဆက်သွယ်ချက်နဲ့ခိုင်းတာ ရာတယ်၊ မင်းကိုဖမ်းဖို့ တကယ့်လူက သူမဟုတ်ဘူး၊ မင်းကို ဖမ်း ပ်ထားပြီး သူက ငွေနဲ့လဲယူမှာ”

သူက စကားခေတ္တရပ်ပြီး ပြန်လှည့်လာပြန်သည်။ သို့သော် မျက်နှာ က်မရောက်မီ ခပ်စောင်းစောင်းနှင့် ရပ်တန့်သွားကာ...

“မင်းကိုလာရွေးယူမယ့်လူက ဘယ်လောက်ပေးမှာလဲ၊ မင်းသိလား”

“မသိချင်ပါဘူး၊ အဲဒီထဲက ရှင်က ဘယ်လောက်ရမှာလဲ၊ အဲဒါပဲပြော”

“မင်းနဲ့ ပတ်သက်တဲ့အပေးအယူထဲမှာ ငါတို့နှစ်ယောက်မပါဘူး၊ င်းရဲ့ ဦးလေးဝမ်းကွဲဆိုတဲ့လူကို ရှင်းခိုင်းတဲ့အထိ မင်းကိစ္စတွေကို သိဘူး၊ သိခဲ့တာလည်း သူတို့ပြောလို့မဟုတ်ဘူး၊ ကိုယ့်နည်းကိုယ်ဘာနဲ့ သိတာပဲ၊ သူတို့ကပဲခိုင်းပြီး သူတို့ချောက်ချလို့ ငါတို့ရောင်ခြမ်းနေနဲ့ ရတယ်၊ မင်းတို့ကိစ္စတွေကို အားလုံးသိခဲ့တာက ကောင်းဆက်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်က ဒီလူကြီးအကြောင်းတွေ သက်ဆိုင်ရာမှာ ဖော်မယ်ဘာညာနဲ့ ရှုးရှုးရှားရှားထဖြစ်ခဲ့လို့ အခု သူကို”

နိုဒါန်း အံကြိတ်လိုက်တာကို လှိုက်မြင်သည်။ စားသောက်ဆိုင်ထဲမှာလည်း သူဒါကိုပဲ မေးခဲ့တာ ကြားပြီးသား…

“သတ်ပစ်လိုက်ကြပြီလေ၊ သိပ်ယုတ်မာတဲ့လူတွေ၊ ဒီလိုနေရာမျိုးမှာ သူတို့ကမ္ဘာနဲ့ သူတို့တော့ ထင်ရာစိုင်းနေကြတာပဲ၊ မင်းရဲ့ဦးလေး ဆုံးရှုံးရသလို ငါလည်း ငါ့ရဲ့သူငယ်ချင်းကောင်းတစ်ယောက် ဆုံးခဲ့ရတယ်၊ ဒါပေမဲ့ မင်းဇာတ်လမ်းကို ငါမသိဘူး။ ငါကတော့ ကောင်းဆက်အတွက် ဒီကိုင်းငြိမ်ခံနေမှာမဟုတ်ဘူး၊ အတူတူ ထွက်ခဲ့ကြကတည်းက သေအတူ ရှင်အတူ ဆုံးဖြတ်ပြီး ထွက်ခဲ့တာ၊ အခု သူ သေသွားပြီ ငါ့အတွက်က ဘာမှမထူးတော့ဘူး”

နိုဒါန်းက လှိုက်ရှိနေသည့်ဘက်ကို ငဲ့စောင်းကြည့်ကာ…

“မင်း ဘယ်ကိုသွားမှာလဲ”

“မဲဆောက်”

နိုဒါန်းက တည့်တည့်လှည့်ကြည့်လိုက်ပြီး မျက်မှောင်ကုတ်နေ၏။ ပြီးမှ…

“မဲဆောက်ကို၊ ဟုတ်လား”

ထပ်မေး၏။ လှိုက်က ခေါင်းညိတ်သည်။

“ဟုတ်တယ်၊ လှိုက်နောက်ပြန်ဆုတ်လည်း အန္တရာယ်ရှိနေတာပဲ”

“ရှေ့မှာကော မရှိတော့ဘူးထင်နေလို့လား”

လှိုက်က ဒေါသဖြစ်လျှင် ကျွန်မ၊ စိတ်ဆိုးပြေသွားလျှင် လှိုက်ဖြစ်သွားပြန်သည်။ သူမက နိုဒါန်းမျက်နှာကို တောင်းပန်သလို ကြည့်





လိုက်ပြီး….

“ရှင် လှိုက်ကို ဟိုရောက်အောင် ပို့ပေးပါလားဟင်၊ လှိုက်က ရှင့်ကို”

“လုံးဝ မပို့နိုင်ဘူး”

နိုဒါန်းမျက်နှာက တွေ့စကအတိုင်း တင်းတင်းမာမာ ပြန်ဖြစ်သွား၏။ ဘယ်လောက်ဖိချုပ် ရှုပ်နေမြဲ ပွနေမြဲဖြစ်သည့် ဆံပင်ဘုတ်သိုက်ကို လက်နှစ်ဖက်လုံးနှင့် သပ်ချ၍လက်ကို ဖြုတ်မချဘဲ လည်ပင်းထဲ ကပ်ထားရင်း…

“မင်းချမ်းသာပေမယ့် မင်းပြောလာမယ့် အပေးအယူကို ငါစိတ်ဝင်စားဘူး လှိုက်၊ ငါက ကလေကချေတော့ ကလေကချေပဲ၊ ဒါပေမဲ့ ညည်းနည်းအဆင့်မြင့်တဲ့ ကလေကချေ ငွေမြင်တိုင်း ခေါင်းညိတ်ခေါင်းခါ မလုပ်တတ်ဘူး”

“ရှင်တို့ ဟိုဘက်နိုင်ငံကိုကူးပြီး အလုပ်လုပ်ချင်ကြတာလဲ ငွေကြောင့်ပဲမို့လား၊ ရှင့်ကိုလှိုက်က ငွေပေးပြီး လူသတ်ခိုင်းမှာလည်း မဟုတ်ဘူး၊ လှိုက်တကယ် ဒုက္ခရောက်နေတဲ့သူပါ၊ ရှင့်လိုပဲ လှိုက်မှာ ဘာမှမရှိတော့ဘူး ဒါပေမဲ့ ဦးလေးဝမ်းကွဲရှိသေးတယ်၊ သူစောင့်ရှောက်မယ့် လှိုက်အတွက် မလုံခြုံနိုင်လို့ ခုလိုတွေ ဖြစ်ခဲ့တာပါ၊ လှိုက်အကြောင်း ရှင့်ကို…”

“နေဦး”

နိုဒါန်းက လည်ပင်းနှင့်ဆံပင် ဖိကပ်ကိုင်ထားခဲ့သည့် လက်နှစ်ဖက်ကို ဖြုတ်၍ ဘောင်းဘီအိတ်ထဲထည့်သည်။

“မင်းမှာလည်း ပြဿနာရှိသလို ငါ့မှာရှိနေတဲ့အကြောင်း ငါပြော



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီ၊ စိတ်တော့မကောင်းပါဘူး၊ ဒါပေမဲ့ ခုချိန်မှာ ကောင်းဆက်အတွက်ပဲ ဌါ့ခေါင်းထဲမှာရှိတယ်"

"ကောင်းဆက်အတွက် ရှင်ကဘာလုပ်မှာလဲ၊ ကလဲ့စားချေပြီး အဲဒီတစ်ဖွဲ့လုံးကို လိုက်သတ်မှာလား။ လူသတ်ရင်သတ်တဲ့အပြစ် သူခံရမှာပဲ၊ ဥပဒေဆိုတာရှိတယ်"

လိုက်ပြောတော့ သူက သရော်လှောင်ပြောင်သလို ရယ်လိုက်၏။

"မင်း အခု ပြေးနေရတာကျတော့ကော"

"လှိုက်က"

စကားဆက်မလို့ဟာ ဆိုင်ကယ်သံတွေ နားထဲဝင်လာသဖြင့် စကားလည်းရပ်သွားသည်။ လှိုက်မျက်လုံးလေးတွေ ကြောက်လန့်ခြင်းများကြောင့် ဝိုင်းဝိုင်းလည်သွား၏။

"ဝပ်နေ"

ပြောလည်းပြောသည်။ နိဒါန်းက ကြောင်ငေးနေသည့် လှိုက်လက်မောင်းလေးကို ဖိဆွဲချလိုက်၏။

ထို့နောက် ပုံခနဲ ခွေကျလာသော ကိုယ်လုံးလေးကို သိမ်းပွေ့ထားလိုက်ကာ အနည်းငယ်စောက်သည့် ကမ်းပါးစပ်မှာ ကပ်ဝပ်နေလိုက်သည်။ ဆိုင်ကယ်ကနှစ်စီး။ ဝေါခနဲဖြတ်သွားကြပြီး အသံကွယ်ပျောက်လု အကွာအဝေးကျမှ နောက်ပြန်လှည့်လာကြသည်။

"လာ မြန်မြန်ထ"

ဆိုင်ကယ်တွေ ပြန်လှည့်လာပြီမှန်းသိကာ နိဒါန်းက ဖျတ်ခနဲထရပ်ပြီး လှိုက်ကိုဆွဲထူလိုက်၏။ လှိုက် ထရပ်လိုက်သော်လည်း ဆိုင်ကယ်သံတွေက နီးကပ်လာပြီမို့ နိဒါန်းက အောက်ဖက်က လှိုုထဲကို





ခုန်ချလိုက်သည်။

ပြီးတော့ လှိုက်လက်ဖျားလေးကို မိမိလှမ်းကိုင်ပြီး ဆွဲချလိုက်၏။ လှိုက်ပြုတ်ကျလာတော့ သူ့ပဲ ဆီးပွေ့လိုက်သည်။ သို့သော် အရှိန်ကြောင့် သူလည်းယိမ်းယိုင်သွားကာ နှစ်ယောက်ဖက်လျက်သားနှင့် အနိမ့်ပိုင်းထဲသို့ လျှောဆင်းသွားလေသည်။

"အ"

သစ်ပင်တစ်ပင်၏ ခြေရင်းမှာ နိဒါန်းက ဂျောဖြင့်ကပ်ကျ၏။ အတော်ကြီး အောင့်တက်နာကျင်သွားသဖြင့် သူ ရှုံ့မဲ့တွန့်လိမ်သွားသည်။ ငုံ့ကြည့်လိုက်တော့ သူ့ရင်ခွင်ထဲမှာ လှိုက်က သတိလစ်မေ့မြောလျက်....။

ကောင်းတယ်။ အဲဒါ ဂရုမစိုက်ချင်ဦး။ နိဒါန်း ပင်စည်မှာပဲ စိတ်ပျက်လက်ပျက်ကြီး မှီချလိုက်တော့ သူ့ပေါင်ပေါ်မှာ လှိုက်က ပက်လက်ကလေး....။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

"နီဒါန်း ဖြစ်ပါ့မလားဟင်"

"ဖြစ်တယ်၊ ကျိုးကန်းတောင်းမှောက် လျှောက်ကြည့်မနေနဲ့"

ပြောမယ့်သာပြောရသည်။ လှိုက်ကို နောက်လှည့်ပြန်ကြည့်ပြီ လက်ဖဝါးလေးကို လှမ်းဆွဲထားလိုက်မိ၏။ ထင်သည့်အတိုင်း လှို ၏ လက်ဖဝါးလေးက အေးစက်စေးထန်းလျှက်။ ကော့ကရိတ်မှ လမ်းမ လမ်းသွယ်ကြီးများနှင့် မြို့ပြငယ်လေးတစ်ခုလိုပဲ စည်ကာ နေ၏။

မြင်မြင်သမျှ လူတိုင်းဟာ စုတ်စုတ်ပြတ်ပြတ်တော့ သိပ်မရှိပေ ခရီးသွားများပဲ ဖြစ်ပုံရှိကာ တခြားလူတွေကလည်း ကုန်သည်ပွဲစာ များနှင့်တူသည်။ နှစ်ယောက်စကားပြောမိကြတော့ နီဒါန်းကပဲ ဆုံး ဖြတ်၏။

"မင်းလည်း ဖြစ်မှုကျူးလွန်ခဲ့တာမရှိဘူး၊ ငါလည်း ဝရမ်းပြေး မဟုတ်ဘူး။ အမှောင်ထဲကလူကို အလင်းထဲကနေ တွေးကြောက်နေဖို့ မလိုပါဘူး၊ သွားမယ်၊ ဒီည ကားတန်းရှိတယ်"





"ကားတန်းကိုမှီမှ ဖြစ်မှာ၊ မဟုတ်ရင် မင်း ဒီမှာ ညထပ်အိပ်ရမယ်"

ထိုအဖြစ်ကြောင့်ပဲ အရဲစွန့်ထွက်ခဲ့ရသည်။ ကိုယ့်ကို လိုချင် ဖမ်း ...ကြသူတွေရှိမှန်းသိတော့ မကြောက်ပါဘူးလို့ စိတ်ကို ဘယ်လိုမှ ...ထားလို့မရဘဲ ဖြစ်နေ၏။

သုံးပေသာသာလောက်သာရှိသော ရှူးကော့စ်တာခ်လုံးနှင့် ခေတ် ...ရွှေဆိုင်ကြီးဟု ခံ့ခံ့ညားညား ဆိုင်းဘုတ်တပ်ထားသည့် မကျယ် ...သော ရွှေဆိုင်ထဲကို နီဒါန်းက ဦးဆောင်ဝင်၏။

အခုက သူဘာလုပ်ဖို့ လုပ်မှန်းမသိပါ။ ဆိုင်ထဲရောက်မှ ဘယ်လက် ...ကြွယ်မှာ မောင်းကွင်းလက်စွပ်လေးတစ်ကွင်း ဝတ်ထားတာကို လှိုက် ...ထားလိုက်မိသည်။ ဆိုင်ရှေ့မှာပဲ သူချွတ်ရောင်းလိုက်၏။ အချိန် ...လောက်လဲတော့ မသိပါ။ ရသည့်ငွေက လေးသောင်းရှစ်ထောင်။

"လာ တစ်ခုခုသွားစားရအောင်၊ ပြေးရလွှားရနဲ့ ဗိုက်ကဆာပြီ"

သူပဲ ဦးဆောင်ကာ လူစည်ကားသည့်ကြားထဲက တရုတ်စား ...ာက်ဆိုင်တစ်ဆိုင်ကို ဝင်ထိုင်ကြသည်။ ကြေခံနဲ့ ပေါ့ံနံ့တွေနှင့် ...ာ တကာယ်သာလာတာဖြစ်ကာ လှိုက် ကြောက်စိတ်တွေတောင် ...ပ်ကလောက် ပျောက်သွား၏။

"လေးသောင်းရှစ်ထောင်တဲ့၊ ရယ်ရတယ်နော်"

ရယ်ရတယ်ဆိုပေမယ့် သူ့မျက်နှာက မဲ့နေပါသည်။ ရွှေဆိုင်က ...လိုက်တဲ့အတိုင်း ပိုက်ဆံအထပ်လိုက်ကို စားပွဲပေါ်မှာ ဒီအတိုင်းချ ...လိုက်ပြီး စားစရာလှမ်းမှာ၏။

"မင်း ဘာစားမလဲ" ဘာညာမမေးပါ။ ခေါက်ဆွဲကြော်နဲ့ပွဲနဲ့ သစ် ...အေးချဉ်ခွက်မှာပြီး သူ့အကျီအိတ်ထဲကို နှိုက်၏။ ထွက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ခါးကျိုးနေပြီဖြစ်သည့် စီးကရက်လေးတစ်လိပ်။

သူက မျက်မှောင်ကုတ်ကုတ်နှင့်ကြည့်ကာ ခါးကျိုးနေတာ သေချာပြန်ဆက်နေ၏။ ဆိုင်ထဲမှာ လူတွေကအများကြီး။ ဒီလူ ရှ လည်း မရှက်ဘူး။

လှိုက်က အေးကိုငေးကြည့်၏။ နီဒါန်းနှင့် မျက်စောင်းထိုးတာ က မြန်မာရုပ်ပျောက်အောင် ပြင်ဆင်ထားသော မိန်းကလေးနှစ်ယော က အချင်းချင်းလက်တို့သည်။ ပြီးတော့ နီဒါန်းကိုကြည့်ပြီး ရယ်ကြ

"ဒီမှာ"

လှိုက်က ခပ်ကြိတ်ကြိတ်ခေါ်တော့ နီဒါန်းက မထူးဘဲ မျက်လ ပင့်ကြည့်သည်။ စီးကရက်က တောင့်တောင့်ရောင့်ရောင့်မရှိပေမ ဆက်တော့ ဆက်သွားပြီဖြစ်၏။

"စီးကရက်သောက်ချင်တာပဲ မှာလိုက်ပါလား။ အကျိုးကြီးကို ဆက်နေတာ ရှင်မရှက်ဘူးလားဟင်၊ သူများတွေ ရယ်ကုန်ပြီ"

"ဘာဖြစ်လို့ ရှက်ရမှာလဲ၊ ဒီမှာ စားသောက်စရိတ် ဘယ်လော ကြီးသလဲ မင်းသိလား၊ မလိုအပ်ဘဲ ဘာမှအကုန်မခံနိုင်ဘူး၊ ဒီမှ ဘဝင်လှိုက်"

သူက စကားဖြတ်၍ လှိုက်နာမည်ကို အတုံးလိုက် အတစ်လို ခေါ်သည်။

"ဘာလဲ"

လှိုက်ကလည်း ခပ်ဆတ်ဆတ်ပြန်ထူး၏။ နီဒါန်းက သူ့ရှေ ပိုက်ဆံအထပ်လေးကို လှိုက်ရှေ့ထိ တိုးပေးလိုက်ကာ...

"အဲဒီငွေ မင်းယူလိုက်၊ ခုကနေစပြီး ကုန်ကျစရိတ်အားလုံး မင်





မှာ၊ ငါကမင်းကို အရည်မရ အဖတ်မရ ကူညီရမယ့်သူ၊ ငွေထပ် ထိုက်နိုင်ဘူး"

လှိုက်က အံ့ဩသလိုလေး ဖြစ်သွားပြီးမှ ပြုံးလိုက်၏။ ပြီးတော့ သံလေးထွက်အောင်ရယ်ကာ...

"ပြန်ပေးမှာပါ နီဒါန်းရယ်၊ လေးသောင်းရှစ်ထောင်လေးကို ဖြစ် လိုက်တာ၊ ရှင် အရည်နဲ့ အဖတ်နဲ့ ကူညီရကျိုးနပ်အောင် လှိုက်က ဆက်ပိုပေးဖို့.."

"မလိုဘူး၊ လေးသောင်းရှစ်ထောင်ပဲ၊ တစ်ပြားမှ ပိုဖို့မလိုဘူး၊ မင်း မှာ ငါရှိနေပေးတာက မလွှဲရှောင်သာလို့ မင်း ငွေပေး ငှားထားတဲ့ မဟုတ်ဘူး"

"လှိုက်က ရှင့်ကို အဲဒီသဘောနဲ့ပြောနေတာ မဟုတ်ဘူး၊ ရှင် ကို ကူညီခဲ့တာတွေလည်း ရှိတာပဲ၊ နောက်ဆက်ပြီး ကူညီဖို့တွေ အဲဒါတွေကို ကျေးဇူးမတင်ရတော့ဘူးလား"

ဘယ်လိုပြောပြော သူက လက်မခံပါ။

"ဘာပဲဖြစ်ဖြစ် သူများပေးတာယူပြီး အားနာပါးနာတွေ မလိုက် နိုင်ဘူး၊ မင်း ငါ့ကို ယုံကြည်တယ်ဆိုရင် ဒီလမ်းခရီးမှာ ငါ့စကား ထောင်ရမယ်၊ ငါက မလုပ်နဲ့ဆိုရင် ရှေ့တစ်လှမ်းမှ မတိုးရဘူး၊ တာ အဲဒါ"

လှိုက်က သူ့ကို နှုတ်ခမ်းလေးစူပြီး သေချာစိုက်ကြည့်၏။ ပါးဖို မှာတစ်ထပ် မေးရိုးအောက်နားမှာ တစ်ထပ်နှင့် အရှည်ပိုးက အောက်သာသာရှိနေသော စတက်ဆံပင်လေးတွေကို ကျကျနန တင်နေရင်းနှင့် စိုက်ကြည့်နေဆဲ မျက်ဝန်းလေးတွေက ခပ်ချဉ်



www.burmeseclassic.com

www.burmeseclassic.com



ချဉ်အကြည့်မျိုး၊ နီဒါန်းက ဂရုမစိုက်စွာ ပြန်စိုက်ကြည့်၍....

"ဘာပြောချင်လဲ ပြော"

"ရှင်က တော်တော်အမိန့်ပေးဝါသနာပါတာပဲ၊ အပွန်း ကယေ

ကချေဆိုတာ မယုံနိုင်စရာပဲနော်"

လှိုက်က မကျေနပ်တာလည်း မဟုတ်ဘဲ ပြောရဆိုရလက်ပေါ်

ကပ်လွန်းသည့်လူမို့ ပေါ်တင်ဖွဲ့၏။ နီဒါန်းက ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ သူငယ်ချင်းအပေါင်းအသင်းတောင်မှ ကိုယ့်

ကျောမယ့်သူနဲ့ မပေါင်းဘူး၊ တစ်ခုပဲရှိတယ်၊ ငါ့စိတ်က ဒီလူမျိုး

ပူဇော်ထိုက်တဲ့လူလို့ သတ်မှတ်ခဲ့ရင် ဒါမှမဟုတ် သူ့ကြောင့် ကို

အတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တဲ့စိတ်တွေ ခံစားမိတဲ့အ

အဲဒီလိုရှိခဲ့ရင် ကိုယ့်ရဲ့စိတ်ရောကိုယ်ရော သူ့အတွက်ပဲ"

လှိုက်က မကျေလည်သည့်မျက်နှာလေးနှင့် မဲ့သည်။

"ခြော် ရှိသေးတယ်"

သူက စီးကရက်မီးညှိပြီးမှ နှုတ်ခမ်းကနေ ပြန်ဖြုတ်လိုက်ကာ

"မင်းအတွက် ဘောင်းဘီနဲ့အကျီဝယ်လိုက်ရတဲ့ငွေက ဒီလက်

နဲ့မဆိုင်ဘူး အဲဒါက သပ်သပ်ထည့်ပေါင်းရမှာ"

"ပေါင်း၊ ပေါင်း၊ လှိုက်အတွက် ကုန်တာကော ရှင့်ရဲ့ ရှပ်အ

ဝယ်တာကော အားလုံးပေါင်းလိုက်ပါ"

"မလိုပါဘူး"

"လိုပါတယ်၊ ရှင်က ဂျင်းအကျီရင်ကွဲနဲ့နေတာပဲ၊ ခရီးသွားရ

လို့ ဝယ်ရတာဆိုတော့ ဒီခရီးက လှိုက်အတွက်ခရီးလေး၊ ကုန်ကျ

ကို လှိုက်ပေးမှာပေါ့"





ပြောနေရင်း လှိုက်မျက်နှာလေး ညိုးသွားသည်။

"တကယ်ဆို လှိုက်ထပ်ဝတ်ထားတဲ့ ဂျာကင်သာ ဟိုလူ့လက်ထဲ

ပါသွားရင် ရှင့်ပစ္စည်းလေးကို ရောင်းရမှာမဟုတ်ဘူး"

ထိုအဖြစ်က နီဒါန်းမသိလိုက်သော အဖြစ်တစ်ခုမို့ မျက်လုံးချင်း

ဆုံသွားကြသည်။

"အဲဒီဂျာကင်အိတ်တွေထဲမှာ ငွေကော လှိုက်ရဲ့လက်ဝတ်လက်စား

တွေကော ပါသွားတယ်"

"ဘယ်လောက်ဖိုးလောက်ရှိလဲ"

"မသိဘူး၊ ရွှေထည်တွေချည်းပဲဆိုတော့ သိပ်တော့ရှိမှာမဟုတ်ပါ

ဘူး တစ်ဆယ်သားလောက်ပဲ"

"ဟင်"

တစ်ဆယ်သားဆိုတော့ စီးကရက်ရှိုက်ဖွာနေသည့် နီဒါန်းလည်း

သွား၏။ ချောင်းဆိုးမိတော့မလို ဖြစ်သွားသဖြင့် အတော်ကြီး ထိန်း

လိုက်ရသည်။

တစ်ဆယ်သားလောက်ဆိုတော့ တစ်ကျပ်သား လေးသိန်းပဲ

ထား သိန်းလေးဆယ်ရှိနေပြီ။ မပြည့်ဘူးဘဲထားပါ။ သုံးဆယ့်ငါး

ဆယ်ကြား။ တွက်ကြည့်ပြီး နီဒါန်းက ခေါင်းညိတ်၏။

"အင်း အဲဒီပစ္စည်းတွေ ရွှေချိန်ဆိုတဲ့ကောင် လက်ထဲရောက်သွား

တော့ မင်းမလွယ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဆောဘာတက်သွားပြီပေါ့၊ အခုက သူများညွှန်ကြားချက် လုပ်နေ

ပေမယ့် တန်ဖိုးကြီးနေမှန်းသိသွားရင် စဉ်းစားကြည့်"



www.burmeseclassic.com

www.burmeseclassic.com



လှိုက်ထိတ်လန့်စရာတစ်ခု ပိုလာပြန်ပြီ။ စားစရာတွေရောက်လာ၏။ နီဒါန်းက အအေးကိုအရင်သောက်သည်။ လှမ်းကြည့်လိုက်တော့ လှိုင်..က ငိုင်နေသဖြင့် ခေါက်ဆွဲကြော်ပန်းကန်ကို လှိုက်မျက်နှာအောက် ရောက်အောင် ရွှေ့ချပေးလိုက်၏။ လှိုက်က မော့ကြည့်တော့...

"ငိုင်မနေနဲ့၊ ဗိုက်ဝအောင်အရင်စားထား။ နိုင်ငံခြားအက်ရှင်ကား တွေထဲမှာလို လူတွေကြားထဲမှာ သေနတ်နဲ့ လိုက်မပစ်ရဲဘူး၊ ဘာမှ မဖြစ်စေရဘူး၊ ပူမနေနဲ့"

"ရှင်ပဲ ပြောပြီးတော့"

"သတိထားဖို့ပဲပြောတာ၊ နေပါဦး၊ မင်းက လက်ဝတ်လက် တွေကို ဝတ်လည်း မဝတ်ရဲဘဲနဲ့ လမ်းခရီးသွားတာများ ဗိသာ သယ်ရသလား"

လှိုက်က တစ်ခုခုပြောမည်ပြင်ပြီးမှ ပါးစပ်လေးပြန်ပိတ်၍ ဘီကို စေ့ကြည့်အကဲခတ်သည်။ ထို့နောက်မှ လေသံကို နှိမ့်ချကာ

"လှိုက်က ဟိုမှာအကြာကြီးနေရမှာဥစ္စာ၊ မယူလို့ဖြစ်မလား ပြီးတော့ သွားလာရင်းလိုအပ်တာကော မရှိတော့ဘူးလား၊ နောက်ပြီး မားပြတွေဘာတွေတိုက်ခံရရင် ကိုယ့်မှာပေးစရာရှိတော့ လူအသက်သာတာပေါ့"

"ဖူး..ဟား..ဟား..ဟား"

ရယ်ချင်လွန်းသဖြင့် ပါးစပ်ထဲက အအေးကို ကမန်းကတန်း ချတာတောင် လက်ခုံနဲ့ ကပ်ပစ်လိုက်တာမြန်လို့....

"ဟား...ဟား...ဟား"

"ရှင့်...ရှင့်ပါးစပ်ကြီးက..."





ဘားစားပွဲက လူတွေအားလုံး စိုက်ကြည့်လာကြတာတောင် နီဒါန်း အရယ်မရပ်နိုင်။ လှိုက် မျက်နှာလေးနီရဲလာကာ သူ့ကိုပဲ ထုရိုက်ဆွဲပစ်ချင်တော့သည်။

"နီဒါန်း ရှင်တော်တော့လေ၊ ဒီလောက်တောင် ဘာရယ်စရာဖြစ်လို့လဲ"

လှိုက် မျက်နှာလေး အူကြောင်ကျားနှင့် ရှက်နေတာ မြင်လေ ရယ်ချင်နေလေ။ ပြီးတော့လည်း ဘာကြောင့်ရယ်တယ်ဆိုတာ ပြောဘဲ ခေါင်းပဲခါပြပြီး ရယ်ချင်ပက်ကျိုမျက်နှာကြီးနှင့် ခေါက်ဆွဲစားလေသည်။

နေနှင့်ဦး အဲဒီကိစ္စ။

လှိုက်လည်း မကျေနပ်ပေမယ့် ထပ်မေးနေလျှင် ထပ်ရယ်နေဦးမှာမို့ အံကြိတ်နေလိုက်ရသည်။ ရင်ထဲမှာတော့ သိမ်းထားလိုက်၏။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

ကားလက်မှတ်နှစ်စောင်ရယ်၊ သွှမှတ်ပုံတင်နဲ့ စာရွက်စာတ
တချို့ကို ခွဲထုတ်လိုက်ပြီး…

"ရော့ အဲဒါယူထား"

ကားလက်မှတ်တွေကို လှိုက် လက်ထဲထည့်ပေး၏။ လှိုက်
ယူထားလိုက်ပြီး သူ့လက်ထဲက အတိုအထွာတွေကိုကြည့်၍…

"ရှင်ကလည်း လူကြည့်တော့ လွယ်အိတ်တစ်လုံးတောင်မပါဘူ
စုပြုံထိုးသိပ်ယူလာတာတွေ အိတ်ထဲမှာ မနည်းပါလား၊ ဘာလုပ်ဖို့
ဘာတွေလဲဟင်"

ဒီတစ်ခါ လှိုက်က စပ်စုတာကို နီဒါန်းဒေါသမဖြစ်ဘဲ သေချာဖြေ
ပြ၏။

"မင်းကို ပို့ပေးပြီးရင် ဒီကို ငါ မပြန်တော့ဘူး"

"ဟင်"

"ဟုတ်တယ် ဘန်ကောက်ကိုသွားမယ်၊ နောက်ထပ် အဆက်အ
သွယ်ကောင်းတွေရခဲ့ရင်တော့ စီးပွားရေးပညာ ဗဟုသုတတွေ ရကောင်





ပါတယ်"

"ဟား..ဟား"

ဒီတစ်ခါ လှိုက်က ရယ်ချလိုက်၏။ ဟိုဆိုင်ကြီးထဲမှာလို လူများ
ယ်နယ့် လက်ဖက်ရည်ဆိုင်သေးသေးလေးထဲမှာပဲ ရှိသမျှလူတွေက
ကြည့်ကြသည်။

"ဟား…ဟား"

ရယ်ချင်စိတ်က ဒီနားမှာပဲ အရှိန်သေသွားတော့မှာမို့ လှိုက်က
တ်ခုပ်လက်ဝါးတီးပြီး အားဖြည့်လိုက်သေး၏။

နီဒါန်းမျက်နှာကြီး တင်းသွားပြီးမှ လှိုက်ဘာလုပ်နေတာကို တွက်
မိကာ နှုတ်ခမ်းစေ့ရင်းနှင့် ပြုံးသည်။

ခပ်ဖျော့ဖျော့ အင်အားနှင့် ဝါးမှို့လာသော အမှောင်ထုက လျှပ်
စီးရောင်များကြောင့် လှိုက် မျက်နှာလေးက ဆံပင်ဖားလျားလေး
ဝမရုပ်နှင့် လွှတ်လွှတ်လပ်လပ်ကြီးရယ်ချလိုက်တာကြောင့် ချစ်စရာ
ား ဖြစ်သွားသည်။

ပြီးတော့ ဆံပင်တွေကို လက်နှစ်ဖက်နှင့် နားရွက်တွေနောက်
ာ ဘယ်ပြန်ညာပြန်သိမ်းညှပ်ပစ်လိုက်ပြီး နီဒါန်းကို လူထူးလူဆန်း
ို တုန်းကြည့်၏။

"အမလေး နီဒါန်းရယ်၊ ရုပ်မြင်သံကြားကလွှင့်တဲ့ နိုင်ငံခြား
က် စွန့်စားရှာဖွေလိုသူများ အဖြစ်တွေကို ရှင်မသိတာများ အံ့သြ
ယ်နော်၊ ဒီလိုပုံစံနဲ့ ဟိုဘက်ကူးသွားရင် ဘာဖြစ်သွားနိုင်လဲ မသိဘူးလား"

ဒီစကားကိုတော့ လှိုက်က စားပွဲစွန်းနဲ့ ရင်ဘတ်ကပ်ထား မျက်နှာ
ားရှေ့တိုးပြောသည်မို့ ဘယ်သူမှမကြားနိုင်။ နီဒါန်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသလိုလို တည်သလိုလိုမျက်နှာနှင့်ပြန်ကြည့်၏။

"ဒါက ငါ့အပိုင်းပါ၊ ဘာတွေဆက်ဖြစ်မလဲ မင်းစိတ်ဝင်စားရင် လိုက်ကြည့်ပါ"

"အို မကြည့်ပါဘူး"

လှိုက်မျက်စောင်းလေးထိုး၍ နောက်ပြန်ဆုတ်သွားပုံကို စိုက်ကြည့်နေပြီးမှ နိုဒါန်းက မျက်နှာလွှဲပစ်လိုက်၏။ နှစ်ယောက်တည်း ရှိနေပြီး အပြိုင်အဆိုင် လိုက်လုပ်နေသည့် ပုံစံလေးက မျက်ဝန်းထဲမှာ ငြိပါလာသည်။

အဝတ်အထည်ကိုယ်တစ်ခုစီနှင့် ပြေးလွှားနေကြတဲ့ လူနှစ်ယောက်ချင်းအတူတူကို သူမမှာ ကလဲ့စားချေဖို့ စိတ်ကူးတွေဖြစ်နေနိုင်သေးသည်။ ကိုယ့်တစ်ယောက်တည်းတွေးမိပြီး စိတ်ပျက်ရင်းနဲ့ မဲ့ပြုံးလိုက်မိ၏။ ကလေးဆန်တာလား မသိတတ်တာလား။

"နိုဒါန်း"

လှိုက် ကျေနပ်သွားပြီထင်သည်။ သူရယ်ပြီးခဲ့တဲ့တစ်ချိန်လုံး စူပုတ်ပွထနေခဲ့သည့် မျက်နှာလေးက ကြည်ကြည်လင်လင် ပြန်ဖြစ်လို့…

"ဘာလဲ"

"ကားတန်းဆိုတာက ညလည့်ပြီးစီးရမှာ ကြောက်စရာကြီး"

"မင်းက ဒီမှာ အိပ်ချင်လို့လား"

"ဒါပေမဲ့"

"ဒီမှာ ခဏနေခဲ့ဦး ငါကားသွားကြည့်လိုက်ဦးမယ်"

"အို မနေခဲ့ဘူး လိုက်မယ်"

ပြောပြောဆိုဆို နိုဒါန်းထရပ်လိုက်တော့ လှိုက်က ပြိုင်တူလိုက်





ဒီလိုပဲ နိုဒါန်းဘာလုပ်တော့မယ်ဆိုဆို နေခဲ့ပါဦးပြောလို့ လှိုက် ဘယ်တော့မှ နားမထောင်။ အနီးစားပွဲက လူတွေကလည်း ခရီးသွားတွဲထင်သည်။ သူတို့နှစ်ယောက်ကို မော့ကြည့်၍ တချို့က ပြုံးကြ၏။

နိုဒါန်းကအရပ်မြင့်မြင့်နှင့်ဖြောင့်ဖြောင့်၊ လှိုက်က အနေတော် ရပ်လောက်ပဲရှိကာ ကိုယ်လုံးက သွယ်သွယ်လေးမို့ နိုဒါန်းနှင့် ယှဉ်လိုက်တော့ သေးသေးညှက်ညှက်လေး ဖြစ်သွား၏။

ထို့ပြင် ဂျင်းဘောင်းဘီရှူးကျလေးနှင့် ဂျာကင်အပါးစားလေးကို ဝတ်ထား၏။ ဆံပင်တိုလေးတွေက မပြုမပြင် ပုံစံလေးနဲ့ပဲ ကြည့်ကောင်းနေသည်။ သိပ်တော့ မလိုက်ဖက်ပါ။ ဒါပေမဲ့ ဖြူဖြူချောချော တွေမို့ လူတချို့က သတိထားမိနေကြတာဖြစ်၏။

ထိုအထဲမှာ မျက်နှာတစ်ခုကို နိုဒါန်း မျက်ဝန်းထောင့်ကနေ ချိတ်မိ ခဲ့သည်။ သူသိပါသည်။ ဒီလူဟာ ဦးရွှေချိန်ရဲ့ ကိုယ်ရံတော်ဖြစ်၏။ ကြောင့် ဘာမှထပ်ပြောမနေတော့ဘဲ လှိုက်လက်ကလေးကိုဆွဲ၍ ထွက်ခဲ့သည်။ အတွေးထဲမှာတော့ အလုပ်ရှုပ်သွားပြီဖြစ်သည်။

ဒီလူထွက်လာပြီဆိုကတည်းက လှိုက်ကို ဦးရွှေချိန် စိတ်ဝင်စား ပြီဆိုတာ သေချာနေပြီပဲ တွက်မိ၏။ နောက်ထပ် သေချာတာက ဘို့ မကြာမီ တစ်ခုခုလှုပ်ရှားတော့မည်ဆိုသည့်အချက်…။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

ဒီလူ ဘယ်ရောက်သွားလဲ။ လှိုက် လည်ပင်းလေးရှည်ရင်း ရင်တွေ ပူလာသည်။ ကားကထွက်တော့မည်။ အတွင်းမီးတွေ ဖွင့်ထားပြီး ပြီ ဖြစ်၏။ နောက်ကကားမှာ လူတင်နေတာ မပြီးသေးလို့ မထွက်သေးခြင်း ဖြစ်သည်။ ရှေ့ကားမှာလည်း လုံခြုံရေးတွေကော ခရီးသည်တွေကော စုံနေပြီ။

လူတစ်ယောက်နဲ့ စကားပြောနေရင်း ပျောက်သွားတာ ဘယ်ရောက်သွားမှန်း မသိလိုက်သည့်အဖြစ်။ ကားထွက်လို့မှ သူရောက်မလာရင် လှိုက် ဆင်းနေခဲ့ရမှာလား။ ဆက်လိုက်သွားရမှာလား။ ဆင်းနေခဲ့လျှင်ကော သူနဲ့ ချောချောမောမော ပြန်မဆုံနိုင်ဘဲ တစ်ယောက်တည်း ဖြစ်နေခဲ့ရင် ညကြီးမင်းကြီးမှာ ဘယ်လိုလုပ်မလဲ။ ဒါဆိုဟိုကိုပါသွားရင်ကော...။

ခရီးက မြဝတီရောက်တာနဲ့ ပြီးဆုံးသွားမှာ မဟုတ်သေးပေ။ ဘယ်လိုတွေးကြည့်လို့မှ အဆင်မပြေပါလား။ နဖူးမှာ ချွေးတွေ စိုလာ





ည်။ ကပ်လျက်ထိုင်နေကြသူတို့၏ လှုပ်ရှားစကားပြောသံတွေကို ည်း နားထဲမှာ ခါးလာသည်။

သူမကတော့ ကားပေါ်မှာထိုင်လျက်နှင့် ငရဲကျသူလို ဖြစ်နေခဲ့ နိဒါန်းမှာလည်း ကိုယ်ဖြစ်ကိုယ်ခံဆိုသည့် စကားအတိုင်း စုတော့ ည့်လို့ ခံလိုက်ရသည့်အဖြစ်ကြောင့် အံကြိတ်တက်ခေါက်လျက်။

သူကားပေါ်တက်ခါနီးမှ ခါးစပ်မှာ စူးခနဲဖြစ်သွားခဲ့၏။ ကိုယ်က ဘင့်ခနဲဖြစ်သွားပြီး လှည့်ဖို့အလုပ်မှာ ဓားသွားက အသားထဲကို ကျွံသွားခဲ့ပြီ။

"လှည့်မကြည့်နဲ့ နိဒါန်း၊ လိမ်လိမ်မာမာလေးနေ၊ ခဏလေး ရောက်ပြန်လျှောက်လိုက်"

လှိုက်ကို သူလှမ်းကြည့်လိုက်တော့ ကားပေါ်က လူတွေကြားထဲ ရောက်နေပြီမို့ ခေါင်းထိပ်ဦးလေးကိုပဲ မြင်ရသည်။

"ကျူပ် ခရီးသွားမလို့"

"အဲဒီကိစ္စပဲ မင်းနဲ့ဆွေးနွေးမှာ၊ လူကြားထဲမှာပေမယ့် ငါတို့အ ကြောင်း မင်းသိပါတယ်၊ ခုလောက်ဆိုရင် မင်းကောင်မလေးရဲ့ဘေးမှာ ည်း ငါ့လူတွေ ဝိုင်းနေကြပြီ၊ ပြောစကားနားမထောင်ရင် ကောင်မ လေး နာသွားလိမ့်မယ်"

လှိုက်ကို ဖမ်းမိသွားရင် ဘာဖြစ်လို့ သူ့ကို အကြပ်ကိုင်နေသေး ဦးနောက်က အဖြေရှာနေဆဲ။ အသားကလည်း နာနေတာမို့ ဓားနောက်သို့ အလိုလိုလိုက်ပါနေခဲ့ပြီး ဖြစ်လေသည်။ ဗြင်ရိပ် လုံးလုံးရောက်တော့မှ ဦးရွှေချိန်နဲ့ သူ့လူသုံးယော ပြီးတော့ နားမှာ ဓားနှင့်ကပ်ထောက်ထားသည့် တစ်ယောက်နှင့်....။



www.burmeseclassic.com

www.burmeseclassic.com



“ဆောရီးပဲဟေ့၊ မင်းလိုကောင်ကို ဒီလိုခေါ်မှပဲ ရမှာမို့လို့ စိတ်တော့မရှိနဲ့”

ဦးရွှေချိန်က ခါးနှစ်ဖက်ထောက်၍ ပြော၏။ မှောင်ထဲမှာ သူ့ပုံကြီးကို သိပေမယ့် တစ်ယောက်မျက်နှာ တစ်ယောက် သဲသဲကွဲကွဲ မြင်ရတာမဟုတ်။ နီဒါန်းက နောက်လူကို ပြန်ငဲ့ကြည့်ကာ...

“ကျုပ်လိုက်လာပြီပဲ၊ ခင်ဗျားဓားကို ဖယ်လိုက်ပါ”

ဦးရွှေချိန်က ခပ်သဲ့သဲ့ ရယ်ပြန်သည်။ ဓားကလည်း သူ့လှုပ်ရှားသမျှ စူးနစ်ပါနေဆဲ။ နောက်ကနေ ဓားနဲ့ထောက်တဲ့ ပညာတော့ တော်တော် ကျွမ်းပါလား။

ဒေါသနှင့်အတူ မခံနိုင်ခြင်းက အမောက်ထောင်လာ၏။ ငယ်ငယ်ကတည်းက ဘဝမျိုးစုံအောင် ဖြတ်သန်းခဲ့ရသည့် သူ့သက်တမ်းတစ်လျှောက်မှာ သူများကို ကြောက်လန့်ကာ ခိုင်းသမျှ လုပ်ပေးခဲ့ရသည်ဆိုတာ မရှိခဲ့သေး။

ပြီးတော့ ဒီလူတွေ လှိုက်ကို အနီးကပ် နေရာယူထားနိုင်ခဲ့သည်ထားဦး။ လှိုက်က လူကြားထဲမှာ ရှိနေတာကို ရုတ်တရက် ဘယ်လိုမှ ဒုက္ခပေးလို့ မရနိုင်။ မှောင်ရိပ်ထဲမှာ သူတစ်ကိုယ်လုံး သွေးတွေ ဆူတက်လာကာ အင်အားစုစည်းလိုက်တာကို ဘယ်သူမှ သိမှာမဟုတ်။

“ဓားလဲ ရုပ်ပေးမယ်၊ မင်းရှေ့မှာလည်း ငွေဆယ်သိန်း စုချက်ချင်း ဘုတ်ခနဲ ကျလာစေရမယ်၊ တစ်ခုပဲ မင်းဆုံးဖြတ်လိုက်”

“ဘာလဲ”

“ကောင်မလေးနားကနေ မင်းခွာထွက်လိုက်ပါ”

နှစ်ယောက်လုံးကို သူတို့ ခွဲထုတ်စီးမိုးထားနိုင်ပြီဆိုပြီး ဘာဖြစ်လို့





ငွေတွေပုံပေးနေတာလဲ။ အညာခံလိုက်ရသည့် ကိုယ့်အဖြစ်ကို မကျေနပ်နိုင်။ ဒီလောက်ပဲ ငါညံ့ခဲ့သလားဟု အံကြိတ်၍ ဓားထောက်ခံထားရသည့် ကိုယ်ခန္ဓာဘယ်ဘက်ခြမ်းကို ချာခနဲ လှည့်ပစ်လိုက်၏။

“ဖတ်”

“အ”

တစ်ဆက်တည်း လက်ချင်းခတ်ပုတ်ထုတ်ပစ်လိုက်သည့် အရှိန်ကြောင့် ပိုင်ပြီအထင်နှင့် သတိလက်လွတ်နေခဲ့ပုံရသော ဓားကိုင်သူ့မှာ လက်ကောက်ဝတ်ကို ဖိဆုပ်၍ ဟန်ချက်ပျက်သွား၏။ ဓားလည်း လွတ်ထွက်သွားသည်။

“ဟိတ်ကောင်”

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

“ဟိုတစ်ကောင် ကောင်မလေးဆီသွား၊ ရတဲ့နည်းနဲ့ ဆွဲချလာခဲ့၊ လွယ်ရင် ကပ်လိုက်သွား၊ ဆင်းတော့မှ လှုပ်ရှား”

ဦးရွှေချိန် အမိန့်ပေးလိုက်တာနှင့် ဓားကိုင်သည့်လူက လက်နာတာကို ဂရုမစိုက်တော့ပဲ ဓားကို ပြေးကောက်၏။ နီဒါန်းက ရှေ့က ထွက်သွားလိုက်သည့်လူကို ဘာနဲ့မှ မကာကွယ်တဲ့ မျက်နှာကို ခေါင်းနဲ့ ဝင်တိုက်ပစ်လိုက်သည်။

ဒီလိုကြီး မိုက်မိုက်ကန်းကန်း လုပ်ပစ်မယ် မထင်သောကြောင့် ထိုသူ စူးစူးဝါးဝါးအော်ပြီး လဲကျသွား၏။ ရှင်းသွားသည်နှင့် ပြေးထွက်သွားသူကို နီဒါန်း လှားခနဲ ခုန်ကန်လိုက်၏။ ပစ်ကန်လိုက်သည်က ခါးထင်ဆီကို ကျကျနန ထိသွားမှန်း သူသိသည်။ ထိုသူ ဖင်ထိုင်လဲကာ ရှေ့က တစ်စုံတစ်ရာနဲ့ ဆက်တိုက်ပစ်ဆောင့်သွားမှန်း သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ ဒုတ်ခနဲ ရိုက်ချက်က သူ့ခေါင်းပေါ်မှာ ပူခနဲ…။

"အား"

"ဒီကောင်ကိုထားခဲ့၊ ကောင်မလေးနောက်ကိုပဲလိုက်"

"ကားထွက်သွားရင် ရအောင်လိုက်တားပြီး ပါအောင်တက်"

စသဖြင့် ဦးရွှေချိန်၏ အရေးတကြီး ညွှန်ကြားနေသံကို ကြား… ရသည်။ အနားမှာ ဘယ်သူမှမရှိတော့မှန်း သိနေပြီး မျက်လုံးထဲ… ကြယ်ရောင်စုံတွေ လင်းလက်နေဆဲက မပြီးနိုင်။ သူ ခွေခနဲ ညွတ်… သွားသည်။ ဒူးတွေ နောက်သို့ ကိုယ်က ပုံလိုက်ချင်နေ၏။ ပြီးတော့… မျက်လုံးတွေက လောကကို ခဏတော့ စိတ်ချလက်ချ ထားခဲ့လို… ဖို့ သူ့ကို လက်တို့ ပူဆာနေကြသည်။

မဖြစ်ဘူး။ လိုက်ပါသွားလိမ့်မယ်။ လိုက်ပါသွားတဲ့ဆီ သူပါမှဖြ… မည်။ နီဒါန်း အားတင်း၍ ထရပ်လိုက်၏။

✪ ✪ ✪





အခန်း (၆)

သူမ ဆုံးဖြတ်ချက် မှားသွားပြီလား မှန်ခဲ့သလားမသိ။ ကားတွေ …တော့ ထွက်ခွာသွားကြပါပြီ။

စားသောက်ဆိုင်လေးတစ်ဆိုင်၏ဘေးက မှောင်ရိပ်လေးထဲမှာ …ကပ်ပိုက်လေးရပ်ကျန်ခဲ့ရင်း လှိုက်ခဲ မျက်ရည်တွေ ဝေ့လာ၏။

ကဲ … ဆင်းနေခဲ့ပြီ။ ညည်းဘယ်သွားမလဲ လှိုက် … ဟင်း။ …ိုက်ဆံတွေလည်း သူက ယူထားမါဆိုတာကို ညည်းပဲပြန်ပေးခဲ့တာ။ ဘယ်လိုလုပ်မလဲ။ သူ ရောက်မလာခဲ့ရင် ညည်းဘာဆက်လုပ်မှာလဲ။

ငိုချင်လာဟာကို ထိန်း၍ နည်းနည်းမှောင်သည့်နေရာမှာကော …ူတွေရှိသည့်ဆီကိုကော လှိုက် ဝေ့ဝဲစူးစိုက်ရင်း ရှာမိသည်။

နီဒါန်း ဘယ်ရောက်သွားတာလဲ။ ဒီအချိန် ကားထွက်မယ်မှန်း သိလျက်နဲ့ လှိုက်ကို တမင်ထားပစ်ခဲ့တာလား။ မဖြစ်နိုင်ပါဘူး။ ဒီလိုလုပ် လို့ သူ ဘာအကျိုးရှိမှာမို့လို့လဲ။ ပြီးတော့ လှိုက်ကို သူကိုယ်တိုင် …ညီ ချင်တဲ့စိတ်နဲ့ ကူညီခဲ့တာ။

သူပြန်လာမှာပဲဆိုသည့် ယုံကြည်မှုလေးနှင့် ရပ်…ရင်း မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးဆိုသည့် အသိကိုလည်း ဖျောက်လို့မရပေ။ တကယ်လို့ သူအကြောင်းတစ်ခုခုနဲ့ ရောက်မလာတော့ဘူးဆိုရင်...

"ဒုတ်"

"အမေ့"

နောက်က လဲပြိုသံတစ်ချက်ကြောင့် ကြောက်နေတုန်းအချိန်မို့ လှိုက် တုန်ခနဲဖြစ်သွားလေသည်။ လှည့်ကြည့်လိုက်တော့ မှောင်ထဲမှာပေမယ့် တလှုပ်လှုပ်ပြန်ကျုံးထနေသည့် သဏ္ဌာန်တစ်ခုကို မသဲမကွဲမြင်လိုက်၏။ ဒါ လူလား၊ ဟုတ်တယ် လူပါ။

လူမှန်ပေမယ့် ဘယ်လိုနည်းနဲ့မှ မိန်းမတစ်ယောက်မဖြစ်နိုင်မှန်းလည်းသိကာ လှိုက်ကိုယ်လေး အလင်းရောင်ဘက် တိုးရပ်ပြီးသားဖြစ်သွားသည်။ သို့သော် ချက်ချင်းပဲ ကိုယ်လေးပြန်ကျုံ့၍ အမှောင်စပ်စပ်ကို ပြန်ဝင်ရ၏။

"အား...ကျွတ်...ကျွတ်"

"ဟင်"

ညည်းသံသဲ့သဲ့ကိုကြားလိုက်သည်။ ထို့နောက် မတ်တတ်ရပ်လိုက်သည့် ပုံသဏ္ဌာန်ကို ကျင့်သားရလာသော မျက်လုံးတို့က သေချာမြင်လိုက်ပြီး....

"ဟင် နီဒါန်း"

လှိုက် ဝမ်းသာအားရ ပြေးသွားမိလေသည်။

"နီဒါန်း ရှင်..ရှင် ဘာဖြစ်တာလဲဟင်"

ယိမ်းထိုးနေသည့် နီဒါန်းလက်မောင်းကို လှိုက် ဝင်တွဲရင်း အသံတုန်လေးနှင့် မေးလိုက်သည်။





"လှိုက်"

"ဟုတ်တယ်၊ ကျွန်မ"

နီဒါန်းလည်း ချက်ချင်းခေါင်းထောင်လာကာ ဝမ်းသာအားရ ဖြစ်သွားပုံပေါ်၏။ ဒါပေမဲ့ ကြာကြာ ဝမ်းမသာနိုင်ဘဲ ဒယိမ်းဒယိုင်ဖြစ်လျက် လှိုက် ပခုံးလေးကိုဖက်၍ ထိန်းသည်။

"ဟင် မင်းမလိုက်သွားဘူးလား"

"ရှင်မှ ပြန်မလာတာ ဆင်းနေခဲ့တာပေါ့"

"ဟုတ်တယ်.. ငါ.. အား"

သူက ပြောပြဖို့ ကြိုးစားပြီးမှာ ညည်းသံသဲ့သဲ့နှင့် ဘေးက စားသောက်ဆိုင်နံရံကို လက်ညှိုးထိုး၍....

"ဒီ..ဒီဆိုင်မှာ ဝင်းမောင်ဆိုတာကို ခေါ်..ခေါ်ပြီး"

"နီဒါန်း"

နီဒါန်းကိုယ်ကြီးပစ်ခတ်ပုံကျသွားတော့ လှိုက် ဘယ်လိုမှ ထိန်းထားနိုင်ဘဲ နှစ်ယောက်ပူးလဲလေသည်။ ညသည် ဘာတွေ မျက်လှည့်ပြဦးမည်မသိ။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

"ရှင် သက်သာရဲ့လား"

မျက်လုံးဖွင့်လိုက်သည်နှင့် သူ့မျက်နှာအေးမှာ စီးမိုးငုံ့ကြည့်နေသည့် လှိုက်ကို မြင်လိုက်ရသည်။ မျက်နှာလေး ချောင်ကျနေသလိုရှိကာ ခုချိန်ထိ အိပ်ရသေးပုံမပေါ်။

"ဘယ်အချိန်ရှိသွားပြီလဲ"

တစ်ယောက်မှာမှ နာရီမရှိတော့ လှိုက်က ခေါင်းခါပြ၏။

"မသိဘူး၊ ဒါပေမဲ့ ဆေးဆရာလာသွားတာတော့ ကြာပြီ တစ်နာရီလောက်ရှိပြီ ထင်တာပဲ၊ ရှင်ဘယ်လိုနေသလဲ၊ ခေါင်းက သက်သာရဲ့လား"

လှိုက်ထပ်မေးတော့မှ သူပြန်မဖြေရသေးတာကို သတိရသည်။

"အင်း သက်သာပါတယ်၊ မင်းနဲ့ငါတော့ ကျန်ခဲ့ပြီပေါ့"

လှိုက်မျက်နှာလေး ငယ်ကျသွားကာ ခေါင်းငုံ့ပစ်လိုက်၏။ ပြီးမှ

"ဘယ်တတ်နိုင်မလဲ၊ လှိုက်က ရှင်ပြန်ရောက်လာတာကိုပဲ ဝမ်းသာနေတာ၊ သက်သာသွားပြီဆိုရင် ပြောပြပါလားဟင်၊ ရှင် ဘာဖြစ်လာ





သလဲ"

လှိုက်က မေးလိုက်တော့ ဝင်းမောင်ကို အမှတ်ရလာသည်။ ဒါ ...မောင်ရဲ့ ဆိုင်နောက်ဖေးခန်းထဲမှာ ဖြစ်သည်။ ဒီအခန်းလေးထဲကို ...တစ်ခါ ရောက်ဖူးခဲ့၏။ အဲဒီတုန်းက ကောင်းဆက်မှာ ခုလိုဒဏ်ရာ ...ဖြစ်ကာ ဝင်းမောင်ကပဲ ခေါ်ထည့်ထားခဲ့တာဖြစ်သည်။

ထိုစဉ်ကတော့ ဝင်းမောင်ကို လူရှုယ်နှစ်ယောက်က ချုပ်ထား... တစ်ယောက်က ထိုးကြိတ်နေကြတာမို့ နိဒါန်းတို့က ကူညီခဲ့ကြ...။ အဆင်မသင့်လိုက်ဘဲ ကောင်းဆက် အရိုက်ခံလိုက်ရ၏။ ...ယ်တမ်းကျတော့ ကောင်းဆက်က ကိုယ်ခံပညာ မတတ်ပါ။

ဒါပေမဲ့ စိတ်ဆတ်ပြီး လက်မြန်တာကျတော့ ကောင်းဆက်က ...တ်ပို၏။ ခေါသဖြစ်ပြီဆို လက်နဲ့ မနိုင်ရင် ခြေထောက်နှင့်ဆော်၏။ ...မှ မနိုင်ရင်တောင် အုတ်ခဲကျိုး၊ သစ်ကိုင်း ဘာဖြစ်ဖြစ် တွေ့ရာ ...တ်ကိုင်ပြီး ပြေးဆော်တတ်တဲ့သူ။ ထို့ကြောင့် သူက ပြဿနာစရှာ... တာ ဝင်ရှင်း....။

"နာမည်ချင်းလဲမယ်၊ ဟိုတက်ကောင် မင်းက နိဒါန်းလုပ်၊ ငါက ...င်းဆက် လုပ်တော့မယ်"

သူ ထိုသို့ပြောဖူးတာတောင် ကောင်းဆက်က ခေါင်းခါ၏။

"မလိုဘူး၊ မင်းလည်းနိဒါန်း၊ ငါလည်းနိဒါန်း၊ အတူတူစမယ်ကွာ၊ ...က်တော့လည်း မင်းလိုက်စရတာပဲ၊ ဘာထူးလို့လဲ၊ စဖော်စဖက် ...ပေါ့"

"အဲဆို မင်းက ကိုယ့်ကိုယ်ကို ပြဿနာကောင်လို့ ပြောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါလေ၊ မင်းရောပါတာပဲ"

သူငယ်ချင်းနှစ်ယောက်ဟာ တွေ့ပြီဆိုကတည်းက လက်တွဲဖြုတ်
ခဲ့ကြတာ မဟုတ်ပေ။ ဝင်းမောင်ကို ကူညီခဲ့ပြီးတော့လည်း ဝင်းမောင်က
သူတို့နှစ်ယောက်ကို ခင်ပါသည်။

"ဒီကောင် သုံးကောင်ထဲက ငါ့ကို ထိုးတဲ့ကောင်က အရင်က
ငါ့ညီမနဲ့ ခိုးပြေးဖူးတယ်ကွ၊ ငါက သဘောမတူလို့ ခွဲပစ်လိုက်တာ"

"အခု မင်းညီမကကော"

"ကျောင်းဆရာဂစ်ယောက်နဲ့ ပေးစားလိုက်ပြီ၊ ရွယ်တူတော
မဟုတ်ဘူးပေါ့၊ သူ့ထက် ရှစ်နှစ်လောက်ကြီးတယ်"

"မင်းကလဲ၊ ကျောင်းဆရာကလည်းဖြစ်သေးတယ်၊ အမိ
တွေပေးလိုက်မယ့်ဖြစ်ခြင်း၊ ငါက အသက်ကြီးတယ် ငါပြောသလိုလု
ဆိုတာမျိုး၊ မင်းညီမကလည်း မင်းစကားကို နားထောင်တာပဲနော်

သူတို့ကို ပြောပြတုန်းက ကောင်းဆက်ကပဲ ဝေဖန်သည်။

"နားထောင်တယ်၊ မထောင်လို့ ဘယ်ရမလဲ၊ ငါတို့မောင်နှမ
မိဘမဲ့ကွ၊ အမေတို့ချန်ခဲ့တဲ့ ဒီအရက်ဆိုင် လက်ငုတ်လက်ရင်းလေး
ငါက ထိန်းသိမ်းထားနိုင်လို့ မောင်နှမစရိတ် လုံလောက်နေတာ၊ ညီ
လေးကို အဒေါ်ဝမ်းကွဲဆီမှာ ထားတာလေ၊ ဒီမှာက အရက်ဆိုင်
တော့ မသင့်တော်လို့၊ အဲဒီမှာပဲ ဟိုကောင်နဲ့ ငြိတဲ့ကိစ္စကို ငါမသိလိုက်
ဘဲ ပါသွားတာ"

"ဟိုကောင်က ဘာဖြစ်လို့လဲ ပိန်တာကလွဲရင် ချောတော့ချောပါတယ်

"ချောတာလေးပဲရှိတာကွ၊ ငါတို့ထက်ဆိုးတယ်၊ မိဘရှိပြီး မိဘ
တော်လှန်စော်ကားနေတဲ့ကောင်၊ မလုပ်တတ်တဲ့ လောင်းကစား ဘာ





ရှိဘူး၊ ပွေကပွေသေး၊ ညီမလေးက ငါတစ်ချက်ပြောလိုက်တာနဲ့ ချက်
ချင်း ငါ့နောက်ပြန်ပါလာတာ"

"သူတို့အိမ်ထောင်ရေးကော အဆင်ပြေလား"

"ပြေပါတယ်၊ ကိုမျိုးဦးက ကျောင်းဆရာဆိုပေမယ့် မင်းတို့ပြော
သလောက် မတုံးပါဘူး၊ သူ ခေတ်မီတယ်၊ ညီမလေးကိုလည်း အလို
လိုက်တာပဲ"

ဝင်းမောင်နဲ့ သူတို့ပတ်သက်တာက ထိုအချိန်မှစ၍ ဒီဘက်
နောက်တိုင်း ဆိုင်ထဲမှာ ဝင်ထိုင်ဖြစ်သည်။ သူတို့နှစ်ယောက်လုံး
အရက်မသောက်ကြတာကို ဝင်းမောင်က လေးစား၏။

"သေရည်သေရက်ဆိုတာ သူများကို ပုဆိုးမြို့ အင်္ကျီမခြုံနဲ့ သတိ
လင်းလွတ်သွားအောင် မှားယွင်းစေတဲ့အရာတွေ၊ သူများကို ရှုးအောင်
လုပ်ရင် ကိုယ်လည်းရှုးရတာပဲ၊ နောင်ဘဝတိုင်းမှာ သူရှုးဘဝနဲ့ပဲ အသက်
ဆုံးရတတ်တယ်တဲ့၊ ဒါကို ငါက လုပ်နေရပေမယ့် စိတ်မချမ်းသာပါ
ဘူးကွာ"

ဝင်းမောင်က ဒီလိုအသိတရားလေးလည်း ရှိနေပြန်သည်။ ဘာရယ်
မဟုတ်ပေမယ့် အစိမ်းရောင်ပျဉ်တိုင်ပုပုလေးတွေကို ရေ့မျက်နှာစာ
မှာ ကာထားပြီး စားပွဲလေးလုံးလောက်နှင့် အမြည်းလေး ကချော်
ကချွတ် တည့်ထားပေမယ့် သူဆိုင်ကလေးက ဝင်ငွေတော့မဆိုးဘူး
ဟုဆိုင်သည်။

နောက်ကတော့ ပျဉ်တစ်ခြမ်းကာထားသည့် ပါးထရံနောက်ဖိတ်
နှင့် အိမ်ပဲဖြစ်သည်။ ယောကျ်ားလေးတစ်ယောက်ပဲနေတာမို့ အိပ်ခန်း
ထမင်းစားခန်းပဲ သန့်သန့်ပြန့်ပြန့်လေးရှိ၏။ နောက်ဖေးခန်းက ကြော်လှော်



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်ဖို့ အလုပ်သမားကောင်လေးတစ်ယောက် ရှိနေသည်။

သူ့ကိုတော့ တစ်ယောက်အိပ်ခုတင်တစ်လုံးနှင့် ဖျာတစ်ချပ် ခေါင်း အုံးတစ်လုံး ဒါပဲထားပေးတာတွေ့သည်။

"သူက ညအိပ်တာမဟုတ်ဘူးလေ၊ နေ့ခင်းနေ့လည် ခဏတဖြု ကျောဆန့်လို့ရအောင် ထားပေးတာ၊ တော်ပြီပေါ့၊ ဝါက ပုံအိပ်ရာ သူ့ ဝင်လှဲရင် မကြိုက်ဘူး"

ဝင်းမောင်က နည်းနည်းတော့ မာနလေး ကြီးချင်သည်။ ထို့ကြော ကောင်းဆက် ဒေါက်တာရတော့ ဆေးနံ့နဲ့ လူမမာနံ့နဲ့ ဖြစ်မှာစိုးလို့ သူ နောက်ဖေးခန်းထဲမှာ။ ဒီလိုအချိန်ပါပဲ...။

"မင်းကို သူဘာတွေမေးသေးလဲ လှိုက်"

"ဟင်"

မျက်မှောင်ကုတ်လျက်နှင့် အကြာကြီးငြိမ်သက်နေသဖြင့် သူတ ခုခု အပြင်းအထန် စဉ်းစားနေတာပဲဆိုပြီး လှိုက်က ငြိမ်နေပေးခဲ့သည် ကောက်ခနဲ ထမေးလိုက်တော့ အမှတ်တမဲ့မှ လန့်သွား၏။

"ဘာလဲဟင်"

"ဝင်းမောင်ကို မင်းဘယ်လိုခေါ် လိုက်တာလဲ၊ သူဘာမေးသေး လို့"

"သူလား၊ သူမေးတယ်၊ ရှင်နဲ့ ဘယ်လိုပတ်သက်တာလဲတဲ့"

"ဘာပြောလိုက်လဲ အဲဒီတော့"

"သူငယ်ချင်းလို့ ပြောလိုက်တယ်"

နီဒါန်းက ပက်တီးစည်းထားရသည့် ခေါင်းက ဒေါက်တာကို ငေး ကြည့်နေရင်း လှိုက် ဖြေလိုက်တာကို စဉ်းစားနေသည်။ ပြီးတော့ ဝ





ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်ပြီး...

"မင်း သူ့ကိုခေါ် တော့ ဒီပြင်လူတွေ သိသေးလား"

လှိုက်က ခေါင်းခါသည်။

"မသိဘူးထင်တာပဲ၊ နောက်ဖေးကနေ ခေါ် လိုက်တာလေ၊ သူ့ပဲ လှမ်းတွေ့ပြီး နောက်ကနေပဲ ထွက်လာတာ၊ ပြီးတော့ ကောင်းဆက် တစ်ယောက်ကောတဲ့"

"ဟင်"

နီဒါန်း ထိတ်လန့်သွားသည့်မျက်နှာနှင့် ဖျတ်ခနဲမော့လာသည်။

"ဟင် မင်းဘယ်လိုပြောလိုက်လဲ"

"မသိဘူးလို့ပြောလိုက်တယ်၊ လှိုက်နဲ့ ပြန်ဆုံတာမကြာသေးဘူး လို့ ဘာဖြစ်လို့လဲဟင်၊ သူ့ပုံစံကတော့ ရှင်တို့နဲ့ တော်တော်ရင်းနှီးနေတဲ့ ပုံပဲ၊ ဆေးမှူးသွားခေါ် မယ်ဆိုပြီး ဆရာတစ်ယောက် ချက်ချင်း သွား ခေါ် တယ်၊ ဆေးမှူးကလည်း စပ်စပ်စုစု မရှိပါဘူး။ ဒေါက်တာကို ချုပ်ပြီး ဆေးထိုးပေးတယ်၊ သောက်ဆေးပေးခဲ့ပြီး ပြန်သွားတာပဲ၊ သူ ရှင့်ကို မနက်ခါလောက် လာကြည့်သေးတယ်၊ နိုးလာလို့ရှိရင် ကြောင်အိမ်ထဲမှာ အစာတွေရှိတယ်၊ ယူကျွေးလိုက်တဲ့၊ ဒါမှမဟုတ်ရင် သူ့ကို လာနှိုးတဲ့"

ဝင်းမောင်က ဂရုတော့စိုက်ပါသည်။ မိန်းကလေးပါနေသဖြင့် အားမှာ တန်းလျားရှည်လေးနှစ်လုံးပူး၍ ခုတင်ဖြစ်အောင် သပ်သပ် ဆုပ်ပေးထား၏။

ပြီးတော့ ထိုခုတင်ပေါ် မှာ သင်ဖြူးဖျာလေး ခင်းထားပေးသည်။ အင်၊ ခေါင်းအုံးကအစ သူ့ကျောအောက်မှာထက် သစ်လွင်သန့်ပြန့် နေအောင် လုပ်ပေးထား၏။ နီဒါန်းက အားလုံးကို ဝေ့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထထိုင်လိုက်သည်။

"သူ့ကို အကြောင်းစုံ အသိပေးလို့ မဖြစ်ဘူး"

ဟု စကားစလိုက်ကာ လေသံကို နားစိုက်ထောင်မှ ကြားရလောက်အောင် နှိမ့်ချပစ်၏။

"ခင်တယ်ဆိုပေမယ့် သေဖော်ရှင်ဘက်လို ရင်းနှီးကြတာ မဟုတ်ဘူး။ ပြီးတော့ ဒီကောင်က လူကြီးဆန်တယ်၊ ကြောက်တတ်တယ်၊ ငါတို့ ပြဿနာတစ်ခုခုဖြစ်တိုင်း ရှုံ့မဲ့ညည်းတဲ့ကောင်၊ နယ်ခံလူ ဖြစ်နေတော့ သူ့ဘက်မှာ မျက်နှာနာစရာတွေလည်း ရှိတာပေါ့၊ ဒါကြောင့် ဒီကိစ္စတွေကို သူမသိတာဘဲ ကောင်းတယ်၊ မနက်ကျရင် ငါတို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ခရီးဆက်ရအောင်"

"ဟင် ကားတန်းက နှစ်ရက်ပြန်စောင့်ရမှာဆို"

"ဟုတ်တယ်၊ ဒါပေမဲ့ ဒီမှာ နေလို့မဖြစ်တာ သေချာတယ်၊ ဒါက အကြောင်းမဟုတ်ပေမယ့် မင်းဒုက္ခရောက်မှာ၊ သူတို့က မင်းကို ဘယ်လိုမှ အလွတ်ပေးမှာမဟုတ်ဘူး၊ နေပါဦး၊ မင်းကို ဟိုမရောက် ဒီမရောက်ကြားထဲမှာ ဒုက္ခဖြစ်နေတဲ့ကိစ္စ၊ ဟိုကလူတွေ မသိကြဘူးလား၊ ဒီလူတွေကို ဆက်သွယ်ပြီး နိုင်းနေတာကကော ဘယ်သူတွေလဲ မင်းသိတော့ သိမှာပါ၊ ဒီပုံစံကြီးက မင်းကို အုပ်ထိန်းတဲ့သူကိုယ်တိုင် ကြံစည်နေတာနဲ့ တူနေသယ်၊ တကယ်ဆိုရင် မင်းလုံခြုံရေးကို သူ တစ်ခုခု စီစဉ်ပေးလိုက်ရမယ် ဒါမှမဟုတ် ဒီက သတင်းကို မပြတ်နားထောင်ပြီး ကွင်းဆက်မပြတ်အောင် သူ စီစဉ်ပေးရမှာပေါ့"

လှိုက်က ငြိမ်ငြိမ်လေး နားထောင်နေပြီးမှ ခေါင်းခါလိုက်၏။ ဘဘကြီးအကြောင်းကို သူမ အသိဆုံး၊ သူမကို လွှတ်လိုက်တာကလည်း





လွှဲသာစ်ရှောင်သာလွှန်းလို့ဖြစ်ကာ ခုလောက်သိ ကြံစည်နေမည်ဟု ထင်ခဲ့တာလည်း ပါမည်။

'ခရေမွှေး' စံအိမ်ကြီးထဲမှာ လှိုက်ကို လက်ထပ်ပေးဖို့ကိစ္စနှင့် ပတ်သက်၍ အခြေအတင် အငြင်းအခုံတွေဖြစ်ကြတော့ ဆွေမျိုးစုတွေက အင်အားနှင့် ဝိုင်းဖိကြသည်။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ရသည်ဆိုသည့် ဝါဒတို့ဖြင့် သူ့မှာလည်း ဘယ်လိုပုဂ္ဂိုလ်ရှိသည် ဘယ်လိုတော်သည်။

တစ်ဖက်ကလည်း မယားဘက်ကတူ၊ မောင်ဝမ်းကွဲစသဖြင့် ဆရာဝန်ဆိုတာတွေ ဘယ်လိုရာထူး၊ ဘယ်အဆင့်...

တစ်ဖက်ကကျတော့တစ်မျိုး။ ဘဘကြီး ဦးသာရှိန်ကို ပုတ်ခတ်ပြောဆိုကြ၏။ အရင်းအချာမဟုတ်ဘဲနှင့် လှိုက်၏အမွေကို လက်ဝါးကြီးအုပ်ထားသည် ဘာညာ...။

တကယ်တော့ လှိုက်၏မိဘများ အပ်နှံခဲ့ကြတာကိုက ဘဘကြီးနှင့် ဦးလေး ဦးညာဏ်ရှိန်၊ ပြီးတော့ ဥပဒေကြောင်းအရ အပ်နှံထိုက်သည့် ရှုလ်တွေပဲဖြစ်၏။

ဒါပေမဲ့ 'နင်တို့ကို မယုံလို့ ငါ့ကိုအပ်ခဲ့တာပေါ့၊ နင်တို့ထက်စာရင် ငါကလည်း သွေးနီးတဲ့သူပဲ' ဘာညာ စသော စကားတို့ဖြင့် ဦးသာရှိန်က ပြိုင်ဆိုင်၍ နှုတ်လှန်ထိုးတာမျိုး မလုပ်ခဲ့ပေ။

ဘတကြီးက အေးဆေးတော့ အားလုံးက ပိုဆိုးလာကြ၏။ အဆိုးဆုံးသည် ဘဘကြီးလိုပဲ ကြီးတော်ဝမ်းကွဲတော်သည့် ဒေါ်ပပငြိမ်းဖြစ်၏။ သူမဟာ ငွေကြေးချမ်းသာသူပါပဲ။ ဒါကို ဂုဏ်ချမ်းသာရှာသည်။

"ဘာဖြစ်လဲ၊ တရှုပ်စာတမ်းမှာ လှိုက်ကို ဘယ်သူနဲ့လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမယ်ဆိုတာ ပါတာမှမဟုတ်တာ၊ တစ်ပြည်တစ်ရွာကလူနဲ့ စိတ်
ရသလား။ မင်းဟိတ်ဆိုတဲ့ကောင် အင်ဂျင်နီယာဖြစ်ပေမဲ့ကော မက်
ရလား။ ဆရာဝန်၊ အင်ဂျင်နီယာ ဒီမှာလည်း ကြိုက်တဲ့ယောက်
ခေါင်းခေါက်ယူလို့ရတဲ့ဟာ”

ညီအစ်ကိုဝမ်းကွဲတော်သည့် အုပ်စုက မိန်းမဘက်က ဖွ ဆို
နှင့် လက်ထပ်ပေးလိုသည်၊ ဒေါ်ပပငြိမ်းကတော့ သူမ၏မြေး
သဘောတူနေ၏။

“ဆွေနီးမျိုးစပ်တော်နေတာ ဘာဖြစ်လဲ၊ တချို့ဆို နှစ်ဝမ်း
ယောက်နဲ့တောင် ယူနေကြတာ၊ ဆွေမျိုးမကင်းတာလောက်နဲ့ ပြေ
ချောကို မလိုဘူး၊ သာရှိန် အလကား၊ လူစွာဝင်လုပ်နေတာ”

ဤကဲ့သို့ ခွန်းကြီးခွန်းငယ် အတိုက်အခံတွေ ဖြစ်ခဲ့ကြပြီး မကြ
မီ ဦးသာရှိန်ကို ကားဘရိတ်ဖောက်ပြီး လုပ်ကြံခဲ့ကြသည်။ ကံကြီး
သာ မသေခဲ့တာဖြစ်သည်။

နောက်ထပ် ဝရန်တာပေါ်ကနေ ပန်းအိုးတွန်းချလိုက်သည်။
လည်းမအောင်မြင်ခဲ့ပေ။ ဦးသာရှိန်က သူ့ပြီးရင် လှိုက်အတွက် ရ
လေးဖွယ်ရှိလာတာကို တွေးမိခဲ့၏။ ထို့ကြောင့် သူမရှိရင်လည်း အ
ကိစ္စကို ရှေ့နေကြီးတွေက ဆက်လက်ဆောင်ရွက်သွားမှာဖြစ်
အကြောင်း အားလုံးသိအောင် ပြောခဲ့သည်။

ပြောလိုက်သည်နှင့် မြွားဦးက လှိုက်ဘက်ကို ချက်ချင်းပြောင်
သွား၏။ လှိုက်နှင့်လက်ထပ်ဖြစ်ဖို့ပဲ အဓိက ဖြစ်လာကာ နီးစပ်ဖို့ ကြ
စည်သည်။ တစ်ယောက်ကတော့ အခန်းထဲဖွတ်ဝင်လာပြီး အမျှ
ဖို့ ကြိုးစား၏။ ဦးသာရှိန်ကော လှိုက်တို့နှစ်ယောက်လုံးမှာ သူတို့





စည်သူမှုကို လက်မတင်လေးတွေမှာပဲ ရှောင်ရှားလွတ်မြောက်ခဲ့ကြ
ရသည်။

တစ်ခါတလေကျတော့လည်း သူတို့ရှင်းအကြံတွေကာ စကားများ
ကြ ထိုးကြကြိတ်ကြနှင့် ပြဿနာတချို့က သူ့အလိုလိုပေါ်သွားတော
လည်းရှိသည်။ နောက်ဆုံး အမွေဇာတ်စွမှာ ပါဝင်ခဲ့သည့် ရှေ့နေကြီးတစ်
ဦး တာလိုလို အဖြစ်တစ်ခုနှင့် သေဆုံးသွားသောအခါ ဦးသာရှိန် ထိုင်
မနေနိုင်တော့ဘဲ စီစဉ်ရတော့သည်။

“သမီး ဒီတိုင်းနေလို့မရတော့ဘူး၊ ဒီမှာကိုက စိတ်ချလို့မဖြစ်တော့
တာ”

ဘယ်သွားမလဲဆိုသည့် ပြဿနာရှိလာတော့…။

“လှိုက် ကိုကိုကြီးတို့ဆီ သွားနေမယ်”

လှိုက်ကိုယ်တိုင် ပြောခဲ့သည်။ ထို့ကြောင့် လှိုက် တကယ် သံယော
ဇဉ်ရှိနေသည့် လေညာအရပ်ကို ဆုပ်ဖမ်းမိသွားသော ဦးသာရှိန်က
ဆေတဖြုတ် သွားနေရုံမဟုတ်ဘဲ မင်းဟိတ်နဲ့ပဲ လက်ထပ်လိုက်ဖို့
တိုက်တွန်းခဲ့၏။

မင်းဟိတ်တို့ မဲဆောက်ကို ပြောင်းသွားကြတာ ငါးနှစ်လောက်ပဲ
ရှိမည်။ မင်းဟိတ်ကိုယ်တိုင်ကတော့ မဲဆောက်မှာ တာဝန်ကျနေ
တာမို့ အစကတည်းက ဟိုမှာပဲနေတာပါ။

မိသားစုလိုက် ပြောင်းသွားတာက မကြာသေး။ မိဘချင်း ရင်းနှီး
ခင်ခဲ့ကြသည့် အတိုင်းအတာကိုလည်း ဦးသာရှိန်က သိထားသည့်
အပြင် ရည်မွန်သော မင်းဟိတ်၏ စာရိတ္တကိုလည်း ယုံကြည်လိုက်သ
ဖြင့် ခန့်မှန်းလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်က အမွေကြောင့် လောဘဇောတိုက်နေကြ *သူတွေကို ရှောင်မည်၊ အေးချမ်းစွာရှိနေသူတွေ လက်ထဲကို ထိုးကို* ထည့်ချင်၏။ နောက်ထပ်အကြောင်းလည်း လှိုက်ကိုယ်တိုင် တွယ်တာတဲ့သူဖြစ်နေသောကြောင့်...

“မင်းဟိတ်ကို သမီး အားကိုးစိတ်ရှိနေတာပဲကွယ်၊ အဲဒါ သံယောဇဉ်ပေါ့၊ ခဏတဖြုတ် သွားနေဖို့ဆိုတာ သွေးမတော်သားမစပ်နဲ့ ကြာရှည်သိပ်မကောင်းဘူး၊ ပြီးတော့ သမီးရဲ့ မိဘတွေကိုယ်တိုင် မင်းဟိတ်ကို လက်ခံစိတ်ရှိခဲ့ကြတာ ဘဘကြီးသိတယ်၊ လက်ထပ်ဖို့ပဲ ဆုံးဖြတ်လိုက်ပါကွယ်၊ စာချုပ်မှာ ဒီအချက်ကို ထည့်ထားတာက သမီး ဆန္ဒကို ဦးစားပေးထားခဲ့တာလေ၊ အခုက အမွေတွေ တစ်ပုံတစ်ပင်နဲ့ သမီး ဘဝဟာ အိမ်ထောင်ပြုဖို့ အဓိကလိုအပ်ချက်ဖြစ်နေပြီ သမီး အိမ်ထောင်ပြုလိုက်တာနဲ့ အားလုံးငြိမ်သက်သွားမှာပဲ”

“မိန်းကလေးတစ်ယောက်အတွက် ကြင်ဖော်ကြင်ဖက် ဆိုးတူကောင်းဘက် နောက်တစ်ခုက ဦးစီးဦးဆောင် ပြီးတော့ ယုံကြည်အားကိုးထိုက်တဲ့ယောကျ်ား အများကြီးပဲ သမီး၊ အိမ်ထောင်ဘက်ကို ဘယ်လိုအချက်မျိုးနဲ့ ရွေးမလဲ၊ ကြင်ဖော်ကြင်ဖက်ဆိုတာက နှလုံးသားနဲ့ ရွေးချယ်ဆုံးဖြတ်တာပေါ့၊ ဆိုးတူကောင်းဖက်က မိမိဆုံးဖြတ်ချက်နဲ့ မိမိ လုပ်ခဲ့ပြီးမှ ဆိုးလည်းခံ ကောင်းလည်းစံကြမယ်ဆိုတဲ့ အနစ်နာခံ တည်ဆောက်ကြတဲ့ အိမ်ထောင်ရေးမျိုး၊ ဦးစီးဦးဆောင်ကျတော့ အရည်အချင်းကိုပြောတာ၊ ဥပမာ ပညာတတ်၊ ဥစ္စာပေါ၊ စီးပွားရေး အမြင် ဘာညာ ဒီယောကျ်ားမှာ အားလုံးပြည့်စုံမယ်၊ အိမ်ထောင်ဦးစီး ကောင်းတစ်ယောက် ဖြစ်နိုင်မယ်၊ ဒါပဲ၊ ယုံကြည်အားကိုးထိုက်တဲ့





ယောကျ်ားကျတော့ ဘယ်အရည်အချင်း ဘာကြောင့်ဆိုတဲ့ ပြယုဂ် ရှိချင်မှရှိမယ်၊ ရှိရင်လည်း ရှိနေမယ်၊ ဒါပေမဲ့ ကိုယ့်အတွက် ယုံကြည် အားကိုးထိုက်တဲ့သူဖြစ်နေပြန်ရော၊ ဒါတွေအားလုံးက မိန်းကလေး တစ်ယောက်အတွက် အိမ်ထောင်ဘက်ရှာကြရတဲ့ အကြောင်းတွေပဲ၊ အားကိုးရှာရတဲ့ သူကိုလည်း ကဲ့ရဲ့ဖို့မလိုဘူး၊ ကြင်ဖော်လိုတဲ့လူလည်း သူ့ဆန္ဒ သူ့ခံစားချက်ပဲ၊ ဘာပဲဖြစ်ဖြစ် ကလေးရယ်၊ ဘယ်သူဖြစ်ဖြစ် ကိုယ့်အလုပ်ကိုယ်လုပ်ကြတာ အကောင်းဆုံးပဲ၊ အလုပ်လုပ်တဲ့သူ ပြောစရာရှိလာတာ မဆန်းပါဘူး၊ ထိုင်နေရင် ဘယ်သူက ဝေဖန်မှာလဲ၊ ဘာမှ လုပ်တော့ ဘာမှပြောစရာမရှိဘူးလေ၊ ဒီတော့ သမီးတို့ ဘဘကြီး တို့မှာ ကိုယ်လုပ်စရာရှိတာ လုပ်ကြရုံပဲ၊ ချမ်းသာတာကော ဆင်းရဲတဲ့သူ ကော ဆင်းရဲမှုကိုယ်စီ ရှိနေကြတာချည်းပဲ”

“အူဝဲဆို အမိဝမ်းက ကျွတ်ကတည်းက ငိုပြီး မွေးလာတာ၊ ရယ် မောပြီး မွေးတဲ့သူ ဘယ်သူရှိလို့လဲ၊ လောကဆိုတာ လူရယ်လို့ဖြစ်လာ ကတည်းက သူ့ရဲ့ ဖွားဘက်တော်ပဲ သမီးရဲ့”

မကြာခဲ့သေးသော မိမိအတိတ်အကြောင်းတွေကို စဉ်းစားရင်း ဘဘကြီး၏ ဆုံးမစကားတွေလည်း တန်းစီပေါ်လာသည်။ အကွေ့ အကောက် မုသား ဘာမှမပါဘဲ ဖွင့်ပြောနေသည့် လှိုက်အကြောင်းကို မိန်းက နားထောင်နေပြီးမှ အိပ်ရာထဲ ပြန်လှဲလိုက်ကာ...

“မင်းတစ်ရေးမှ မအိပ်ရသေးဘူးမို့လား၊ သွားအိပ်တော့”

“ဟင်”

လှိုက် မကျေမနပ်ဖြစ်သွားသည်။ ဘဘကြီးကို ဂရုစိုက်ဘူး တာဝန်မဲ့တယ် ပုံစံမျိုး သူပဲပြောလို့ သူမမှာတော့ ပြောပြလိုက်ရတာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း အစအဆုံး။ အားလုံးနားထောင်ပြီးမှ သွားအိပ်တော့တဲ့

"ရှင်က ဘာလဲ၊ ဒီမှာပြောလိုက်ရတာ အာခြောက်နေမှ သွားအိပ်တော့တဲ့"

လှိုက်က မျိုသိပ်မထားနိုင်ဘဲ ရန်လုပ်သည်။ မျက်လုံးတွေ မှိတ်လိုက်ပြီးမှ နီဒါန်းက ပြန်ဖွင့်ကြည့်၏။ လှိုက်ကို စိတ်မရှည်သလို ကြည့်ကာ ပါးစပ်ကြီး ဟလိုက်ပြီးမှ ချက်ချင်းပြန်ပိတ်၏။ လေသံကို အဘောက်နိုင်ဆုံး နှိမ့်ချ၍....

"မအိပ်ဘဲ ဘာလုပ်နေမှာလဲ၊ မနက်ခရီးသွားရမှာ၊ အချိန်ကလည်း ပြန်ကြည့်"

"နာရီမရှိဘူး"

"ရှိရှိ မရှိရှိ သွားအိပ်တော့၊ နောက်ထပ်လည်း မှတ်ထားဦး နေရတကာ ကိုယ့်အကြောင်းကို အိပ်သွန်ဖာမှောက် မပြောမိဖို့"

"အံမယ် လှိုက်အဲသလောက် မ အ..."

"တိုးတိုးပြော"

လှိုက်လက်ကောက်ဝတ်လေးကို ဖျတ်ခနဲ ဖမ်းဆုပ်ပစ်လိုက်ပြီ နီဒါန်းက ဒေါသသံနှင့် ကြိတ်ပြောသည်။ ပြီးတော့ လက်ကိုဆောင့်လွှင့်ပြီး ပက်လက်ကြီးအတိုင်း လက်ပိုက်လိုက်သေးသည်။

မုန်းစရာကောင်းလိုက်တာများ ဘာနဲ့နှိုင်းပြီး စာဖွဲ့ပြရမှန်းမင်မသိ။ လက်ပိုက်ခုံခုံကြီးနဲ့ သူကိုယ်သူ ဘကြီးလိုလို ညာကြီးလိုလိုလှိုက်မကျေနပ်ပါ။ လူတစ်ယောက်ကို ဝေဖန်ကဲ့ရဲ့ဖို့တော့ တတ်ပြီးကောင်းတာမြင်ရင်လည်း 'ဩော် ဟုတ်လား ဒီလိုရှိခဲ့လား' ဘာညာနားလည်တာလေးတော့ ပြောဦးပေါ့။





နောက်ပြီး လှိုက်ရဲ့ရှေ့ခရီးကို ဝေဖန်အကြံပေးတာလေးဖြစ်ဖြစ် ...ညင့်ဘူးလား။ မအိပ်ရတော့ ဘာဖြစ်လဲ။ သူ့မှာလည်း ဒဏ်ရာနဲ့ ...ယ့်မှာလည်း ပြဿနာနဲ့။ ဘယ်လိုလုပ်အိပ်လို့ရမလဲ ဒီမျက်လုံးတွေ ...ခွင်...

"ဒီမှာ ရှင်တစ်ခုခုမစားဘူးလား၊ ဆေးသောက်ရမှာ"

မကျေနပ်တာလေး ရှိပေမယ့် သူခံထားရတာက ကိုယ့်ကြောင့်။

"မင်းကို ငွေနဲ့လဲဖို့ ငါနဲ့ လာညှိတာ"

မပြောချင်သလိုလို မဖြေချင်သလိုလို လှိုက်က မေးလွန်းလို့ သူ... အဲပြောသည်။ ဒါပေမဲ့လည်း ကိုယ့်အတွက်ကြောင့်သာ ခေါင်း...သာတာပဲဆိုတာကို သိသည်။

ထိုမျက်နှာကြောင့် လှိုက်၏ ဒေါသစိတ်ကလေးကလည်း မကြာ...လိုက်ပေ။ နီဒါန်းက မျက်လုံးမဖွင့်ဘဲ လက်ပိုက်ကိုဖြည်၍ နဖူးပေါ်...တစ်ဖက်တင်ကာ...

"ရတယ်၊ ဒီကောင့်အိမ်မှာ ဘယ်နေရာ ဘာထားတာ ငါသိတယ်၊ ...မှ ယူစားမယ်၊ မင်း အိပ်ပျော်အောင်အိပ်"

ဟွန်း..အိပ်ပြီးသားပဲ။ လှိုက် ချက်ချင်း ကျောခိုင်းပစ်လိုက်၏။ ...ပဲ....

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

"ဘာ"

ငါတို့သွားတော့မယ်ဆိုပြီး ပတ်တီးတွေ ဖြည်ချနေသည့် သူ့ ဝင်းမောင်က ပြူးပြူးပြဲပြဲ ငုံ့ကြည့်ပြီး အနားမှာ ထိုင်ချလိုက်၏။

"ဘာပြောတယ် နိုဒါန်း၊ ဒဏ်ရာကြီးနဲ့ မင်းက ဘယ်သွားမှာလဲ ပြီးတော့"

"ဒဏ်ရာက သက်သာပြီကွ၊ ငါနေလို့ မဖြစ်လို့ပါ။ ကောင်းဆက် ငါ မရောက်ခင်မှာ ချိန်းထားတာ၊ လွဲသွားလို့မဖြစ်ဘူး"

ဟု ပြောလိုက်တော့ ဝင်းမောင်က နောက်ဖေးဝင်သွားသည့် လှိုင် ကို လှမ်းကြည့်လိုက်ပြီး...

"မင်းတို့က ဘာလဲကွာ၊ ဆရာချိန်နဲ့ဖြတ်ပါဆိုတာ ခုထိမဖြတ်နိုင် သေးဘူးလား၊ ဒီလူကြီးခိုင်းတဲ့ ကိစ္စတွေပဲ မို့လား"

နိုဒါန်းက ဘာမှမဖြေပဲ ပတ်တီးကို အပြီးသတ် ခွာချလိုက်သည် အထိ ငြိမ်နေတော့ ဝန်ခံနေတာပဲ မှတ်လိုက်၏။ ထို့ကြောင့်...

"ဒီလူကြီးက ဒီလိုပဲ၊ အကြောင်းအမျိုးမျိုးနဲ့ နယ်စပ်ရောက်လာ





ပြီး ဒုက္ခရောက်နေတဲ့လူငယ်တွေကို ရေတစ်ဖက် ဓားတစ်ဖက်နဲ့ စောင့် ခံပြီး အသုံးချနေတာ ... လိုတာပေးပြီး ညှိုးရုံးသိမ်းသွင်းတယ်၊ ပဲ့တတ်တဲ့ ကိစ္စတွေခိုင်းတယ်၊ ပြီးတော့ ကိုယ်ဖြစ်ကိုယ်ခံပဲ၊ သူခိုင်းတာ ရှင်းပေးတယ် မှတ်လို့လား၊ တစ်ခါတစ်လေ သူ့ကိုလာပတ်တော့ ယ်ထင်ရင် အဲဒီတစ်ယောက်ကို ဖျောက်ဖျက် ရှင်းထုတ်ပစ်လိုက်တာ လို့တောင် ကြားတယ်၊ လူယုတ်မာကြီးတွေ၊ စားသောက်ဆိုင်လေး ခံပြီး မကောင်းမှုတွေ အကုန်လုပ်တာ၊ တပည့်တွေလည်း များမှများ ဲ ဟိုဘက်နယ်စပ်အထိ ဒီလူကြီးက အဆက်အသွယ်တွေရှိတာ၊ င်းတို့ကို ဒီလူကြီးနဲ့ မပတ်သက်နဲ့တော့လို့ ပြောပေါင်းလည်း များပြီ ကွာ"

ဝင်းမောင်က ညည်းညူသလိုလို ပြောနေပြီးမှ...

"အနည်းအကျဉ်း ခွန့်ကြွပေးကမ်းပြီး နဖားကြိုးတပ်ထားတာ ကို မင်းမသိလို့လား။ နေပါဦးကွ၊ ဟိုကောင်မလေးက မင်းသူငယ်ချင်း နဲ့ ဘယ်လိုဆုံကြတာလဲ၊ ငါမယုံဘူး"

ထိုစကားကျမှ နိုဒါန်းက မျက်နှာမော့လာကာ...

"ဘာမယုံတာလဲ"

"မင်းရည်းစားလို့ထင်တာ"

နိုဒါန်း မျက်မှောင်ကုတ်သွားပြီးမှ ပြန်ဖြည်သည်။ ဘာမှတော့ မပြော။ ဝင်းမောင်က သူ့စကားကို သူကိုယ်တိုင်ပဲ ထောက်ခံလိုက်ပြီး

"ကောင်မလေးက မင်းနောက်လိုက်လာတာမို့လား မိန်းမခိုးသွား ဘယ်ဆိုလည်း ခိုးပါယ်ပေါ့ကွာ"

"မိန်းကလေးတစ်ယောက်က လိုက်လာရလောက်အောင် ငါလို



www.burmeseclassic.com

www.burmeseclassic.com



ကောင်က ဘာမို့လို့လဲ"

"ဒါကပြောလို့ရမလား၊ အချစ်ဆိုတာ မျက်စိမရှိဘူးတဲ့၊ ဒါက မယုံလို့မဖြစ်တဲ့ကိစ္စ၊ မင်း ကလေကချေဆိုတာ မြင်ချင်မှမြင်မှာပေါ့၊ ရုပ်ချော တာကိုပဲ စွဲလမ်းပြီး"

"တော်စမ်းပါကွာ"

"ဘာတော်စမ်းပါလဲ၊ မင်းအိမ်ထောင်ပြုပြီးရင် ဟိုလူကြီးနဲ့ ပိုဖြတ်သင့်တယ်၊ ကိုယ့်ကို မှီခိုရမယ့် မျက်နှာကို မငဲ့လို့မရဘူး၊ ပြီးကျရင် ကွီစိကွစလေးတွေနဲ့ မိသားစုဆိုတာ..."

"ဟိတ်ကောင်"

နီဒါန်း မျက်နှာကြီးရဲနေတာကို ကြည့်၍ ဝင်းမောင်ကရယ်သည်။

"ယောကျ်ားဖြစ်ပြီး ရှက်တတ်နေလိုက်တာ"

"ယောကျ်ားဆို အရှက်မရှိရတော့ဘူးလား၊ ခွေးသူခိုး"

"ဒီလိုမဟုတ်ပေမယ့် ရှက်ဖို့က မိန်းကလေးအလုပ်ပဲကွ၊ တကယ်ပြောတာ၊ မကောင်းမှုဆိုတာ အမြဲတမ်း ထောင်နား နီးနေတာ၊ ဒီလိုနေရာတွေမှာဆို လူမသိ သူမသိ သေနိုင်သေးတယ်၊ မင်း ဒီလူကြီးခိုင်းတာတွေ ဖြတ်လိုက်စမ်းပါ၊ မင်းတို့ လင်မယားအတွက် ငါကူညီမယ်၊ နေဖို့ကော လုပ်ဖို့ ကိုင်ဖို့ကော"

"ဝင်းမောင်... မင်း"

ဝင်းမောင် စပ်ဖြဖြ ဖြစ်သွားသည်။

"လုပ်ကိုင်စားသောက်ဖို့ကွာ မင်း"

"မဖြစ်ဘူး၊ လိုအပ်ရင်လည်း နောက်မှ ပြန်လာမယ်ကွာ၊ မိုး မလင်းခင် သွားမယ်"





"ကောင်းဆက်နဲ့ သေချာချိန်းထားရဲ့လား၊ တော်ကြာ လူချင်းလွဲပြီး ဒီရောက်လာရင် ငါက ဘယ်သွားတယ်လို့ ပြောရမှာလဲ၊ နေရာလေးဘာလေး ပြောခဲ့"

နီဒါန်း ရင်ထဲမှာ နင့်သွားသည်။ ကောင်းဆက် ဘယ်တော့မှ လာနိုင်မှာ မဟုတ်ဘူးဆိုတာ ဝင်းမောင်မသိရှာ။ လိုက်၏ ပြဿနာကြောင့်ပါ။ မဟုတ်လျှင် ကောင်းဆက်အတွက် သူ မကျေပွဲ နွှဲပြီးသောက်ပြီ။ ဒါပေမဲ့ ခုလည်း ထားခဲ့လိုက်တာတော့ မဟုတ်သေးပေ။

"ပြောလေကွာ"

ဝင်းမောင်က နီဒါန်း ပြုံးစိစိဖြစ်နေတာကို အားမရဖြစ်သံနှင့် ထပ်မေး၏။ နီဒါန်းနဲ့ ကောင်းဆက်ကို သူ ဆုံမိတိုင်း ပြောချင်တာပြောကြခဲ့ကြနှင့် သဘောထားတိုက်ဆိုင်တာလည်း သိပ်မရှိကြပါ။ ဒါပေမဲ့ သွားကြတော့လည်း အတူတူပဲဖြစ်၏။

ခုလိုပုံစံကြီးဖြစ်နေတာ ဘာက်ပဲ့နေလို့ ဖြစ်လိမ့်မည်။ နီဒါန်းက သေချာပြန်စီးပြီး ထရပ်လိုက်ကာ...

"မရောကန်ကို သွားမှာပါဆို၊ မင်းကိုပြောပြီးပြီပဲ"

"အေးလေ၊ မရောကန်က စေတီပေါင်းထိပ်က မရောကန်လား၊ ကျောက်ကျဉ်းက မရောကန်လား"

"ဟာကွာ၊ သူနဲ့ချိန်းထားတာ သူသိပါတယ်၊ ဒီရောက်လာလည်း ကိုပြန်သွားလို့ ပြောလိုက်ပေါ့"

"ပြီးရောကွာ၊ မင်းဒဏ်ရာက ဖြစ်ပါ့မလား၊ လေးချက်ခံထားရတာ"

"ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံလိုရင် ယူသွားလေ ကောင်မလေးရှေ့မှာ ရှိုးရှိုးတဲ့တ
ဖြစ်ဦးမယ်"

"ရတယ်၊ ငါ့ကို ကျောပိုးအိတ်တစ်လုံးလောက်ပဲပေး"

နီဒါန်း လှည့်ကြည့်လိုက်တော့ လှိုက်က ရပ်စောင့်နေပြီဖြစ်
အတူတူထွက်လာသည့်အချိန်တွင် အလင်းရောင်သမ်းနေသေ
အရှေ့မိုးကုတ်စက်ဝိုင်းက လိမ္မော်ရောင်ဖျော့ဖျော့သာ ကျန်တော့

"မင်း အိပ်ပျော်ခဲ့လား"

နောက်ကနေ တိတ်ဆိတ်စွာ ပါလာသည့် လှိုက်ကို သူက လှည့်
မကြည့်ဘဲ မေး၏။

"ပျော်တယ်"

လှိုက်က တုံးတိတိ ဖြေသည်။

"ဆီထမင်းနဲ့ ချိုးကြော်ဆီတာ ကောင်းသားပဲ၊ မင်းဘာဖြစ်လို့
သိပ်မစားတာလဲ"

"မစားချင်လို့"

"ဝင်းမောင်က ရင်းနှီးနေတော့ တစ်ခါတလေ အစသန်တာ
သူပြောတာတချို့ကို မင်းကြားရင်လည်း စိတ်မဆိုးပါနဲ့"

"ရှင်ကလွဲရင် အားလုံးမှာ စိတ်ဆိုးစရာ ဘာမှမရှိဘူး"

"ဘယ်လို"

လမ်းမပေါ်မှာ ဒီတိုင်း အတူတူ ရှေ့နောက်လျှောက်နေရင်း
လှမ်းရပ်ပစ်ကာ နီဒါန်းက လှိုက်ကို ပြန်ကြည့်၏။

"ဟုတ်တယ်၊ မင်း တစ်ခုခုကို မကျေနပ်နေတာ ငါသတိထား
တယ်၊ အိပ်ရာက ထလာကတည်းက ဘယ်လိုဖြစ်နေတာလဲ၊ ငါ့





ဘာ မကျေနပ်တာလား"

"ဟုတ်တယ် ဟုတ်တယ်"

သူ ရပ်စောင့်နေတာကို လှိုက်က ခေါင့်အောင့်ကျော်တက်လိုက်
နီဒါန်းက လက်ကိုဆွဲထားလိုက်ကာ..../

"ဘာ မကျေနပ်တာလဲ ပြော"

"ရှင် သူများပါးကို ရိုက်တာလေ"

"ဘယ်မှာရိုက်လို့လဲ"

လှိုက်က ငိုသံလေးနှင့်ဆိုပြီး သူ့လက်ကို အတင်းပုတ်ချပစ်၏။

"ရှင်လေ ရှင် လှိုက်ကို ပါးရိုက်နိုးတာ မဟုတ်ဘူးလား၊ ဒီမှာ
ဘယ်လောက် စပ်သွားလဲသိလား၊ ဘယ်တုန်းကမှ အရိုက်မခံခဲ့ရဖူးဘူး
ရှင် သူများကို ရက်ရက်စက်စက်..."

"ဟ အဲဒါ ပါးရိုက်တာမှမဟုတ်တာ၊ မင်းကို နှစ်ခွန်းသုံးခွန်းခေါ်တာ
ဘူး၊ အချိန်မတော်ကြီး လူကြားအောင် မနိုးချင်လို့"

"အဲဒါ ပခုံးကိုဖြစ်ဖြစ် လှုပ်နိုးပေါ့၊ ရှင် သက်သက်မဲ့ လှုပါးဝတာ"

လှိုက် တကယ်ငိုပါသည်။ နီဒါန်းကတော့ လှိုက်ကို ဒီလောက်လေး
ငိုရလားဆိုသော စိတ်မရှည်အံ့သြသည့် အကြည့်များနှင့် ကျွတ်
စုတ်သပ်၏။

"မကြားဖူးဘူး လူကို ပါးရိုက်နိုးတယ်လို့ ပြီးတော့ ယုတ္တိရှိအောင် ဖြေ"

"ဘာမှ ဖြေနေစရာမလိုဘူး"

"ပါးက မျက်လုံးနဲ့နီးလို့ ပါးကိုပုတ်လိုက်တာ၊ ရိုက်တာမဟုတ်ဘူး"

"ကြည့်စမ်း"

"တစ်ချက်တည်းနဲ့ မင်းမျက်လုံးတွေ ဖွင့်သွားတာမဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



လှိုက်ပို၍ ဝမ်းနည်းသွားသည်။ မိန်းကလေးတစ်ယောက် ...ကြောင့် နာကျင်ပြီးငိုနေတာတောင် တောင်းပန်ချော့မော့ရမှန်းမသိ... ပါးကမျက်လုံးနဲ့ ပိုနီးလို့တဲ့။ ဘာမှလည်း မပြောချင်တော့ဘဲ မျက်ရည်... တွေ ပိုးပိုးပေါက်ပေါက်ကျလျက်နှင့် သူ့ရှေ့ကနေ နောက်မကျအောင်... လျှောက်နေခဲ့မိသည်။

ရိုက်တာမဟုတ်ဘူးဆိုပြီး ပါးကို ဆယ်ပေါင်တွဲနဲ့များ ထုပစ်... သေးသလား။ ရှားတယ်၊ ဒီလိုယောကျာ်းမျိုး ရှားပါတယ်။

တွေ့တတ်တယ် ဘဝင်လှိုက်ရယ်...ညည်းမှာ...

✪ ✪ ✪





အခန်း (၉)

'ခဏစောင့်' လို့ပြောပြီး သူက အိတ်ထဲကနေ ပိုက်ဆံထုတ်သည်။

"ရော့ တစ်ဝက်ယူထား"

ဟုပြော၍ လှမ်းပေးပြီး တစ်ဝက်ကို သူကိုင်ကာ လှည့်ထွက်သွားသဖြင့် ...

"ဘာလုပ်ပြန်ပြီလဲ ရှင်က ဘယ်သွားဦးမလို့လဲ"

"စားစရာသွားဝယ်မလို့လေ တောလမ်းထဲ ဝင်ရတော့မှာ စားဖို့သောက်ဖို့က လိုချင်မှရှာလို့ရမှာမဟုတ်ဘူး"

"နေဦး"

သူ လှည့်ထွက်သွားတော့ လှိုက် ပြေးလိုက်ရပြန်သည်။

"လှိုက်လည်းလိုက်မှာပဲ"

"ဟ ဟိုမှာ မြင်နေရတဲ့ ဆိုင်ကိုပဲသွားမှာ ဝေလီဝေလင်းကြီး ...နှင့်ယောက်တွဲသွားတော့ တစ်မျိုးထင်ကြမှာ မလိုအပ်ပဲ စပ်စုနေရင် ...တားတွေ ရှည်ရဦးမယ်"

"စကားရှည်မှာစိုးတာနဲ့ပဲ ဒီကတစ်ယောက်တည်းကျန်ခဲ့ရမှာလား



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ မနေ့ညကလိုဖြစ်ရင် ဘယ်လိုလုပ်မလဲ မဖြစ်ဘူးပြောနိုင်မလား ရှင်ကမျက်စိအောက်မှာပဲနေဖို့ ပျောက်ချင်ပျောက်သွားတာပဲ မနေခဲ့နိုင်ဘူး"

"အဲဒါကြောင့် သိရမယ်ရ မင်းကိုပိုက်ဆံသည့်ပေးထားတာပေါ့ ဘယ်အခြေအနေပဲဖြစ်ဖြစ် လက်ထဲမှာပိုက်ဆံရှိဖို့လိုတာ ပြီးတော့ မိန်းကလေး ပြဿနာကြုံလို့ လူချင်းကွဲသွားရင် မင်းအတွက် ပူရတာနဲ့ အသေတောင် ဖြောင့်မှာမဟုတ်ဘူး"

ယုံစရာပဲ။ လှိုက်က မဲ့ရွဲ့ပြီး မေးလေးပင့်သည်။

"ပိုက်ဆံကိုင်ထားနိုင်ပြီဆိုပြီး ရှင်က စိတ်ချလိုက်တာလား အခုလှိုက်ရဲ့ စည်းစိမ်ဥစ္စာတွေကို သားခဲ့ပြီး ထွက်ခဲ့တော့ ဘယ်လိုလုပ်မလဲ ဂျာကင်ထဲမှာ ရတနာထုပ်နဲ့ ပိုက်ဆံတွေ ကိုယ်နဲ့မကွာရှိနေတာတောင် လူဆိုးလက်ထဲ ပါသွားတာကိုတော့ ဘဲ ရှင်ဘယ်လိုပြောမလဲ"

လှိုက် အရစ်ရှည်နေတာကို နိုဒါန်းက စိတ်မရှည်သလို ကျော်ခိုင်းလိုက်၏။

"ငါပြောတာ မင်းပြောသလောက် မများသေးဘူး အခုလောလောဆယ်လေးပဲ မင်းရဲ့ ဘဝခရီးကြီးဆုံးအောင် ငါက ဘာကိစ္စပူရမှာလဲ"

"ရှင့်ကိုလည်း မပူခိုင်းဘူး"

"ဘဝင်လှိုက်"

နိုဒါန်း ဖျတ်ခနဲ ပြန်လှည့်၏။

"မင်း တကယ်ပါပဲနော် ဒီအခြေအနေမျိုးမို့လို့ပဲ မဟုတ်ရင် ဘယ်လောက်များ စွာလိုက်မလဲ မသိဘူး"

"စွာတာမဟုတ်ဘူးလေ ရှင်လည်း စကားပြောဆင်ခြင်ပေါ့ နှစ်





ယောက်တည်း ရှိတာကို ညှိညှိနှိုင်းနှိုင်း မဟုတ်ဘူး"

"ဘာမှ ညှိနှိုင်းဖို့မလိုဘူး ဒီခရီးစကတည်းက မင်း ငါပြောသလိုလုပ်ရမယ်လို့ ပြောခဲ့ပြီးသား ခေါင်းဆောင်နိုင်ရင် ရှေ့ကသွား မသွားနိုင်ရင် နောက်ကလိုက် ဒါပဲ မင်းအတွက် မလိုအပ်ဘူးဆိုရင် အချိန်မဆွဲးပြော"

"လိုအပ်တယ် လိုအပ်တယ်သိလား ရှင်ကြီးကို ဟွန်း အဲဒါမှတ်ထားနော် ဒီက မလိုအပ်ဘူးလို့ မပြောမချင်း ရှင်ကြီးထွက်သွားကြည့်"

ဒေါသဖြစ်ဖြစ်နှင့် လှိုက် ပြောချင်ရာ ပြောပစ်လိုက်သည်။ နိုဒါန်းကလည်း မကျေမနပ်နဲ့ပဲ ငြိမ်နေလိုက်တာဖြစ်သည်။ ဘယ်လိုဟာလေးနဲ့သိ။

ဒီလောက်တောင် ကြက်ခေါင်းဆိတ်မခံချင်တာ သွားတော့ဆိုပြီး ထားခဲ့လိုက်ရင် ကြည့်ကောင်းဦးမည်။ နောက်ထပ် စေတနာစော်ကားတာတွေ ထပ်ပြောလိုကတော့ နားရင်း နာနာအုပ်ပစ်ဖို့ ဆုံးဖြတ်လိုက်သည်။ တကယ်ဟုတ်လို့လား....

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

တစ်ဖက်မှာ တောင်ပတ်လမ်းနှင့် မြင့်မားသည့် တောင်ကြီး
မြင်ရ၏။ ခြေဖဝါးအောက်မှာ သွားသာရုံ လမ်းနီကလေးနှင့် ပတ်
ကျင်ဘယ်ညာသည် သစ်ပင်တောတန်းများသာ…။

ခုချိန်ထိ လူရိပ်လူယောင်လည်း မတွေ့သေးဘဲ သွားနေလိုက်
လမ်းကဘယ်မှာဆုံးမယ်မှန်းမသိ။

"နီဒါန်း ရှင် ဘယ်ကဘယ်လို သွားနေတာလဲ"

"မင်း သွားမယ့်နေရာပဲ"

"ဘာ ဒီကသွားရင်လည်း ရောက်တယ် ဟုတ်လား"

"ဟုတ်တယ် မင်းကားတန်းထပ်စောင့်လည်း ဒီလောက်ပဲကြ
မှာ ပြီးတော့ ကားတန်းနဲ့လိုက်ရင် အေးချမ်းချင်မှ အေးချမ်းမှာ ဒီမှာ
ဘာမှမရှိဘူး"

"ဟင် ဒါ..ဒါဆို ဒီလိုကြီးအတိုင်း နှစ်ရက်တောင် သွားရမှာ
ဟုတ်လား"

"ဟုတ်တယ်"





"ဟင်"

နောက်က လိုက်၏ ထိတ်လန့်သံလေးကြောင့် နီဒါန်းက ပြုံးလိုက်
၏။ ထင်သည့်အတိုင်း လိုက်က တစ်ခုခုသိချင်ပြီဆို အေးဆေးနောက်
က မလိုက်တော့ဘဲ ဆွဲမတတ် လွဲမတတ် ပြေးတက်လိုက်ကပ်ပြီး
မေးတော့သည်။

"ရှင် မဟုတ်တာတွေ ပြောမနေနဲ့နော် ဒီတိုင်းကြီး နှစ်ရက်
တောင် သွားနေတော့ ဘယ်မှာ အိပ်ရမှာလဲ ဘာတွေ သွားစားမလဲ
လိုက်ကြားဖူးတာက ဒီနေရာတွေမှာ လုံခြုံမှုမရှိဘူးဆို ကားတန်းနဲ့
သွားနိုင်မှ စိတ်ချရတယ်ဆို ရှင့်ကျမှ တောကြိုအုံကြားက ဆင်းသွား
တာကို အေးချမ်းတယ် ဖြစ်ရောလား"

"အခု မင်း ဘာဖြစ်နေလို့လဲ"

လိုက်က နီဒါန်း ပခုံးဘေးကပါလာပြီး မျက်နှာကို မော့ကြည့်
တာ…

"ညောင်းနေပြီလေ နားချင်လှပြီ ရှင့်ခရီး ဘယ်မှာဆုံးမလဲလို့
စောင့်နေတာ အခု နှစ်ရက်တောင် ဆက်သွားရဦးမယ်ဆိုတော့
စဉ်းစားကြည့်ဦး"

လိုက်က ခလုတ်တိုက် ပြေးလိုက်ရင်း ပါးစပ်ကတော့ ခလုတ်
တိုက်ပါ။

"ခေါင်းဆောင်နေရတာဆိုပြီး ရှင် လုပ်ချင်ရာလုပ်မနေနဲ့ ဒါ လိုက်
ရဲ့ကိစ္စဆိုတာ မှန်တယ် ဒါပေမဲ့ ရှင့်ကို ယုံကြည်ခဲ့တာ အစစအရာရာ
ဦးဆောင်နိုင်မှာပဲလို့ ထင်ခဲ့တာလည်းပါတယ် ဦးဆောင်တဲ့ အရည်
အချင်းထဲမှာ သမာသမတ်ဖြစ်ဖို့လည်း လိုပါတယ် ရှင်လုပ်ပုံက"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက်ချည်းပဲ လိုက် ငါ့အတွက် ငါ့အကျိုး ဘာမှမပါဘူး မြို့ကြီးပြကြီးက အုပ်ချုပ်မှုအောက်မှာတောင် စည်းစိမ်ဥစ္စာကြောင့် လူတွေ ဘယ်လိုကြံစည်ပြီး ဘယ်လိုသတ်ဖြတ်နေကြသလဲ ဥပဒေဆိုတာက ရှိနေတာမှန်ပေမယ့် ကျူးလွန်ပြီးမှ ဆုံးဖြတ်ပေးနိုင်တာ ကျူးလွန် ရဲတဲ့သူက ကျူးလွန်မှာပဲ ခံရတော့ ဘယ်သူလဲ ကိုယ့်မှာသေကြေပျက်စီးပြီးမှ သူ့အပြစ်သူခံရတာကို မင်းဝမ်းသာအားရဖြစ်နိုင်ဦးမလား"

လိုက် ဘာပြန်ပြောရမှန်းမသိ။ အရိပ်ကောင်းသည့် သစ်ပင်အုပ်တို့အောက်မှာ နီဒါန်းက ဝင်ရပ်လိုက်ပြီး...

"ဒီလိုနေရာတွေမှာဆိုရင် မလုပ်ဝံ့တဲ့သူ လုပ်ဝံ့လာတယ် ကြောက်တတ်တဲ့သူရဲတယ်"

နီဒါန်းကပြောနေရင်း လိုက်တစ်ကိုယ်လုံးကို တမင်တကာ သိသာအောင် စူးစိုက်ကြည့်၏။

"မင်းကိုယ်မှာ မက်စရာတွေချည်းပဲ"

"အို...ရှင်"

"အားလုံးကိုပြောတာ"

နီဒါန်း မနေတတ်သည့် ပုံစံနှင့် မျက်နှာပြန်လွှဲပစ်ကာ...

"ပြီးတော့ မင်းချမ်းသာတဲ့အတိုင်းအတာကို ကျယ်ကျယ်ပြန့်ပြန့် သိကုန်ကြပြီ အဲဒါကအဓိက"

"ရှင်ပဲပြောတော့ လူကြားထဲမှာ သွားလာတာက အန္တရာယ်ကင်းတယ်ဆို ကိုယ်ကအလင်းရောင်ထဲကဆို"

"မင်းဟာ ပြောနေရင်းနဲ့ နားဝေးတယ် ဒီလိုနေရာမျိုးမှာ ပေါ်သီတစ်တောလုံးက လူတစ်ယောက်ထက် အန္တရာယ်ကင်းတယ်"





လိုက်က သူပြောတာကို နားလည်ပေမယ့် လွယ်လွယ်ကူကူတော့ ခံချင်တာ မဟုတ်။

"လိုက်ကို ချမ်းသာမှန်းမသိပေမယ့် သူခိုးဓားပြတွေတော့ ရှိနိုင်တာပဲ"

နီဒါန်းက ဆတ်ခနဲခေါင်းညိတ်လိုက်ကာ...

"ဟုတ်တယ် ရှိတယ် မတော်တဆ ပက်ပင်းတိုးရင် မင်းကိုထည့်ဆားလိုက်မှာ"

အရွဲ့တိုက်ပြော၏။

"အဲဒီလို ခေါင်းဆောင်ကောင်းပီသတဲ့အတွက် ဂုဏ်ယူပါတယ်"

လိုက်က အလေးပြုပြီး ထပ်ရွဲ့သည်။ နီဒါန်းက လိုက်မျက်နှာဆီကို စိုက်ကြည့်ပြီးသည်။ လိုက် မျက်တောင်းထိုး၏။ မုန်းစရာကြီး...

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ရေသောက်ချင်တယ်"

လှိုက်ပြောလိုက်တော့ နီဒါန်းက ကျောပိုးအိတ်ထဲက ရေဘူးထုတ်ယူပေးလိုက်၏။ နေက ပူနေပြီ သစ်ပင်တွေဘက်က သွားရပေမယ့် ကျိုးတို့ကျဲတဲနေပူကလည်း ပူတာပဲဖြစ်၏။

သူတို့နှင့် တော်တော်လှမ်းသော နေရာမှာတော့ ကရင်အဘိုးကြီးတစ်ယောက် သစ်လုံးတွေ ဆွဲယူစုဆောင်းလျက် ခုတ်တန်တာခုတ် ချိုးတန်တာချိုးနှင့် သူတို့ကို တစ်ချက်ပဲ လှမ်းကြည့်၏။

နေပူကျဲကျဲမှာ အဘိုးအိုလုပ်နေတာဖြစ်ကာ သူ့အထက်မှာ အရိပ် မရှိပေ။ မပင်ပန်းသလိုပါပဲ။ လှိုက်ကတော့ အရိပ်ထဲမှာနေပြီး ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေ၏။

"ဒီရေ အကုန်သောက်ရမှာလား အရမ်းဆာနေတာ"

ရေသန့်ဘူးထဲမှာ တစ်ဝက်နီးပါးရှိသည့်ရေကို နီဒါန်းကလှမ်းကြည့်၏။

"ကုန်ရင်သောက်လိုက်"

"ကုန်တယ် ဆာနေပါတယ်ဆိုမှ ရှင်သောက်ချင်ရင် ဘယ်လိုလုပ်





လဲ"

"သောက်လိုက်ဆိုမှကွာ"

မွန်းတည့်နေရောင်အောက်မှာ နီဒါန်းမျက်နှာမှာလည်း ချွေးတွေ နဲ့ဖြစ်၏။ ပြီးတော့ မျက်လုံးတွေမှိတ်ချလိုက်ပြီး သစ်ပင်ပင်စည်မှာ မှီလိုက်မှ သတိရ၏။ သူ့ခေါင်းမှာ ဒဏ်ရာကြီးနဲ့...

"နီဒါန်း..နီဒါန်း"

လှိုက် နှုံးရိမ်စိတ်တွေဖြစ်ကာ ရေတောင်ကုန်အောင်မသောက်တော့ပေ။ နီဒါန်းက စိတ်ဓာတ်မာကျောတဲ့သူ၊ ဒဏ်ရာကိုမေ့သွားတဲ့ အဖြစ် ထိ သူကဟန်ဆောင်ထားခဲ့၏။ အခု ဟန်မဆောင်နိုင်အောင် ဖြစ်လာ လို့သာ မျက်လုံးတွေ မှိတ်ကျသွားတာဖြစ်သည်။

"နီဒါန်း ရှင့်ဒဏ်ရာသက်သာပြီလားဟင် လှိုက်ကြည့်ပေးမယ်"

"နေပစေ မင်းဘာလုပ်နိုင်မှာမို့လို့လဲ"

"အို ရှင်ကလည်း တစ်ခုခုတော့ လုပ်ပေးနိုင်မှာပေါ့ ရှင့်ကိုယ်ရှင် ပြန်မလုပ်နိုင်တာနဲ့စာရင် လှိုက်ကမြင်ရတော့ ကြံရတာပေါ့"

လှိုက်က ရေဘူးကို ကပျာကယာ ပြန်ပိတ်ပြီး နီဒါန်းဘေးမှာ ထိုင်၏။

"ဟင် သွေးတွေ"

နေပူလို့လား ဒါမှမဟုတ် ဒဏ်ရာလတ်လတ်ဆတ်ဆတ်ကြီးနဲ့ တွေလှုပ်ရှားနေလို့လား ဝှမ်းစဖြူဖြူအုပ်ထားသည့်ပေါ်မှာ သွေး စိမ့်နေ၏။ တိုကြည့်လိုက်တော့ လက်မှာစိုရဲပါလာ၏။

ဆံပင်ဘုတ်သိုက်က ပခုံးပေါ်ထိ အုပ်ကျနေသဖြင့် မမြင်ရပေ သွေးတွေဆံပင်ထဲမှာတော့ စီးကြောင်းဖြစ်နေလောက်ပါပြီ။ မြင်



www.burmeseclassic.com

www.burmeseclassic.com



ရတော့လည်း လှိုက် တကယ့်ကို ဘာလုပ်ရမှန်းမသိ။

မျက်လုံးက ဟိုဒီလိုက်ကြည့်မိကာ ထင်းခြောက်တွေ စုဆောင်းနေသည့် အဘိုးအိုကို မြင်လိုက်မှ သတိရသွား၏။ လှိုက် ဖျတ်ခနဲ ထရပ်လိုက်သည်နှင့် နီဒါန်းက လှိုက်လက်ကောက်ဝတ်လေးကို နောက်ပြန်ဖမ်းကိုင်ကာ...

"ဘာလုပ်မလို့လဲ"

"ဟိုမှာ ဓားသွားတွားမလို့ ရှင်ဖယ်စမ်းပါ အခုရှင်ရှေ့ကမသွားနိုင်တော့ဘူးမို့လား နောက်ကအေးဆေးလိုက်"

လက်ကိုရုန်းဖယ်လိုက်ပြီး လှိုက်က အဘိုးအိုဆီပြေးသွား၏။

"ဘဘ"

"ဝေး"

အဘိုးအိုက ကုန်းကုန်းကွကွနေရာမှမော့ကြည့်ပြီး ခါးဆန့်လိုက်၏။

"ဘဘ သမီးကို ဓားလေးခဏငှားပါလားဟင်"

"ဝေ ဓားဘာလုပ်မှာတုံး"

စကားသံဝဲဝဲနှင့် နီဒါန်းကိုလည်း လှမ်းကြည့်၏။

"ဟို..ဟိုလေ ခေါင်းမှာ သစ်ကိုင်းနဲ့ရိုက်မိထားလို့ အဲဒါ ဒဏ်ရာသွေးနည်းနည်းထွက်တော့ အဝတ်စည်းရမယ်ဘဘ ခရီးသွားဆိုတော့ ဘာမှပါမလာဘူးလေ အဲ..အဲဒါ အင်္ကျီလက်ကို ဖြတ်ပစ်ချင်လို့"

လှိုက် လက်မောင်းလေးဆန့်ပြပြီး မပြောမဖြစ်တာကိုသာ ပြောပြရသည်။ အဘိုးအိုက နားလည်သွား၏။ လှိုက်တို့အဖြစ်ကို ထောက်သက်သွားသလိုကြည့်၍ သူ့ခေါင်းပေါင်းကို ဖြည်လိုက်သည်။





"ဒုက္ခဖြစ်နေရင်လည်း လက်ကအင်္ကျီကိုဖြတ်ဖို့မလိုပါဘူးကွယ် ရော့ ငါ့ခေါင်းပေါင်းကို လှီးယူလိုက် သန့်ပါတယ်"

လှိုက်က လက်တွန့်နေတော့ လက်ထဲအတင်းထည့်ပေး၏။

"ခေါင်းပေါင်းမို့ ဖြူဖြူစင်စင် တမင်ထားတာပါ အကောင်းမဟုတ်ပေ အစုတ်ပါ အားမနာနဲ့ဝေ ယူ..ယူလိုက်"

ယူလိုက်လို့ပြောပြီး သူကိုယ်တိုင်ပဲ ဆုတ်ချပစ်လိုက်၏။ ဓားတောင်မလိုပေ။ ခေါင်းပေါင်းစက အလျားလိုက်အတိုင်း လက်တစ်ဝါးခန့် ပါလာတာမို့ စည်းနှောင်ဖို့အတော်ပဲဖြစ်သည်။

"ကလေးမ မလုပ်တတ် မကိုင်တတ်နဲ့ လာ..လာ ငါကြည့်ပေးမယ်"

ကရင်ကြီးက ကိုယ်တိုင်လိုက်လာ၏။ သစ်ပင်အောက်မှာ နီဒါန်းက မျက်လုံးတွေ မှိတ်ထားရာကနေ သူတို့အနားရောက် မျက်နှာတစ်ချက်မဲ့သွားပြီး မတ်မတ်ပြင်ထိုင်သည်။ အားလုံးကို သိနေသည့်ပုံစံမျိုး ဖြစ်နေသည်။

"ဟင် ဒဏ်ရာက ဆေးကုထားတာပါလား ခုမှ ဖြစ်တာမဟုတ်ဘူးလား"

"ဩော် ဟိုလေ ဘဘ ဟုတ်ပါတယ် ခုနက ဘဘဆီက ဓားခဏငှားမဲ့ပဲဆိုပြီး ပြီးစလွယ်ပြောလိုက်တာပါ မြို့ပေါ်မှာ လူမှားရိုက်ခံရတဲ့ ဒဏ်ရာပါရှင် ခရီးထွက်လာရတာက မဖြစ်မနေ အရေးတကြီးကိစ္စရှိလို့ပါ"

"ဩော်"

လှိုက်က ပါးစပ်ထဲတွေ့သည့်အတိုင်း အဆင်ပြေအောင် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကရင်ကြီးကလည်း လက်ခံပါ၏။

"ဒဏ်ရာက အစိမ်းကြီးရှိသေးတာကိုး အဲဒါကြောင့် သွေးတွေ ထွက်နေတာ လာစမ်း လာစမ်း အဲဒါ ငါလုပ်ပေးမယ်"

ကရင်ကြီးက ဒဏ်ရာကို ရဲရဲတင်းတင်း ဖြည်ပစ်လိုက်ပြီး ဖျက်ခနဲ ထသွား၏။ ပြန်လာတော့ လက်ထဲမှာ သစ်ရွက်စိမ်းတွေပါလာသည်။

ဘာလုပ်တော့မယ်ဆိုတာကို သိလိုက်သဖြင့် လှိုက် ထိတ်ခနဲ ဖြစ်သွားမိသည်။ မတော်တဆ ကြေးညှော်တွေဝင်ပြီး မေးခိုင်ပိုးဖြစ် ရင် ဒုက္ခ။

"မစိုးရိမ်နဲ့မိန်းကလေး သစ်ပင်သစ်ရွက် ဆေးစွမ်းထက်တဲ့ မြို့ မှာကျတော့ ဆေးအိတ်ထဲကို သားသားနားနားရောက်ရတာပေါ့ တော ထဲမှာတော့ လက်နဲ့ချေ ပါးစပ်နဲ့ဝါး ဒီနည်းပဲရှိတာကိုး ဆေးကတော့ ဒီဆေးပါပဲ ဆေးဆိုတာ သစ်ပင်သစ်ရွက်တွေ အသီးအပွင့်တွေက ရတာပဲ မဟုတ်ဘူးလား"

ကရင်ကြီးက လှိုက်မျက်နှာ ဟန်မဆောင်နိုင်ဖြစ်သွားတာကို သတိထားမိသွားပြီး ပြုံးရယ်လျက် ရှင်းပြနေသေးသည်။ လှိုက်အား နာသွားမိကာ...

"မ...မဟုတ်ပါဘူး ဘဘရဲ့ လှိုက် အဲ သမီးက ဟိုလေ"

လှိုက်စကားမဆုံးခင် ကရင်ကြီးက ပါးစပ်ထဲထည့်ဝါးနေရာ ဖိကိုင်ထားသည့် ဒဏ်ရာပေါ်ကို သစ်ရွက်စိမ်းရည်ပျစ်ပျစ်တွေ ဖျစ်ခနဲ ထွေးချလိုက်၏။

"အယ်"

လှိုက် မျက်နှာလေး ရှုံ့မဲ့သွားပြန်သည်။





"အဟွန်း"

ကရင်ကြီး မျက်နှာမော့လာသဖြင့် မချိသွားဖြဲရယ်လိုက်ရသော် လည်း လှိုက်နှလုံးနာနေပြီဖြစ်၏။ ထွက်ကျသွားသည့် သစ်ရွက်စိမ်းရည် တွေက ပျစ်ချွဲချွဲအမျှင်တန်းနေသဖြင့်....

"လက်ကကြိတ်နေတော့ အရည်ချက်ချင်းမစိုဘူး ဝါးလိုက်တော့ ကဒီဓာတ်နဲ့ဆိုတော့ ဆေးပိုစွမ်းတယ် လိုသလိုရတယ်"

ဖြစ်ရလေ နီဒါန်းရယ် ရှင့်ခေါင်းမှာလေ...

"ဟုတ်ကဲ့...ဟုတ်ကဲ့ပါ"

လှိုက် ခေါင်းညိတ်၍ မျက်ဝန်းတွေကို ဒဏ်ရာပေါ်ကရွှေ့ပစ် လိုက်ရသည်။ ဒီခေါင်းကြီးတော့ ဆံပင်တွေကထူထူ သွေးတွေနဲ့ ခဲတွေးတွေခဲ့သွားပြီ။ ဇောင်စနဲ့ စည်းနှောင်ပြီးပြီဆိုမှ ပြန်လှည့်ကြည့် မိ၏။ နီဒါန်းကတော့ သတိမလစ်အောင် ထိန်းနေသည်လား သူ့ခေါင်း ကို ဘယ်လိုလုပ်လိုက်မှန်းသိ၍ မသတီတာကို မျိုသိပ်နေတာလား မသိ။ ဟိုဘက်လှည့်ပါ နည်းနည်းငုံ့ပါ ဘာမှပြောဖို့မလိုပဲ အလိုက်သင့် လှုပ်ရှားပေးနေပြီး မျက်လုံးတော့ မဖွင့်ပါ။

"နင်တို့က လင်မယားလား"

"မဟုတ်ပါဘူး"

"ဘာလဲ"

လှိုက် နီဒါန်းကိုကြည့်သည်။ သူတုတ်တုတ်မှ မလှုပ်တော့ပါ။ ထဲရှိတာပဲ ထွက်ပြန်သည်။

"ရန်ကုန်က ထွက်လာကတည်းက ကားအတူစီးကြရင်း ခင်လာ ကြတာပါ လမ်းမှာလှိုက်ကိုလည်း သူကူညီတယ်လေ သူ့ကိုလည်း ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့မို့လို့”

“ဝေ ဒီတောထဲထိ လိုက်ကူညီတယ်နော် ရှားမှရှားပဲဝေ့”

“ဟိုလေ”

“သွားမယ့်ခရီးက တူနေလို့လား ဘယ်ကိုသွားမှာလဲ တောင်ခေ ကားတန်းမစီးဘဲ တောလမ်းကနေ ဒဏ်ရာကြီးနဲ့ ဘာလို့လာရတာလဲ”

“ကျွန်တော်က မရော့ကန်ကို သွားမှာပါ”

နီဒါန်းမျက်လုံးတွေဖွင့်လာပြီး ဝင်ဖြေသည်။

“ဝေ သူကစကော”

“အတူတူပါပဲ သူသွားမယ့်ခရီးက သိပ်အရေးမကြီးလို့ ကျွန်တော် ကို လိုက်ပို့တာပါ ရွာမှာခဏနားပြီးမှပဲ ကျွန်တော်ကပြန်လိုက်ပို့မှာ”

ကရင်ကြီးနားရှုပ်သွားပုံရပေမယ့် ဘာမှလည်းမမေးတတ်တော့ ဘဲ ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းမပျိုလေးတစ်ယောက် တောထဲ ကို အတူဝင်လာရဲသည့် အဖြစ်အတွက် ထူးဆန်းလှသည်ဟု တွေးရင်း ခေါင်းညိတ်လေသည်။

“မရော့ကန်က တကယ်ဆို မိုးလင်းတာနဲ့ ဝင်လိုက်ရင် ကိုးနာ ရီ ဆယ်နာရီလောက်ဆိုရောက်ပြီနော် ကျွန်တော်မျက်စိလည်နေတာ ထင်တယ်အဘ ဟုတ်လား”

“အား ဟုတ်ပြီလား ကောင်လေးရ နင်က ပိတောက်တောဘက် က မဝင်ဘဲ တောစပ်ကဝင်တာကိုး မျက်စိလည်တာတော့မဟုတ်ဘူး ဒါပေမဲ့ ဒီကဝင်ရင် နင်မရော့ကန်ကိုနေ့ခင်းကြောင်တောင်မှရောက် မှာ ဖြတ်လမ်းကနေ ဝါးနဲ့လိုက်ခဲ့ကြ ဒီထက်စာရင် မြန်မယ် လမ်းမဟုတ် တော့ နည်းနည်းတော့ ပင်ပန်းမယ်”





“နီဒါန်းရှင်ရပ့ါမလား”

“ရတယ် မင်းကော”

“ရပါတယ် လှိုက်က လူမမာမှမဟုတ်တာ”

နီဒါန်းထရပ်ဖို့ကို လှိုက်ကတွဲပေးဖို့ အနားကပ်သည်။

“ဖယ်..ဖယ်..ရပြီ”

နီဒါန်းက သစ်ပင်ကို လက်ပြန်ထောက်ပြီး ထရပ်လိုက်၏။ လှိုက် ကို အတွဲမခံပေ။

“ကျောပိုးအိတ်ထဲမှာ ရေဘူးတွေမို့လား လှိုက်ကိုပေး”

“နေပစေ သိပ်မလေးဘူး”

ဘာပဲလက်ကမ်းကမ်း ပုတ်ချနေသဖြင့် လှိုက်စိတ်တိုသွား၏။

“ရှင်ကလည်း ဘယ်လိုဖြစ်နေတာလဲ အလကားနေရင်း မျက်နှာ ကို မျက်နှာရဖူးနေတယ်များ ထင်လို့လား ခေါင်းမှာဒဏ်ရာနဲ့မို့လို့ ကူညီနေတာသိလား”

ကရင်ကြီးက သွားနှင့်နေတာ တောထဲမှာ ပျောက်ကွယ်လုလု ဖြစ်နေပြီ။ နီဒါန်းက လှမ်းကြည့်လိုက်ပြီး လှိုက်ကို စူးစူးရဲရဲ ကြည့်၏။

“မင်းနဲ့ငါ ရန်ဖြစ်မနေနိုင်ဘူး မကျေနပ်ရင်လည်း အဲဒီမှာလဲသေ လိုက်တော့”

နီဒါန်းက ကိုယ့်ဝေဒနာကိုမေ့အောင် ဒေါသကြီးလျက် ရှေ့ကနေ ထွက်သွား၏။ လှိုက် ဘယ်လိုလုပ် စိတ်ကောက်နေရဲတော့မှာလဲ တနာမှာအစော်ကားခံလိုက်ရသဖြင့် ရင်ထဲမှာတော့ တနုံ့နုံ့ပါ။

သို့သော် နှစ်ယောက်နီးသွားကာမှ နီဒါန်းကိုယ်ကြီး ယိုင်ခနဲ လန် သွားသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သေလိုက်ပါလား ရှင်ကဒဏ်ရာနဲ့လူ ရှင်ပဲသေမှာ"

စသဖြင့် ပွစိပွစိပြော၍ ပါလာခဲ့သော လှိုက်မှာ လန့်ဖျပ်ပြေးတဲ့ မိလေသည်။

"အား"

သူ့ကိုယ်သူလည်း ထိန်းနေပါသည်။ ထိန်းနေရင်းနဲ့ မဟန်နိုင်သော လှိုက်ကို ဆွဲဖက်ထားလိုက်ရ၏။

"ဆောရီးကွာ ဆောရီး..အင်း"

မျက်လုံးတွေ မှိတ်ထားရင်း ရှုံ့မဲ့ညည်း၏။ ထိုအချိန်မှာ ကရင်ကြီးနောက်ကို ပြန်လှည့်လာကာ စိုးရိမ်သည့် မျက်လုံးကြီးတွေ ပြူးကျယ်လျက်...

"ကောင်လေးမရတော့ဘူးလား ဒါဆိုနေခဲ့..နေခဲ့ ငါလူတွေလွှတ် လိုက်မယ် သူတို့လာထမ်းလိမ့်မယ်ဝေ မကြာဘူး"

ကရင်ကြီးက နီဒါန်းကိုတွဲကာ နေထိုင်မကောင်းသည့် မြေပြင်ညီမှာ သေချာထိုင်စေပြီးမှ ပြေးထွက်သွား၏။ ထင်းစည်းချထားခဲ့သည့် နေရာရောက်တော့ ဓွေ့ခနဲကောက်ထမ်း၏။ ဆက်ပြေးသွားပုံကလည်း ပေါ့ပေါ့ပါးပါးပဲဖြစ်သည်။

လှိုက်ကတော့ မသက်မသာနှင့် ငေးကြည့်နေမိတာပါ။ ကရင်ကြီး လေးလံနေမှာပဲလို့ စာနာနေတာတော့ မဟုတ်ပေ။ ဒီနေ့ဒီ ဘယ်လောက် တောင် ကြာဦးမှာလဲဟု တွေးပူမိတာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် လှိုက် တစ်ကိုယ်ကောင်းဆန်မှုဖြစ်မည်။ သူမအတွက် နီဒါန်းမှလွဲ၍ ဘာမှ အရေးမကြီးနိုင်။

"လှိုက်"





"ဟင်"

နီဒါန်းက ကိုယ်ကိုမတ်မတ်ပြင်ထိုင်ရင်း ဟန်နိုင်အောင် ကြိုးစား နေလျက်....

"ဟို ဘကြီးသွားပြီမို့လား"

"အင်း သွားပြီ"

"အားနာပါတယ်ကွာ အသက်လည်းကြီးနေပြီ သွားလာနေကျမို့ နဲ့ ဘယ်ပြောသွားတာ တကယ်က..."

"ဪ ရှင်ကလည်း နီးနီးမနီးနီး သူလည်းကူညီချင်စိတ်ရှိလို့ပေါ့ ရှင့်ကိုယ်ရှင်သာ သက်သက်သာသာနေစမ်းပါ"

ပြောနေရင်း လှိုက်က သူ့ကျောပေါ်က ကျောပိုးအိတ်ကို ဖြုတ် ယူလိုက်၏။

"နေပစေဆို အဲဒါကိုပဲ မင်းဘာဖြစ်လို့ လိုချင်နေတာလဲ ရေဘူး နဲ့ဘူးက အခွံတွေပဲရှိတော့တာ ကွတ်ကီးမုန့်နှစ်ထုပ်နဲ့ အသားညှပ် မုန့်တစ်ခုဒါပဲ ဘာမှလည်း အဖိုးတန်မပါဘူး"

"အဖိုးတန်ပါရင် လွှင့်တောင်ပစ်လိုက်ဦးမယ်သိလား စားစရာ တွေမို့လို့ ဒီကကျောပေါ်တင်ရဦးမှာ ရှင်ဟာလေ သူများကိုပဲ အမြဲ အနိုင်စီးချင်နေတဲ့လူ"

ချေးပြန်၍ နီမြန်းမြန်းလေးဖြစ်နေသည့်လှိုက် ပါးပြင်လေးတွေကို ကြည့်၍ နီဒါန်းက တဖြည်းဖြည်း ပြုံးယောင်သွားသော နှုတ်ခမ်းတို့ကို ဖိပိတ်ပစ်၏။

"မင်းလည်း ငါ့ကိုမကျေနပ်ဘူးမို့လား အဲဒီတင်စီးနေတာပဲဆိုတဲ့ စကားချက်တွေနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



လှိုက်က မျက်လုံးလေးဝင်းကြည့်ပြီး မျက်လွှာပြန်ချသည်။ ပြီးမှ ဆတ်ခနဲ ခေါင်းညိတ်၍...

"ဟုတ်တယ် သိရင်ပြီးတာပဲ"

"စူပွပွ အံတကြိတ်ကြိတ်နဲ့တော့ မလုပ်ပါနဲ့ကွာ အသက်နဲ့အဖေး ကြီးပဲ"

"စိုးရိမ်ရွံ့နန်းလို့မဟုတ်ဘူး ကျေးဇူးရှင် ဒီအချိန်မှ လှိုက်အတွက် ရှင်မှတစ်ပါး အခြားမရှိဖြစ်နေသေးလို့"

"သိတယ်"

"သိရင်မပြောနဲ့ပေါ့ ဒီမှာ ရှင်ကတော့ ဘာများကောင်းခဲ့တာရှိ လို့လဲ ပြော"

နိဒါန်းက ပြုံးတာရယ်တာမဟုတ်ဘဲ ပင်စည်မှာ ခပ်လျော့လျော့ မှီလျက် လှိုက်ကိုစိုက်ကြည့်၏။

"ကောင်းတယ်ဆိုတာက ဘာလဲ"

လှိုက်ပြန်ငေးကြည့်ပြီး မဖြေနိုင်။ ဘယ်သူတမှ မျက်ဝန်းတွေ မလွှဲကြဘဲ တွဲဆိုင်းညို့ငင်နေခဲ့ကြရင်းဖြင့်....

"ပြောပါဦး မင်းအတွက်ခေါင်းထိုးခံပြီး ခရီးဆုံးအောင်ပို့ပေးဖို့ လိုက်လာတဲ့လူကို စေတနာမပါဘူးလို့ ပြောတာလား"

လှိုက် မျက်နှာတော့ ပူသွား၏။ နိဒါန်းဟာ ဖြူစင်သော ကိုယ် ကျင့်သိက္ခာဖြင့် ဘာအကျိုးအမြတ်ကိုမှ မျှော်လင့်ခဲ့တာလည်း မရှိဘဲ ခုချိန်ထိ ကူညီနေခဲ့ခြင်းမှာ ပြောတာဆိုတာလေးတစ်ခုသာ....

"မင်းကို ချိုချိုသာသာ ဖေးဖေးမမတွေ ငါမလုပ်နိုင်ဘူးလှိုက်"

နိဒါန်းက စိုက်ကြည့်နေရင်းပြော၏။ ပြီးတော့ မျက်ဝန်းတို့ကို





ဖြည်းလေးစွာ ပိတ်ချလိုက်ကာ...

"မင်း မကျေနပ်နေတာပဲ ကောင်းပါတယ်"

တစ်ယောက်တည်း တီးတိုးပြောလိုက်ပြီး မျက်လုံးတွေဖျတ်ခနဲ ဖွင့်၏။ ထိုပြင် သူ့ဟာသူ လက်ထောက်ပြီး ထရပ်လိုက်သည်။

"ဒါက ဘာလုပ်ဦးမလို့လဲ"

"သွားမယ်လေ ဟိုအဘိုးကြီးထွက်သွားတဲ့ဘက်ကို လိုက်ရအောင် အသက်သာသွားပြီ"

"သက်သာပေမယ့် လမ်းလျှောက်လိုက်တာနဲ့ မူးမှာပဲ ရှင့်ကိုယ့် ကိုယ်ကိုလည်း ညာညာတာတာ မနေတတ်ပါလားနိဒါန်း ဟင် ဒီဆံပင် အုပ်အုပ်ကြီးထဲမှာ သွေးတွေဘယ်လောက်ကျပ်ခဲနေပြီလဲ မသိဘူး ဒီက လာခေါ်ပါမယ်ဆိုစောင့်နေလိုက်ရင် ပြီးတာပဲ"

"မစောင့်ချင်ဘူး သူများထမ်းပိုးခေါ်တာလည်း မလိုက်ချင်ပါဘူး သွားမယ်"

"နိဒါန်း...ရှင်"

လှိုက်က ပိုက်ထားသည့် ကျောပိုးအိတ်လေးကို ပြေးလွှားရင်း ပခုံးမှာ နှစ်ဖက်ချိတ်လွယ်လိုက်ပြီး...

"နိဒါန်း...ရှင် အဲဒီလိုဇွတ်မလုပ်ပါနဲ့"

လှိုက်က နိဒါန်းရှေ့က ပိတ်ရပ်ကာ ရင်ဘတ်ကိုလည်း တွန်းထား လိုက်၍...

"ရှင်က ကျွန်မတာပြောပြော ဂရုမစိုက်ဘူးလို့များ သဘောထား သလား ဒါမှမဟုတ် ဘယ်လိုလူကိုဖြစ်ဖြစ် ဘယ်အချိန်ဖြစ်ဖြစ် ဘယ် သောအခါမှ ဂရုမစိုက်တော့ဘူးလား ရှင့်ကို လှိုက်ဘယ်လောက်ပဲစိတ်ပူပူ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ ဂရုစိုက်ပေးစမ်းပါ”

သူ့အကျီရင်ဘတ်စကို စုလုံးဆွဲကိုင်ကာ မျက်နှာကိုမော့ကြည့်ရင်း လှိုက် မျက်ရည်ဝဲလေသည်။

“ရှင် တစ်ခုခုဖြစ်သွားရင် လှိုက်ဘယ်လိုလုပ်ရမလဲ ရှင်ပဲလှိုက် ကိုဘာမှမဖြစ်စေရဘူးဆို ရှင့်လှိုက်ဘေးကနေ ခွဲထွက်ကျန်ခဲ့ချင်လို့ တမင်တကာ ညဏ်များနေတာများလားဟင် ဒါဆိုရင်လည်း ခုပြော လိုက်ပါ ရှင်သေဖြစ်ဖို့မလိုပါဘူး”

ပြောနေရင်း ဆွဲလွဲဆောင့်ခါသလို ဖြစ်လျက် ဒဏ်ရာရှိထားသည့် နိဒါန်းကလည်း ပြုံလဲမသွားအောင် ထိန်းနေ၏။ လှိုက်ကလည်း ငိုရ လိုက်ကာ စိတ်ရှိလက်ရှိ တွန်းထိုးထုနှက်ပြီး သတိလစ်နေသူလို...

“ရှင် ရက်စက်တယ်သိလား ပြောလည်းပြောရက်တယ် လုပ် လည်းလုပ်ရက်တယ်”

“အဲဒါ မင်းနားမလည်တာ”

နိဒါန်းက လှိုက်လက်သီးဆုပ်လေးတွေကို အကျီမှာ ဆုပ်ကျစ် ထားရာကနေ ခွာယူလိုက်ပြီး ဖျစ်ညှစ်ကိုင်သည်။ လှိုက်က ရင်ဘတ် လေး တလှိုက်လှိုက်တုန်ခါနေအောင် ရှိုက်ငိုရင်း မော့ကြည့်၏။

“ငါ ရောဂါတွေနဲ့ ဖိပြားပြီး လူတွေလက်ထဲမှာ ခွေခေါက်နေရင် မင်းအပေါ်မှာ ဘယ်သူက ရိုးသားမှာလဲ ဒီလိုနေရာမျိုးမှာ ဘယ်သူက လူကောင်း ဘယ်သူကလူဆိုးဆိုတာ မင်းလည်းမသိဘူး ငါလည်း မသိဘူး ဒီကောင်ဘာမှမတတ်နိုင်တော့ပါဘူးဆိုပြီး စော်ကားလာကြ မှာတွေ မင်းမြင်ရဲ့လား အဲဒါတွေ မင်းတွေးမိလား လှိုက်”

လက်ဖဝါးတို့ကို ဆုပ်ကိုင်ထားသည့် နိဒါန်း၏လက်တို့က လှိုက်





၏ ပခုံးသားလေးတွေပေါ်သို့ တင်းကျပ်စွာ ဆုပ်ကိုင်လာ၏။

“နေရာတကာ ကလေးတွေးမတွေးနဲ့ မင်းပြောတာတွေကို ငါ နားလည်တယ် ငါ့စကားကိုမင်းနားလည်မှာမဟုတ်ဘူး ဒါပေမဲ့ စေတနာ ကို နားလည်ရင် ပြောသလိုလုပ်ပါ အမိန့်ပေးတယ်ထင်နေတာက နာခံချင်တာပဲ မင်းငါ့စကားကို မနာခံလို့ ရကိုမရဘူး ဘာဖြစ်လို့လဲဆို တော့ ပြောနေသမျှ အားလုံးမင်းအတွက် ငါတစ်ကိုယ်ကောင်းဆန်ဖို့ တစ်ခုမှ မပါဘူး”

လက်နှစ်ဖက်စလုံးကို ဆုပ်ကိုင်ထားရာကနေ ဖြေချလိုက်သည်။

“သွားမယ်”

နောက်ထပ် ခြေလှမ်းပြန်စ၏။ ဒါပေမဲ့ လှိုက် ခုနက တွန်းထိုး ထားသည့် အရှိန်နှင့် ခေါင်းတွေမူးနေသဖြင့် နိဒါန်းမျက်နှာက မှုန်မှိုင်း နေသည်။

“လှိုက်ကိုတွဲလေ”

လှိုက်က ပြောလို့လည်းရမှာမဟုတ်တော့တာကိုသိကာ နှုတ်ခမ်း သား ခပ်ဖိဖိကိုက်ထားရင်း နိဒါန်းဘေးက ရပ်သည်။ နိဒါန်းက ငုံ့ကြည့် ပြီး အတော်ကြီးကြာမှ ပခုံးလေးကို ဖွဖွလေးသိုင်းဖက်လိုက်၏။

“မျက်ရည်တွေ သုတ်ပစ်လိုက်စမ်းပါ”

လှိုက် ဖျတ်ခနဲ မော့ကြည့်၍...

“ဒါလည်း မဖြစ်မနေ နာခံရဖို့တစ်ခုပဲလား”

ဂျစ်ကန်ကန် မျက်နှာလေးကို စိုးမိုးကြည့်၍ သိမ့်ခနဲနွေးသွားသော ရင်ထဲမှာ ဘယ်လိုအင်အားဖြင့် နူးညံ့သွားလိုက်မှန်းမသိ နိဒါန်းက လှိုက် မေးဖျားလေးကို မော့ယူလိုက်ပြီး မျက်ရည်သုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထပ်မငိုနဲ့တော့ အဲဒါအမိန့်"

မော့ကြည့်နေသော မျက်ဝန်းရလေးကိုကြည့်၍ သူပြုံးပြသည်။ တကယ်ဆို ဝတ္ထုရားတစ်ခုထက် မပိုချင်ခဲ့သော ရင်ထဲမှာ....

✪ ✪ ✪





အခန်း (၁၂)

အနမ်း ဆိုတာက နာမည်လေးက ရင်ခုန်စရာနူးညံ့ပေမယ့် လူကတော့ အသက်ခုနစ်ဆယ်ပြည့်ခါနီး ကရင်အမျိုးသမီးကြီးပါ။ သူမကို အားလုံးကတော့ အနမ်းလို့ပဲ ခေါ်ကြသည်။ အသက်အရွယ်ကို တင်စားသော နမ်စားတစ်မျိုးမျိုးနှင့် မခေါ်ဘဲ အနမ်းလို့ပဲ ခေါ်ကြသလောက် အနမ်းက အသက်ရှိသလောက်နှင့် ဘာမှမဆိုင်။

ခပ်ဖိုင့်ဖိုင့်ဖွေးဖွေးပုပုနှင့် မိန်းမငယ်လေးတွေလိုပဲ ကျန်းမာသွက်သက်၏။ သဘောကောင်းသည်။ အနမ်းနဲ့ နီဒါန်းတို့ ဟိုတုန်းက ခင်ခဲ့ကြတာလည်း သိပ်တော့မဆန်းလှပါ။

တောထဲမှာ အနမ်းက ဖွတ်လိုက်နေသည်။ နီဒါန်းနဲ့ ကောင်းဆက်သာ ဦးရွှေချိန်အတွက် အလုပ်တစ်ခုကြောင့် လူတစ်ယောက်နှင့်တွေ့ဖို့ တောထဲက လာစောင့်နေခဲ့သည့်အချိန်....

ဟိုဘက်က လူတစ်ယောက်မဟုတ်ဘဲ လူတစ်စုရောက်လာကြပြီး ဦးရွှေချိန်ပါးလိုက်သော သတင်းစကားကို ဒီအတိုင်းပဲ မှန်မှန်ကန်ကန်ပြောပြလိုက်ပေမယ့် ထိုလူတွေက မယုံကြည်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မကျေနပ်သောစကားတွေပြော၍ ဟိုရမ်း ဒီရမ်း လုပ်လာသဖြင့် နှစ်ယောက်နဲ့တစ်ဖွဲ့ ရန်ဖြစ်ကြတော့သည်။ နီဒါန်းတို့ ရှုံးပါသည်။ ကောင်းဆက်က စကားမေးမရ။ အဲဒီတုန်းကလည်း အနမ်းကပဲ ကူညီခဲ့သည်။ အနမ်းနဲ့ လိုက်သွားဖြစ်ခဲ့ပြီး အဲဒီမှာ နှစ်ရက်နေဖြစ်ခဲ့၏။

အနမ်းက မြေးလေးတစ်ယောက်နဲ့နေသည်။ နီဒါန်းတို့ကိုလည်း ချစ်ပါ၏။ သူမက လူတကာလိုတောင်ယာမလုပ်ဘဲ နောက်ဖေးမှာ ပြောင်းတစ်ခင်းစိုက်ထားပြီး နေ့ဘက်မှာ အမဲလိုက်၍ ရတာနှင့် စားတဲ့သူ။

ထိုအခါ နီဒါန်းတို့ နောက်တစ်ခေါက်အလည်သွားဖြစ်ခဲ့ပြန်၏။ အနမ်းနဲ့အတူ အမဲလိုက်ကြ ဖွတ်ထောင်ကြနှင့် ရင်းနှီးမှုတွေ ပိုခဲ့ကြသည်။ ခုတစ်ခါ ရောက်သွားကြတော့ အနမ်းက နီဒါန်းနဲ့လှိုက်ကို မြင်တာနှင့် တအံ့တသြ၊ ပြီးတော့ အားပါးတရ ရယ်ကာ...

"နီဒါန်း မင်က မိန်းမခိုးလာတယ်ပေါ့ ဟုတ်"

"ဟာ အနမ်းမဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ မိန်းမခိုးခဲ့လို့ ခေါင်းရိုက်ခံရတာ ငါသိတယ်မညာနဲ့"

အနမ်းက ရယ်မောရင်း ဖွတ်အတင်း စွပ်စွဲတော့သည်။ လိုက်ဖို့ကြသူတွေကလည်း တအောင့်တဖြုတ်နေပြီး ပြန်ကုန်ကြ၏။

"နင် ငါ့ဆီကို ဆေးကုဖို့လာတာတော့ မဟုတ်ပါဘူးနော် နီဒါန်း"

ဟိုအရင်ကလည်း ကောင်းဆက်၏ဒဏ်ရာကို သူမပဲ ကုသပေးခဲ့တာကို ရည်ရွယ်ပြောမှန်း နီဒါန်းကသိ၏။ ကောင်းဆက်ကတော့





ခေါင်းမှာဒဏ်ရာက အသက်နဲ့ယှဉ်တွက်လျှင် ဒဏ်ရာကပိုများနိုင်၏။

"ငါ လူမိုက်ကွ ဘယ်ကောင်စိန်ခေါ်မလဲ ခေါင်းကဒဏ်ရာတွေ ကြည့်လိုက်"

ကောင်းဆက်က ဒဏ်ရာတစ်ခု ပျောက်သွားတိုင်း ဤသို့ထထ အော်တတ်သည်။ ပြီးတော့ ရယ်လည်းရယ်နိုင်ပါ၏။ ခုကျတော့ ဒဏ်ရာနဲ့ လာခဲ့တာက သူပဲဖြစ်နေသည်။

"မိန်းမခိုးလာတာမဟုတ်ပါဘူး အနမ်းရာ ကျွန်တော်တို့က ခရီးသွားတွေပါ ခရီးချင်းတူနေပြီး မထင်မှတ်ပဲအတူ ခုက္ခရောက်လာကြတာ"

သေချာပြောပြလိုက်တော့လည်း အနမ်းက လှည့်ပြောပြန်သည်။

"အဲဒါ မထင်မှတ်တာတွေ မဟုတ်ဘူးဟ ဖူးစာ၊ ဖူးစာ နဖူးစာရွာ သည်တယ်တဲ့"

လှိုက် မျက်နှာလေးနီလျက် ဆံပင်သပ်လိုက် လည်ပင်းကိုင်လိုက် ဖြစ်နေရှာသည်။ နီဒါန်းကတော့ ဘယ်လိုရှင်းရှင်း ဒီနားမှာပဲ ပြန်ဝေ့နေသော စကားတို့ကို မပြောလိုတော့ဘဲ အိပ်ရာထဲမှာလှဲရင်း မျက်လုံး မှိတ်ထားလိုက်တော့သည်။

"ဟဲ့ ဒီမိန်းကလေး ဘယ်သူ"

"လှိုက်ပါ အနမ်း"

"အင်း လိုက်...လိုက်"

လှိုက်ကိုခေါ်တာ မပီသတော့ လိုက် ဖြစ်သွားသည်က ရယ်စရာ ကောင်းသလည်း နာမည်ကိုခေါ်၍ ပြုံးလိုက်ကာ...

"နင်က မိန်းကလေးဆိုတော့ အထဲမှာဝင်အိပ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဖေး ရွက်ဖျင်တဲမှာ ငါတို့မြေးအဘွားရှိတယ် ကိစ္စရှိရင်
အနမ်းလို့ လှမ်းခေါ်လိုက်ပေါ့"

"ဟုတ်"

"နီဒါန်း နင် သက်သာလား"

"သက်သာတယ် အနမ်း"

နှစ်ယောက်လုံးကို ဂရုတစိုက် မေးမြန်းပြောဆိုပြီးမှ အနမ်း
နေရာမှထသည်။

"ငါ့မြေးလေးက လူစင်မမီရှာဘူး နင့်ကိုအဖော်လုပ်ပေးချင်
မယ့် သူ့ကိုပစ်ထားလို့မရဘူး အဲဒါကြောင့်"

"ရပါတယ် အနမ်းရဲ့ လိုက်အိပ်တတ်ပါတယ်"

ဒါကိုတော့ လိုက် စိတ်ပါလက်ပါ ပြောမိသည်။ အိပ်ရာက ပြဿနာ
မရှိပါ။ မအိပ်နိုင်ရင် ထိုင်နေရုံပဲဖြစ်၏။ ပြဿနာရှိတာက ကိုယ်နှင့်
ဝါးတာတွေ လိုက်မခံနိုင်ပေ။

ထို့ပြင် တချို့က ကျယ်လောင်စွာ ဟောက်တတ်သေးသည်။ လိုက်
အနမ်း ထွက်သွားသည်နှင့် နီဒါန်းနားမှာထိုင်ဖို့ကြည့်သည်။ သက်သာ
လား သိချင်သည်။ ရှေ့ခရီးဆက်ကြဖို့ ဘယ်လိုမိစဉ်မလဲဆိုကာ မေး
ဦးမည်။

သို့သော် မိုးသာချုပ်သွားသည် နီဒါန်းဘေးမှာ လူမရှင်းခဲ့ပေ
ရွာကလေးက အိမ်ခြေသိပ်မရှိဘဲ လူတွေကတော့ များသားပါလား
လူကြီး လူငယ်ဘယ်သူကြည့်ကြည့် မြန်မာမဟုတ်ဘဲ ကရင်တွေချည်း
ဖြစ်နေသည်။ လာသမျှ အားလုံးလိုလိုက နီဒါန်းကို ရင်းနှီးနေကြ

မြို့မှာလို အိမ်နီးချင်းစပ်စပ်စုစုမေး၍ နက်နက်နဲနဲဝေဖန်တာမျိုး





။ ဘယ်လိုပဲမေးမေး ပြန်ဖြေလိုက်တာကိုပဲ ကျေနပ်ယုံကြည်သွား
ကြကာ ထွေရာလေးပါးပြောဖြစ်သွားကြသည်။

လေးယောက်ထိုင်လာပြီး နှစ်ယောက်ထသွားလည်း တစ်ယောက်
ဝင်ထိုင်သည်။ သုံးယောက်ထသွားတော့ သုံးယောက်လာထိုင်ပြန်
သည်။ ကညင်ဆီမီးခွက်လေးက အလယ်မှာ အကူအညီပေးနေရင်း
ညဉ့်နက်လာလည်း အားကောင်းနေဆဲပဲဖြစ်သည်။

နီဒါန်းလည်း ဒီရောက်မှ သက်သာနေသည်ထင်၏။ မျက်နှာ သိပ်
မျောက်ဘဲ ပြုံးလို့ရယ်လို့ဖြစ်သည်။ ရောက်တယ်ဆို အနမ်းကိုယ်တိုင်
ထောင်းဖော်စပ်ထားသည့် ဆေးဝါးများနှင့် ကုသပေးသည်။

ဒဏ်ရာကိုလည်း သန့်စင်ပေးခဲ့၏။ ဆေးကြောင့်ဖြစ်ဖြစ် စိတ်
ကြောင့်ဖြစ်ပစေ နီဒါန်းမျက်နှာကတော့ ကြည်ကြည်လင်လင်ဖြစ်နေ၏။
အနမ်းတံခါးဝလေးမှာ လိုက် ခဏခဏ လာရပ်ပြီး ပြန်လှည့်သွားတာ
ကို သူလည်းမြင်ပါသည်။ လိုက်ဘာပြောချင်လို့ ဆိုတာကိုလည်း
သိသည်။

ရှေ့မှာကလည်း ဧည့်သည်ကမပြတ်တော့ မတတ်နိုင်။ ဒီကြားထဲ
လိုက်နဲ့စကားပြောချင်လို့ ကြည့်ချင်လို့ စသဖြင့် လူငယ်တချို့က ဖွဲ့နှဲ
နှင့် ထိုင်စောင့်နေကြ၏။

"ဟော့ မနက်မှ လာကြလေ ဧည့်သည်တွေက ပင်ပန်းလာတဲ့
အခါ"

အနမ်းလှမ်းအော်မှ ပြန်တဲ့သူက ပြန်သွားသည်။ အားလုံးလူတွေ
ရှင်းသွားတော့ လမွန်းတည့်ပြီဖြစ်၏။ လိုက်တယ်လိုမှ ကျောခင်းမရပေ။
ဆောင်၊ ခေါင်းအုံးဆိုတာတွေက အရောင်မရှိတော့သည့်အပြင် ကြေး



www.burmeseclassic.com

www.burmeseclassic.com



ညှော်ကွက်တွေထနေ၏။ ဖျာပုထင်ရသော အောက်ခင်းက ဘာသတ္တဝါ၏ အရေခွံမှန်းမသိ။

လှဲကြည့်လိုက်တော့ စိတ်ကပဲထင်လို့လားမသိဘဲ ညှီစို့စို့ အောက်သိုးသိုးနံ့ ထွက်နေသေးသည်။ နံဒါန်းရှိသည့် ရှေ့အဖီတဲလေးမှာကျတော့ ဝါးဖြင့်ယက်ထားသည့် ဖျာချောလေးခင်းထားတာတွေ့သည်။ ပြီးတော့ ထိုနေရာမှာ ခေါင်းမိုးအုပ်ထားတာပဲရှိကာ ပတ်ဝန်းကျင်ချက်နှာစာ နှစ်ဖက်က ဟာလာဟင်းလင်းကြီး..

အပြင်ဘက်မှောင်မည်းမည်းကြီးထဲကို မြင်နေရမှာပေမယ့် လေကောင်းလေသန့်တော့ ရမှာပဲဖြစ်၏။ သူမမှာသာ ထရံစုတ်စုတ်ကာ၍ အခန်းဟု သတ်မှတ်ထားသော ကျဉ်းကျဉ်းလေးထဲမှာ မွန်းကျပ်နေသည်။

လှသံတွေ ရှင်းလင်းတိတ်ကျသွားမှ နောက်ဖေးဘက်က ဟောက်သံကြီးက ဒုက္ခပေးလာ၏။ အလွန်ကျယ်လောင်ဆိုးဝါးကာ အနှမ်းပဲ ဖြစ်မယ်ဆိုတာလည်း ခန့်မှန်းလိုက်မိသည်။

"နင် ငါနဲ့အတူအိပ်ရင်တော့ အိပ်ရေးပျက်မှာ ငါက ဟောက်တတ်တယ်"

ဟု အနှမ်းကိုယ်တိုင်ပြောခဲ့၏။ ခုတော့ အတူတူ မအိပ်ဘဲနဲ့တောင် လှကအိပ်လို့မရ ထိုအသံက ဒုက္ခပေးနှင့် နံ့စော်နေတာတွေကလည်းတစ်မျိုး။

လှိုက် ငုတ်တုတ်လေးထိုင်၍ စိတ်အပျက်ကြီးပျက်နေမိခဲ့သည်။ နားစွင့်ကြည့်တော့ နံဒါန်းလည်း ဆူညံသံတွေရှင်းတာနှင့် အိပ်ပျော်သွားပြီထင်သည်။ ထိုစဉ် ခွေးဟောင်သံတွေ ဆူညံလာသည်။





ဟိုဟိုဒီဒီလိုက်ကြည့်တော့ မလုံခြုံသည့် တဲလေးထဲကနေ အပြင် ...ကာကအမှောင်တစ်ကွက် အလင်းတစ်ကွက် ရွာ၏မြင်ကွင်းကို မြင် ...ပြန်သည်။

ရွာသည် စည်းရိုးဘာညာမရှိ အိမ်တိုင်းအိမ်တိုင်းကလည်း ဖြစ် ...သို့ ဆောက်လုပ်ထားခြင်းဖြစ်ပြီး ယိုင်ယိုင်နဲ့နဲ့တွေ မဟုတ်သော် ...ည်း လုံခြုံနေတာ တစ်အိမ်မှမရှိ။

အိပ်မပျော်သည့် ဒုက္ခကနေ ခွေးအူသံတွေကို ကြောက်လန့်လာ ...။ အနှမ်းတို့မြေးအတွားအိပ်နေကြတာ ဘယ်မှာလဲ။ ကြမ်းတပြေး ...း မဟုတ်တာတော့ သေချာသည်။ လှိုက်နေရာမှ ဖင်ရွှေ့တိုးကာ ...က်ဖေးဝါးတိုင်တွေကနေ ချောင်းကြည့်မိသည်။

ခေါင်းမိုးကို ခပ်စိုက်စိုက် ဆွဲချထားတာပဲရှိသည်။ အောက်မှာ ...နိမ့်တဲငယ်လေးကတော့ သပ်သပ်လေးဖြစ်၏။ ပြောရလျှင် ထင်း ...လိုလို မီးဖိုဆောင်လိုလို။ ဟောက်သံက ထိုထဲမှ ပျော်ပျော် ...ကြီး ခုန်ပေါက်ထွက်လာနေတာဖြစ်၏။ ဖြစ်ရလေ...

လှိုက် သက်ပြင်းခိုးလေးချလျက် ချောင်းကြည့်နေရာမှ ပြန်ခွာ ...ကလှည့်လိုက်လျှင်....

"ဟင်"

သူမခြေရင်း ကြမ်းခင်းအစပ်မှာ လက်နှစ်ဖက်ကို ခပ်ကားကား ...ထောင်လျက် ခေါင်းတစ်လုံးပေါ်လာသည်။ အပြင်မှာ လရောင် ...နေသော်လည်း အိပ်တောမှာမို့ မီးခွက်မှုတ်ထားခဲ့သော အခန်းထဲ ...မှာ မှောင်မိုက်နေခဲ့၏။

လက်ထောက်ထားသည့် ခေါင်းပုံကို မည်းမည်းကြီးမြင်ရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို မမြင်ရပေ ဒါ ဘာကြီးလဲ။ လူနဲ့တူလျက်နှင့် လူလို့မ
တော့ပေ။

လိုက် ကျုံ့ကျုံ့လေးထိုင်နေရာမှ နောက်ကိုဒရွတ်တိုက်ဆု
သည်။ ခွေးအူသံဆွဲဆွဲငင်ငင်ကြီးပေါ် လာစဉ် ခေါင်းကရဲတင်းစွာ
တက်လာ၏။ ပခုံးနှင့် ဒူးနှစ်ဖက်လုံးပေါ် လာတော့ တစ်ကိုယ်လုံး
ခင်းပေါ် ရောက်လာပြီမှန်းသိလိုက်၏။

သို့သော် မတ်တတ်မရပ်ပဲ လေးဘက်တွားလျက်ပဲရှေ့တိုး
သည်။ လိုက်တစ်ကိုယ်လုံး တုန်ယင်လာကာ 'အမလေး..အလို
အော်ဖို့လည်း သတိမရ ပါးစပ်ထဲမှာ အာစေးထည့်ထားသလို ဘာ
မထွက်နိုင်ဘဲ ဖြစ်သွားလေသည်။

တိုးတက်လာသည့်ခေါင်းပိုင်းက နိုဒါန်းရှိသည့်အပြင်ဘက်
ခွက်မီးရောင်တိုးဝင်နေသည့် တံခါးပေါက်ကို ဖြတ်သောအခါ..

"အမလေး"

လိုက် လန့်ဖျပ်အော်လိုက်မိ၏။ ပြောင်မည်းမည်းမျက်နှာဝိုင်း
ပြားပြားကြီးဖြစ်သည်။ ရှည်လျားသော မျက်လုံးအိမ်ထဲမှာ မျက်
မပါဘူးလား။ ဖြူဖွေးဖွေး မျက်လုံးအိမ်က မျက်ဖြူလန်နေသလို
နှာခေါင်းတိုတိုက အပေါက်ကျယ်ကြီး နှစ်ပေါက်ပဲရှိပြီး
လန်နေသည်။ သွားအဖွေးသားပေါ် အောင် ဖြဲထားသည့်ပါးစပ်
သွားရည်တွေ ကျနေပုံသည် မီးရောင်အောက်မှာ စတီးကြိုး
ချောင်းကို မြင်ရသလို အတန်းလိုက်ကြီး.....။

"ဟစ်..ဟစ်..ဟီး..ဟီး"

"ဟင့်အင်း နိုဒါန်း...နိုဒါန်းကယ်ပါဦး"





လိုက် ဒူးတွေချောင်ကာ ခွေခနဲ ပြန်ကျ၏။ ချက်ချင်းပြန်ကျုံ့းထ
အပြင်ကို ပြေးထွက်ခဲ့သည်။

"နိုဒါန်း"

"လိုက် ဘာဖြစ်..."

နိုဒါန်းစိုးရိမ်စွာ မေးလိုက်သည့်အသံမဆုံးသေးမီ လိုက်ကိုယ်လုံး
က သူ့ကိုယ်ပေါ် သို့ ဝုန်းခနဲ ပစ်ကျလာသည်။

"ကြောက်တယ် သရဲ...သရဲ..ဟိုမှာ"

နောက်ကိုလက်ညှိုးထိုးရင်း လှည့်ကြည့်လိုက်တော့ အထဲအပြင်
သော တံခါးဝဘေးမှာ မျက်နှာကြီးက ပြူးပြူးပြဲပြဲနှင့်...

"အား"

လိုက်က မျက်လုံးတွေမှိတ်အော်ကာ နိုဒါန်းကို သိမ်းကျုံးဖက်
နိုဒါန်းမှာ လိုက်အော်လိုက်ကတည်းက ထထိုင်လိုက်ပြီးကာ မတ်
တ်ရပ်ဖို့ကို စိတ်ပင်မကူးလိုက်နိုင်မီ လိုက်တစ်ကိုယ်လုံး ပစ်ကျလာ
ဖြစ်သည်။

ကြည့်လိုက်တော့ လိုက်ကြောက်နေသည့်အရာဟာ သရဲမဟုတ်

"လိုက် အဲဒါ သရဲမဟုတ်ဘူး အနမ်းရဲ့မြေးပါကွာ ဆယ့်ငါးနှစ်
ရှိပြီ၊ မွေးရာပါ ဆွံ့အ နားမကြားဝေဒနာသည်လေးပါ"

အမလေး ဝေဒနာသည်လေးပါတဲ့ ပြောတဲ့ပုံက သနားကရုဏာ
နဲ့ ဒီမျက်နှာကြီးကိုများ...။

လိုက်အသားတုန်အောင် ကြောက်ရွံ့လျက်နှင့်....

"မဟုတ်ဘူး သရဲ..သရဲပါ သွားတွေလည်း အကြီးကြီးပဲ သွား



www.burmeseclassic.com

www.burmeseclassic.com



ရည်တွေနဲ့ လေးဘက်ထောက်သွားနေတာ”

“ဟုတ်တယ် ရုပ်တော့ဆိုးတယ် ဒါပေမဲ့ မွေးတုန်းက သွား
နိုင်ပါတယ် ငါးနှစ်သားကျမှ ဆေးလိုးမှားပြီး အဲဒီပုံဖြစ်သွားတာ
မဲ့ ခုကို့တလေးမို့ မပစ်ရက် မဖွဲနဲ့ရုက်နဲ့ အနမ်းကပဲ မွေးခဲ့တာ
မကြောက်ပါနဲ့ကွာ သနားစရာလေးပါ”

“သနားစရာဆို ဘာလို့သူများအခန်းထဲဘက်လာတာလဲ နှင်
လိုက်ပါ ပြန်လွှတ်ပေးပါ နီဒါန်းရယ် ဒီမှာကြောက်လို့သေတော့
လှိုက်က သိုင်းဖက်ထားသည့်လက်ကနေ နီဒါန်း၏ ကျေ
ထုသည်။ သူမ နည်းနည်းလေးမှ လှည့်မကြည့်ရဲတော့ပေ။ ကောင်
နာမည်က လူတကာခေါ်ကြတာတော့ နမ်းခမ်းဖြစ်သည်။

သူကိုယ်တိုင်ကတော့ သူ့နာမည်ကိုကော ခေါ်လိုက်တာကို
ဘယ်လိုမှ သိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် နှင်လွှတ်လည်း
မဟုတ်တာကို နီဒါန်းသိသည်။

သူ့ကိုသွားစေချင်လျှင် သို့မဟုတ် တစ်ခုခုပြောဆိုလျှင် လက်
သည်။ လက်ဟန်ခြေဟန်တွေ လုပ်ပြရသည်။ စိတ်မရှည်တတ်
ဆို ပါးစပ်ကလည်း အော်ဟစ်နေမိသေးသည်။ ခြေ၊ လက်၊
သုံးပါးစလုံးသုံး၍ ပြောဆိုတာတောင် နမ်းခမ်းက နားခံတတ်တဲ့အ
မရှိဟု အနမ်းပြောဖူး၏။

“ပြောတာကိုပဲ နားမလည်တာလား ခေါင်းမာတတ်သလား
ဘူး ပြောတိုင်းနာခံတယ်မရှိဘူး ဆွဲလွှဲဖိသိပ်ပြီး အနိုင်ကျင့်သလိုပဲ
ရတော့တယ် မတတ်နိုင်ဘူးလေ အိပ်မယ်ဆိုလည်း သူအိပ်ချင်
မချင်ချင် အိပ်ရာထဲ အတင်းဆွဲလှဲပစ် မျက်လုံးတွေမှိတ်အောင် လ





ပိတ်ပစ်နဲ့ သနားပေမယ့် သူ့အိပ်အောင်မှ ငါမစောင့်နိုင်တာဝေ အလိုလို
ကာမှ အိပ်ပျော်ပြီဆို ဆင်ခြေကြိတာတောင် ငါက နိုးတာမဟုတ်ဘူး”တဲ့။

ဒီကောင်လေးထွက်သွားအောင် သူဘယ်လိုလုပ်မလဲ။ မျက်လုံး
တွေ အပြူးသားနှင့်သွားရည်တမြားမြား ကျနေပုံကြည့်ရတာ ဒီညအဖို့
လိုက်ကိုပဲ ထိုင်ကြည့်နေတော့မည့်ပုံ။

ဒီပုံစံကို ဆွဲလွှဲခေါ်ထုတ်သွားဖို့ ဘယ်လိုလုပ်မလဲ။ ဆွဲခေါ်သွား
ပြီး အနမ်းအိပ်ရာထဲသွားထည့်မှရမည်။ ဒါကောလွယ်မလား။ ခေါ်သွား
လို့ပါလာမည်၊ ချထားခဲ့လည်း ကျန်နေခဲ့မည် ဒါဆိုဘာအရေးလဲ
သူဒီမှာ အာရုံစူးစိုက်နေတာကို ဆွဲလွှဲခေါ်သွားရင် ဒီပါးစပ်က ပိတ်
နေမလား။ လှိုက်နဲ့ နမ်းခမ်းကြားမှာ နီဒါန်းဘယ်လိုဖြေရှင်းရမှန်းမသိ
ဖြစ်သွား၏။

“နီဒါန်း ရှင် ဘာလုပ်နေတာလဲ ဟိုဥစ္စာကြီးသွားပြီလား”

“မသွားသေးဘူး ဘာဖြစ်လဲ လှုပါဆို့မှ ကြောက်စရာလားကွ ဒီတစ်
ခါလှည့်ကြည့်လိုက် ကြောက်မှာမဟုတ်တော့ဘူး”

“ဒီနေရာမှာ ပွဲချင်းပြီးသေသွားမယ်ဆိုတာတောင် လှည့်မကြည့်
ဘူး”

“မကြည့်တော့ မင်းဒီအတိုင်းနေလို့ရမလား သူကဒီအိမ်သားဖြစ်
နေတာကို လမ်းပေါ်သွားပစ်ထားလို့လည်းမရဘူး ပြောလည်းကြားမှာ
မဟုတ်ဘူး”

“ရှင့်လက်တွေ ဘာတွေသုံးပြီး သွားတော့ ပြန်တော့ ဆိုး လုပ်ပြ
ပေါ့”

“ကွတ်”



www.burmeseclassic.com

www.burmeseclassic.com



နိဒါန်းရှင်းမပြချင်တော့ဘဲ လှိုက်ပြောတဲ့အတိုင်း လက်နှစ်ဖက်လုံးကို စွန်ခြောက်သလို ခြောက်ပြလိုက်သည်။

"သွားပါ ညီလေးရ သွား...သွား...ပြန်ကွာ"

ပါးစပ်ကလည်း ခပ်တိုးတိုးပြောလိုက်သေးသည်။ မကြားမှန်းသိပေမယ့် လက်ပါတော့ ပါးစပ်က ပါသွားမိတာဖြစ်၏။

သို့သော် ကိုယ်တော်က လှိုက်ကိုပဲ ပါးစပ်ကြီးအစွမ်းကုန်ပြဲဟနေအောင် ဖေးရင်း သူ့ကိုနည်းနည်းလေးပင် ဂရုမစိုက်ပါ။

"သွားပြီလားဟင် နိဒါန်း"

"မသွားဘူး မသွားဘူး မရပါဘူးလို့ပြောနေတာ မယုံဘူး အဲဒါ ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုလုပ်ရမလဲ လှိုက်မှ မကြည့်ဝံ့တာ သူကဘာဖြစ်လို့ လှိုက်ကိုလာကြည့်နေရတာလဲ"

"ကြိုက်လို့ဖြစ်မှာပေါ့ ဆယ့်ငါးနှစ်သားဆိုတာ လူပျိုပေါက်ပဲ"

"ဘာ အမလေး ကြိုက်လို့"

လှိုက်တုန်ခနဲဖြစ်သွားတော့ သူရယ်ချင်သွား၏။ အရေးထဲမှာ ကညင်ဆီမီးရောင်က အားပျော့သွားသဖြင့် မှိန်ကျသွားလေသည်။

"လူက ကျပ်မပြည့်ဘူးဆိုပြီးတော့ ဒါကျတော့သိသလား ရှင် မဟုတ်တာတွေ မပြောနဲ့"

"ဟုတ်မဟုတ်သိချင်ရင် မင်းနည်းနည်းလှည့်ကြည့်လိုက်လေ မျက်လုံးချင်းစကားပြော"

"ရှင်..ရှင်တော်နော်"

လှိုက်က ရင်ဘတ်ကို တအားထုပစ်လိုက်ကာ ကတုန်ကယင်





...း တား၏။

နိဒါန်း ဒီညအဖြစ်ကို ဘယ်လိုရှင်းရမှန်း မသိတော့ပေ။ အိမ်တွေ...တစ်အိမ်နဲ့တစ်အိမ် သိပ်မနီးသလို အိပ်ကြပြီဆို ပစ်စလက်ခတ်...တုံးအရုံး...

သူတို့အဖြစ်ကို နားစွံ့မယ့်လူလည်းမရှိ စိစဉ်ပေးဖို့လည်းဘယ်သူ...သာမှာမဟုတ်ပေ။ မီးက မှောင်ကျသွားတော့မည်။

"ကဲ ဘယ်လိုလုပ်ကြမလဲ ငါက အိပ်ချင်ပြီ"

"အိပ်မယ်လေ လှိုက် ဒီမှာပဲ အိပ်မှာပေါ့"

"ဟင်...ဘာ"

နိဒါန်းလန့်သွား၏။ လှိုက်က ရင်ခွင်ထဲကနေ မျက်နှာနည်းနည်း...ခွာ၍...

"လှိုက်က ဟိုဘက်ကအိပ်မယ်"

ပြောပြောဆိုဆို အိမ်ရှေ့ဘက်ခြမ်းကို အလုအယှက် လူးလိုက်...နိဒါန်းနဲ့တော့ ကျောချင်းကပ်ထားလျက်ပါ။

"လှိုက် မင်းအစိပ္ပာယ်မရှိတာကွာ မင်းနဲ့ငါ ကျွတ်"

"ဘာဖြစ်လဲ လမ်းခရီးသွားကြတာပဲ အဆင်ပြေသလို အိပ်ကြ...ကြရမှာမဟုတ်ဘူးလား"

ပါးစပ်ကပြောရင်း လက်ကလည်း နိဒါန်းခွာချထားသည့် တစ်...ဉ်တည်းသောစောင်ကို ကိုယ်ပေါ်ဆွဲတင်၏။

"လှိုက် သိသွားပြီ အဲဒီသရဲက တော်တော်နဲ့သွားမှာမဟုတ်ဘူး...လည်း ဒါကသူ့အိမ်ဆိုတော့ အချိန်မရွေးထလာဦးမှာပဲ နောက်ထပ်...ဘြာနဲ့နော် လှိုက်ဒီညရှင့်ဘေးမှာ အိပ်မယ် ဒါပဲ"

www.burmeseclassic.com



သွားပြီ။ နီဒါန်းဒီညာ ကိုယ့်ဒုက္ခကို နားလည်သွား၏။ ဟုတ်တေ
လည်းဟုတ်သည် မျက်နှာပြားပြား မျက်လုံးဖြူဖြူကြီးတွေနှင့်
မှောင်မှောင်ထဲမှာ ဒီမျက်နှာကို လှိုက်ကြောက်ရှာလိမ့်မည်။

သို့သော် မိုးလာကြတာလားလို့ မေးတုန်းကတော့ ခေါင်းခါ
နဲ့ကြပြီးမှ ဒီတိုင်းကြီးရှိနေတာကို တစ်ယောက်ယောက်တွေ့သွား
ခက်မည်။ ကိုယ်က ယောကျ်ားလေးမို့ ပြဿနာသိပ်မရှိပေမယ့် လှို
အတွက်မကောင်း။

"ကဲ ဟိုဘက်တိုးကွာ မိုးမလင်းခင် မင်းဒီကထသွားဖို့ နိုးနိုး
ကြားအိပ် တစ်ယောက်ယောက်မြင်သွားရင် ပြောစရာဖြစ်မယ်"

နီဒါန်းက ကိုယ့်လက်ကိုပဲ ခေါင်းအောက်မှာ ကွေးခု၍ တ
လှဲလိုက်သည်။

"အို ရှင်က ဘယ်လိုကြီးအိပ်တာလဲ"

လှိုက်က သူ့ခါးကို နောက်ကနေ တံတောင်နဲ့တို့၏။

"ပက်လက်အိပ်လို့ မရဘူးလေ ခေါင်းကဒဏ်ရာနဲ့"

"ဒီဘက်ကို စောင်းအိပ်ပေါ့"

"ဘာ"

လှိုက်က နီဒါန်းရဲ့ ဘာသံကြီးကို ဂရုမစိုက်။

"ဒီဘက်မှာ ငါးလုံးလေးနှစ်တန်းပဲရှိတာ လရောင်ကြီးက
နဲ့ အပြင်ကတောတွေ တောင်တွေကို ဒီတိုင်းမြင်နေရသေးတယ်
ဒီဘက်လှည့်နေလေ"

ပြောနေရင်း ကြောက်လာပြန်ကာ နီဒါန်းဘက်သို့ ထပ်တိုး
တော့ နဖူးနဲ့ဒူးကနီဒါန်း၏နောက်ပိုင်းကို တိုက်မိလေသည်။





"လှိုက်"

နီဒါန်းခေါ်ပုံက စိတ်မရှည်နိုင်တော့သလို အံကြိတ်သံလည်း
ပါသည်။ လှကလည်း လှိုက်ဘက်ကိုလှည့်၍ ငုတ်တုတ်ထိုင်ပြီးဖြစ်၏။
ညသံမို့ ဒေါသအလျှောက် မဖော်ရဲဘဲ အသံချပ်ကြိတ်ကြိတ်နှင့် မျက်နှာ
ငှကာ...

"မင်း ငါ့ကို အရုပ်တစ်ရုပ် မှတ်နေသလား လှိုက်"

"အို ထလိုက်ပြန်ပြီ"

လှိုက်မျော နီဒါန်းကိုယ်ကြီးမျက်နှာရှေ့ကနေ ဖယ်လိုက်သလို
ဖြစ်သွားသဖြင့် မျက်လုံးအစုံကို ကမန်းကတန်း မှိတ်ချလိုက်၏။
ပြီးတော့ နီဒါန်းလိုပဲ ကျုံးရုန်းထထိုင်ရှာသည်။

"ရှင်က ဘယ်လိုဖြစ်နေတာလဲ ဒီမှာကြောက်လို့ ဖြစ်နေတာကို
ရှင် ကြည့်နေရက်တယ်"

လှိုက် ငိုပါပြီ။ နီဒါန်းစိတ်ပျက်လက်ပျက်နှင့် ဒီခေါင်းသာ အကောင်း
အတိုင်းရှိနေလျှင်...

'လာ ဒီမှာမအိပ်တော့ဘူး' ဆိုပြီး ညဘွင်းချင်း ခရီးဆက်ဖို့ ပြင်မိ
မှာသေချာပါသည်။ တကယ် စိတ်ညစ်ပစ်လိုက်တာ အဲဒီလောက်ထိ။

"မင်းသိထားဖို့က မင်းရဲ့ဘေးမှာရှိနေတာ မင်းနဲ့ဘာမှ သွေးသား
တော်စပ်တဲ့ တစိမ်းယောကျ်ားတစ်ယောက်ဆိုတာပဲ"

လှိုက်က မျက်ရည်သုတ်ရင်း အငှဲ့ခနဲရှိုက်၏။

"အဲဒါလှိုက်သိတယ်လေ ယောကျ်ားလည်းဘာဖြစ်လဲ လှိုက်
တို့နောက်ကဟာကြီးကို ကြောက်နေတာကို ရှင့်ဘေးမှာအိပ်လို့ ဘယ်
သွားအိပ်ရမှာလဲ ဒီနားမှာ လှိုက်နဲ့ရင်းနှီးတာ ရှင့်အပြင် ဘယ်သူရှိသေး



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ"

ငိုရင်းရှိုက်ရင်း လှိုက်ကတလစ်ပ်ပြောနေဆဲ။ ကြောက်နေတာလေးကိုလည်း သနားသည်။ သူမ အကြောက်ပြေအောင်လည်း ဖွေ့ပိုက်ထားချင်ပါသည်။ ဒါပေမဲ့ သူကိုယ်သူက မသေချာ။

အဆိုးဝါးဆုံးသည် လှိုက်ဆိုသော မိန်းကလေးဟာ အလွန်လှ၍ ချစ်စရာကောင်းနေလေသည်။ နိဒါန်း စိတ်လှုပ်ရှားခြင်းများဖြင့် မျက်နှာကို ပွတ်သပ်ပစ်လိုက်မိ၏။

"မင်း ဘာဖြစ်လို့ ငါ့ကို အဲဒီလောက်ယုံကြည်နေတာလဲ"

မေးခွန်းအဆုံးမှာ မီးရောင်က လုံးဝငြိမ်းသေသွားသည်။ ကျင့်သားမရသေးမီမှာ မျက်လုံးထဲမှာ မည်းပြာသွားခဲ့၏။ လှိုက် ကိုယ်လုံးလေး နိဒါန်းရင်ခွင်ထဲ ဖွေ့ခနဲရောက်လေသည်။

"မသိဘူး လှိုက်ကြောက်တယ် အဲဒါရှင့်ကိုမဟုတ်တာ သေချာတယ်သိလား ဘယ်လိုနှင်နှင် မသွားဘူး"

"ငါ မင်းထင်သလောက် မလိမ္မာဘူးလှိုက် အဲဒါလည်း သေချာတယ် ဒီလိုမှောင်မှောင်မည်းမည်းထဲမှာ မင်းငါ့ရင်ခွင်ထဲ ရောက်နေရင်"

"အဲဒါ အဲဒါကို ရှင်မေ့ထားလိုက်ပါ လှိုက်ကိုလေ အရုပ်လိုပဲသဘောထားလိုက်နော် လှိုက် ယုံကြည်တာကို မဖျက်ဆီးပစ်ပါနဲ့"

"မဖြစ်ရအောင် ပြောနေတာ မင်းရလို့လား"

"အို"

လှိုက်တစ်ကိုယ်လုံး ကျင်ခဲသွား၏။ စောစောက ကြောက်ခဲ့သည့်စိတ်တို့နှင့် ဘာမှမဆိုင်။ ရင်တစ်ခုလုံးဟာ တသိမ့်သိမ့်တုန်ဟီးနေလျက်





ငြင်းဆန်ရင်းနဲ့ပဲ လှိုက် သူ့ရင်ခွင်ကျယ်ထဲမှာ လဲလဲပြိုပြို....

ကညင်ဆီမီးရောင်က ညရဲ့နောက်ကို လိုက်ပါသွားခဲ့ပြီ။ နိဒါန်းသည်လည်း လှိုက်လက်တစ်ဖက်ကို ဆုပ်ဆွဲကာ ညရဲ့နောက်သို့....

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ဒဏ်ရာမကျက်သေးဘဲ ခရီးသွားတော့မည်ဆိုတော့ အနမ်းက တားသေးသည်။ ဒါပေမဲ့ နီဒါန်းကလည်း နောက်ပြန်မဆုတ်ပေ။ အနမ်းမှာလည်း နမ်းခမ်းအပြင်းဖျားနေသဖြင့် နီဒါန်းတို့ကို ဂရုတစိုက်ထပ် မလိုက်နိုင်တော့ဘဲ ကျန်ခဲ့တော့သည်။

ဘာကယ်တော့ နမ့်ခမ်းအဖျားတွေကြီးနေတာဟာ ညက တစ်ညလုံး မအိပ်ဘဲနေခြင်းနှင့်လည်း သက်ဆိုင်လိမ့်မည်။ ငူးငူးငါးငါး ဘာတွေပြောနေမှန်းမသိဘဲ မျက်ရည်တွေလည်း ကျနေသည်ဆိုတော့ ထိုအဖြစ်ဟာ လှိုက်နှင့်သက်ဆိုင်နေမည်ကို သူတို့နှစ်ယောက်လုံး သိကြ၏။

ထို့ကြောင့် နောက်ထပ်တစ်ညထပ်အိပ်ဖို့က ဘယ်လိုမှ မဖြစ်နိုင်တော့ပေ။ ညက ဘယ်သူမှ မနိုးကြသောကြောင့် မသိကြပေမယ့် သန်းခေါင်ကျော်အချိန် အာရုဏ်တက်လောက်ကူးမှ နမ်းခမ်းပြန်ပျောက်သွားတာဖြစ်သည်။

လှိုက်လည်း သူ့ဘေးမှာတစ်ညလုံး ငုတ်တုတ်လေးထိုင်နေခဲ့ရ၏။ သူလည်း ဘယ်လိုမှ အိပ်လို့မရတော့ဘဲ လှိုက်နှင့် ကျောချင်းကပ်





င်ကာ လက်ဖဝါးလေးတစ်ဖက်ကို မိုးလင်းတဲ့အထိ ဆွဲဆုပ်ထား သည်။

သူသည် လှိုက်ကို အနမ်းများဖြင့် ကျူးကျော်စော်ကားခဲ့မိပေ ဲ့ နက်နဲမိုက်မဲသော အမှားမျိုးကိုတော့ မကျူးလွန်အောင် ထိန်း နိုင်ခဲ့သည်။ ညနှင့် စိတ်ရိုင်းတို့၏ တိုက်စစ်များကြားမှာ နှလုံးသား ခံခုကို နှမ်းကျေမခံနိုင်၊ ငါဟာ အခွင့်အရေးသမားလား ကိုယ့်ကိုယ်
ကို မေးခွန်းတွေထုတ်ခဲ့သည်။

လှိုက်က မာယာရမ္မက်တွေနှင့် အနားရောက်လာတာမှ မဟုတ် ကြောက်ရွံ့တုန်လှုပ်စွာ အားကိုးတကြီးခိုဝင်လာသော မိန်းမလှ အပေါ် သူညစ်နွမ်းစွာ အနိုင်ယူသင့်သလား။

လှယုတ်မာမဖြစ်စေနဲ့ မင်းစွန်နိုးစားကျူညီခဲ့ဘာတွေကို ခြောင်းထဲ ောက်စေနဲ့။ လှိုက်ကိုသူတောင်းပန်ပြီး ဥပေက္ခာနှင့် ညအမှောင်ကို ြားထုတ်ပစ်ခဲ့ရသည်။

ထိုအခါ ဒီမှာနောက်ထပ်တစ်ည ကုန်ဆုံးဖို့အတွက် နီဒါန်း ိုးတလည်း ကြောက်ရွံ့သွားခဲ့ပြီဖြစ်၏။

"ဒါဆိုရင်လည်း ရွှေမ်းမားချိန်လောက်ကျမှ သွားကြပါလား လို့ လမ်းမှားမှာစိုးလို့ပြောတာ ရွာထဲကလူကြီးတွေ ကားလမ်းကို ညွှန်ဆိုရှိတယ်"

အနမ်းက နောက်ကလွှက်လိုက်လာပြီး ပြောရှာပါသေးသည်။

"နေမြင့်လာရင် ပိုပင်ပန်းတယ် အနမ်း ကျွန်တော်တို့သွားတတ် တယ် အဘအာနလည်း လမ်းကိုသေချာပြထားတယ်"

သူတို့နှုတ်ဆက်ပြီး ထွက်လာခဲ့ကြတာ နေတောင်မ သေး



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အနမ်းကည့်ပေးလိုက်သည့် ကောက်ညှင်းထုပ်တွေနဲ့ ရေဘူး
ကျောပိုးအိတ်ထဲမှာ ထည့်ခဲ့ပြီး နံနက်စောစောမို့ နှစ်ယောက်
သွက်လက်နေကြ၏။

တစ်ယောက်နဲ့တစ်ယောက် ဘေးချင်းယှဉ်သွားမိတာလည်း
သည်။ ရှေ့နောက်လည်း သွားဖြစ်သည်။ စကားတော့ မပြောဖြစ်
ပေ။

လှိုက်နားထဲမှာ ထူးခြားသည့်အသံတစ်သံကို ကြားသဖြင့်
စွင့်လျှောက်နေရင်း မျက်လုံးထောင့်မှာ ရေကြောင်းဖွေးဖွေး
တစ်ခုကို မြင်လိုက်ရလေသည်။

"ဟင် ဟိုမှာ စမ်းချောင်းလေးပါလား"

ရင်ထဲမှာ ဝမ်းသာမှုက အတိုင်းအဆမရှိအောင် ဖြစ်ထွန်း
ခဲ့၏။

"နီဒါန်း လှိုက် ရေချိုးချင်တယ်"

"မင်း မနေ့နေ့လည်က ရွာကိုရောက်တော့ ရေချိုးသေးတယ်

လူတွေသူ့ကိုတွဲကြ နေရာပေးကြနှင့် ဒဏ်ရာကိုပြန်ဖြေ
ဆေးထည့် ဆေးတိုက်စသော အလုပ်တွေရှုပ်နေဆဲ လှိုက် မူးနေ
ဆို၍ အနမ်းက ရေချိုးခိုင်းတဲ့အသံသူကြားလိုက်သည်။

"ဟုတ်တယ်လေ ရေတစ်ခါချိုးပြီး ဘယ်နှစ်ရက်နေရမှာလဲ"

"ငါ ခုထိရေမချိုးရတာ ဘယ်နှစ်ရက်ရှိပြီမှန်းတောင် မသိ

"ဒါက ရှင့်ဟာရှင် ညစ်ပတ်တာပဲ လှိုက် ရေချိုးချင်တယ်"

စကားပြော၍ သွားနေရင်း နီဒါန်းခြေလှမ်းရပ်လိုက်၏။ သူ
ရေချိုးချင်တာပဲ။ နေရာကို လှည့်ပတ်ကြည့်ပြီး အကြံထုတ်လိုက်





"ငါမှာ ရေလဲပုဆိုးပါတယ် မင်းဘယ်လိုလုပ်မလဲ"

လှိုက်မျက်နှာလေး ငုံ့သွားပြီးမှ ချောင်းရေကြည်တို့ကို လှမ်းကြည့်
သည်။ နီဒါန်း စိတ်မကောင်းဖြစ်သွားပြီး ရှေ့ကို ဆက်လျှောက်၏။
လူချင်းတော်တော်ဝေးသွားမှ လှိုက်ကိုလက်ယပ်ပြီး လှမ်းခေါ်
သည်။

"ဒီချောင်းညာမှာ လာချိုးလိုက် ကျောက်တုံးတွေကော ကပ်ပါး
တွေကော အုပ်ခံနေတော့ မင်းအဆင်ပြေမှာ"

"ဟို"

လှိုက်က ပတ်ဝန်းကျင်ကို လိုက်ကြည့်နေသည်။ ပြီးတော့ နီဒါန်း
မေးဆတ်ကာ...

"ရှင် အရင်ချိုးလိုက်ပါလား ပတ်ဝန်းကျင်မှာလူသွားလူလာ
လိုရှိလဲ သိချင်လို့"

"မင်းပဲ ရေမြင်တာနဲ့ ချိုးချင်လို့ဖြစ်နေတာပဲ မချိုးရဲဘူးလား
ပဲ ငါက ညစ်ညစ်ပတ်ပတ် ချောင်းကြည့်မှာစိုးလို့လား"

"အို မဟုတ်ပါဘူး ရှင်စကားစလာပြီဆို မတဲ့တာက စတော့တာ
ကလေးတစ်ယောက်က ရေလဲမပါပဲ ဒီတိုင်းဆင်းချိုးရမယ့် ကိစ္စ
ဆိုပြေးဆင်းရဲမလား"

နီဒါန်းမျက်နှာက အချိုးမပြေသေးပါ။ ညတုန်းက သူအတင်းချုပ်
ပြီး နမ်းပစ်လိုက်မိသည်။ ဒါက မစောင့်စည်းနိုင်ခဲ့သည့် ပထမ
ခဲ့ခြင်းဖြစ်၏။ လှိုက်၏ မယုံကြည်သော သံသယတို့ကို
သည် စိတ်က ခွင့်မလွှတ်ချင်ဘဲ ဖြစ်နေသည်။ ဒါ သူ့ တာ
ပေမယ့် မတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ငါရှိုးတော့ ဘာမှမဖြစ်ဘဲ မင်းဆင်းရှိုးမှ လူလာရင်ကော"

လှိုက် ဒေါသမျက်နှာလေးဖြစ်သွားသော်လည်း ပြောစရာစကား မရှိတော့သလို စကားသံထွက်မလာနိုင်ရှာ။ တကယ်သူမလိုလျှင်တော့ က 'မင်းရှိုးလေ ငါစောင့်ပေးမယ် စိတ်ချလက်ချရှိုး' ဆိုတာမျိုး။

"ကိုယ်လုပ်ချင်တာ လုပ်မှာမို့လား တွေဝေနေရင် ဘာမှမဖြစ် ဘူး လုပ်ကြည့်လိုက် မှားရင်မှောက်အိပ် ဒါပဲ"

နိဒါန်းက ပြောပြီးကျော့ပိုးအိတ်ဖြုတ်ချသည်။ အနားမှာရှိသည့် သစ်ပင်အောက်မှာ သွားထိုင်၏။ ရေဘူးထုတ်၍ မော့သောက်လိုက်ပြီး မှ...

"သွားလေ မရှိုးချူးလား"

လှိုက်က ချာခနဲလှည့်ပြေးသွားသည်။ ရှိုးပြီဆိုတော့လည်း လှ ခေါ်မှပဲ တက်လှာတော့သည်။ မျက်နှာတစ်ဝိုက်က ဆံပင်များ တွေမှာ ရေစိုလက်စနှင့် မျက်ခုံးထူထူပဲပဲလေးတွေမှာလည်း စိုစိုစွတ်စွတ် လေး ပူးတွဲနေပြသည်။

မျက်တောင်ထူထူလေးတွေဟာ ကော့ပျံနေတာမျိုးမဟုတ်သည့် တိုင် ရေစိုနေတော့ အရောင်ထားသလို ပိုလှနေ၏။ နိဒါန်းက လှိုက် နှုတ်ခမ်းလေးကို ဝေ့ခနဲကြည့်ပြီး မျက်နှာလွှဲပစ်သည်။ ထို့နောက် နေရာမှထ၏။

"ရှင် သွားရှိုးလေ"

"မရှိုးတော့ဘူး ညနေလောက်ဆို ကားတန်းဂိတ်ဆုံးကို ရော မှာဆိုတော့ မထူးပါဘူး ဟိုမှာသူငယ်ချင်းရှိတယ် မင်းကိုကြို့မယ်

"လာမှာမဟုတ်ပါဘူး"





လှိုက်က ဖြတ်ပြောလိုက်တာဖြစ်သည်။ မျက်နှာလေးလည်း တောင်းဘဲရှိကာ...

"ရန်ကုန်ကားပေါ်ကဆင်းကတည်းက အလွဲလွဲအချော်ချော် ခဲ့တဲ့ဥစ္စာ ဒီမှာကြိုမယ့်သူနဲ့ ဘယ်လိုလုပ်ဆုံတော့မှာလဲ လှိုက်ကို အောက်ဆိပ်ပို့ပေးပါ ရှင့်အတွက် လှိုက်က..."

"ဘာတွေပေးချင်သေးလဲ ပြောပါဦး"

မျက်ဝန်းချင်း ဆုံမိကြပြန်သည်။ အကြာကြီးငေးနေကြပြီးမှ ပြိုင် ညှိန်လွှဲ၏။

"ပေးချင်တယ်ဆိုတာမျိုးမဟုတ်ပါဘူး ဒါပေမဲ့ ကျေးဇူးတရားဆို အကိုတယ် ရှင်က ဘယ်လောက်ပဲရက်မှရောနေနေ ယူတဲ့သူဘက်က ပေးမယ် တန်ဖိုးသတ်မှတ်မထားတဲ့အရာဟာ ပိုပြီးတန်ဖိုးကြီးတတ် ဘယ်ဒိဒါန်း့အဲဒါကို လှိုက်နားလည်တယ်"

"ဒါပေမဲ့ မင်းနားမလည်တာ ရှိပါသေးတယ်"

နိဒါန်းကပြောပြီး မျက်နှာကို ခပ်စောင်းစောင်းလှည့်နေသည်။ ဆက်ပြောလာဦးမလဲဆိုသည့် မျက်ဝန်းလေးတွေနှင့် လှိုက်က နေဆဲ...

ရင်ထဲမှာ နားလည်တာတွေကော နားမလည်တာတွေကော ရင်ထဲမှာရှိသလို ကိုယ့်ရင်ထဲမှာလည်း ရှိနေနိုင်သည်။ ဒါပေမဲ့ ခုချိန် ဝေဒနာထက် ခြေရာက အရေးကြီးနေသည်။ ဒီခရီး ဒီအန္တရာယ်က အမြန်ဆုံး လွတ်ဖို့မှလွဲ၍ ခေါင်းထဲမှာ ဘာမှမရှိ။

ထို့အတူ သူမဘာဝအတွက် အရေးကြီးဆုံးကယ်တင်ရှင်ဟာ နိဒါန်း ဆိုတာကိုလည်း လှိုက်သိသည်။ သိနေသည့် ကျေးဇူးဆိုတာက ရှိကို



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီဖြစ်သည်။

"ကျေးဇူးစကားတွေ မင်းပြောမနေနဲ့လှိုက် အခုပိုပြီး မကြားချင်ဘူး"

နိုဒါန်းက လှိုက်ဘက်ကို ပြန်လှည့်၏။ သို့သော် မျက်နှာငုံ့လျက်ပဲဖြစ်ကာ....

"မင်း ခွင့်မပြုဘဲ မကြည်ဖြူဘဲ ငါမင်းကို စော်ကားခဲ့မိတယ် အဲဒီတော့ ကူညီတယ်ဆိုတာတွေကို မေ့လိုက်ပါ ငါပြန်ပေးဆပ်တယ်လို့ပဲ မှတ်ထားရင်ရပြီ"

"ဘာ"

လှိုက်က လှုပ်လှုပ်ရှားရှား ထအော်သည်။ ခံရခက်သည့် ဝေဒနာသည် နှစ်ထပ်ကွမ်း စော်ကားခံလိုက်ရသည့်အဖြစ်အတွက် ထိခိုက်နာကျင်လှစွာဖြင့်....

"ရှင်ဘာပြောတယ်နိုဒါန်း အဲဒါကို ကျေးဇူးတင်မခံချင်တဲ့မာနနဲ့ အလျော်အစားလုပ်လိုက်တယ် ဟုတ်လား"

"မဟုတ်ဘူး ငါပြောတာက"

"ဟုတ်တယ် အဲဒါရှင့်မာနတွေပဲ ရှင်က ဘာမဆို"

"ဘာမဆို ဘာတွေပဲ ဟုတ်ခဲ့ဟုတ်ခဲ့ အဲဒီထဲမှာ မင်းမပါဘူး လှိုက်"

နိုဒါန်းသည် သူ့စိတ်လိုက်မာန်ပါပြုလိုက်ပြီဆို လှိုက်ဟာ သူ့လက်ထဲမှာ အရုပ်လေးတစ်ရုပ်လိုပင်။ ပခုံးသားပြည့်ပြည့်လေးတွေကို ဆတ်ခနဲ ဖိကိုင်ပြီး ဆွဲယူလိုက်တော့ မျက်နှာချင်းနီးကပ်သွားခဲ့ပြီ—

"ငါက မင်းကို ချစ်လို့နမ်းပါတယ်လို့ပြောရင် မင်းခေါင်းညိတ်မှာလား ကဲ..ဖြေ"





မျက်နှာတစ်ပြင်လုံး ရှိန်းခနဲ ပူထူကာ လှိုက်မျက်နှာလေးလွှဲ၏။ နိုဒါန်းက လှိုက်၏ပါးပြင်လေးနားမှာ ဖိနှစ်နမ်းရှိုက်ပစ်တော့မလို့ နှာခေါင်းချွန်ချွန်က တိုးကပ်လျက်....

"ငါက လမ်းပေါ်က ကောင်ပါ မင်းက မဏိစန္ဒာမင်းသမီးလေးလို အရှိန်အဝါမြင့်မားတဲ့ မိန်းကလေး ကျန်စစ်သားလိုတောင် ခိုင်းနိုင်းဖို့ တန်တဲ့ ငါ့ဘဝမျိုးနဲ့ မင်းအပေါ်မှာ ဒီလိုစော်ကားမိတာ အပြစ်မဟုတ်ဘူးလား အနူလက်နဲ့ ရွှေခွက်နှိုက်တယ်လို့ မင်းမပြောခဲ့တာကို ကျေးဇူးတင်ပါတယ်"

လက်တို့က တဖြည်းဖြည်း လျှော့ရဲပြေကျသွားခဲ့၏။ တောလမ်းကလေးထဲမှာ လေပြည်နုနုက ပျော့ပျော့ပျောင်းပျောင်းလေးပဲ လူးပြေးလွှားနေခဲ့သည်။

ပတ်ဝန်းကျင်၏ သဘာဝ သံစဉ်တွေထဲမှာ ဥဩတွန်သံလည်း ထိုပါ။ မျက်ရည်ပေါက်ပေါက်ကျလောက်အောင် ဆွဲငင်နိုင်စွမ်းသော ယောသံရှည်ကြီးလည်းမလို....

လူနှစ်ယောက်နှင့် တောလမ်းနောက်ခံဟာ တိတ်ဆိတ်ငြိမ်သက်လျက် နွေလယ်ရှုခင်းကို သရုပ်ဖော်သော ပန်းချီကားကြီးတစ်ချပ်ကဲ့သို့ ရှိလေသည်။

"တစ်ခုတော့ ငါမေးချင်တယ်"

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သော်လည်း နိုဒါန်း၏စကားသံသည် တာ သေအံ့ဆဲဆဲလူနာတစ်ဦး၏ နှုတ်ခမ်းသားများလို....

"ကိုကိုကြီးက မင်းရဲ့ချစ်သူလား ဒါမှမဟုတ် မင်းရင်ထဲက ယောက်လား"



www.burmeseclassic.com

www.burmeseclassic.com



လိုက် သူ့ကိုကြည့်ရင်း မျက်ခုံးလေးတွေ တွန့်သွားသည်။ အ
ရှင်မလိုဘဲလည်း သံစဥ်များမှာပေါ် နေခဲ့သည့် တေးသွားစာသားတို့
လိုက်မသိချင်ယောင် ဆောင်လိုက်ရမလား။ သိနေတာကို ပြောရမလ

အချစ်ဆိုတာ ရင်ထဲမှာ ...တုန်းကမှ မရှိခဲ့ဘူးပါ သူ့နှ
သက်ခဲ့သမျှမှာလည်း အပြစ်တင်ဖို့ ဒေါသဖြစ်ဖို့အချိန် လိုက်မှာ မ
သေးပေ။

သေချာတာတစ်ခုက သူပြောသလို အနှလင်္ကတွေ ရှေ့ခွတ်
လိုက်ရင်ထဲမှာ ဘာမှမရှိခဲ့ခြင်းပင်။ ကိုယ့်ကိုသူ့ခွတ်တာရှတ် ဖြ
သော်လည်း ဒေါသမဖြစ်ခဲ့ဘဲနှင့် ယုံကြည်နေခဲ့ အားကိုးနေခဲ့ မိ
ကဘာယ်မှာပျောက်သွားမှလဲ့။

ဒါပေမဲ့ ပြောဖို့မှမလိုဘဲ သူမေးတာကို လိုက်ဘာပြန်ဖြေရ
မသိဘဲဖြစ်နေသဖြင့်....

"ဒီပြီ မင်း ငါ့ကိုပြောရမှာ အားနာသွားတာထင်တယ်"

နိုဒါန်းက သူ့တာသာအဓိပ္ပာယ်ယတ်မှတ်လိုက်၏။ ပြီးတော့ ဘော
ဘီထဲ လက်တွေထည့်ကာ ခြေထောက်နားမှာရှိသည့် သစ်ကိုင်းခြော
လေးကို ခြေဦးနှင့်ကိုင်ဆော့နေပြီး....

"ငါ့စကားတွေ အဓိပ္ပာယ်ပြောင်းသွားခဲ့ရင် ခွင့်လွှတ်ပါ မင်း
နှစ်ယောက်ဆုံဆည်းတဲ့အထိ မရောက်ရောက်အောင် ပို့ပေးမယ်
ငါကတိပေးတယ်"

သူသည် သစ်ကိုင်းခြောက်လေးကို စိတ်ရှိလက်ရှိ လွှဲကန်
လိုက်ပြီးမှ လိုသစ်ကိုင်းတက်လွင့်ထွက်သွားတဲ့ဆီကို လိုက်ကြည့်
ပြန်သည်။





"သွားရအောင်"

ဘာမှမပြောဖြစ်လိုက်သော နှုတ်ခမ်းသားလေးတွေကိုဖိကိုက်၍ သိုက်က သူ့နောက်ကနေ တိတ်ဆိတ်စွာလိုက်ခဲ့သည်။ သုံးရာသီ သဘောနှင့် မသက်ဆိုင်သော မုန်တိုင်းငယ်တစ်ခုဟာ နှလုံးသားရင်ပြင် ကို ဖဟိုပြု၍ ရင်ခွင်ရပ်ဝန်းတစ်ခုလုံးမှာ ပြင်းထန်စွာ...

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

နယ်စပ်မြို့လေးဆိုပေမယ့် ကားတွေကော လူတွေကော တော တော်စုံပါသည်။ နှစ်ယောက်သား ပင်ပန်းသည့်စိတ်ဖြင့် မြို့ဝေါ ချက်ချင်းမတက်ဖြစ်ကြဘဲ လှမ်းကြည့်ငေးမောရင်း နေရာမှာပဲ ထို ချလိုက်မိကြသည်။

"တံတားကနေ ဖြတ်ကြတာပေါ့ ဒီလူတွေ တို့ကိုမျက်ခြေပြ သွားလို့ ခုလောက်ဆို ဒီနားမှာရှုပ်ချင်ရှုပ်နေမယ် ရှိချင်မှလည်းရှိ လိမ့်မယ် မင်းကြောက်သေးလား"

နီဒါန်းက လှိုက်ကိုမေးပြီး စူးစိုက်ကြည့်သည်။ ခရီးက ပြီးဆုံးတော့ မှာပါ လှိုက်နဲ့သူရဲ့ဆုံးဆည်းဖို့က ရှေ့မှာပဲ ပြီးဆုံးသွားတော့မလား ဒါမှမဟုတ် မဲဆောက်ကျမှ ဆုံးသွားမလား"

လှိုက်ကတော့ သူတွေးနေသလို မတွေးဘူးထင်သည်။ နှုတ်ခမ်း တစ်ခြမ်းပြုံးကျနေသော အုတ်ကန်ဘောင်မှာ ခါးစောင်းလေးနှင့် တင် ရုံကလေးမှီထိုင်ပြီး ကားတွေဖြတ်သန်းနေကြသည့်ဆီကို လည်ပင်း လေးရှည်ကြည့်၏။ ပြီးတော့မှ သူ့ဘက်ကိုပြန်လှည့်၍....





"တကယ်လို့ ရှေ့ကကားဂိတ်ထဲမှာ မင်းရဲ့ကိုကိုကြီးရှိနေရင် မင်း အတွက်ပိုအဆင်ပြေသွားမှာပေါ့နော်"

လှိုက်က ဘာအဓိပ္ပာယ်နှင့် မေးမှန်းမသိတာကို မျက်မှောင်ကုတ် ၍ စဉ်းစားသည်။ ထိုအခါ နီဒါန်းက သူ့ဟာသူပဲ ခေါင်းညိတ်လိုက်ကာ..

"အဲဒါလည်းကောင်းတော့ ကောင်းပါတယ်"

"ရှင် ဒုက္ခအေးလို့လား"

လှိုက်က ဖြတ်မေးလိုက်သဖြင့် နီဒါန်းက မျက်နှာလွှဲလိုက်ရင်း ပြုံးသည်။ ထို့နောက် ဘာမှမပြောဘဲ ကျောပိုးအိတ်ထဲက ကောက်ညှင်း ခံထုပ်ကျန်တာကို ထုတ်ယူ၍....

"မင်း မဆာဘူးလား ရော့လေ စား...ရေလည်းရှိသေးတယ်"

လှိုက်က ချက်ချင်းမယူသောကြောင့်....

"ဆိုင်ထမင်း ဆိုင်ဟင်းက တစ်သက်လုံးစားသွားရမှာပါကွာ ခရီး ဆုံးသေးခင်တော့ သည်းခံလိုက်ပါ ဟိုဆိုင်ရှေ့က ကားထွက်ခါနီးမှ ဘက်သွားလို့ရတယ် စိတ်စောမနေပါနဲ့ အေးဆေးပေါ့"

လှိုက်က ကောက်ညှင်းထုပ်ကို လှမ်းယူလိုက်သည်။ ချက်ချင်း ခဲ အပေါ်ယံဖက်တွေကို ခွာချပစ်လိုက်ကာ..

"စိတ်စောမနေနဲ့ဆိုတာက ဝေ့တာလား လှိုက်ကဘာကိုစိတ် စောရမှာလဲ ကိုကိုကြီးနဲ့တွေ့ဖို့ မတွေ့ဖို့က အရေးကြီးပေမယ့် လော လောဆယ် လှိုက်ဘဝလုံခြုံဖို့ထက် ဘာမှအရေးမကြီးဘူး ပြီးတော့ ဒီကိုကြီးလာစောင့်နေမှာလည်း မဟုတ်ဘူး လေးလေးဉာဏ်လာမှာ"

"လေးလေးဉာဏ်ဆိုတာက"

လှိုက်က နီဒါန်းမေးတာကို မဖြေသေးဘဲ ကောက်ညှင်းထုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲထည့်လိုက်သေးသည်။ နှစ်ချက်သုံးချက် ဝါးလိုက်ပြီးနော
ထပ်ကိုက်၏။

နောက်ထပ်စားလိုက်တော့ ကောက်ညှင်းတစ်ထုပ်ကုန်လေသည
လိုက် ဘယ်တုန်းကမှ ဒီလောက်မစားသောက်ခဲ့ဘူးသဖြင့် ဗိုက်ဆုံ
နီးမို့လို့ လှဘ်လပ်ပေါ့ပါးသွားတာပဲဟု နီဒါန်းကတွက်သည်။

ပြီးတော့ သနားစိတ်နှင့် ရေဘူးကိုဖွင့်ပေးလိုက်မိသည်။ လိုက်
ရေတစ်ငုံယူသောက်ပြီး လည်နင်နေသေးသည်။ ပါးလေးနှစ်
ဖောင်းနေတာ မပြေသေးဘဲ နောက်တစ်ထုပ်ခွာပြန်သည်။

"ဖြည်းဖြည်းစားလေ ကောက်ညှင်းတွေ လည်နင်ရင် ခက်ရော
မယ်"

နီဒါန်းက မနေနိုင်ဘဲ တားအီး၏။ လိုက်က မျက်လွှာလေး
ကြည့်၍ ပြီးအောင်ခွာလိုက်သည်။ ပြီးတော့ သူ့ကိုလှမ်းပေး၏။

"ရော့ ရှင်စား"

"ဟင်"

"တစ်ယောက်တစ်ထုပ်မျှသွားအောင် ဒီမှာမြန်မြန်ဆန်ဆန်
မြိုချလိုက်ရတာ ကုန်ပြီ ရှင့်အလှည့်လေ ရော့ စားပါဆို"

ကောက်ညှင်းထုပ်နဲ့ လိုက်ကိုတစ်လှည့်စီကြည့်ကာ နီဒါန်း
လှမ်းယူ၏။

"ဘာတွေလုပ်တာလဲ"

ဟု မေးလိုက်ရင်း ပါးစပ်ထဲထည့်၏။

"ရှင်စားအောင်လို့ပေါ့ ဟိုတဲထဲမှာ သူတို့ဘာကျွေးသလဲ
မသိဘူး ရှင် ဒီခရီးမှာ ဘာမှလည်းစားတာမတွေ့ဘူး ဝယ်ခြမ်းလာ





းမရာတွေလည်း ရွာဖရောက်ခင်တုန်းက လိုက်ကိုပဲကျွေးတယ် ခု
ထွက်လာတော့လည်း မစားဘူး လူမမာပြောလည်း မကြိုက်ဘူးရှင်
က ဘာမှလည်းမစား ရေမိုးချိုးတာလည်းမရှိ"

"ဖါကိုယ်က အနံ့အသက်တွေ ထွက်နေပြီလား"

လိုက်က သွက်သွက်လက်လက် ခေါင်းခါ၏။

"မထွက်ပါဘူး ရှင့်ကိုတော့ အံ့သြတယ် ရေမိုးမချိုးပေမယ့် ချွေး
နံ့ကောင်မရှိဘူး မစားဘဲလည်း နေနိုင်တာပဲ ဆုတောင်းကောင်းတာလား
ဟန်ဆောင်ကောင်းတာလား"

"အဲဒါတွေနဲ့ ကောက်ညှင်းထုပ်က ဆိုင်လို့လား"

လိုက်မျက်နှာလေး ငေးသွားသည်။ စားသောက်ထားသဖြင့် စိုရဲ
ပြောင်အိသွားသော နှုတ်ခမ်းသားလေးတွေကို လျှာဖြင့်သပ်၍ ဖိကိုက်
လိုက်ပြီး...

"ဟုတ်တယ် မဆိုင်ဘူး ဒါပေမဲ့ နှုတ်ဆက်ဖို့ဖြစ်ဖြစ် သတိရကြ
ဖို့ပဲဖြစ်စေ ခုလို စားသောက်ဖြစ်ခဲ့ကြတာကို ပြန်တွေးစရာလေး ကျန်
ခဲ့ချင်တာ ရှင့်ကို လိုက်တကယ်ခင်တာသိလား ရှင်မလိုချင်တဲ့ ကျေး
ဇူးတွေနဲ့လည်း မဟုတ်ဘူး လိုက်အတွက် မဖြစ်မနေ အကူအညီလို-
တာတွေနဲ့လည်း မဆိုင်ဘူး ရိုးသားစွာပြောတာပါ။ ရှေ့မှာကြုံမယ့်သူ
တွေ့လို့ လိုက်လိုက်သွားရမယ်ဆိုရင်တောင် ရှင့်ကို ရုတ်တရက်မေ့
ပစ်လိုက်နိုင်မှာမဟုတ်တော့ဘူး"

"ကျေးဇူးတင်ပါတယ်လို့တော့ ပြောချင်တာ မပြောတော့ပါဘူး"

ပြောပြီးမှ မပြောတော့ဘူးဆိုတာကလည်း သူများပြောတာကျ
တော့ မကြိုက်တဲ့သူက သူကျေးဇူးတင်ချင်တာကိုတော့ ပြောဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြောဖို့အတွက်တွေထားနေတာပဲဖြစ်၏။

လှိုက်က သူနဲ့တုပြိုင်၍အတွက်တွေကို ရှေ့တန်းတင်ဖို့ မကြိုး[illegible] တော့ပါ။ စောစောက မဖြေဖြစ်ခဲ့တာကို ပြန်ဖြေ၏။

"လေးလေးညာဏ်ဆိုတာက ရန်ကုန်မှာလှိုက်ကိုကြည့်ရှု[illegible] ရှောက်ခဲ့တဲ့ ဘဘကြီးရဲ့ညီပေါ့ သူက မဲဆောက်မှာပဲ ဟိုတုန်းကတည်း[illegible] ကနေတာ ကိုကိုကြီးနဲ့ လှိုက်ကိုလက်ထပ်ပေးဖို့ ဘဘကြီးက လှ[illegible] အကြောင်းကြားလိုက်မှ ဒီကိစ္စတွေထဲပါလာတာဆိုပါတော့ ဘဘကြီး[illegible] က လှိုက်ကို ကိုကိုကြီးဆီမှာ တည်းခိုရင်း မင်္ဂလာကိစ္စမြန်မြန်[illegible] ဆောင်ရွက်ပေးဖို့ လေးလေးညာဏ်ကို တာဝန်ပေးတယ်"

BURMESE CLASSIC

"ကိုယ့် ဦးလေးနဲ့သွားနေတာ အဆင်မပြေဘူးလား"

သဘာဝမကျဖြစ်နေတာကို နိဒါန်းက ဝင်မေးတော့ လှိုက်[illegible] ခေါင်းညိတ်သည်။

"ကိုယ့်ဦးလေးဆီမှာပဲ နေသင့်တာမှန်ပါတယ် ဒါပေမဲ့ လေးလေး ညာဏ်က လူပျိုကြီးလေ စီးပွားရေးက အစုံလုပ်တာဆိုတော့ သူ့[illegible] အပေါင်းအသင်းပေါင်းစုံ လူမျိုးစုံရှိတယ် အိမ်မှာဝင်ထွက်သွားလာနေ[illegible] ကြတာတွေရှုပ်တယ် လေးလေးညာဏ်ကိုယ်တိုင်က လှိုက်ကို သူ့[illegible] လာမနေစေချင်တာ အဲဒါကြောင့် သူပဲအကြံပေးတာပေါ့ ရောက်ရင်[illegible] သူလာကြိုမယ် သူကိုယ်တိုင် ကိုကိုကြီးတို့ဆီ လိုက်ပို့ပေးမယ်တဲ့ အဲ[illegible] ပါပဲ တကယ်လာကြိုမှာကတော့ လေးလေးညာဏ်မှန်ပေမယ့် အခုအ[illegible] အစဉ်တွေက စကတည်းကလွဲခဲ့တာဆိုတော့ ကိုကိုကြီးဖြစ်စေ လေးလေး ညာဏ်ဖြစ်စေ လာကြိုတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်တွေ့ဖို့ဆိုတာ မလွယ် ပါဘူး"





"တကယ်လို့ဆိုတာ ထပ်ဖြစ်လာအောင် အဲဒီလေးလေးညာဏ်လာ [illegible]ကြိုရင် ဘယ်လိုလုပ်မလဲ မင်းဘာသာ ကိုကိုကြီးဆီသွားမှာလား"

နိဒါန်းမေးတာကို လှိုက်မဖြေနိုင်ပါ။ လေးလေးညာဏ် ဖုန်းဆက် [illegible]န်းက သူမလည်း နားထောင်ခဲ့သည်။

"ကျွန်တော့်ဆီမှာမဟုတ်ပေမယ့် ယောကျ်ားလေးရှင်ဆီတန်း [illegible]သွားရင်တော့ မကောင်းဘူးအစ်ကို ခင်မင်လို့ သွားလည်ကြတာက [illegible]င်မျိုးပေါ့ ခုကိစ္စက လက်ထပ်ပေးဖို့ မိန်းကလေးက သွားရတာ ဘယ် [illegible]ကောင်းမလဲ ကိုယ့်မှာပြဿနာရှိတာကို သူတို့နားလည်သေးတာလည်း [illegible]ဟုတ်ဘူး နေပါဦး ဒီကောင့်သတင်းလည်း ကျွန်တော်စုံစမ်းဦးမယ်"

"ဒီကောင်က တော်တော်ချောတဲ့ကောင် ပညာလည်းတတ်တယ် [illegible]ကျော်နာလည်းရှိတယ် အစတုန်းက သူ့သွားလာနေထိုင်ပုံတွေကို မြင်နေ [illegible]မယ့် အမှတ်တမဲ့ပဲ အခု ကိုယ့်တူမအတွက် ဖြစ်လာပြီဆိုတော့ [illegible]သချာထားမှာဖြစ်မှာ"

လေးလေးညာဏ် ဒီစကားတွေပြောခဲ့စဉ်က ကိုကိုကြီးအပေါ် မှာ [illegible]သင်မကျနိုင်စရာတစ်ခုတာလေ မြင်ထားလို့လားဟု တွေးမိခဲ့သေး၏။

ထို့ကြောင့် လေးလေးညာဏ်ကိုယ်တိုင် လာကြိုပြီး ပေ့ါပေ့ါပါးပါး [illegible]ည်ဖြူစွာ လိုက်ပို့ပေးတာ မဟုတ်ဘဲသွားဖို့ဆိုတာ...

"မေးတာကိုဖြေလေ"

နိဒါန်းက စဉ်းစားနေတာကြာတော့ စိတ်မရှည်သလို ထပ်မေး၏။

"မသိဘူးနိဒါန်း အဲဒါကိုပဲ ဆုံးဖြတ်ဖို့ မဲဆောက်ရောက်တဲ့ထိ [illegible] ပါသွားမလားမသိဘူး လေးလေးညာဏ်နဲ့ မုဆုံဖြစ်ချင်တာတော့ [illegible]မှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လွယ်လွယ်လေးပဲဟာ လာမကြိုလည်း ကိုယ့်ဦးလေးဆီ အရင်သွားလိုက်ပေါ့ ပြီးတော့မှ တိုင်ပင်ပြီး ဆက်လုပ်ရင်ရတာပဲ"

စိတ်ပါလက်ပါပြောနေပြီးမှ နီဒါန်းက အားနာသွားသည့်မျက်နှာနှင့်...

"မဆိုင်တာ ဝင်ပါတာတော့ မဟုတ်ပါဘူး မင်းဆုံးဖြတ်ရခက်နေသလားလို့"

ဟု မျက်ဝန်းတွေ တခြားလွှဲပစ်၍ ပြောပြန်သည်။

"ဟုတ်ပါတယ် လိှုက်ကလည်း ဒီလိုပဲ လုပ်ချင်တာပါ ဒါပေမဲ့"

"ဘာဖြစ်လဲ"

"လေးလေးညဏ်က လုပ်ငန်းတွေအများကြီး တစ်ကိုယ်ရေသမား ဆိုတော့ ဘယ်မှာနေမှန်း လိှုက်ကမသိဘူး"

"ဖုန်းဆက်ရင်ကော"

"သူ့ဆီကို ဖုန်းဆက်တာ လေးလေးညဏ်ကမကြိုက်ဘူး"

ဘယ်လိုကြီးလဲဟု တွေးမိရင်း နီဒါန်းမျက်မှောင်ကုတ်သွားသည် ဒါကို လိှုက်ကနားလည်ကာ...

"ဒီလိုပါ ဟိုလေ လေးလေးညဏ်က လူဆိုးမဟုတ်ပေမယ့် ရုပ်ကောင်းတော့ မဟုတ်ဘူးနီဒါန်းရဲ့ လှက်လပ်တာကို အလွန်သဘောကျတဲ့သူ ကျောင်းပြီးတာနဲ့ ဒီရောက်နေတာကိုပဲကြည့်ပါလား အေးဆေးတွင်းကျတော့ လိှုက်မသိဘူး ဒါပေမဲ့ လေးလေးညဏ်ကလည်း ရန်ကုန်ကို သိပ်မလာဘူး သာလည်းလိှုက်တို့ဆီလာချင်မှလာတာ အဘကြီးကလည်း ဒီလိုပဲနေလာခဲ့တာကြာပြီ ညီအစ်ကိုပေမယ့် စရိုက်မတူတဲ့ သဘောပေါ့ အခုကိစ္စတွေရှိလာမှ"





"သိပြီ ဒါဆိုရင်လည်း သူ့ကိုပဲရှာပေးမယ် မင်းဟိုတစ်ယောက်ဆီကို တန်းမသွားချင်ဘူးဆိုရင်ပေါ့"

လိှုက်ကို ကောက်ညှင်းထုပ်ကို ကိုင်ထားသဖြင့် ပေကျံနေသည့် လက်ချောင်းကလေးတွေကို ပွတ်သပ်ချရင်း နီဒါန်းမျက်နှာကိုကြည့်၏။

ဘာစကားပဲပြောပြော နီဒါန်းပြောသမျှ အဓိပ္ပာယ်တွေက ကိုကိုကြီးနဲ့ လိှုက်၏ပတ်သက်မှုကိုပဲ ဦးတည်နေမှန်းသူမသိသည်။

ကိုကိုကြီးနဲ့ ပတ်သက်သော ခံစားမှုအတိုင်းအတာ လိှုက်ရင်ထဲမှာ ဘယ်ရွေ့ဘယ်မျှရှိနေသည်ဆိုတာကို သိချင်နေတာလား ဒါမှမဟုတ် လိှုက်က ချစ်နေသည်ဟုထင်ပြီး တစ်မျိုးခံစားနေရသည်လား။

ကိုကိုကြီးနဲ့ ပတ်သက်တာကို သူမေးခဲ့သမျှ လိှုက်မဖြေဖြစ်ခဲ့သေးပဲ သူကတော့ နောက်ထပ်မေးမြန်းလာခဲ့တာမရှိ။ မျက်လုံးချင်းဆုံပြီး နီဒါန်းက ခပ်လွှဲလွှဲလုပ်ပစ်၏။

"ရှင်က လိှုက် ကိုကိုကြီးဆီကိုပဲသွားချင်စိတ်တွေများနေတယ်လို့ ထင်လို့လား"

သူက လှည့်မကြည့်ဘဲ ခေါင်းခါပြသည်။

"ဒါ အဲဒီလိုထင်မိရင်ပေါ့ မင်းကိုအပြစ်တင်တဲ့စိတ်နဲ့မဟုတ်ဘူး မင်းမှန်ပါတယ်"

နီဒါန်းက ကျောပိုးအိတ်ထဲကို သေချာဖွင့်ကြည့်ပြီးမှ ပြန်ပိတ်သည်။ ပြီးတော့ နေရာမှပေးတာ သစ်ကိုင်းများတို့ဆီကို လိုက်မော့ကြည့်ပြီး လက်လှမ်းမီသည့် သစ်ရွက်ကို ခူးလိုက်သည်။

ကသစ်ရွက်နဲ့အင်ကျင်ပြီးပို၍ ကျယ်ပြန့်ကာ ကြမ်းရှရှသစ်ရွက်ကို နှာခေါင်းနားချပြီး နမ်းကြည့်၏။ ထိုသစ်ရွက်ကြွကို လွှင့်ပစ်လိုက်ပြီး နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



မြေဖျားထောက်၍ သစ်ရွက်တွေကို ဆိတ်ယူလိုက်တော့ သူ့လက်ထဲမှာ များများစားစားပါလာ၏။

နိဒါန်းက ရှေ့တိုးလာပြီး လှိုက်လက်ဖဝါးလေးကို ထပ်ဆုပ်ကိုင်လိုက်သည်။

"ရော့ လက်တွေသုတ်လိုက်"

သစ်ရွက်နုလေးတွေကို လက်ဖဝါးလေးဖြန့်ယူပြီး ထည့်ပေး၏။

"အနံ့သိပ်မရှိဘူး နည်းနည်းတော့ ပြောင်သွားတာပေါ့"

လှိုက်က ကြောင်တောင်တောင်မော့ကြည့်လျက် သစ်ရွက်တွေကို ဆုပ်လျက်သားနှင့် ငိုင်နေသည်။ နိဒါန်းသည်လည်း သစ်ရွက်တွေနဲ့ လက်ဖဝါးလေးကို ဆုပ်ကိုင်ထားဆဲနှင့် စူးစိုက်ငေးကြည့်နေခဲ့လေသည်။

ရင်ထဲမှာ ဆွေးနေတာ သေချာလေ တုန်လှုပ်ခဲ့ရလေ။ ဒီမိန်းကလေးကိုသူ....

မျက်နှာကိုငုံ့ပစ်လိုက်ပြီး လှိုက် လက်ချောင်းလေးတွေကို ဖြန့်ယူလိုက်မိသည်။ ပြီးတော့ သစ်ရွက်လေးတွေလည်း ပေါက်ပြဲမသွားအောင် ကောက်ညှင်းစေ့တွေပေနေတာကိုလည်း တတ်နိုင်သမျှ ကွာကျသွားအောင် နိဒါန်းက တယုတယ စိတ်ရှည်လက်ရှည် သုတ်ပေးနေခဲ့၏။

သူဟာဒီလို နူးညံ့တတ်တဲ့လူမဟုတ်ဘူးဆိုတာ လှိုက်သိသည်။ လှိုက်က အမှတ်တရ ဖြစ်ချင်လို့ ကောက်ညှင်းထုပ်အတူစားဖြစ်အောင် ဖန်တီးခဲ့သည်။ အဲသလို သူလုပ်တာလား....

"ဒါပေမဲ့ နိဒါန်းရယ် လှိုက်ကို ပန်းကုံးကလေးကိုပဲပေးပါ ပန်းသီ





တဲ့ကြိုးကို မပြပါနဲ့...."

မျက်လွှာချထားသဖြင့် တိုစိပ်စိပ်ထူခဲသော မျက်တောင်တို့ကို မြင်နေရသည်။ ထူတန်းနေသည့် မျက်ခုံးတန်းတို့ဟာ ယောကျ်ားပီသစွာ ခန့်ခန့်ညားညား ဖေးတင်လျက် ရှိ၏။

သူ့ကိုငေးနေရင်း လှိုက်ရင်ထဲမှာ ဘယ်လိုဖော်ပြရမှန်းပင်မသိနိုင်သော ဝေဒနာတစ်ရပ်က နှိပ်စက်လာခဲ့၏။ ငိုချင်လာသည်။ ပြီးတော့...

သူ့ရင်ဘတ်ကြီးကို တအားထုရိုက်ပြီး မေးချင်၏။ ပြတ်ပြတ်သားသားတောက်တောက်စကားတွေ ပြောထွက်ခဲ့တဲ့သူ...

ခရီးတစ်လျှောက်မှာလည်း ထူးခြားညှာတာခဲ့တာ ဘာရှိလို့လဲ အဲဒီလိုပဲ နေသွားပါလား ဘာတွေလုပ်ပြနေတာလဲ ဘာဖြစ်လို့ ပြောင်းလဲခဲ့တာလဲ။

တကယ်တော့ ရှင်က စီးတောင့် စေးနဲ တွန့်တိုတတ်တဲ့သူပဲ။ ပေးနိုင်ဘဲနဲ့လည်း မပြနဲ့ပေါ့ လှိုက်မလိုချင်ဘူး လှိုက်လည်းရှင့်ကို ဘာမှမပေးနိုင်တော့ဘူး အဲဒါကြောင့် မကြားပါရစေနဲ့ မမြင်ပါရစေနဲ့။

ရင်ထဲမှာ သံတိတ်ပြိုကွဲနေခဲ့သော ကြေကွဲနှုတ်ဆက်ခြင်းများသာ ဟန်မဆောင်တတ်သည့် မျက်ဝန်းတို့မှ ထွက်ပေါက်ရှာလာကြလေ။

မျက်ရည်စမ်းတို့က လှုပ်လီလှုပ်လဲ့ ပြည့်တက်လာကြသည်။ မျက်တောင်မခတ်မိအောင် နှုတ်ခမ်းလေးကို ဖိကိုက်ထိန်းချုပ်နေခဲ့သော်လည်း ရင်တွင်းမှ တလှိုက်လှိုက် တွန်းပို့လာသော ပူလောင်မှုများက ဝေဒနာကမ်းပါးကို ကျော်လွှားပြိုဆင်းလေသည်။

မျက်နှာကို ကမန်းကတန်း ငုံ့ချလိုက်ပေမယ့် နိဒါန်းက မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ မိန်းမလှ မျက်ရည်ကြောင့် ကိုယ်ဟာ ဖျင်းခဲ့ လွှပ်ရှားသွားသော လည်း ဆုပ်ထားမိသည့် လက်ဖဝါးလေးကိုပဲ ဖျစ်ညှစ်လိုက်မိ၏ ထို့နောက် နီဒါန်းက လှိုက်တွက်မိခဲ့ပြီးသည့်အဖြစ်ကို ဝန်ခံသည်။

"အမှတ်တရ ဖြစ်ချင်ဖြစ်သွားမှာပဲ ဒါပေမဲ့ တမင်တကာဖြ တာ မဟုတ်ပါဘူး"

သူက လှိုက်၏ လက်ချောင်းရဲရဲလေးတွေကို သေချာဖြန့်ကြ ပြီးမှ အသာလွှတ်ပေးသည်။

"ဒီကနေ ဟောဟိုမျက်စိတဆုံးကိုရောက်ရင် မင်းနဲ့ငါရဲ့ ခရီး ခြင်းက ဆယ်ဖို့ရှိချင်လည်းရှိမယ် ဆုံးသွားမယ်ဆိုရင်လည်း တစ်န လောက်ဖြစ်ဖြစ် နေပါရစေဦးဆိုရင်တောင် မဖြစ်နိုင်တော့ဘူး ငါ မင်းကိုပေးခွင့်မရှိဘူးဆိုလည်း ငါသိတယ် ဒါပေမဲ့ တစ်ခုတော့သိ ပါ ဆန့်ကျင်တက် သဘာဝရှိတဲ့ အရာရာတိုင်းဟာ ပြင်းထန် ဂုဏ်သတ္တိတွေရှိတယ်ဆိုတာပဲ"

နီဒါန်းက တစ်လှမ်းချင်း လျှောက်သွား၏။ လှိုက်မော့သော ထားသည့် ရေဘူးကို လွှတ်ပစ်လိုက်မလို ပြင်ပြီးမှ ကျောပိုးအိတ် ထည့်ပိတ်သွားသည်။

လှိုက်က ကမန်းကတန်း ပြေးလိုက်သွားကာ...

"နီဒါန်း"

"ဟင်"

"လှိုက်ကိုထားခဲ့ပြီး ရှင်ကချက်ချင်းလှည့်ပြန်သွားမယ်ဆိုရ ပိုက်ဆံလေးသောင်းခွဲမယူတော့ဘူးလား"

"မယူတော့ဘူး"





နီဒါန်းက သွားနေရင်းနဲ့ဖြေသည်။

"ရှင့်မှာ ရှိလည်းမရှိတော့ဘဲနဲ့ ဘာနဲ့ပြန်မှာလဲ"

နီဒါန်းက တုံ့ခနဲရပ်လိုက်ပြီး လှိုက်ကိုကြည့်သည်။

"ယောကျ်ားတစ်ယောက်အတွက် ငွေရှိနေဖို့ထက် ငွေရှာနိုင်ဖို့ ဟာ အဓိကပါ ငါ့အတွက် မင်းပူစရာမလိုဘူး"

သူ့မျက်နှာ တင်းနေသည်။ လိုတာထက်ပို၍ နီမြန်းနေသော နှုတ် ခမ်းနှင့် မျက်ဝန်းဒေါင့်များကို လှိုက်ကကြည့်တော့ သူ့မျက်နှာလွှဲ သွား၏။ နှစ်ယောက်စလုံး ကားနှစ်စီးသုံးစီးရပ်ထားသည့် စားသောက် ဆိုင်လေးရှိသော နေရာသို့ လျှောက်လာခဲ့ကြသည်။

"လှိုက်"

"ဟင်"

ခေါ်သံနှင့်အတူ သူ့မဘေးသို့ လူရိပ်တစ်ရိပ် ရောက်လာခဲ့သည်။ မော့ကြည့်လိုက်တော့ ကိုကိုကြီးပဲ ဖြစ်နေ၏။

"လှိုက် ဘာကြည့်နေတာလဲ ကိုကိုကြီးဆီကိုလာတာမို့လား လာ လာ စောင့်နေတာ သုံးရက်ရှိပြီ"

မင်းဟိတ်က လှိုက်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ခပ်လှမ်းလှမ်း မှာ ရပ်နေသည့် နီဒါန်းကိုလည်း ကြည့်သည်။

"ဘယ်လိုတွေ ဖြစ်လာတာလဲ လှိုက်ရယ် ဘယ်သူမှမပါဘူးလား နေမလောင် မြေမခနေလာတဲ့သူကို ဒီပုံစံနဲ့မြင်ရတော့ တော်တော်ကို ထူးဆန်းသွားတာ လှိုက်ကိုခေါ်သာခေါ် ရတာ ဟုတ်ပွဲ့မလားလို့တောင် နီးရိမ်မိတယ်"

လှိုက်က ဂျင်းပင်န်တိုကပ်ကပ်လေးနှင့် ဂျင်းအင်္ကျီကိုပါ ထပ်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသဖြင့် မျက်နှာလေးက ပြောင်ပြောင် ဆံပင်ကမသပ်မယပ်...

သန့်စင်သော ဆင်းအင်္ဂါလေး ပျောက်မသွားခဲ့သော်လည်း စုတ်စုတ်ပြတ်ပြတ်ပုံလေးတော့ ဖြစ်နေလေသည်။ ထို့ပြင် ပခုံးအောက်ဆင်းနေသော ဆံပင်ရှည်ဘုတ်သိုက်ကြီးနှင့် အသားလတ်၍ တကိုယ်လုံး ဖြောင့်ဖြောင့် ယောကျ်ားကိုလည်း အတူတွေ့၏။

ကလေးကချေ့ သူခိုးဂျပိုးရုပ်လို့မပြောနိုင်ဘူးပဲထားဦး။ မျက်မှောင်ကုတ်ကုတ် ရှုတင်းတင်းရုပ်မှာ မျက်လုံးတွေက စူးစူးရဲရဲ ဖြစ်နေသေးသည်။ လူတစ်ယောက်၏ရင်ထဲကို ထိုးခွဲလိုက်နိုင်သော မိုက်ရိုင်းရူးရှုသည့် အကြည့်များဖြစ်၏။

ဒီလူရွယ်ဟာ ဘယ်လိုနည်းနှင့်မှ လူတော်လူကောင်းမဖြစ်နိုင်။ ဒါသေချာသည်ဟု မင်းဟိတ်က ရင်ထဲမှာထပ်၍ အတည်ပြုလိုက်သည်။ ဤသို့ဤနှယ်သော လူရွယ်နှင့်လှိုက်တို့ဘာဖြစ်လို့ အတူဖြစ်လာခဲ့တာလဲ။

"သူက လှိုက်ရဲ့အသိလား"

ကိုယ့်အကြည့်က သိသာသွားပြီမှန်းတွက်မိလိုက်ကာ တည့်တည့်ပဲ မေးလိုက်မိတော့သည်။ လှိုက်ကလည်း တစ်စုံတစ်ခုကို အကြိတ်အနယ် တွေးတောသလို သူ့ကိုကြည့်၍ ငြိမ်သက်နေရာမှ ထိုသူကို ကြည့်၏။ ပြီးတော့ ခေါင်းညိတ်၏။

"ဟုတ်တယ် ဒါပေမဲ့ အသိတော့မဟုတ်ဘူး ယုံကြည်အားကိုးရတဲ့ ရဲဘော်ရဲဘက်တစ်ယောက်ဆိုပါတော့"

လှိုက်အဖြေကို သူဘဝင်မကျနိုင်ဖြစ်သွားသည်။ ဒါပေမဲ့ ပါးစပ်ပိတ်နေလိုက်ပါ၏။





"ဒါနဲ့ ကိုကိုကြီးက လှိုက်ဒီရောက်လာမှာကို သိနေလို့လားဟင် လေးလေးညာဏ်ပြောတာလား လေးလေးကော"

"လေးလေးမပြောတဲ့ ကိုကိုကြီးက သိပ့်မလားလှိုက်ရယ် လေးလေး ဒီရက်ပိုင်းကျမှ ခရီးထွက်သွားရလို့ ကိုကိုကြီးကို သေချာမှာသွားခဲ့တာတဲ့ လာ..လာ အိမ်ရောက်မှပြောကြတာပေါ့ ဟိုမှာကားပါတယ်"

မင်းဟိတ် ကြည့်လိုက်တဲ့ဆီကို လှိုက်တို့လှည့်ကြည့်မိကြသည်။ တောက်တောက်ပြောင်ပြောင်ကြီး သိပ်မဟုတ်သော ကားဖြူလေး တစ်စီးကို တွေ့၏။ ထို့ပြင်ကားပေါ်မှာ ကျောလယ်ခန့်ဆံပယ်တွေကို ဖြန့်ချလျက် မျက်မှန်အနက်ရှည်ရှည်လေးကို တပ်ထားသည့် အမျိုးသမီးတစ်ယောက်လည်း ရှိနေ၏။

သေချာစိုက်ကြည့်မိပေမယ့် သူမကို လှိုက်မသိပါ။ သို့သော် ဟိုတုန်းကတော့ ဟိုတုန်းကတော့ ကိုကိုကြီးတို့မိသားစုနှင့် ဒို့ပြင် ဆွေမျိုးညာတိ ရှိသမျှတွေထဲမှာ သူမမပါတာတော့ သေချာသည်။

"လာလေကွာ"

"နေပါဦး"

ကိုကိုကြီးက လှိုက်ကိုလက်ကိုဆွဲယူလိုက်၏။ လှိုက်ကို လက်ကို နောက်ရောက်သွားအောင် ရုတ်ပစ်လိုက်သည်။ သူမသည် မျက်နှာလွှဲနေသည့် နီဒါန်းဘက်ကို လှည့်ကြည့်၍....

"နီဒါန်း"

လှမ်းခေါ်တော့မှ နီဒါန်းက လှည့်ကြည့်သည်။ လှိုက်က ခေါင်းညိတ်ပြလိုက်သဖြင့် အနားကိုပြန်လျှောက်လာသည်။

"ကိုကိုကြီး သူ့နာမည်က နီဒါန်းတဲ့ ရန်ကုန်ကလာကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အတူတူ တစ်ခရီးတည်းဆိုပါတော့"

"ဩော်"

ကိုကိုကြီး မျက်လုံးထဲကစာကို တစ်ချက်လောက်ငေးကြည့်လိုက်တာနှင့် နီဒါန်းက ကုန်စင်အောင် ဖတ်ရှုလိုက်နိုင်သည်။ နှုတ်ခမ်းလွှာတို့မှာ တွန့်ခနဲ တွန့်ကျသွား၏။

ဘယ်လိုအဖြေးလဲ မြင်လိုက်သည်နှင့် မင်းဟိတ်မျက်နှာက သိသာစွာ တင်းမာသွား၏။ ဒီလိုမထိတရိ ခပ်ရိရိပြုံးရအောင် သူနဲ့ကိုယ် ဘာဖြစ်ခဲ့ဖူးသလဲ မလိုလားခဲ့မိသောစိတ်က ပို၍အားကောင်းသွားခဲ့သည်။ လှိုက်ကတော့ နီဒါန်းကိုပဲကြည့်၍ ပြုံးပြကာ...

"နီဒါန်း လှိုက်ပြောဖူးတဲ့ ကိုကိုကြီးဆိုတာသူပေါ့ နာမည်က မင်းဟိတ်တဲ့"

"သိပြီးပါပြီ"

"သွားမယ်လှိုက်"

မင်းဟိတ်က အသိအမှတ်မပြုသလို ကျောခိုင်းလိုက်ပြီးသားနှင့် ပြန်မကြည့်တော့ဘဲ လျှောက်ထွက်သွား၏။

"ကိုကိုကြီး နေပါဦး"

"ဘာဖြစ်လို့လဲ လှိုက်"

ပြန်ကြည့်လိုက်သည့် မျက်ဝန်းတို့က သိသာစွာ မှုကုတ်လျက် လေသံကလည်း မာသွား၏။ လှိုက်ကလည်း ဒါကို မသိကျိုးကျွံပြု၍...

"ဒီဘက်မှာ နီဒါန်းကလည်း ညည့်သည်ပါပဲ ခရီးဆုံးနေကာမှ သူလည်းနားချင်တာပေါ့ လှိုက် သူ့ကိုပါခေါ်ခဲ့မှဖြစ်မှာ"

"ဘာရယ်"





မင်းဟိတ်က အမူအရာ လေသံအားလုံးမှာ မလိုလား မနှစ်မြို့ခြင်းတွေ ထည့်လွှတ်လိုက်ပြီးမှ ပြန်လှည့်လာကာ...

"သူလိုက်မယ် ဟုတ်လား လှိုက်က သူ့ကိုကိုယ်ရုံတော်ငှားလာတာလား ခရီးသွားရင်းဆုံခဲ့ကြတာလား မဟုတ်ဘူး မဟုတ်ဘူး ကိုယ်ပြောတာက"

စိတ်လောကြီးစွာ ပြောချလိုက်ပြီး မင်းဟိတ်က လက်ကာတားတော့ ခေါင်းခါတာကော မျိုးစုံကာ ကျွတ်ခနဲ စုတ်သပ်၍ မျက်လုံးတွေဆို စောမိုတ်လိုက်သေးသည်။

ပြီးတော့ ဖျတ်ခနဲ ပြန်ဖွင့်၏။ နီဒါန်းနဲ့ လှိုက်ကို စိမ်အုပ်ရှုပ်ခွင့်ရှိသူ၏ မျက်လုံးများနှင့် ခေါက်တုံ့ခေါက်ပြန်ကြည့်၏။

"ကိုယ်ရုံတော်ငှားလာတာဆိုရင်တောင် သူ့တာဝန် ဒီမှာဆုံးသွားပြီ ဟိုကိုခေါ် ဖို့မလိုဘူး မင်းစဉ်းစားကြည့်ဦးလှိုက် မင်းနဲ့ကိုယ်လက်ထပ်ဖို့ အားလုံးစီစဉ်ပြီးနေပြီလေ မင်းအဲဒါကြောင့်လာတာမဟုတ်ဘူးလား မင်းခုလိုကြီး တစိမ်းယောကျ်ားတစ်ယောက်နဲ့ တွဲလာတာကို မာမီတို့မြင်သွားရင် ဘယ်လိုထင်မလဲ"

လှိုက် ဘာမှ မပြောနိုင်ပေမယ့် မျက်မှောင်ကုတ်သွားခဲ့၏။

"ပြီးတော့ ရှိသေးတယ် မင်းထွက်လာတာက ရောက်သင့်တဲ့အချိန်ထက် အများကြီးနောက်ကျနေတာ အဲဒါတွေးမိရဲ့လား ဒါတွေကို သူကြီးတွေက..."

"ကိုကိုကြီး ဘယ်လိုပြောလိုက်တာလဲ"

"မင်း ကလေးဆန်ချင်တာကို သတိထားမိအောင်ပြောနေတာ ဆိုင်တာတွေ ဆွဲမသွင်းစေချင်ဘူးကွာ အလုပ်ရှုပ်ရုံအပြင် မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွက် ထိခိုက်လာဖို့တွေရှိတယ်”

လှိုက် မခံချင်စိတ်တွေ ဖြစ်လာသည်။ ဘာဖြစ်လို့ လေးလေးညာဏ် လာမကြို့တာလဲ၊ ဒီမေးခွန်းဟာ ကိုကိုကြီးမျက်နှာကို မြင်လိုက်ရကတည်းက ရင်ထဲမှာဖြစ်ခဲ့တာ။

ပြောတုန်းကတော့ လက်ထပ်ဖို့အတွက်နဲ့ မိန်းကလေးက သွားရတာ သိက္ခာရှိရအောင် ကျွန်တော်ကိုယ်တိုင်စီစဉ်မယ်တဲ့။ ဘဘကြီးကတောင် ဒီစကားကြားတော့ ကျေနပ်နေခဲ့သေးသည်။

“ညာဏ်ရှိန်ဆိုတဲ့ကောင် ဒီလိုကျတော့လည်း သွေးနီးသားပဲ သူတူမအတွက်ကို သူကိုယ်တိုင်စီစဉ်မယ်တဲ့ သမီးကို သူလာကြိုမှာ သမီးမောင်မင်းဟိတ်ဆီ တိုက်ရိုက်မသွားနဲ့ဦး သိလား သမီးလေးလေး စီစဉ်လိမ့်မယ် ခုမှပဲ ဘဝင်ကျရတော့တယ်”

ဘဘနဲ့လေးလေးတို့ ဖုန်းချင်ဆက်သွယ်မိပြီး ဘဘကြီး ကျေကျေနပ်နပ် ပြောနေခဲ့ဖူးသည်။ တစ်ကိုယ်တည်းရေရွတ်ရင်း လှိုက်ကိုလည်း ပြောပြ၏။

“ဘယ်ကနေပဲဖြစ်ဖြစ် ဖုန်းလှမ်းမဆက်နဲ့သမီး တစ်ယောက်ယောက်သိသွားရင် စီစဉ်ထားတာတွေ ပျက်ကုန်မယ် ဘာပဲဖြစ်ဖြစ် သမီးရဲ့ အိမ်ထောင်ရေးကို သူတို့ဖျက်မှာပဲ”

ဘဘကြီးက လေးလေးညာဏ်လာကြိုမည် စိတ်ချရမှ လိုက်ပို့ပေးမည်ဟုသော အစီအစဉ်တွေကို နှစ်ထောင်းအားရလျက် ဖုန်းမဆက်ဖို့ ထိ မှာခဲ့သည်။

လှိုက်လက်ထပ်တာနှင့် အမွေလွှဲပေးမည့်အဖြစ်ကို မရောက်အောင် နာရီမိနစ်စက္ကန့်တွေ ကျန်နေသေးသမျှ ဝိုင်းဝန်းလုံးပန်းနေကြ





ည်လော။

ဒါကိုကာကွယ်ရင်း ခရီးကို တိတ်တဆိတ် ရှက်လွှင့်ဖို့က လှိုက်ဘက်မှာ ဘဘကြီးနဲ့ လေးလေးညာဏ်နှစ်ယောက်တည်းရှိသည်။

ခုကျတော့ လေးလေးညာဏ်က ပေါ်မလာပါလား။ စိတ်မချတဲ့သူက ခရီးတောင်သွားနေလိုက်သေးသည့်အဖြစ်။

“နေဦးလှိုက် ကိုကိုကြီးမေးမယ်”

လှိုက် မျက်နှာမကောင်းတော့ မင်းဟိတ်က နောက်တစ်မျိုးဖြစ်လာပြန်၏။

“သူ့ကိုငွေပေးဖို့ ရှိနေသလား”

လှိုက် ဖျတ်ခနဲမော့လာသည်။ စူးစူးရဲရဲ မြင်သွားသည့် နီဒါန်းမျက်လုံးတွေကိုလည်း ကြည့်လိုက်မိ၏။ မင်းဟိတ်က နီဒါန်းကို ဂရုမစိုက်ဘဲကြည့်၍....

“ကိုယ်မေ့နေတာ အဲဒါကိုမေးသင့်တာပေါ့ မင်းရပ်စောင့်နေတာ အဲဒီကိစ္စလား”

“အဟွန်း”

နီဒါန်းက ခပ်မဲ့မဲ့ရယ်ပြီး မင်းဟိတ်ရှေ့ကို တစ်လှမ်းတိုးသည်။

“အုံ့ဩစရာပဲနော် ပိုက်ဆံအိတ်ကျပျောက်တဲ့လူတောင်မှ ကြိုက်တာယူထားလိုက်ပါ အရေးကြီးတဲ့ ပစ္စည်းတစ်ခုကိုပဲ ပြန်ပေးပါ ဘာညာနဲ့ ကျေးဇူးတင်စကားပြောကြတာတွေ ရှိသေးတယ် ခင်ဗျားကတော့ လူတစ်ယောက်လုံးကြီး ခလုတ်မထိ ဆူးမငြိရှေ့အရောက် ပို့ပေးတာတောင် ဇော်ကားသေးတယ် လေးစားတယ်ဗျာ”

မင်းဟိတ်မျက်နှာရဲတက်သွားသည်။ နီဒါန်းက လှိုက်ကို ခပ်စွေ



www.burmeseclassic.com

www.burmeseclassic.com



ခွေငုံ့ကြည့်လိုက်ပြီး...

"မင်း အဆင်ပြေပါစေ"

မရှိုယွင်းသော လေသံနှင့်ဆို၏။ ပြီးတော့ နှုတ်မဆက် လက်မပြဘဲ လှည့်ထွက်သွားလေသည်။

"နီဒါန်း"

လိှုက်က ပြေးလိုက်ပြန်သည်။ နီဒါန်းက ရပ်မစောင့်သဖြင့် ရှေ့ကိုရောက်အောင်ပြေးသွားပြီးမှ ပိတ်ရပ်ရသည်။

"ရှင် ဘယ်သွားမှာလဲဟင်"

နီဒါန်းက ပါးစပ်ပိတ်၍ စိုက်ကြည့်နေပေမယ့် မဖြေပါ။ လှိုက်မျက်တောင်တွေ တဖျတ်ဖျတ်ခတ်ပစ်နေရင်း မျက်ရည်ဝဲလာသည်။ စောစောကမှ သူပြောခဲ့တာတွေက နိမိတ်တွေလား။

'ဒီကနေ ဟိုရှေ့မျက်စိတစ်ဆုံးမှာ ခွဲကြရရင်'တဲ့။ ခွဲကြရရင် ဘယ်လိုဖြေသိမ့်ရမလဲဆိုတာကိုတွေးပြီးတော့တောင် အဆင်သင့်မဖြစ်ခဲ့သေးပါ။

ခွဲရမှာပဲ ဆိုတာကို သိတော့ သိပြီးသားပါပဲ။ ဒီလောက်ထိ မြန်ဆန်သေချာစွာ ဖြစ်လာမည်ဟု နည်းနည်းလေးမှ မတွေးဖြစ်ခဲ့ပေ။ ဒီမှာလာကြို့ဖို့ရှိပေမယ့် အစီအစဉ်တွေက လွဲခဲ့ပြီမို့ ခရီးရှေ့ဆက်ရဦးမှာလို့ ထင်ခဲ့၏။ ခုတော့...

"နီဒါန်းရယ် ရှင်ကတကယ်ပဲထွက်သွားတော့မှာလား"

လှိုက် ထပ်မေးတော့မှ သူက ကြည့်နေလျက်နှင့်...

"ငါ မင်းနားမှာရှိနေဦးမှာပါ မင်းရဲ့ဦးလေးနဲ့ ဆုံဖြစ်တဲ့အထိပေါ့ နာနာနမ်း တည်းခိုဆောင်မှာ ငါရှိမယ်"





"နာနာနမ်း ဟုတ်လား အဲဒီတည်းခိုဆောင်က မဲဆောက်မှာလား ...လား"

"လှိုက်"

မေးတာလည်း မဆုံးသေး နီဒါန်းလည်း မပြောဖြစ်ခဲ့ပါ။ နောက် ...နေ ဆိုးဆိုးဆတ်ဆတ် ရောက်ချလာပြီး မင်းဟိတ်က လှိုက်လက် ...လေးကို ဆွဲခေါ်သွားခဲ့လေသည်။ ဒေါသစိတ်ကြောင့် တစ်ကိုယ်လုံး ...နဲ့ မြည်သွားသလားမသိ။

သို့သော် လှိုက်နဲ့သူ့အတွက်က ဆိုင်လည်းမဆိုင်သလို ပိုင်လည်း ...ပါ။ သူမ၏ ခရီးဆုံးကိုက ကိုကိုကြီးဆိုသူ၏ ရင်ခွင်ရပ်ဝန်း ...ိုက်ပို့ပေးခဲ့တာလည်း ဒီရင်ခွင်ထဲကိုပါပဲ။

လှိုက်ကို လုံးဝပြန်မကြည့်ခဲ့တော့ဘဲ သူ့ခြေလှမ်းတွေကို နှင်ခဲ့ ...။ စိတ်နှင့် ခြေလှမ်းက ဆန့်ကျင်ဘက်လွန်ဆွဲနေခဲ့ကြ၏။ ရှေ့ကို ...င်း နောက်ပြန်ရောက်နေသလိုလို....

နွေရာသီတို့က ပူလွန်းတာလား ရင်ဘက်ထဲမှာပဲ ရွှေးကွက်ပြီး ...ယ်စင်းအပြိုင် ပူနေသလား။ အချစ်ကို မွေးဖွားခဲ့တိုင်း မေ့တတ် ...စ်ရပ်လုံးကို ဒွန်တွဲမရနိုင်ဘူးဆိုတာသာ အစကသိခဲ့ရင် ပြင်းဆန် ...မှာပါ။

အသက်ရှူတတ်အောင် သင်မပေးပါနဲ့ အမေ...

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၅)

"ကိုကိုကြီးပဲ စဉ်းစားကြည့် အခုလိုက်ရောက်နေတာ သုံးရက် ရှိပြီ ဖုန်းဆက်တော့လည်း မကိုင်ဘူး လူလည်းမလာဘူး လှိုက်ဒီလ ခဲ့တာက"

"ကိုယ်နဲ့ လက်ထပ်ဖို့ပဲ မဟုတ်ဘူးလား အဲဒီကိစ္စကိုကိုကြီးလု နေတာ လှိုက်သိရက်သားနဲ့ကွာ"

"မဟုတ်ဘူး ကိုကိုကြီး လက်ထပ်ဖို့ကနောက်ကိစ္စပါ လေးလေ ညာဏ်နဲ့တွေ့မှပြောဆိုဖို့ထားတဲ့ ကိစ္စတွေရှိသေးတယ် လေးလေးညာ နဲ့ လှိုက်တွေ့ချင်တယ်"

"ခက်တာပဲ လှိုက်ရယ်"

စိတ်ပျက်လို့ ညည်းညူလိုက်သလိုလို မသာမယာမျက်နှာ မင်းဟိတ်က ရှေ့တိုးလာသည်။ လှိုက်က နောက်ဆုတ်၏။ ဘ ဆန်ဆန် ဆောက်ထားသည့် တိုက်ကလေးက နှစ်ထပ်မဟုတ်ဘဲ တာလေး ထုတ်ထားတာမို့ နိမ့်လည်းနိမ့်သည်။

ပြီးတော့ ကျဉ်းကျဉ်းလေးဖြစ်သည်။ လခြမ်းပုံကွေးကွေး





မှာ အကျယ်ဆုံးက လက်တစ်ကမ်းသာသာပဲရှိသည်။ မင်းဟိတ်ရှေ့ တိုးလိုက်သဖြင့် လှိုက်ဝရန်တာ တန်းကလေးမှာ ကပ်မိပြီး နောက်ထပ် ဆုတ်ဖို့ မရှိတော့ပေ။

မင်းဟိတ်က လှိုက်၏ဘေးတစ်ဖက်က တိုက်နံရံမှာ လက်တစ် က်ထောက်၍ ဝရန်တာတန်းမှာ လက်တစ်ဖက်တင်သည်။ ထိုအခါ ရင်ဘတ်ချင်းထိတော့မတတ်ဖြစ်ကာ လှိုက် မျက်နှာကို သူနဲ့မျက်နှာ ချင်း မထိမိအောင် အတော်ကြီး ရှောင်ရှားနေရ၏။

"ကိုကိုကြီးနောက် နည်းနည်းပြန်ဆုတ်ပါဦး လှိုက် အဲဒီလိုမနေ တတ်ဘူး"

"လှိုက်ကလည်း ဖြစ်နေလိုက်တာကွာ ရောက်ကတည်းက လေးလေ့ညာဏ်ကိုချည်းပဲရှာမယ် တွေ့မယ်နဲ့ ကိုကိုကြီးကိုကျတော့ မ်းလိုက်တာ"

ပြောနေရင်း မင်းဟိတ်က လှိုက်ကိုသိုင်းဖက်လိုက်၏။ ရှောင်စ ရာ ဆုတ်စရာမရှိတော့သဖြင့် လှိုက်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ဖက်ထား ိုက်နိုင်သည်။

"လှိုက်ကို ကိုကိုကြီးချစ်တယ်"

"အို မဟုတ်ဘူး အဲဒီလိုမလုပ်ပါနဲ့ အန်တီတို့လည်း ရှိကြသေး ာ မဟုတ်ဘူး ကိုကိုကြီးရယ် ဒါတွေ နောက်မှဆွေးနွေးရအောင် ါ လွှတ်ပါနော်"

"မရဘူးကွာ စောင့်ခဲ့ရတာ ဘယ်လောက်ကြာပြီလဲ မင်းလှိုင် ကို ကြီး ဟိုတုန်းကတည်းက ချစ်ခဲ့တာ"

လှိုက် ခေါင်းခါသည်။ ငြင်းဆန်မိတာက အချစ်ဟိုကော အနမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေကိုကော နှစ်ခုစလုံးဖြစ်သည်။ တကယ်ဆို ကိုကိုကြီးချစ်တာ ဆိုတာ မဖြစ်နိုင်ဘူးလို့ ပြောလို့ရပေမယ့် စောင့်ခဲ့ရတာ ကြာပြီဆိုတော့ သံသယဖြစ်ဖွယ်ပါ။

လှိုက်နဲ့ရင်းနှီးခဲ့ဖူးသည်။ မရိုးသားစွာကြည့်ခဲ့တာတွေ မပြော ခဲ့ဖူးတာလည်း ရှိချင်ရှိမည် သို့သော် မတွေ့မြင်ကြတာလည်း ကြာ မဟုတ်ဘူးလား။

ဒီနေ့တွေ့ကြရင် တွေ့တယ်လို့မှတ် မတွေ့ဘူးဆိုရင် သူပြန် ပြီ ဒါပါပဲ တွေ့ဖြစ်ကြခြင်း ကွဲကွာကြခြင်းအပေါ်မှာ ဘယ်သူ့ဘက် မှ လွမ်းဆွေးခံစားခဲ့ကြတာ မရှိပေ။

ခံစားနေရအောင်လည်း တစ်ယောက်နဲ့တစ်ယောက် ချည်နှော ကြဖို့ ရှိခဲ့ကြတာ မဟုတ် မဲဆောက်မှာနေပြီး တာဝန်လည်း ထမ်း ဆောင်သည်။ အပြင်စီးပွားရေးလည်း လုပ်နေသည်ဆိုသော ကိုကို တစ်ယောက် ဘယ်လိုအောင်မြင်နေကြောင်း ဘယ်လိုမျက်နှာပွင့် ချောတာ ထောတာအားလုံးက အန်တီရောက်လာနေ၍ သိနေခဲ့ရသည်

ကိုကိုကြီး ရန်ကုန်မှနေခဲ့တဲ့ ကာလက ဘယ်လောက် ကြာလို့လဲ။ တစ်နှစ်လောက် ပျောက်သွားပြီး မြင်ရလျှင် နှစ်ရက် ရက်ပဲဖြစ်သည်။ နောက်တော့ အန်တီတို့လည်း ပြောင်းသွားခဲ့

ကြာခဲ့ပြီ မဟုတ်ဘူးလား ဒါကိုပဲ သူကလှိုက်ကိုမျှော်လင့် စားနေခဲ့သည်ဆိုတာ..

"လှိုက် မယုံဘူးလားဟင်"

ဘယ်လိုမှ နမ်းမရအောင် အကြောက်အကန် ငြင်းဆန် ဖယ်ပစ်နေသဖြင့် စိတ်မရှည်နိုင်ခြင်းနှင့်အတူ မင်းဟိတ်က





သူ့မျက်နှာ နည်းနည်းပြန်ခွာလိုက်တော့မှ လှိုက်က ကိုယ်ကိုနောက်သို့ ယိမ်းပြီး မျက်နှာပိုဝေးအောင်နေလိုက်သည်။ ပြီးမှ....

"အဲဒါတွေမလိုသေးပါဘူး ကိုကိုကြီးရယ် လှိုက်တို့လက်ထပ် ဖြစ်ကြရင်တောင် အဲဒီထဲမှာ ချစ်ခြင်းမေတ္တာဆိုတာ ဘယ်လိုမှ မပါ နိုင်ဘူး လူကြီးချင်း.."

"ဘာ..ဘာပြောတယ် လှိုက်"

မင်းဟိတ် ဖြစ်သွားပုံက ရင်ထဲက တစ်စုံတစ်ရာကို စော်ကားခံ လိုက်ရသဖြင့် ပေါက်ကွဲချင်တာမျိုး။ လှိုက်ကိုယ်တိုင်လည်း အံ့ဩမိ ပါ၏။

မင်းဟိတ်ပုံစံက ဟိုတုန်းက ဆုံဖြစ်ခဲ့တာနှင့် ပြုံးပြနှုတ်ဆက်တာ မျိုးနှင့်လည်းမတူ နှစ်ပေါက်တည်း စကားပြောဖြစ်လို့ ရိသဲ့သဲ့ပြော ချိုမချဉ်အပြုံးနှင့် ကလူကျီသို့ မြူကျီသို့ ဖြားယောင်းပြီး လှည့်ပြန်။ ဒါတွေနှင့် ဘာမှမဆိုင်တော့ပေ။

ပြောကြကြေးဆို ကိုကိုကြီးကို လှိုက်ဘက်က တိတ်တခိုး တိမ်း သွတ်ခဲ့မိတာပဲရှိသည်။ ကိုကိုကြီးကတော့ မိန်းမငယ်လေးတစ်ယောက် ၏ ရင်ခုန်တတ်စ မျက်ဝန်းလေးတွေ အမူအရာလေးတွေအပေါ် ဂုဏ် ယူဝင့်ကြွား သနားညာတာသည့် ဖြားယောင်းသော အပြုံးဖြင့်သာ မသိ ကျိုးကျွံနေခဲ့သူပါ။

ခုကျမှ ကာလတာရှည်စွာ တစ်ဖက်သတ်ချစ်ခြင်းဖြင့် မျှော်လင့် နေခဲ့ရသူတစ်ယောက်လို...

"မင်းပြောရက်တယ်ချာတိတ်ရာ ကိုကိုကြီးက အသက်အရွယ် ငြင်းကွာနေလို့ ထိန်းသိမ်းနေခဲ့ရတဲ့သူ မင်းကို ကိုကိုကြီး ဘိုးယယ်ယယ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ချစ်ခဲ့ရတာ”

လှိုက် မယုံနိုင်စွာ ကြည့်နေမိခဲ့၏။ မင်းဟိတ်က ရှေ့တိုးလာပြီ

သည်။

“မာမီတို့ကလည်း မင်းကိုတောင်းရမ်းထားခဲ့ဖူးပါတယ် အန်
တို့ဘက်က မလှုပ်တော့ တစ်ခုခု မကြည်ဖြူစရာရှိလို့များလားဆို
မင်္ဂလာကိစ္စကို ကျကျနန မကမ်းလှမ်းခဲ့နိုင်တာ အခုဘဘကြီးနဲ့
အမြန်ဆုံးလက်ထပ်ပေးချင်တယ်ဆိုတော့ ကိုကိုကြီးတစ်ယော
ဘယ်လောက်ဝမ်းသာခဲ့ရလဲသိလား မာမီတို့ကလည်း ဘန်ကော
နေကြပေမယ့် ဘဘကြီး ကမ်းလှမ်းတယ်ဆိုတော့ ဝမ်းသာနေကြ
ပါ။ ဒီတစ်ရက်နှစ်ရက်ဆို ရောက်လာကြမှာပဲ”

“ဘဘကြီးကမ်းလှမ်းတယ်ဆိုတာက လှိုက်တို့မှာပြဿနာရှိ
ပါ အဲဒါတွေကို”

လှိုက်က ကမ်းလှမ်းတယ်ဆိုသည့် စကားကို မင်းဟိတ်ထည့်
ပြောနေတော့ မျက်နှာပူလာပြီး ငေါက်ဆတ်ဆတ်လေး ထပြော

“အဲဒါတွေ ကိုကိုကြီးတို့ နားလည်ပါတယ် လှိုက်ရယ် လှိုက်
ကိုယ်တို့ကြားမှာ မာနထားဖို့တွေ သိက္ခာဆယ်ဖို့တွေ လိုလို့လား
သူ့ဘက်ကအကြောင်းရှိလို့ဖြစ်ဖြစ် လက်ထပ်ဖြစ်ဖို့အတွက် မဖြစ်
စီစဉ်ကြရမှာပဲဟာ”

“မဟုတ်ဘူး အဲဒီမဖြစ်မနေဆိုတာက”

မင်းဟိတ်က ခပ်မိန့်မိန့်အပြုံးနှင့် ခေါင်းခါပစ်သည်။ ပြီးတော့
လက်နေသည့် လှိုက်မျက်ဝန်းတွေကိုကြည့်ကာ မျက်နှာကြီးငှ
ပြန်ကာ....





“မာနတွေကြီးချင်မနေပါနဲ့ ချာတိတ်ရယ် မင်းကို ကိုကိုကြီးက လိုလိုလားလား လက်ထပ်ချင်နေတာပါ အထင်မြင်သေးမှာတွေစိုးပြီး ရှောင်ဖယ်ဖယ်မလုပ်နဲ့တော့နော်။ လက်ထပ်ကြဖို့ သေချာနေပြီးမှ တော့ နမ်းခွင့်လေးတော့ ပေးလိုက်ပါ”

“ဟင့်အင်း ဟင့်အင်း ကိုကိုကြီးလွှတ်ပါ လှိုက်မကြိုက်ဘူးသိ လား ဖယ်”

“အဟမ်း”

“ဟာ:”

နောက်က ချောင်းဟန့်သံကြောင့် မင်းဟိတ်လက်တွေ အရုပ်ကြိုး ပြတ်သလို ပြုတ်ကျကာ ဟားခနဲ ညည်းသည်။ ချက်ချင်း နောက်ပြန် လှည့်ကြည့်လိုက်၏။ ဝရန်တာ တံခါးပေါက်မှာ ကိုယ်တစ်ခြမ်းသာသာ လောက်ပဲ ထွက်ရပ်နေသည့် အမျိုးသမီးက လက်ထဲမှာ ဟန်းဖုန်းတစ် လုံးနှင့်...

သူမသည် လှိုက်ကို လာကြိုတုန်းကလည်း ပါလာခဲ့သည်။ ဒီ တိုက်ကလေးမှာ ကိုကိုကြီးတစ်ယောက်တည်းနေတယ်ဆိုပြီး သူမ ည်း တစ်နေကုန်ရှိနေတတ်တာမျိုး မိုးချုပ်လောက်ကျမှ ပျောက်သွား တတ်သည်။ ပြောပြတော့ သူမနာမည်က မိုးစက်ပွင့်ဟုခေါ်သည်တဲ့။

“ကိုယ့်တပည့်လေ သူ့ဒယ်ဒီက ဘန်ကောက်မှာပဲ ကုမ္ပဏီလုပ် နေရှိတယ် သူကတော့ ဟိုမှာခဏနေတာ ဒီမှာ သူ့အဒေါ်တွေရှိတယ် လိုက်ရဲ့ လုပ်ငန်းခွင်မဝင်ရသေးတော့ လုပ်ငန်းအတွေ့အကြုံလိုချင် ကိုယ့်ဆီမှာလေ့လာနေတယ်ဆိုပါတော့”

လေ့လာနေတာက ဘာမှန်းတော့မသိပေ။ ကွန်ပျူတာရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်တာလည်းမတွေ့ ပုံဆွဲစာရွက်တောင် ကိုင်တာမမြင်ဘူးပါ လို
မြင်လိုက်တိုင်း ညှော်ခန်းမှာ ခြေချင်းချိတ်ထိုင်နေလျက် ခပ်တည်တည်
မာကျောကျောနှင့် မသိတဲ့လူဆို သူမဟာ ကိုကိုကြီးရဲ့အိမ်သူသက်
လို့ ထင်သွားမှာပင်။ ပြီးတော့ စားသောက်ချင်ပြီဆို ကိုယ့်အိမ်ကိုယ်
လို ဝင်ရောက်စားသောက်နေတာလည်း ရှိသေးသည်။

ကိုကိုကြီးသည် ကျောပေးလျက်နှင့် ဟားခနဲ စုတ်သပ်ညည်း
ပေမယ့် သူမဘာက်ကို မျက်နှာမူလိုက်သည့်အချိန်မှာ မျက်နှာပြင်
က ကောက်ကွေ့ကြောင်းများအားလုံးကို အတော်ကြီးလျော့
လိုက်တာတွေ့သည်။

"ဘာလဲမိုး ကိစ္စရှိလို့လား"

"ဒီမှာ ဖုန်းလာနေလို့လေ အရေးကြီးတယ်တဲ့ အခုခေါ်
ရော့"

မိုးစက်ပွင့် မျက်နှာက ပြုံးရယ်တော့မလိုလိုနှင့် အေးစက်
သူမ မျက်ဝန်းတို့က မင်းဟိတ်ကိုကျော်ကာ လှိုက်ဆီသို့ ဝေ့ခနဲ
လာသည်။

ဖုန်းကိုလှမ်းယူပြီး မင်းဟိတ်မကျေမနပ်ထွက်သွားတော့မှ
လည်းနောက်က ပါသွားခဲ့၏။

ဝေ့ဝဲကျန်ခဲ့သည့် အလွန်လှသော မိုးစက်ပွင့်၏ ဆံနွယ်ရှည်
ကိုငေးရင်း လှိုက်ကျန်ရစ်ခဲ့၏။ မိုးစက်ပွင့်တော်တော်လှပါသည်
မျက်နှာ၊ ကိုယ်လုံး ဘာမှပြောစရာမရှိသည့်အပြင် ဆံပင်
ကလည်း လှသည်။ ပြီးတော့ သူမဟာ သန့်ပြန့်ကြည်စင်သော
ခပ်နီနီမှိန်မှိန်ထဲက မိန်းကလေးမျိုးမဟုတ်နိုင်တာလည်း သေချာ





ကိုကိုကြီးကို ပိုးပန်းပြီး ပညာယူတယ် အကြောင်းပြနဲ့ လာနေတာကော မဖြစ်နိုင်ဘူးတဲ့လား။ ဘာပဲဖြစ်ဖြစ် သူမကြောင့် လောလောဆယ် လှိုက်အကျပ်အတည်းမှ လွတ်မြောက်ခဲ့ရတာကိုတော့ ကျေးဇူးတင်ရပါမည်။

ခေါ်သဖြစ်ရမည်က လှိုက်ဘဝကိုပဲဖြစ်၏။ အလွန်စိမ်းသက်ဝေးသော နယ်မြေသစ်တစ်ခုထဲမှာကျမှ ရင်းနှီးပတ်သက်သူတွေ တစ်ယောက်မှ ရှိမနေကြသည့်အဖြစ်။ လေးလေးဉာဏ်လည်း ရောက်မလာ။

အန်တီတို့ကျတော့ ဘန်ကောက်မှာသွားနေကြတာ မကြာသေးဘူးတဲ့။ လူကြီးတွေမစုံမီစပ်ကြားမှာ ကိုကိုကြီး ဒီ့ထက်ကဲလာရင် လှိုက်ဘယ်လိုရှောင်တိမ်းမလဲ။ သတိရလိုက်တာ နှီဒါန်းရယ်…

ခေါင်းငိုက်စိုက်ကျခဲ့ရင်း လှိုက်မျက်ရည်ဝေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



### အခန်း ၁၆

"ဟဲလို"

ဒီအသံပဲ ထပ်ကြားရတော့ လှိုက် စိတ်ပျက်သွားမိလေသည်။

"ကျွန်မ လှိုက်ပါရှင် စောစောက မေးထားတဲ့ကိစ္စလေး"

"ဩော် ဟုတ်ကဲ့ ကြည့်ပြီးပါပြီ သူဒီမှာနှစ်ရက်ပဲနေတယ် အ[illegible] မရှိတော့ဘူး အခန်းလည်းမအပ်ခဲ့ဘဲ ပြန်မလာတာတဲ့ အဲဒီအထ[illegible] သူပြန်လာမလာဆိုတာ ကျွန်မတို့ မပြောနိုင်ပါဘူး"

"ဒါဆို သူ့ပစ္စည်းတွေ အဲ"

"ရှင်...ဟဲလို"

"ဩော် ဟိုဥစ္စာလေ"

သူ့ပစ္စည်းတွေဘာတွေ ကျန်ခဲ့လားလို့ မေးမလို့ပါ ဒါဆိုသူ့ဖြ[illegible] ဦးမှာပဲဟုမျှော်လင့်မိ၍ဖြစ်သည်။

သို့သော် နီဒါန်းနဲ့ သူမမှာ ဘာပစ္စည်းတွေများ ရှိခဲ့လို့လဲ။ [illegible] ပိုးအိတ်လောက်ကတော့ သူ့ကျောပေါ် ပါသွားမှာပေါ့။ မေးလိုက်[illegible]





ထစ်ငေါ့သွားသဖြင့် တစ်ဖက်က တည်းခိုခန်းမန်နေဂျာအမျိုးသမီး စိတ်မရှည်ဖြစ်သွားပုံပေါ်၏။

ဘာမှလည်းဆက်မမေးတော့ဘဲ ဖုန်းချသွားလေသည်။ လှိုက် ဖုန်းကိုနားကခွာ၍ မျက်နှာရှေ့မှာ ထောင်ကြည့်ရင်း ငိုင်နေမိသည်။ နီဒါန်း သူမကို ထားခဲ့ပြီလား။ လေးလေးညာထ်နဲ့ ဆုံမိပြီးမှ သွားမယ် ဆိုပြီးတော့ နီဒါန်းရယ်။ ဘေးလမ်းပေါ်မှာ လူတွေရှိနေတာကိုလည်း မေ့သွား၏။

လှိုက်ဖုန်းချလိုက်ပြီး မျက်ရည်နှစ်စက် ခုန်ဆင်းထွက်သွားခဲ့သည်။ ဒီမျက်ရည်တွေဟာ နီဒါန်းကိုလိုအပ်နေသေးလို့ အားကိုးသမှုသက်သက် ကြောင့် ကျလာခဲ့သည့် မျက်ရည်တွေမဟုတ်ပါ။

သူမနှင့် လမ်းခွဲထွက်သွားပြီဆိုကတည်းက နီဒါန်းကို သတိရနေ ခဲ့ပြာ နာရီမိနစ် စက္ကန့်မလပ် အနားမှာ အားကိုးမဲ့သလို ခံစားနေရ တိုင်း ကိုကိုကြီးအမူအရာ ပြောဆိုပုံတွေကို ဘဝင်မကျစိတ်နှင့် စိုးရိမ် စိတ်တွေဖြစ်လာတိုင်း....

သူမဘေးနားမှာ နီဒါန်းရှိနေတုန်းက ဒီလိုသောကတွေမရှိခဲ့ပါ လားဟု တွေးနေမိခဲ့သည်။ စားစရာလေးကို တစ်ခုချင်း တစ်ဖွဲ့ချင်း စားပြီးရေကိုတောင် တစ်ငုံကနေ နှစ်ငုံသောက်ဖို့ ခြွေတာငဲ့ညှာနေခဲ့ ရသော အချိန်လေးတွေ ဘယ်လောက်ထိသာယာခဲ့သလဲ။

မသင့်မြတ်သော တုဘောက်စကားတွေပြောနေတတ်သည့် ရင့်ရင့် သည်သာ အငြိမ်းချမ်းဆုံးလို့ သိခဲ့ချိန်မှာ လှိုက်နားမှာ သူမရှိတော့ပေ။ လှိုက် မျက်နှာလေးကို ခါးပစ်လိုက်မိ၏။

မျက်ရည်ကို မသုတ်ဖြစ်ဘဲ လေးလေးညာထ်အကြောင်းမေးမြန်း



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းဖို့ ဖုန်းဆက်ဖို့ တစ်ခါပြင်မိပြန်သည်။ လေးလေးဉာဏ်ဒီမှာ မရှိပေမယ့် ရှိသမျှ စားတော်ဆက်တွေကို စုံစမ်းကြည့်လျှင် သိရမည်သာ။

တာဝန်ခံမန်နေဂျာ ဘယ်သူဖြစ်ဖြစ် ကိုယ့်သူဌေးဘယ်သွားသည် ဘယ်တော့ပြန်လာမည် ဒါလောက်တော့ သိမှာပဲဖြစ်၏။ နောက်ဆုံး လေးလေးဉာဏ်နှင့် စကားပြောနိုင်အောင် ဖုန်းနဲ့ဆက်သွယ်ဖို့ အကူအညီ တောင်းလို့ရမည်။

ထို့ကြောင့် လှိုက်သိထားသည့် နတ်ပန်းချိုက ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။ မန်နေဂျာပဲ ကိုင်ပါသည်။ သို့သော်...

"မသိဘူးခင်ဗျ သူဌေးက ခရီးသွားရင် ဘယ်တော့မှ ပြောသွားတဲ့ အကျင့်မရှိလို့ပါ စိတ်တော့ မရှိပါနဲ့"

တကယ်မသိတာလား မိန်းကလေးသံမို့လို့ ရှုပ်ရှုပ်ယှက်ယှက် ထင်သွားတာလား မသိပါ လှိုက်ကိုယ်တိုင်ကိုက ကျွန်မ သူတူမပါလို့ ပြောဖို့ဝန်လေးနေသဖြင့် မပြောဖြစ်ခဲ့...

"ကျွန်တော့်ဆီကို ဖုန်းဘယ်တော့မှ မဆက်ပါနဲ့" ဟု ဘဘကြီးကို လေးလေးဉာဏ်မှာထားဖူးတာကို သတိရနေဆဲ...

ဘာဖြစ်လို့ မဆက်စေချင်မှန်းမသိသော်လည်း ဟိုတုန်းကတည်းက ဆွေမျိုးသားချင်းလို မနေဘဲ သပ်သပ်သီးခြားနေတတ်ခဲ့သည့် လေးလေးဉာဏ်ကို ဘဘကြီးလောက်လည်း မရင်းနှီးပေ။

နောက်ထပ် 'ပျော်တော်ဆက်' တည်းခိုဆောင်သို့ ဖုန်းဆက်ဖို့ စိတ်ကူးနှင့် လက်ကရောက်သွားခဲ့စဉ်....

"လှိုက်"

မိုးချောင်ခိုးဝှက် မဟုတ်ပေမယ့် သူမသိစေချင်သောကြောင့် ရုတ်





တရက် အသံကြားလိုက်ရတော့ လှိုက် ထိတ်ခနဲဖြစ်သွားသည်။ မင်းဟိတ်က လှိုက်လက်ကလေးကို ထပ်အုပ်ဆိုင်ကာ ဖုန်းကိုဆွဲချပစ်လိုက်၏။

"ဘယ်ရောက်သွားလဲလို့ ရှာလိုက်ရတာ လှိုက်ရယ် ဖုန်းဆက်ဖို့က ဘာဖြစ်လို့ ဒီလောက်တောင် အရေးကြီးနေရတာလဲ"

"ဘယ်လိုပြောလိုက်တာလဲ ကိုကိုကြီး လှိုက် ဒီကိုရောက်လာတာက"

"ပြောပြန်ပြီကွာ အဲဒါကိုယ်တို့လက်ထပ်ကြဖို့ မဟုတ်ဘူးလား သာကွာ အိမ်ကျမှ ပြောရအောင်"

မင်းဟိတ်က လှိုက်လက်ကလေးတစ်ဖက်ကို ဖုန်းဆိုင်လေးထဲကနေ ဆွဲခေါ်လာခဲ့သည်။ လမ်းကလေးတစ်ဆစ်ချိုးလိုက်တာနှင့် အိမ်ကိုရောက်တော့မှာမို့ လှိုက်က လမ်းထိပ်နားရောက်သည်နှင့် လက်ကို ရုန်းပစ်လိုက်သည်။

"လေးလေးဉာဏ် ဘယ်သွားတာလဲ အဲဒါလှိုက်သိပါရစေ လေးလေးဉာဏ်နဲ့ စကားပြောချင်တယ် လှိုက်တို့မှာ ကိုကိုကြီးမသိတဲ့ ပြဿနာတွေပြောဖို့ အများကြီးရှိတယ်"

"အဲဒါ ကိုကိုကြီးတကယ်မသိတဲ့ကိစ္စကို ဘယ်လိုပြောရမလဲ သူ အရေးကြီးလို့ ထွက်သွားတဲ့ဥစ္စာ ပြောလို့မဖြစ်လို့ မပြောခဲ့တာ ဖြစ်မှာပေါ့ အခု လှိုက်ဖြစ်နေပုံက ကိုယ့်ကိုမယုံကြည်သလိုပဲကွာ"

"ယုံကြည်တာ မယုံကြည်တာက ဘာလဲကိုကိုကြီး လှိုက်က မိန်းကလေး ယောကျ်ားလေးတစ်ယောက်တည်းရှိနေတဲ့ အိမ်မှာ ဘယ်လောက်ကြာကြာနေရမှာလဲ နေတော့ကော တင့်တယ်မလား ကိုကိုကြီးပဲပြောတော့ အန်တီတို့ဆီပ ဖုန်းလာတယ်ဆို ဟိုမှာလုပ်ငန်းတွေ ပြတ်မရသေးလို့ ချက်ချင်းမလာနိုင်သေးဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း လမ်းသွားလမ်းလာတွေကို ငဲ့ကြည့်ကာ လှိုက်ထ လေသံကို မသိမသာ ပြန်လျှော့သည်။

"လှိုက် လေးလေးညာဏ်တွေ့မှ ဖြစ်မှာ ဒါမှမဟုတ်ရင်"

"ရှင်းရှင်းလေးပဲ ချာတိတ်ရာ မင်းနဲ့ ကိုကိုကြီးလက်ထပ်ထား လိုက်ရင်ပြီးပြီ ဒါဆိုအတူတူနေကြလည်း မသင့်တော်မှာတွေ ဘာတွေ မရှိတော့ဘူး"

"အို မဟုတ်တာ ကိုကိုကြီးကလည်း"

"ဘာတွေ ခက်ခဲနေလို့လဲလှိုက် နှစ်ဖက်မိဘသဘောတူပြီးသား အခုလည်း လက်ထပ်ဖို့လာခဲ့တာပဲ ကိုကိုကြီးတို့ လက်ထပ်ပြီးသား တဲ့ ပြယုဂ်တစ်ခုအတွက် စာချုပ်စာတမ်းမှာ လက်မှတ်ထိုးထား လှိုက်ကို ကိုကိုကြီးမစော်ကားပါဘူးလို့ ကတိပေးထားတာပဲ အဲဒါ မယုံကြည်ဘူးလား"

"ဟင့်အင်း"

လှိုက်က ခေါင်းခါပြလိုက်ပြီး စိတ်ပျက်လက်ပျက် မျက်နှာ နှင့် အဝေးကြီးကို ငေးသည်။

"အဲဒါ ကိုကိုကြီးက လှိုက်ကို နားမလည်တာ ရှင်းရှင်းပြောရ လှိုက်ဘက်ကို စာနာမပေးခဲ့တာ မိန်းကလေးတစ်ယောက်အတွ အိမ်ထောင်ဘက်ရွေးချယ်တယ်ဆိုတာ အချစ်ကြောင့်ရယ် မိဘစေ ကို နားထောင်လိုက်ဖို့ရယ် ဒီနှစ်ခုက သဘာဝကျတယ် ကိုယ်ချစ် ယူခဲ့တာဆိုရင် ဘာဖြစ်လဲ မှန်ရင်စံ မှားရင်ခံပဲ မိဘပေးစားတာကို လက်ထပ်မယ်ဆိုရင်လည်း ဒါက သားသမီးအလိမ္မာဖြစ်တာပဲ လှိုက် ကိုကိုကြီးက ချစ်သူတွေလည်းမဟုတ်ဘူး ပြီးတော့"





"မိဘချင်း သဘောတူခဲ့ကြတာပဲ"

"ပြောဖူး ဆိုဖူးရှိခဲ့တာပါ အခု လှိုက်ရောက်လာတာက လက်ထပ် ဖို့ဆိုပေမယ့် ကိုကိုကြီးကိုမှ သတ်မှတ်ရွေးချယ်ပြီး မဖြစ်မနေ စီစဉ် ခဲ့လိုက်တာ မဟုတ်ဘူးလေ ဘဘကြီးက ဖြစ်သင့်တယ်ထင်လို့ စီစဉ် ခဲ့တာ မှန်တယ် ကိုကိုကြီးဘက်က လူကြီးတွေ လက်ခံခဲ့တာ မဟုတ် သေးဘူး အဆင်သင့်ပြင်ထားတာ ဘာမှမရှိဘူး လေးလေးညာဏ်နဲ့ လှိုက် တွေ့မှ ဘဘကြီးက ဒီလိုဖြစ်စေချင်တာရှိတယ် အိမ်မှာဒီအကြောင်း တွေရှိခဲ့တယ် လှိုက်ကပြောပြပြီးတိုင်ပင်ရမှာ လေးလေးညာဏ်ကနေ ဦး အန်တီတို့နဲ့ ပြန်ဆက်သွယ်မယ် ဟိုတုန်းက ရှိခဲ့ဖူးတဲ့ သဘောတူ ညီမှုတွေ အခု ပြန်စဖို့ဖြစ်နိုင် မဖြစ်နိုင် ဆွေးနွေးမယ် အားလုံးက လှိုက်က ဦးဆောင်ရမှာမဟုတ်ဘူး"

"လှိုက် သက်သက်ပေရှည်အောင် ရစ်နေတာပဲ ဟိုမှာဘာပြဿ နာဖြစ်နေတယ်ဆိုတာ ကိုကိုကြီးတို့မသိဘူး ထင်လို့လား လှိုက်တို့ အရှိန် စံအိမ်ကြီးမှာ အမွေကိစ္စတွေ ရှုပ်ထွေးပြီး မရိုးသားမှုတွေဖြစ်နေ တာ အခုမှ မဟုတ်ဘူး"

"အဲဒါလည်း ဟုတ်တာပဲ တော်ပါတော့ ကိုကိုကြီးရယ် လှိုက်က မိန်းကလေးတန်မယ့် ဒီကိုရောက်လာခဲ့တဲ့သူပါ မပြောသင့်တာတွေ လည်း အခု ဖွင့်ပြောပြီးပြီ တော်ပြီပေါ့ ဒီထက်ပိုပြီး လှိုက်ကို အရှက်မ ရနဲ့ အထင်မြင်မသေးချင်ပါနဲ့"

"ကျွတ် ခက်တာပဲကွာ"

"ဘာမှ လိုလေသေးမရှိခဲ့တဲ့ လှိုက်ဘဝမှာ အရေးကြီးဆုံးဖြတ် ချက်မလွဲချင်ဘူး ဖေဖေက ပြောခဲ့တဲ့ အကြောင်းပြချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်ရတာဆိုရင် မှားသွားလည်းမှားပျော်သေးတယ် ဘယ်သူ့ခွင့်ပြုချက်သဘောတူညီမှုမှလည်းမပါ လှိုက်ကချစ်လို့လည်း မဟုတ်ဘဲ ဒီကိစ္စကို ဘယ်တော့မှ မဆုံးဖြတ်ဘူး”

“ဒါဆို လှိုက်က ကိုကိုကြီးကို နည်းနည်းလေးမှ မေတ္တာသက်ဝင်မှုမရှိခဲ့ဘူးပေါ့”

“ကိုကိုကြီးကကော”

မင်းဟိတ်ချက်ချင်း မဖြေနိုင်ဘဲ တွေခနဲ ဖြစ်သွားသည်။ ပြီးမှ—

“လှိုက်ကို ကိုကိုကြီးက ငယ်ငယ်ကတည်းက ချစ်ခဲ့တဲ့သူပါ”

မယုံဘူးလို့ မပြောဖြစ်သော်လည်း မဲ့ပြုံးလေးတစ်ချက်နှင့် လှိုက်နှုတ်ခမ်းလေး လှုပ်ခတ်သွားခဲ့သည်။

“လှိုက်ကတော့ နာခံဖို့ပဲ ဆုံးဖြတ်ခဲ့တာပါ”

ဒီစကားကိုတော့ ပြောဖြစ်ခဲ့၏။ မင်းဟိတ်၏ မျက်နှာကြီး အိုးသွားသည်။ လက်ဖဝါးနှင့် နဖူးကိုပဲ ဖိပွတ်နေပြီး စိတ်အိုက်သွားခြင်းကို ဖုံးဖိမရဖြစ်နေ၏။

ထိုစဉ် တစ်စုံတစ်ခုကို သတိရသွားသလို ဖျတ်ခနဲ ပြန်မော့၍—

“ကိုကိုကြီးနဲ့ နေတာကိုတော့ မသင့်တော်တာတွေ အကြောင်းပြချက်တွေနဲ့ ခိုင်လုံနေကာပဲ နိဒါန်းဆိုတဲ့ တစ်ယောက်နဲ့ နှစ်ရက်သုံးရက် ညအိပ်ညနေခရီးအတူလာကြတာကျတော့ ဘယ်သူဘယ်ဝါထင်မလဲလို့ မတွေးမိခဲ့ဘူးမို့လား အဲဒါပြောပြစမ်းပါ”

လှိုက်က အံ့သြသလိုလေး မော့ကြည့်သည်။ မိန်းကလေးပီပီ မျက်ခုံးသွယ်သွယ် နှုတ်ခမ်းရဲရဲနှင့် ချောတယ်ဟုလည်း နာမည်မကျော်ခဲ့သော မင်းဟိတ်ဆိုသော ယောကျာ်းက ဒီလိုလူမျိုးလား။





ဤကဲ့သို့သော မေးခွန်းမျိုးဟာ တည်ကြည်ခန့်ညားသော ယောကျာ်းကောင်းတို့ ပါးစပ်မှာ နှုတ်လှန်ဆိုဖို့ ဆောင်မထားသင့်တဲ့ စကားဆိုတာကော မတွေးမိဘူးလား။

ဒီလိုမေးလိုက်တာ မိန်းမလို မိန်းမရ ရန်တောင်လိုက်တာနှင့် တူသည်။ ကလေးဆန်ဆန် ဘက်တိုက်ရန်လိုနေတာမှန်း သိသာ၏။ မင်းဟိတ်က လှိုက်၏ မျက်ဝန်းလေးတွေနှင့် အပြုံးကိုမြင်လိုက်မှ ပျာပျာသလဲဖြစ်သွားကာ...

“ကိုကိုကြီးဆိုလိုတာက ဒီလိုပါ အခြေအနေအချိန်အခါအတိုင်း ဖြစ်နေကြရတဲ့ ကိစ္စတွေမှာ ကိုယ်ကဖြစ်ချင်တာ မဟုတ်ဘဲ”

“လှိုက် အဲဒီလိုအဖြစ်မခံနိုင်လို့ပါ ခရီးသွားရင်း ဆုံခဲ့ကြတာက တစ်ခရီးတည်းသွားတဲ့ လူတွေမို့ အခြေအနေအရပဲလာဖြစ်ခဲ့ရုံပဲ တစ်သက်တာ ဘဝအရေးအတွက် ဆုံးဖြတ်ဖို့ကျတော့ အဲဒီလောက် မလွယ်ဘူး ကိုကိုကြီး”

“လှိုက်ရာ ဒါ ဒီလောက်မခက်ပါဘူး ကိုကိုကြီးထင်တယ်သိလား ရောက်ခါနီးမှ မင်းစိတ်ပြောင်းသွားတာ”

လှိုက်က မျက်လွှာလေးချပြီး ဆက်လျှောက်ခဲ့ရင်း စဉ်းစားသည်။ ကိုကိုကြီး ပြောင်းလဲသွားတာကျတော့ တကယ့်ကို ပြောင်းပြန်ကြီးဖြစ်နေတာပဲ မဟုတ်ဘူးလား။

လက်ထပ်ဖို့ကိုပဲ တကျိုကျိုနားပူနေပုံက ကလေးမုန့်တောင်းနေတာအတိ ဆိုး၏။ ပြီးတော့ လှိုက်ကိုရင်ဆိုင်လိုက်တာနှင့် ကိုကိုကြီး မျက်လုံးတွေက တပ်မက်မှုတစ်ခုတည်းဆီမှာပဲ ဝင်းဝင်းလက်လက်ဖြစ်နေသည်။ လက်ထပ်လိုခြင်းမဟုတ်ဘဲ သိမ်းပိုက်လိုသည့်ဆန္ဒတွေ များနေသလိုပါပဲ။ စ၍လွဲမှားခဲ့ရသော ခရီးစဉ်ကြောင့် စိတ်ပျက်ခဲ့သည့်မှု ပြောင်းလဲမှုအားလုံးဟာ လှိုက်အတွက် ဘာများ အကောင်းဖြစ်ခဲ့လို့လဲ။

ပို၍ဆိုးသည်က လှိုက်ကို ဖုန်းဆက်ခွင့်လေးတောင် မပေးချင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ကိုကိုကြီး ပျာယာခတ်နေပုံက လိုတာထက် ပိုနေသည်။ ထော လေးညာဏ်ကိုမေးတိုင်း သူ မျက်နှာပျက်တတ်သည်။ နှစ်ယော အတူဒီလိုနေတာ မသင့်တော်ဘူးလို့ လှိုက်ကပြောတော့ လက်ထ ချည်းပဲ ပြောသည်။ လှိုက်ပြောတာက သူ ကိုယ်နှုန်းကို ကပ်နေထ ထိချင်ကိုင်ချင် နေတာ ဒါတွေကိုပဲ ဖြစ်သည်။ လက်ထပ်ကြ မဟုတ်သေးပေ။

လူကြီးတွေ ဘယ်ဘက်ကမှ မရှိသေးဘဲ လက်ထပ်ကြလို့ မလား။ ပြီးတော့ တကယ်တမ်းလက်ထပ်ဖို့ အခြေအနေကြုံနေရ က လှိုက်ရယ် ...။ သူ့ဘက်က ဒီလောက်ဖွတ်ကြီးဖြစ်နေဖို့ မလို ထင်သည်။

ဟိုဒီဖုန်းဆက်မယ်ဆိုတော့လည်း မကြိုက်တဲ့ပုံစံနှင့် အပြင်ထွ ဆက်တော့ ထပ်ချပ်မကွာ လိုက်လာပြီး ဖုန်းကိုတောင် ဆွဲချပစ် သည်။ ကိုကိုကြီး၏ မူမမှန်သော အပြုအမူတွေကို မြင်ယောင် လှိုက် ရင်ထဲမှာ လေးလာသည်။

အိမ်ပြန်ခြေလှမ်းများက အိမ်ကို မပြန်ချင်ဘဲ နီဒါန်းကို သ စိတ်နှင့် နောက်ပြန်ဆုတ်ချင်၏။ ခုတော့ ဘယ်ကိုပဲကြည့်ကြည့် သောဒေသတစ်ခုထဲမှာ လှိုက် တစ်ယောက်တည်း ...။

✪ ✪ ✪





အခန်း (၁၇)

အဓိကသည် ကိုကိုကြီးနှင့် ရင်မဆိုင်ချင်တာဖြစ်သည်။ သိပ်ချစ် သို့ဟု အကြောင်းပြ၍ အခန်းထဲ ဝင်ခဲ့ပေမယ့် အိပ်လို့မရတော့ ရေချိုး ခ်လိုက်သည်။

အပြင်ဘက်က စကားသံလိုလိုကြားတော့ နားစွင့်လိုက်မိသေး သည်။ ကိုကိုကြီး အပြင်ထွက်သွားပြီး ပြန်ရောက်လာတာ ထင်သည်။ စကားသံတွေ တိတ်သွားသဖြင့် လှိုက် အဝတ်ဗီရိုကို ဖွင့်လိုက်သည်။

အထဲမှာ မိန်းမဝတ်အင်္ကျီတွေ၊ ဘောင်းဘီ၊ စကတ်တွေ အများ ကြီးရှိသည်။

"အားလုံး ယူဝတ်လို့ရတယ်၊ ကိုကိုကြီးရဲ့ညီမဝမ်းကွဲ ဒီမှာ တစ် နှစ်လောက် လာနေသွားတာလေ၊ သူ ကျန်ခဲ့တာတွေ၊ ဒါမှမဟုတ်ရင် ကိုကိုကြီး ဝယ်ပေးမယ်"

ရောက်စက ကိုကိုကြီး ပြောခဲ့သည်။ လှိုက်က မဝတ်တော့ အလွှယ်တကူ ပြေးဝယ်ပေးခဲ့တာတွေလည်း ရှိ၏။

လှိုက် အားလုံးကို ထပ်မကြည့်တော့ဘဲ နီဒါန်း ဝယ်ပေးခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းပင်နံ့လေးကိုပဲ ထုဖော်တော်လိုက်သည်။ ပြီးတော့ ဂျင်းအကျီ လည်း ထပ်ဝတ်၏။ ရောက်ကတည်းက သေချာဖွတ်လျှော် သိမ်းထား တာမို့ အကျီ။ ဘောင်းဘီလေးတွေက သန့်စင်မွှေးပျံ့နေ၏။

နီဒါန်းကို သတိရစိတ်တွေ ခဏအတွင်းမှာ ဖြစ်ပေါ်လာကြ လိုက်လိုက်လှဲလှဲကြီးပါ။ နောက်ထပ် ဖုန်းမဆက်ဖြစ်တော့ပေမယ့် နီဒါန်း ကို တစ်နာရီပြည့်အောင်ပင် မေ့ထားလို့မရ။

သစ်ရွက်တွေ လှုပ်နေတာကို ငေးကြည့်မိတိုင်း သတိရသည်။ အဆင်း၊ အနံ့၊ အရသာတို့နှင့် ပြည့်စုံနေသော ဟင်းလျာတွေ အ ပယ်ဆိုသော ထမင်းဝိုင်းမှာ ထိုင်နေရင်းလည်း သတိရပြန်သည်။

အိပ်ရာထဲမှာနေ လမ်းလျှောက်နေ ကိုကိုကြီးနဲ့ စကားပြောနေ နဲ့တောင်မှ ကိုကိုကြီးမဟုတ်ဘဲ နီဒါန်းပဲ ဖြစ်ဖြစ်သွားခဲ့၏။

"လိုက် ကိုကိုကြီးပြောနေတာ ကြားရဲ့လား တစ်ခုခုကို သတိလ လွတ် တွေးမိသွားသလိုပဲ"

ကိုကိုကြီးကလည်း လိုက်မျက်ဝန်းလေးတွေကို ဖတ်တတ်နေ ၏။ဒါတွေဟာ လိုက်ဘက်က တစ်ဖက်သက်တွေပါပဲ။ နီဒါန်းကတော့ ပျောက်သွားကတည်းက လေသံလေးတောင်မှ မဝေ့ခဲ့ပေ။ လွမ်း မိရင်း စိတ်နာချင်ခဲ့သည်။ နာစရာမပေါ်ဘဲ လွမ်းစရာတွေချည်း နေခဲ့ပြန်သည်။

ခြေလှမ်းတို့သည် အပြင်ထွက်တာမကြိုက် ဖုန်းဆက်တာမကြိုက် သော ကိုကိုကြီးကို လွှန်ဆန်ဖို့ပဲ ကြိုးစားနေခဲ့၏။ ရေချိုးပြီးစ မျက် အပြောင်သားနှင့် ဆံပင်ဖြီးရုံပဲလုပ်ကာ အပြင်ထွက်လာတော့ အ ဖုန်းသွားဆက်ဖို့ပဲဖြစ်သည်။ သို့သော်...

"ပြောမယ် ပြောရမှာပဲကို မိုးက ကို့ရဲ့ တရားဝင်မယား မိ သဘောကျလက်ထပ်ပေးစားခဲ့တဲ့သူ ဒါကိုခဏဖြစ်ဖြစ် မေ့ထားလို လို့ရသလား"





"တိုးတိုးပြောစမ်းမိုး ကိုယ်ပြောနေတာ ကိုယ်တို့တစ်ဘဝလုံး အတွက် မင်းနဲ့မင်းဗိုက်ထဲက ကလေးအတွက်"

လိုက် ကိုယ်လုံးသည် နံရံပေါ်သို့ အိတွဲပျော့ခွေကျလေသည်။ ခြေအစုံက ချက်ချင်းကြီး တုန်ယင်လာခဲ့၏။ ကြားရမှာပဲဆိုတာ သိလျက် နှင့် နားနှစ်ဖက်ကို ပိတ်ပစ်လိုက်မိသည်။ နှစ်ယောက်စလုံး ခပ်ကြိတ် ကြိတ်ပြောဆိုနေကြတာပါပဲ။

ဒါပေမဲ့ တိုက်လုံးလေးက မကျယ်လှတာမို့ ဒီတိုင်းကြားနေရ သည်။ အကယ်၍ သူမသာ အခန်းထဲက မထွက်ခဲ့မိလျှင် ဘယ်လိုမှ မကြားနိုင်ပေ။ မကြားခဲ့ဘဲ ဒီအတိုင်းနေသွားရင်..ဘုရား..ဘုရား..

"ဘာအတွက်ပဲဖြစ်ဖြစ် တို့မလိုချင်တော့ဘူး ခုလည်း ဆင်းရဲနေ တာမှ မဟုတ်ဘဲ မိန်းမတစ်ယောက်ရဲ့ ခံစားချက်ကို ကိုဒီလောက်ထိ ဥပေက္ခာထားလို့ မရဘူးသိလား"

"ဥပေက္ခာထားတာ မဟုတ်ဘူးလေ အခုက လက်ထပ်စာချုပ် ချုပ်ဖြစ်ရင်ပြီးပြီ လိုက်ဘယ်လောက်ချမ်းသာသလဲ မင်းသိလား"

"အခု မသိချင်တော့ဘူး လိုလည်းမလိုချင်တော့ဘူး တစ်ရက် နှစ်ရက် အလွန်ဆုံးသုံးရက်ဆိုပြီးတော့ အခုတစ်ပတ်ပြည့်တော့မယ် ပြီးတော့ ကိုသရုပ်ဆောင်နေတာတွေက ပီပြင်လွန်းလို့ မိုး ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး"

"ပီပြင်တာက ပီပြင်အောင် ကြိုးစားနေရတာကွ"

"ဩော် ဟုတ်လား မျက်လုံးကြီးတွေက ရွှန်းရွှန်းစားစားပဲနော်"

"မင်း ကိုယ့်ကို မငေါ့နဲ့"

"မငေါ့ဘူး မိုးဆက်ပြီးတော့လည်း ဟန်ဆောင်မပေးနိုင်တော့ ဘူး ဘဝင်လိုက်ဆိုတဲ့ ကောင်မလေးက မည်းသည်းကျုံးကန်နေတာ ဟုတ်ဘူး အပျိုနုနုထွတ်ထွတ် ချောချောလှလှလေး အဲဒါ ကိုက ဟန်ဆောင်ပေးနေနာဆိုတော့ မိုးကလည်း မယုံကြည်တာကို ဟန်မ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နိုင်တဲ့အတွက် ဆောရီးပဲ ဒီမှာကို ကိုဒုတိယအကြိမ် လယ်
ထပ်ဖို့အတွက် ဘယ်တော့မှ ပြန်လာပေးမှာ မဟုတ်တဲ့ ဘန်ကော
က မိဘတွေကိုလည်း မိုးစောင့်မပေးနိုင်ဘူး အချုပ်ထဲရောက်နေတဲ့
ဦးညာဏ်ရှိန်ကိုလည်း လွတ်လာတဲ့အထိ မစောင့်နိုင်ဘူး ဒီဘဝမှာ ဆ
နဲ့ပဲ စားသွားရတော့မယ်ဆိုရင်တောင် ရှိပစေတော့ သူ့ကိုကိုပြန်လွှ
လိုက်ပါ"

"မလွှတ်နိုင်ဘူး မင်းကဆားနဲ့စားနိုင်ပေမယ့် ကိုယ်မစားနိုင်ဘူ
အလုပ်ထဲမှာ အမှုဖြစ်တုန်းက ကုန်ထားတဲ့ငွေတွေနည်းသလား ဒီ
တွေ သူ့နေရာနဲ့သူ ပြန်ပြည့်ဖို့လိုတယ်"

"ချောချောလှလှ ကောင်မလေးတစ်ယောက် ထပ်ရဖို့လိုတ
လို့ကော ထည့်ပြောလေကို"

"မင်းမစွပ်စွဲနဲ့နော်"

"စွပ်စွဲဖို့မလိုဘူး မိုးမြင်နေတာပဲ အခုပဲရှင် ဒီကောင်မလေး
မရမက သိမ်းပိုက်ဖို့ ကြံစည်နေပြီလေ"

"ဒါကလည်း မင်းကြောင့်ပဲ မင်းပဲကြာကြာသည်းမခံနိုင်ဘူး
မြန်မယ့်နည်းလမ်းရှာလိုက်ရတာ ပြီးတော့ ကြာကြာထားရင် လူ
တွေ ရောက်မလာနိုင်တဲ့ကိစ္စကို သူရိပ်မိသွားမှာ"

"ဖြစ်နိုင်ဖို့ နည်းသိပ်မရှိတာကို ဘာဖြစ်လို့ ဆက်ကြိုးစားနေ
လဲ ကို၊ ကိုလည်းပညာတတ်တစ်ယောက်ပဲ သူတစ်ပါး ပစ္စည်းဥစ္စာ
ဘာဖြစ်လို့ ဒီလောက်လိုချင်လောဘတွေ ဖြစ်နေတာလဲ အခုဟာ
တစ်ဖက်သားမှာလည်း သားပျိုသမီးပျိုလေး ပျက်စီးရဦးမယ် မို
တော့ ကိုယ့်ယောကျ်ားကို ဆုံးရှုံးမခံနိုင်ဘူးကို အဲဒါ ခုကစပြီး ကျေ
တာပဲ"

"မင်း အသိနည်းလှချေလားမိုးရာ သူ့ကိုအသာတကြည်
အတင်းသိမ်းပိုက်လို့ပဲရရ ကိုယ့်ဇနီးဖြစ်သွားပြီဆိုတာနဲ့ အမွေတွေ





ကြိုက်သလိုလုပ်လို့ရပြီ တကယ်အတည်တကျ ပေါင်းသင်းသွားမှာ
မဟုတ်ဘူးလို့ ပြောပြီးပြီပဲ မင်းပဲ ကိုယ့်အနားမှာ ရှိနေမှာပါ အဲဒါကို
ယုံပါမိုးရယ် မင်းပြောတာ ဟုတ်ပါတယ် ကိုယ်ပညာတတ်တယ် အဲဒါ
ကြောင့် ကိုယ်ပိုပြီးကြိုးစားနေတာ အမှုတွေဖြစ်ရလို့ ကုန်ခမ်းသွားတာ
တွေကို မဖာထေးနိုင်ရင် ဒီပညာနဲ့ ကိုယ်ဘယ်လို လုပ်စားသွားမလဲ
တစ်သက်လုံး ထည်ထည်ဝါဝါနေလာခဲ့ကြပြီးမှ ကားကိုသိန်းထောင်
ကျော်တန်ပဲ စီးလာခဲ့တဲ့ကိုယ်ဟာ အခု ရာကျော်တန်ကားလေးစီးပြီး
မျက်နှာငယ်နေခဲ့ရတယ်"

"ဒါပေမဲ့ ခုကိစ္စက သေးသေးမွှားမွှားလေးမဟုတ်ဘူးကို ကိုလည်း
လူပျိုမဟုတ်ဘူး မိုးကလည်း ယောကျ်ားကို စည်းစိမ်နဲ့လဲယူမှာ
မဟုတ်ဘူး"

"မလဲပါဘူး စည်းစိမ်းကိုပဲယူမှာပါ ကိုယ်မင်းရဲ့ယောကျ်ားအဖြစ်
ရှိနေမှာ"

"ဒါ သိပ်ကို အပြစ်ကြီးတဲ့ လိမ်လည်ဖျက်ဆီးမှုဆိုတာကော ကိုတွေး
မိရဲ့လား အဲဒါတွေပေါ်သွားမှ ကိုတကယ်ဘဝသေမှာသိလား ပြီးတော့
ဦးညာဏ်ရှိန်ဆိုတဲ့လူကြီးက မဲဆောက်မှာ အပေါင်းအသင်းဆံ့တဲ့လူ
ကြီး မဟုတ်တာကော ဟုတ်တာကောလုပ်တဲ့နေရာမှာ သိက္ခာတွေ
သမာဓိတွေကို ထမ်းပိုးနေတာမဟုတ်ဘူး သူနဲ့တုပြိုင်ဖို့ ဖြစ်လာရင်
ကိုပဲနာမှာ လိုက်ကို သွားကြိုပေးဖို့ သူ့မှာ ပြဿနာရှိနေတာကို မပြော
ဖို့ အားလုံးတို့ကို အားကိုးလိုက်တာ ယုံကြည်လွန်းလို့တော့ မထင်နဲ့
သူ့အတွက် ဘေးကျပ်နံကျပ်ဖြစ်နေတဲ့အချိန်မို့လို့"

"အဲဒါ ကိုသိတယ်လေ သူကကိုယ့်ကိုမယုံလို့ အားလုံးမပြော
ပေမယ့် ဘဘကြီးဆီကို ဖုန်းတစ်ချက်ဆက်ပြီးအစ်လိုက်တာနဲ့ကိုယ်
သိခဲ့တာပဲ အဲဒါကြောင့် ညစ်ချင်တဲ့လူကို ပတ်လိုက်တဲ့သဘောပဲ"

"ညစ်တာ မဟုတ်ဘူးကို မိန်းကလေးတစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဒါကာကွယ်သင့်တာပဲ မဟုတ်ဘူးလား မိုးပြောတာကို နားထောင်ပါ လိုက်ကို လက်ထပ်ဖို့ကြိုးစားမယ်ဆိုရင်တောင် အတင်းအဓမ္မတွေ မပါပါစေနဲ့ကိုရယ် စာချုပ်မှာ လက်မှတ်ထိုးဖြစ်ဖို့ပဲ ကြိုးစားကြည့် လိုက်ပါ”

“အဲဒါ မလွယ်လို့ပေါ့မိုးရဲ့ လိုက်ကလည်း လေးလေးဉာဏ်ကိုပဲ တွေ့ဖို့ကြိုးစားနေတာ ပြီးတော့ ဟိုနေ့က နာနာနမ်း တည်းခိုရိပ်သာ ကို ဖုန်းဆက်သေးတယ်တဲ့ သူနဲ့ပါလာတဲ့ကောင်ကို ဆက်သွယ်တာ ဖြစ်မှာပေါ့ အချိန်ကြာကြာဆွဲနေရင် လွဲကုန်မှာပဲ”

“လွဲတော့လည်း လွဲပစေပေါ့ကို ကိုယ့်ပြဿနာကိုယ်ရှင်းရုံပဲ လိုက် ဆိုတဲ့ကောင်မလေး ဒီကိုထွက်မလာခဲ့ဘူးဆိုရင် ဦးဉာဏ်ရှိန်ကသာ ကိုကို သွားကြိုပေးပါလို့ မှာမထားခဲ့ဘူးဆိုရင် ဒီပြဿနာတွေကို ကိုနဲ့ မိုးနဲ့ပဲ ရှင်းရမှာမို့လား လိုက်ရဲ့အမွေတွေကိုကော ကိုကြံစည်ခွင့်ရှိပြီး မလား မဖြစ်နိုင်တာကို မဖြစ်ဖြစ်အောင် လုပ်လို့ကတော့ ကိုနဲ့မိုးတို့

“တော်တော့ကွာ”

စကားသံတွေက ခပ်ကြိတ်ကြိတ်ကနေ ကျယ်လောင်လာသည်။ လိုက်ကို အခန်းထဲမှာ အိပ်နေသည်ထင်ပြီး ပြောနေကြခြင်းသာ...

လာကတည်းက ဘာမှပါမလာခဲ့သည့် လိုက်သည် ထွက်ပြေး လာခဲ့တော့လည်း လက်ချည်းသက်သက်ပဲဖြစ်လေသည်။

မျက်ဝန်းမှာ ပြည့်အိုင်နေသော မျက်ရည်တို့က ပါးပြင်ထက်သို့ ဆင်းကျမလာကြပေ။ ပြေးနှုန်းကြောင့် ဆံစတို့သည် လေတွင်လွင့် မျောလျက် လိုက်ပြေးမိပြေးရာ စွတ်ပြေးသည်။

ဖွင့်ဟနေသော နှုတ်ခမ်းကို ပြန်မစေ့နိုင်။ မောဟိုက်လွန်းလှ အသက်ရှုမှားမတတ်ဖြစ်နေသည့်တိုင် သူမဘယ်ကို ပြေးနေမှန်းသေး သူမကို အတင်းပွေ့ဖက်၍ နမ်းရှိုက်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တာကို သတိရမိကာ ကြက်သီးတွေ တဖျန်းဖျန်းထလာ၏။





ထိုအချိန်တွေတိုင်းမှာ ရောက်ရောက်လာတတ်သူက မိုးစက်ပွင့်။ သူမဟာ လိုက်ဘဝအတွက် ကယ်တင်ရှင်ပါလား။ သူမသာ အဟန့် အတားအဖြစ် ဒီအိမ်မှာ ရှိမနေခဲ့လျှင် ကိုကိုကြီးလက်ထဲမှာ လိုက်ဘယ် သို့မှ ရှောင်ပြေးနိုင်ခဲ့မည်မထင်။

ခုတော့ လိုက်ကိုဖျက်ဆီးဖို့ကြိုးစားမည့် အကြံအစည်တွေကို သိခဲ့ရပါပြီ။ ဘဘကြီးကော လေးလေးဉာဏ်ကော ကိုကိုကြီး ဒီမှာ အိမ်ထောင်ကျနေခဲ့သည့်အဖြစ်ကို မသိခဲ့ကြပေ။

လေးလေးဉာဏ်ကလည်း ဟိုတုန်းကတည်းက သီးခြားခွဲထွက် နေခဲ့သူမို့ လိုက်နဲ့ပတ်သက်လာနိုင်ဖွယ်ရှိသူ မရှိသူကိုသိခဲ့တာမဟုတ် ဘဘကြီးက ‘အဲဒီမှာ ကိုကိုကြီးတို့ မိသားစုရှိတယ် ဘယ်လို ဘာ ညာလှမ်းပြောတော့မှ ကျွန်တော်စုံစမ်းလိုက်ဦးမယ်’ဆိုတာ ဖြစ်လာခဲ့ သည်။

လေးလေးဉာဏ်လည်း ဒီတစ်ခါတော့ ညံ့သွားပြီထင်သည်။ ဒါမှ မဟုတ် ကိုကိုကြီးအကြောင်း သေချာစုံစမ်းချိန် မရလိုက်ဘဲ မလွှဲသာ လွန်းလို့ လိုက်ကို သွားကြိုခိုင်းခဲ့ရတာလား။ ဒါတော့ လေးလေးဉာဏ် ကိုယ်တိုင်ပဲ သိနိုင်လိမ့်မည်။

လိုက်ကတော့ လမ်းပေါ်ရောက်နေခဲ့ပါပြီ။ မွေးလာကတည်းက ချမ်းသာမင်းတို့အလယ်မှာ မြပုခက်နှင့် အိပ်စက်ကြီးပြင်းခဲ့ရသူပါ ဘဝမျိုးကနေ လမ်းပေါ်မှာ စားရမဲ့ သောက်ရမဲ့ ဘဝမျိုးသို့ ရောက်ရ မည်ဟု ဘယ်သူထင်မယ်။

နိဒါန်းကို သတိရမိသည်။ ဒါပေမဲ့ ဘယ်မှာနေမှန်းမသိ။ နာနာ နမ်းကို ပြန်ရောက်နေသလား မဲဆောက်မှာပဲမရှိတော့ဘူးလား။ နာနာ နမ်းကို သွားမည်ဆိုရင်တောင် လိုက်မသွားတက်ပါ။

ခုလည်း ခြေဦးတည့်ရာပြေးနေမိပေမယ့် ဘယ်ဆီဘာဝယ်ဆို တာ သိလို့မဟုတ်။ လူရှုပ်ရှုပ်နေရာတွေကနေ ဖြတ်ပြေးတော့ ဟိုလူ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တိုက်မိ ဒီလူနဲ့တိုက်မိ လူရှင်းတော့လည်း ကိုယ့်ကိုသူများမြင်သာ သာကြီးဖြစ်နေမှာစိုး၍ မနားတမ်းပြေး၏။ စိတ်ထဲမှာ ကိုကိုကြီး လိုက် မည်ကို သိနေသည်။

ဘာပဲဖြစ်ဖြစ် ပြောချင်တာပြောပြီး လှိုက်ကြားသွားမှာစိုး အခန်းရှေ့ကို လာကြည့်မှာပဲဖြစ်သည်။ လှိုက်ပြေးနေတာက ခြေထော နဲ့ ကိုကိုကြီးလိုက်လာလျှင်ကားနဲ့ဖြစ်မည်။

နင်တာအားပြေးမှ တော်ရုံကျမှာ ပြေး..ပြေးနိုင်သမျှပြေး၏ မျက် တွေ ပြာဝေလာသည်။ မိုတ်ချပြီးပြေးတော့ ကျိုန်းစပ်နေကြ၏။ နှုတ် တွေက ဟထားရသဖြင့် အာခေါင်တွေ ခြောက်သွေ့ကာ ချောင်း ဆိုးလာသည်။ အဆမတန် နာကျင်လာ၏။

လူရှုပ်သောလမ်းသွယ်လေးကိုကျော်ကာ လမ်းမကြီးဘက်ကို တက်ပြေးမိသည်။ ပြေးနေရင်း ကိုယ့်ကိုယ်ကို ပြေးမှန်းလည်းမသိ ပါ။ ရှေ့မှာ လူတွေကုန်တွေအကျပ်နှင့် ကားကြီးတစ်စီးလာနေ တွေ့သည်။ လမ်းဘေးကို ဖဲ့ဆင်းပြီးပြေးဖို့ စိတ်ကတွေးဖြစ်၏။

သို့သော် စိတ်သွားနဲ့နောက် ကိုယ်မလိုက်ဘဲ နေရာမှာတင် ခနဲပုံကျသွားလေသည်။

✪ ✪ ✪





## အခန်း (၁၈)

လမ်းက မကြမ်းပေမယ့် ကားနောက်ပိုင်းမှာစီးရတဲ့လူကတော့ ညက်ညောသာယာစွာစီးလို့မရပါ။ ကျောပိုးအိတ်ကို တစ်ခါတည်းပါ အောင် ရင်ဘက်မှာခံ၍ လက်ပိုက်ထားခဲ့သည်။ မျက်လုံးမှိတ်ထားပေ ယ့် အိပ်ပျော်နေတာ မဟုတ်တော့ ခန္ဓာကိုယ်က တောင့်မတ်စွာရှိ နေဆဲဖြစ်သည်။

နှုတ်ခမ်းတွေကို စေ့ပိတ်ထားရင်း ပိကယ်ဝါးနေသည့် နိဒါန်းကို ဘယ်လျက်ရှိနေသော ခပ်ဝဝ မိန်းမကြီးက မကြာခဏလှည့်ကြည့်၏။ ဆိုးသွား လမ်းသွားချင်း စကားလေးဘာလေးပြောဆိုသွားချင်သည့် ဆန္ဒနှင့် ဖြစ်နိုင်သော်လည်း နိဒါန်းက တစ်လမ်းလုံးစကားမပြောဘဲ နေလာခဲ့သည်။

နောက်ဆုံး ကားထွက်ကတည်းက မှိတ်ချထားခဲ့သော မျက်လုံး တို့က တစ်ချက်မှ ဖွင့်ကြည့်လာတာမရှိ။ တစ်စုံတစ်ရာ ဝါးနေသလို ဖြိုး အောက်မေးဖျားက တစ်ချက်တစ်ချက် သိသာစွာ လှုပ်သွားပြီး မှိတ်ချထားသော မျက်တောင်ဖျားတို့ကလည်း မငြိမ်သက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမကြီးမှာ အိပ်နေတာမဟုတ်ဘဲနှင့် လုံးဝပါးစပ်ပိတ် မျက်စိမှိတ် ငြိမ်သက်နေသော နီဒါန်းကို မျက်မှောင်ကုတ်နှင့် ကြည့်လာခဲ့သည်။

ထို့ပြင် ရုတ်တရက်ကြီး ဆောင့်ရပ်သွားသည့်ကားကြောင့် ခရီးသည်တွေ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်တာတောင် ဖျတ်ခနဲ မျက်လုံးတစ်ချက်ဖွင့်ကြည့်ပြီး ဒီတိုင်းပြန်မှိတ်သွားပြန်ရာ...

"ဟဲ့ ဟိုမှာ ကားဘာနဲ့ တိုက်မိလဲမသိဘူး"

နီဒါန်းကို တံတောင်နဲ့တို့၍ ပြောလိုက်မိတော့သည်။ ထိုအခါကျမှ နောက်တစ်ခါ မျက်လုံးတွေဖွင့်လာကာ...

"ဘာဖြစ်လို့လဲ အဒေါ်"

"မသိဘူး ဟိုရှေ့မှာ"

ကားရပ်သည်နှင့် ကားပေါ်ကလူတွေကော လမ်းဘေးက လူတွေပါ ချို့ပြေးလွှားသွားတာကိုကော အပေါ်က လှမ်းကြည့်တာနှင့် မြင်ရသည်။

"ဦးဇော် ခင်ဗျားက လုပ်ချလိုက်ပြန်ပြီကွာ"

စပယ်ယာက နောက်ဆုံးခုံမှာထိုင်နေရာကနေ စိတ်ပျက်လက်ပျက် အော်ပြောပြီး ထသွား၏။

"ဘာလဲကွ မင်းကြီးတော်ကို ငါဘာမှ မလုပ်ရသေးဘူး သူဟာသူ ကားရှေ့မှာပုံလဲသွားတာ မြန်မြန်သွားကြည့်ကွာ"

ရှေ့က ဒရိုင်ဘာက သံဖြဲနှင့် ပြန်အော်သည်။

"ကောင်မလေးတစ်ယောက်ကွ ဘာဖြစ်တာလဲ မသိဘူး"

"ကားရှေ့မှာလဲသွားတာ ကားဘာရိုက်မကောင်းလို့ကတော့ ကြီး ပြီးသားဖြစ်မှာ"

မျက်စိဖွင့် နားစွင့်ကြည့်လိုက်ပြီး ဘာဖြစ်မှန်းသိတော့ နီဒါန်းလည်





ကိုကျုပ်ကျုပ်ပြန်ပိုက်ကာ မျက်လုံးတွေပြန်မှိတ်၏။

ပွစိ ပွစိ ဝေဖန်သံများနှင့် အနားမှာ မငြိမ်မသက်ဖြစ်နေကာ ကားကလည်း တော်တော်နှင့် ပြန်မထွက်နိုင်ပေ။

"ကောင်မလေးက ဂျင်းပင်နီလေးနဲ့ ချစ်စရာလေး"

"ဖြူဖြူနုနုလေးနော် စိတ်ညစ်လို့ တမင်ကားတိုက်ခံတာလားမှ မသိတာ"

ခရီးသည်တွေ နေရာတကျ ပြန်ရောက်ကြတော့လည်း စကားသံတွေကမရပ်။

"ကဲ ဦးဇော် မောင်းဗျာ အလုပ်ရှုပ်လိုက်တာ"

စပယ်ယာက ကားပေါ်ပြန်ရောက်လာ၏။ နီဒါန်း မျက်လုံးတွေ ဖွင့်လိုက်မိရင်း ဘေးကတံခါးဆီ ဗွေခနဲရောက်သွား၏။ ဖြစ်နေသည့် အရေးအခင်း ဘယ်လိုပြီးဆုံးသွားလဲဟု တွေးမိသောကြောင့်...

"ဟင်"

လမ်းဘေးက ထီးမိုးထားသော ပန်းသီးဆိုင်ထဲမှာ ဈေးသည် အမျိုးသမီး၏ ရင်ခွင်ထဲက မိန်းကလေး...

"လှိုက်"

ကျယ်ကျယ်လောင်လောင်အော်ကာ ဖျတ်ခနဲထရပ်လိုက်မိသည်။ ထိုအချိန်မှာ ကားက ဘီးလိမ့်ထွက်ခွာနေပြီ။

"ဟိုး..ဟိုး ခဏလေး ခဏလေးရပ်ပေးပါဗျာ"

"အို့ ဘယ့်နှာတုန်း"

"ဟာ မင်းကွာ ခေါင်းပေါ်က"

"အား"

"ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို ကျော်လွှားရှောင်ရှားထွက်ရင်း မလွတ်လပ်လို့ တိုးမိတိုက်မိဖြစ်ကာ နောက်မှာခပ်ကြိတ်ကြိတ် ဆဲသံတွေကျန်ခဲ့၏။

“ဘာကောင်လဲ”

မကျေနပ်သံတွေ ပွထကုန်သည်။ နီဒါန်းကားပေါ်ကနေ စုန်ဆင်းကျန်ခဲ့၏။ လှိုက်သည် ပန်းသီးသည်၏ ရင်ခွင်ထဲမှာ ပူပင်ကြောင့်ကြမဲ့စွာ သတိလစ်မေ့မျောလျက်...

“လှိုက်”

သူ လူတွေကြားထဲဝင်၍ လှိုက်ဘေးမှာ ဒူးထောက်ထိုင်ချလိုက်သည်။ စောစောကလောက် လူတွေမများတော့ပေမယ့် ဘယ်သူဘယ်ဝါမှန်းမသိဘဲ ပိုင်ရှင်မဲ့လုပသော မိန်းမလှလေးဘေးမှာ လူတွေက ဝိုင်းနေဆဲသာ...

“မောင်လေးက သူ့ကိုသိလို့လား”

လှိုက်ပခုံးလေးကို ဆုပ်ကိုင်နှိုးတော့ အမျိုးသမီးက နီဒါန်းကို သေချာကြည့်၏။ ဘေးကလူတွေကလည်း ထိုမေးခွန်းမျိုးနဲ့ပဲ ကြည့်ကြသည်။

“သိပါတယ်ခင်ဗျာ သူ့နာမည်က လှိုက်ပါ”

လှည့်၍ဖြေရင်း လှိုက်ကိုသူ ကမန်းကတန်း ပြောင်းယူသည်။ ယုံကြည်တာမဟုတ်ပေမယ့် နာမည်ခေါ်၍ စိုးရိမ်တကြီးဖြစ်နေသည့် သူ့လက်ထဲကို အမျိုးသမီးက အသာတကြည် ထည့်ပေးခဲ့၏။

“လှိုက် လှိုက် ဘယ်လိုဖြစ်တာလဲ လှိုက် ထကွာ”

ပါးလေးနှစ်ဖက်ကို ပုတ်နှိုးသည်။ မေးဖျားလေးကို ဆွဲခါလိုက်တော့ လှိုက်မျက်ခုံးလေးနှစ်ဖက် တွန့်ခနဲဖြစ်လာ၏။





“လှိုက်..လှိုက် သတိရပြီလား”

“အား”

လှိုက် ညည်းသံလေးထွက်လာခဲ့သည်။ မျက်နှာလေးတစ်ပြင်လုံး ရှုံ့မဲ့မဲ့လေး လှုပ်ရှားလာ၏။ အားလုံးက လှိုက် သတိရလာတာကို စိတ်ဝင်တစား ကြည့်နေခဲ့ကြသည်။

“လှိုက်”

“ဟင်”

လှိုက် မျက်လုံးလေးတွေ ပွင့်လာသည်။ နီဒါန်းကိုမြင်သည်နှင့် အံ့အားတသြလေးဖြစ်ကာ ရင်ခွင်ထဲကနေ ကျုံးထသည်။

“နီဒါန်း”

“ဟုတ်တယ် မင်းဘာဖြစ်လာတာလဲ”

ရင်ထဲမှာ ပြောချင်တာတွေ ပြည့်သိပ်လျက် ပထမဆုံး မိတ်ဆွေကောင်းပီသစွာ ရောက်လာသည်က မျက်ရည်ပဲဖြစ်လေသည်။

ဘေးဘီဝဲယာမှာ ငုံ့မိုး၍ စူးစိုက်ကြည့်နေသူတွေကို ဝေ့ကြည့်ပြီး လှိုက်က အားလုံးကြားအောင် ပြောသည်။

“လှိုက် ရှင့်ဆီကိုထွက်လာတာ”

ထပ်ဆုပ်ကိုင်ပြီး အတူရပ်လိုက်တော့ သက်ပြင်းချသံတွေ ကြားသည်။ ဝိုင်းနေသူတွေက လမ်းဖွင့်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ထပ်ဆုပ်ထားပေမယ့် ဆောင့်ရုန်းလိုက်တော့ လွတ်ထွက်သွား
နီဒါန်းလှည့်ကြည့်လိုက်မိသည်။ လှိုက်က လူကွယ်ရာရောက်သည်
မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလျက်...

"ရှင်သွားလို့ရပြီ"

ပြတ်ပြတ်သားသားလည်း မဟုတ်ဘဲ ရှိုက်သံတွေနှင့်ပြော၍
လိုက်၏။ နီဒါန်းနဲ့သူမသည် ပထမတစ်ခါမှာလည်း လမ်းပေါ်မှာပဲ ဆုံသည်
ခုလည်း လမ်းပေါ်မှာပဲ ဆုံရပြန်သည်။

ဒါကြောင့်ပဲ မမြဲခဲ့တာလား။ ဒီလိုဆို နောက်ထပ်လည်း လမ်း
ကြရဦးမည်သာ။ လှိုက်ရင်ထဲမှာ ပြန်တွေ့ကြသည့်အဖြစ်ကို ဝမ်းမြော
နိုင်ဘဲ ပို၍ကြေကွဲနေခဲ့မိသည်။

နီဒါန်းကို သူမအနားပဲနေစေလိုသော နီဒါန်းကလည်း သူလမ်း
လျှောက်မှာပဲဆိုတာကို သိနေသော သူမရင်ထဲမှာ ထိခိုက်ကြေကွဲ
မိ၏။ ဘာဖြစ်လို့ နောက်ထပ်ဆုံဆည်းခဲ့တာလဲ။





"လှိုက် မင်းဘာပြောလိုက်တာလဲ"

နီဒါန်းက သူမရှေ့မှာ ရပ်လာသည်။ လှိုက် တစ်ဖက်ကို လှည့်ထွက်လိုက်တော့ သူက မျက်စနဲ ဖမ်းဆွဲ၏။

"မေးနေတာကိုဖြေ"

"ဘာမှဖြေဖို့မလိုဘူး ရှင်လှိုက်ကိုမတွေ့ချင်လို့ မတွေ့နိုင်တဲ့ လိပ်စာပေးခဲ့တာ မဟုတ်ကဟုတ်က ကတိတွေပေးပြီး ပစ်ခတ်ထားသွားတာ ရှင့်စကားတွေ ကတိတွေကို ယုံခဲ့တာ လှိုက်က အရူးပဲ"

"မင်းကို ငါညာခဲ့တာ တစ်ခုမှမရှိဘူး ဘာဖြစ်ခဲ့တာလဲ ရှင်းရှင်းပြောစမ်းပါ မတွေ့နိုင်တဲ့လိပ်စာဆိုတာဘာလဲ ငါလိုအိမ်ခြေယာခြေခဲ့တဲ့လူမှာ လိပ်စာဆိုတာ ရှိမလား"

"မရှိရင် မပြောခဲ့နဲ့ပေါ့ နေခဲ့တော့ ငါသွားပြီဆိုပြီး လက်ပြထွက်သွားပါလား ရှင်ဘာတွေပြောခဲ့သလဲ မင်းဦးလေးနဲ့ ဆုံမှ ငါသွားမှာဆိုနေနမ်းမှာပဲ ရှိနေမှာပါဆို ဟိုရှာဒီရှာနဲ့ လှိုက်က အရူးမလို"

"မင်း ငါ့ကိုရှာတယ်"

ခပ်တိုတိုမေးပြီး နီဒါန်း မျက်စိမျက်နှာ ပျက်သွားခဲ့၏။ လှိုက်၏ မျက်ရည်တွေကိုလည်း နားလည်သွားသည်။

"လှိုက်ကို အဲဒီလူ လှည့်စားခဲ့တာ လေးလေးဘာက မဟုတ်ဘဲ လိမ်ညာပြီး လက်ထပ်ဖို့ ကြံစည်ခဲ့တာသိလား အဲဒီထဲမှာ ရှင်က မဟုတ်တာတွေ ပြောခဲ့ပြီး လိမ်တယ်"

"မဟုတ်ဘူး"

"ဟုတ်တယ် လှိုက်ကို ဒီလူယုတ်မာဖို့ ကြိုးစားခဲ့တယ် လူကြီးတွေကိုပါ လှည့်စားပြီး လှိုက်ကိုလက်ထပ်ဖို့ကြိုးစားတာ သူမှာ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရှိပြီးသားလို့ ပါးစပ်ကပြောမထွက်တော့ပါ။ လှိုက်နှတ်ခေါင်းပေါ်မှာ လက်ဖဝါးလေးနှင့် ဖိကပ်ဒိုတော့ နီဒါန်းက လက်ကိုဆွဲယူ သည်။ ပြီးတော့ မျက်နှာလေးကိုမော့စေပြီး မျက်ရည်တွေကို သုတ်ပေး၏။

"ငါ တောင်းပန်ပါတယ် အဲဒါတကယ်ပါ ညာခဲ့တာမဟုတ်ဘူး နာနာနမ်းမှာ ငါနေခဲ့တာပဲ မင်းရှာတဲ့ အချိန်လောက်မှာ ကောင်းဆက်နဲ့ ပတ်သက်တဲ့သတင်းရတာနဲ့ မြဝတီဘက်ရောက်သွားခဲ့တာ"

ပြောပြနေရင်း ထပ်၍ထပ်၍ ကျလာနေသော မျက်ရည်တွေကို လည်း စိတ်ရှည်လက်ရှည်သုတ်ပေးနေခဲ့ပြီး...

"ကောင်းဆက်ကို နှိပ်စက်သတ်ပစ်ခဲ့ကြတာ အလောင်းကိုတွေ့တော့ ရုပ်ပျက်ဆင်းပျက်ပဲကွာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ငါအမှုဖွင့်တယ် သံသယဖြစ်ဖွယ်ရှိသမျှ ပြောပြခဲ့တယ် ဦးရွှေချိန်ဆိုတာ ရဲက လည်း တန်းဖြိုး ကောက်ချက်ချတယ် အဲဒီလူကြီးမှာ ဒို့ပြင်ဖမ်းဆီးနိုင်တဲ့ ပြစ်မှုကျူးလွန်ထားတာတွေ ရှိသေးတယ်တဲ့ တစ်နေ့နေ့မှာတော့ ဒီလူကြီး သူကျူးလွန်ခဲ့သမျှအတွက် ခံရမှာပါ"

နီဒါန်းပင့်သက်ရှိုက်လျက် ဆံပင်တွေကို ဖိသပ်ချသည်။ အိုင်ဟုတ် အင်းမဟုတ် ရေကန်ငယ်လေးက မကြည်လင်ပေမယ့် သူတို့နှယောက် ရပ်နေသည့်ဘေးမှာ အေးအေးလူလူ ဝပ်ဆင်းလျက်ရှိ၏။

နေလည်းစင်းနေရောင်ခြည်ကြောင့် ပတ်ဝန်းကျင်သည် ပူလောင်ခြင်း အငွေ့အသက်များကို လွှမ်းခြုံလုလု ရှိသော်ငြား အုံ့ဆိုင်းသော သစ်ပင်ကြီးတို့၏ အရိပ်ကြောင့် အေးချမ်းဆိတ်ငြိမ်သော အသွင်ကို လည်း ဆောင်နေပြန်သည်။

ပူခြင်း အေးခြင်းနှစ်ရပ်ကြားမှာ လေငွေ့နွေးတို့က မျှတစွာ တဝေ့





ထမ်းဆောင်လျက်ရှိ၏။ နီဒါန်းသည် ဘောင်းဘီထဲလက်တွေထည့်၍ ကန်စပ်ထိ လျှောက်သွားပြီးမှရပ်၏။ ခဏကြာမှ ပြန်လှည့်ကြည့်ကာ...

"မင်းဆီက ဘာမှမဆက်သွယ်ဘူးလို့ ငါထင်ခဲ့တာပဲ ဒီကိုပြန်လာတော့ စုံစမ်းကြည့်တယ် ငါကြားတဲ့သတင်းက မင်းပြောတာနဲ့ သိပ်တော့ဘူး မင်းဟိတ်တို့လင်မယားဆိုတဲ့ စကားတစ်ခွန်းလူတွေပါးစပ်ထဲမှာ ကြားရတယ် နှစ်ယောက်လုံးချောချောလှလှလေးတွေ ညားတာ သိပ်မကြာသေးဘူး ဘာညာတွေပေါ့ အဲဒါတွေသိလိုက်ရတော့ မင်းနဲ့သူ လက်ထပ်ပြီးပြီလို့ပဲ ငါထင်ခဲ့တာ"

လှိုက်ရင်ထဲမှာ နင့်သွားသည်။ အဲဒီမိန်းမာမည် ဘယ်သူလဲလို့များ မေးမကြည့်ဘူးတဲ့လား။

"အဲဒါကြောင့် မင်းအဆင်ပြေသွားပြီဆိုပြီး အခု ဘန်ကောက်ကို ထွက်သွားဖို့ ထွက်လာတာပဲ"

"ဪ"

ရင်နာသည့် ခံစားချက်ဟာ ဒီလိုပဲလားဟု တွေးမိ၏။ မျက်ရည်တွေ ရပ်တန့်သွားလောက်အောင် ကြေကွဲသွားသည်။ သေချာအောင် မေးမြန်းနဲ့များ ထင်ရက်ပါပေ့ဟုစိတ်နာချင်သည်။ မျက်ဝန်းတို့သည် စိတ်၏အမိန့်ကို နာခံလျက်သူ့ကိုအေးစက်စက် ကြည့်မိသည်။

"ရှင်က အဲဒီလို လူပြောသူပြောနဲ့ ယုံတတ်လိုက်တာပဲလား ရှင် အဲဒီလိုလူမှန်း လှိုက်မသိခဲ့တာ ရင်နာစရာပဲ"

"မဟုတ်ဘူးလေ မင်းလည်းသူနဲ့လက်ထပ်ဖို့သွားခဲ့တာပဲ မဟုတ်ဘူးလား"

"အဲဒါ ရှင်မေးခွင့်ရှိတယ် ရှင် လှိုက်ဆီရောက်အောင်လာပြီး မေး



www.burmeseclassic.com

www.burmeseclassic.com



လို့ရတယ်လေ"

လှိုက်က အားမလို အားမရ အံကြိတ်လျက် သူ့ရှေ့ထိလျှောက်သွား၏။

"ရှင် မကြောက်တတ်ဘူးဆိုတာ လှိုက်သိတယ် မင်းဟိတ်ဆိုတဲ့လူကို ကြောက်လို့မလာရဲတာ မဟုတ်ဘူး"

"မကြောက်တတ်ဘူးဆိုတာ ဟုတ်ချင်ဟုတ်မယ် ဒါပေမဲ့ ရင်ဆိုင်ချင်တာကတော့ အမှန်ပဲ မင်းလက်ထပ်ဖို့ရွေးချယ်ပြီးသွားခဲ့တဲ့လူတစ်ယောက်ရဲ့ ရင်ခွင်ထဲကနေ မင်းခေါင်းညိတ်ဖြေမှာ ငါမကြားရဲဘူး မြင်လည်းမမြင်ချင်ဘူး တကယ်ဆိုမင်းကို ပေးလိုက်ရပြီးကတည်းက ငါအဝေးကြီးကို ထွက်သွားချင်ခဲ့တာ ဒါပေမဲ့ မင်းရဲ့မျက်ရည်တွေနဲ့ မျက်ဝန်းတွေက ငါ့ကိုတုပ်နှောင်ထားခဲ့တယ် နာနာနမ်းမှာ အခ်ိပ္ပာယ်မဲ့ ကုန်ဆုံးခဲ့တဲ့ အချိန်တွေမှာ တွေးမိခဲ့သေးတယ် ငါဟာ သိပ်မိုက်တဲ့ကောင်လို့ မင်းရဲ့ဆက်သွယ်ချက်ကိုစောင့်ရင်း ပေါ်တော့တော ကြောင်တောင်တောင် ငါဖြစ်ခဲ့တဲ့ အချိန်မှာ မင်းကတော့ လက်ထပ်ပြီးခဲ့ပါလားဆိုတာ သိရတော့ ရှက်တယ်"

သူပြောသမျှကို လှိုက်ကငြိမ်သက်စွာ နားထောင်နေခဲ့၏။

"ဒါဆို မင်းဟိတ်မှာ မိန်းမရှိတယ်ဆိုတဲ့စကား ဘာလို့ ပြောနေကြတာလဲ ပြောတဲ့လူတွေအားလုံးပဲ ငါ့ကိုတယ်သူမှ မသိကြတာ သေချာတယ် မင်းကိုငါစောင့်နေတာမှန်း သူတို့မသိဘဲ တမင်ကြားအောင် ပြောတာ မဖြစ်နိုင်ပါဘူး"

"သူတို့ပြောတာ မှန်တယ်နိဒါန်း သူ့မှာမိန်းမတကယ်ရှိနေခဲ့တယ်"

"ဘာ"





လှိုက်မျက်နှာလေးငုံ့ကျသွားသည်။ နိဒါန်းမလုံနိုင်စွာ ငုံ့မိုးကြည့်နေဆဲမှာ ပြိုးပြက်လက်သွားသော မျက်ရည်စက်တွေ ကြွေဆင်းနေကြတာကို မြင်လိုက်ရ၏။ နိဒါန်း အားလုံးကို နားလည်သွားသည်။

"တောက် ဒီလိုမှန်း နည်းနည်းလေးသာ တွေးမိခဲ့ရင် မင်းဘယ်ရောက်နေနေ ငါမဖြစ်မနေ ရောက်အောင်လာမိမှာ"

သူ လှိုက်ပခုံးလေးနှစ်ဖက်ကိုဆွဲယူ၍ ရင်ခွင်ထဲမှာ ပွေ့ထားလိုက်သည်။ လှိုက်က မငြင်းဆန်ဘဲ ရှိုက်သံလေးမပွင့်တပွင့်နှင့် ငြိမ်သက်နေခဲ့၏။

"အခု မင်းဘာလုပ်ချင်လဲ အဲဒီလူကို တုံ့ပြန်ချင်သလား"

"ဟင့်အင်း လက်နဲ့ဖြစ်ဖြစ် ဥပဒေနဲ့ပဲဖြစ်ဖြစ် သူ့ကိုတုံ့ပြန်ဘာနဲ့ လှိုက် အရှက်ကွဲရမှာပဲ နေပါစေတော့ နိဒါန်းရယ် ခုလည်း သူကြံစည်တာ လှိုက်ဘာသာသိပြီး ထွက်ပြေးလာခဲ့တာ အများအမြင်မှာတော့ လှိုက်က သူ့ဇနီးပဲဖြစ်နေမှာ အစမဖော်ပါနဲ့တော့"

"ဒါဆို ဘာလုပ်ချင်လဲ"

လှိုက်က အသာလေး ရုန်းဖယ်ပြီး သူ့ကိုမော့ကြည့်သည်။

"ရှင်ကော"

"ဘာလဲ"

"ရှင် သွားလာဖို့ရှိနေတာကို လှိုက်အတွက် ဖျက်ပစ်မှာလား"

ငေးခနဲဖြစ်ပြီးမှ နိဒါန်းက ခေါင်းညိတ်သည်။

"မင်းကို အိမ်ရောက်တဲ့အထိ ဘေးမသီရန်မခပို့ပေးမယ် ငါ့ခရီး ဆုံးဖြတ်ချက်နဲ့ငါ ပြဿနာမရှိဘူး"

"ရှင်က ပြဿနာမရှိပေမယ့် လှိုက်ကရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လိှုက်က ကားရှေ့မှာလဲကျသွားခဲ့စဉ် ပွန်းပဲ့သွားခဲ့သော လက်တံတောင်ဆစ်လေးကို ဖွဖွလေးဖိဆုပ်ပွတ်သပ်နေ၏။

“ပြောလေ ဘာပြဿနာလဲ”

“လိှုက် လက်မထပ်ရသေးသရွေ့ အန္တရာယ်ရှိတယ်တဲ့ သင့်တော် ရာ စီမံပြီးလက်ထပ်ပေးဖို့ကျတော့လည်း လိှုက်မကြည်ဖြူဘဲ မလု ချင်ဘူးလေ ကိုကိုကြီးကိုတော့ လိှုက်က ဟိုတုန်းကတည်းက သံယော ဇဉ်ရှိခဲ့ဖူးတယ်ဆိုပြီး စီစဉ်ခဲ့တာ လိှုက်မှာလည်း သူ့ထက်ပိုပြီး ရင်း ဖူးတဲ့ တစ်စိမ်းယောကျ်ားမရှိခဲ့တော့ အကျဉ်းအကျပ်ဖြစ်လာတဲ့ အ မှာ ဘဘကြီးမေးလို့ ခေါင်းညိတ်ခဲ့တာလေ အခုသူနဲ့ ဒီလိုဖြစ်ပေ ဘဘကြီးကတော့ နောက်တစ်ယောက်နဲ့ လက်ထပ်ပေးဖို့ စီစဉ်မှာပဲ တယ် လိှုက်လေ အရမ်းစိတ်ညစ်တာပဲသိလား လိှုက်ကိုရဖို့ ကြိုး နေကြတဲ့လူတွေကို မုန်းတယ် ရွံလည်းရွံတယ် သူတို့လိှုက်ရဲ့ စည်း ဥစ္စာတွေကို လိုချင်ကြတာ”

“တစ်ခါတလေ အဲဒါတွေကို စွန့်ခွာပြီး ထွက်ပြေးချင်တယ် လိုက်ပါတော့ ဘဘကြီးရယ်လို့လည်း ပြောခဲ့ဖူးပါတယ် ဒါပေမဲ့ အမွေအနှစ်ဆိုတာ သားသမီးက ထိန်းသိမ်းရမယ့် ဝတ္တရားရှိတယ် အနားမှာ ဝိုင်းနေကြပြီး မတရားလိုချင်နေကြတဲ့လူတွေကို ဘယ် မရစေရဘူးတဲ့ သူ့ကွယ်ရာမှာ တစ်ချိန်မဟုတ် တစ်ချိန် အလစ်ချော ပြီး ကိုကိုကြီးကြံစည်သလို လိှုက်ကို အမွေသိမ်းယူသွားမှာစိုးတာ ကြောင့် အန္တရာယ်ဆိုတာကို ထည့်ပြောတာပါ”

“ဒါဆိုရင် အခု ဘာလုပ်ဖို့ စိတ်ကူးသလဲ”

“ဘဘကြီးဆီက အကျိုးအကြောင်းတစ်ခုခု မကြားရသေး





လိှုက်ရဲ့ဘေးမှာ ရှင်နေပေးနိုင်မလား”

မျက်လုံးချင်းဆုံသွားကြ၏။ နီဒါန်းက မဖြေပါ။

“ဒါမှမဟုတ်ရင်လည်း လိှုက်ကိုရှင်ပြန်ပို့တဲ့အခါ”

လိှုက်က ဆက်မပြောဘဲ မျက်လွှာချပစ်လိုက်သည်။ ပြီးတော့ မျက်ရှင်းပြန်မော့၏။ မလွှဲတမ်း စိုက်ကြည့်နေခဲ့သော နီဒါန်း၏ မျက်ဝန်း များနှင့် တန်းခနဲဆုံသည်။

“အဲဒါက လိှုက်နဲ့ရှင် လက်ထပ်ပြီးပြီလို့ပြောပြီး ပြန်ဖို့”

“ဘယ်လို”

နီဒါန်း လှုပ်ရှားသွားတော့ လိှုက်၏ပါးပြင်နှစ်ဖက် ရဲတက်သွား ၏။

“လိှုက် မင်း..မင်းက စိတ်ကူးတွေယဉ်ပြီး ငါ့ကိုယောကျ်ားအတု လုပ်ခိုင်းဖို့ပြောတာလား

“တကယ်တမ်းကျတော့ ရှင်မကူညီနိုင်တော့ဘူးမို့လား ဒါပါပဲ”

“ဟ မင်းကဲ့ရယ်တာ လွယ်လှချေလား”

နီဒါန်းက လိှုက်ပခုံးတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ...

“မင်းက ချမ်းသာတယ်ဆိုပြီး ငါ့ကိုငွေနဲ့နိုင်းစားဖို့ကြံတာလား ဒါမှမဟုတ် ဝတ္ထုဆန်ဆန် စိတ်ကူးယဉ်ပြီး ပြောကြည့်လိုက်တာလား မင်းကော ငါကော ရုပ်ရှင်ထဲက မင်းသားမင်းသမီးတွေမဟုတ်ဘူး အဲဒါ သိရဲ့လား”

“ဖယ်ပေး”

လိှုက်က သူ့လက်ကို ပုတ်ချပစ်ကာ သစ်ပင်ကြီးအောက်ကို လျှောက်သွား၏။ နီဒါန်းက ထင်ချပ်မကွာလိုက်ရင်း သစ်မြစ်ဆုံပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ လှိုက်ထိုင်မလှိုပြင်တော့ ပခုံးနှစ်ဖက်ကို ဆွဲမထားလိုက်၏။

"လှိုက်"

"ဘာလဲ ပြောမနေနဲ့ ရှင်ဟာ"

"ဘာဖြစ်လဲ ဆက်ပြော"

လှိုက်က နှုတ်ခမ်းလေးကိုက်၍မော့ကြည့်နေသည်။

"မင်းတော်တော် ကလေးဆန်ပါလား လှိုက် ဒါ အကူအညီတောင်းသင့်တဲ့ကိစ္စလား ငါ့ကို ကလေးကချောကောင်ပဲဆိုပြီး ငွေပေးခိုင်းရင် ရမှာပဲလို့ တွက်လိုက်တာ တကယ်အံ့သြတယ်"

"ဘာမှမဆိုင်ဘူး လှိုက်မှာလိုအပ်နေတာ လှိုက်ပြောတာ အိမ်မှာပြန်နေမယ်ဆိုရင် ဝိုင်းဝိုင်းလည်နေတဲ့ ယောကျ်ားတွေက ကြံစည်နေကြမှာပဲ လှိုက်ဘဝကို အဲဒီလို ဆုံးရှုံးမခံနိုင်ဘူး ကိုယ်စိတ်မဝင်စားမနှစ်သက်တဲ့ ယောကျ်ားကိုလည်း လက်မထပ်ချင်ဘူး အကူအညီတောင်းဖို့ဆိုတာ ဘယ်သူ့ကိုယုံကြည်ရလို့လဲ ရှင့်ကိုမှမပြောရင် လှိုက်က ဘယ်သူ့ကိုပြောရမလဲ"

"မဖြစ်နိုင်ဘူး မင်းကိုငါဟန်ဆောင် ယောကျ်ားအဖြစ်နဲ့ ကူညီဖို့လုံးဝမဖြစ်နိုင်ဘူး တစ်ခုရှိသေးတယ် မင်းအိမ်မပြန်ဘဲ ငါနဲ့အတူ ရှိနေမယ်ဆိုရင်လည်း ရေရှည်မှာ မသင့်တော်ဘူး အဲဒီတော့"

"ပြီးတာပဲ ဆက်ပြောလေ သွားတော့လို့ ပြောရခက်နေသလား"

လှိုက်မျက်ရည်ကျပြန်ပါပြီ နီဒါန်းက စူးစိုက်ကြည့်၍...

"မင်းရဲ့ စည်းစိမ်ဥစ္စာတွေကို မင်းမမက်ဘူးဆို"

"ဘာ"

"မင်း ခုလို ငါနဲ့နေရတဲ့ ဘဝကိုလက်ခံနိုင်တယ်ဆိုရင် တကယ်





လက်ထပ်မယ် ရန်ကုန်ကို မပြန်နဲ့တော့"

"ဟင်"

လှိုက် ဟင် ခနဲဖြစ်သွားသည်။ ရုတ်တရက်ဘာပြောရမှန်းမသိ။

"တကယ် တကယ်လက်ထပ်ရမယ်"

"အင်း မင်းရဲ့သဘောပါ တစ်ခုတော့ရှိတယ် မင်းငါ့ကို သိုက်တူးသမားလို့ထင်တယ်ဆိုရင် ခေါင်းခါလိုက် အားနာဖို့မလိုဘူး ငါကလည်း အားနာမှာမဟုတ်ဘူး ဘာလဲဆိုတော့ မင်းကလက်ခံတယ်ဆိုရင် မင်းကိုခေါ်ပြီး ငါရှက်လွှင့်တော့မှာ ငါ့မာန ငါ့အင်အားနဲ့ မင်းကို စောင့်ရှောက်မယ် မင်းဘဝမြင့်မားဖို့ဆိုတာ ငါ့ကြိုးစားမှုနဲ့ပဲဖြစ်ရမယ် ကျန်ခဲ့တာတွေကို မင်းမေ့နိုင်ဖို့"

လှိုက် မျက်ဝန်းလေးတွေ ရွှန်းလက်လာသည်။ မျက်ရည်တွေဝေ့နေဆဲရှိပေမယ့် ရွှန်းလက်တောက်ပလာခြင်းကြောင့် ပိုလှသွား၏။ သူမကို စူးစိုက်ကြည့်နေခဲ့သည်။ နီဒါန်းမျက်နှာငုံ့ကျလာကာ....

"ကိုယ့်ကို မင်းယုံလား"

ကိုယ်ဟု သုံးလိုက်သည့် သူ့စကားသံမှာ လှိုက်ဖျတ်ခနဲ ရင်ခုန်သွားခဲ့၏ မျက်နှာချင်းနီးလာသဖြင့် ငုံ့ပစ်လိုက်မိသည်။

"မင်းနဲ့ဝေးသွားခဲ့တဲ့ အချိန်မှာ ရင်ထဲမှာ ဘာမှမရှိတော့သလိုပဲ"

နဖူးပြင်လေးနားမှာ သူ့နှုတ်ဖျားက လေငွေ့တချို့ကြောင့် မွှေးလာခဲ့လျှင် လှိုက်တစ်ဖက်ကိုလှည့်သည်။ ထိုအခါသို့ နီဒါန်းက သိုက်ကပ်ပြောသည်။ ထိုအခါ ပါးပြင်လေးနားမှာ မွှေးတွေးလာကာ....

"သူဌေးချင်းကိစ္စနောက်ကိုလိုက်နေရင်းနဲ့လည်း ရေ့လိုမရဘူး ဘာလုပ်မလဲဆိုတဲ့ ကိုယ့်အနာဂတ်ထဲမှာလည်းမင်းပဲ ပါလက်ထပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီလို့ ထင်ခဲ့တဲ့နောက်မှာလည်း ကိုယ့်တစ်ဘဝလုံးသေသွားသလိုပဲ ဒီမှာ ကိုယ့်ကိုကြည့်စမ်းပါ”

“ဟင့်အင်း”

လှိုက် မမော့ရဲပါ မော့လိုက်တာနဲ့ သူ့မျက်နှာနဲ့က ဘယ်လိုမျိုး ထိမိတော့မှာ သူရှေ့တိုးတော့ လှိုက်နောက်ဆုတ်မိသည်။ သစ်ပင်မှာ ကျောပြင်လေးကပ်မိလိုက်သဖြင့် တစ်ကိုယ်လုံး ဖျင်းခနဲပူထူသွား၏

“မင်းကိုတို့ စိတ်ဝင်စားခွင့်မရှိဘူးဆိုတာ သိတယ် မင်းရဲ့ဘဝနဲ့ ကိုယ်အဝေးကြီးပါ ဒါပေမဲ့”

သူစကားရပ်သွားပြီးမှ…

“ဖြစ်နိုင်ဖို့ အဲဒီတစ်နည်းပဲရှိတယ် မင်းကိုကိုယ်ထားဝရ စောင့် ရှောက်ချင်တယ် အဲဒါဟာ စည်းစိမ်ချမ်းသာတွေနဲ့ လှိုက်ကိုမဟုတ်ဘူး ကိုယ်နဲ့တွေ့ခဲ့တဲ့ လမ်းပေါ်က ကောင်မလေးကိုပဲ ဘယ်လိုလဲ ပြော စမ်းပါကွာ မင်းရင်ထဲကတစ်စုံတစ်ရာကို ကိုယ်သိချင်တယ် မင်းကိုယ်ရဲ့ လိုက်နိုင်မလား”

“ရှင်ပြောတာ အဆင့်တွေကျော်မနေဘူးလား နိဒါန်း အဲဒါကတော့ လမ်းပေါ်မှာတွေ့နေရတဲ့ မိန်းမပဲဆိုပြီး ရှင်အဲထင်သေးစွာပြောတာပဲ လို့ လှိုက်သတ်မှတ်လို့မရဘူးလား”+++

“ဘယ်လို”

လှိုက်မျက်နှာလေးမော့လာသည်။ နေ့လည်ခင်း၏ တိတ်ဆိတ် သော ဝန်းကျင်အလှက ရင်ခုန်သံများကို တေးသွားတို့အဖြစ် သီကျူး ခွင့်ပေးထားသလိုပင်။

“လှိုက်ကို ရှင်ဘာပြောခဲ့ဖူးလဲ”





“ကိုယ်”

နိဒါန်းသဘောပေါက်သွားသည်။ နှုတ်ခမ်းတို့မှာ ပြုံးယောင်သမ်း လျက် ပခုံးသားလေးနှစ်ဖက်ကို တယုတယဖျစ်ညှစ်ဆုပ်မိသည်။

“မပြောဖြစ်ခဲ့တာ မင်းဟိတ်နဲ့ ထည့်ပေးလိုက်ရတော့မယ့် အချိန်မှာကတည်းက ကိုယ်မျိုသိပ်နေခဲ့ရတာ မင်းမသိဘူးလား အချစ် ဆိုတာ ပြောတာထက်ခံစားနားလည်ကြတာက ပိုလေးနက်တယ်လို့ ကိုယ်ထင်တယ်”

“လှိုက်ကို ရှင်က ဘယ်လိုနားလည်လိုက်တာလဲ”

“ကိုယ့်ကို တိတ်တခိုးရိုးသားစွာ တွယ်တာနေတယ်လို့ နားလည် တယ်”

“သွားပါ”

လှိုက်၏ ပါးမို့လေးတွေမှာ ခရမ်းရောင်ပြောင်းသွားတာကို သူမြင် နေရသည်။ ရင်ခုန်သံတွေက အကြမ်းဗရမ်း လှုပ်နိုးလာကြ၏။

“လှိုက် ကိုယ်ပြောတာ မင်းလက်ခံလားဟင်”

“ဘာလဲ”

“ကိုယ်နဲ့လက်ထပ်ဖို့လေ”

“ဟင့်အင်းဆိုရင်ကော”

“ကိုယ်နောက်ဆုတ်မှာပါ ဖွတ်တရွတ် ခိုးပြေးဖို့က မင်းကချစ် ရတဲ့ထဲက သာမန်မိန်းကလေးတစ်ယောက်မှမဟုတ်ဘဲ ဟိုလိုလုပ်လို့ ခဲ့ ကိုယ်အပါမခံနိုင်ဘူး”

“အဲဒီမာနမျိုးကိုပဲ လှိုက်က အရှုံးပေးချင်တယ်ဆိုရင်ကော”

“ကိုယ့်ချစ်သူဆိုရင်တော့ မင်းကိုသိမ်းကျုံးပွေ့ပြီး”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘာတွေပြောနေတာလဲ"

"ချစ်တယ်လို့ ပြောမလို့"

သူ့မျက်နှာက ရမ်းကားဖို့ ပါမစ်နှင့် ငွေကျလာသည်။ မဆုတ်သာ မတိမ်းသာဖြစ်နေခဲ့သော လှိုက်မျက်နှာလေးကို နီဒါန်းက မရမက ချောင်ပိတ်ဖမ်းကာ....

နွေနွေခင်းပေမယ့် အေးနေသည်။ ပန်းရနံ့တို့မရှိဘဲလည်း မွှေးနေခဲ့သည်။ ပြီးတော့ သကြားခဲလေး မဟုတ်ဘဲ ချိုသော နှုတ်ခမ်းလွှာလေးသည်....

✪ ✪ ✪





## အခန်း (၂၀)

"ဒီနေရာက အစွန်ကျပေမယ့် လူတော့မပြတ်ဘူးနော်"

"အင်း"

လှိုက်က ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ မြို့က ယိုယွင်းပျက်စီးနေပေမယ့် မြို့တော်ထားမှန်းသိသာလောက်အောင်တော့ တင့်တျန့်နေဆဲရှိသည်။

ဘေးပတ်လည်မှာ မြက်ဖုတ်ရှည်ကြီးများနှင့် တောရိုင်းပင်ခြောက်တို့က ရှည်လျားစွာ တချို့ရှိသေးသည်။ သို့သော် မျက်နှာစာ တည့်တည့်တစ်ဖက်ကတော့ ကမ်းပါးစောက်ဖြစ်ကာ မြန်မာနိုင်ငံ နယ်နိမိတ်၏ အနားသတ်မျဉ်းကြောင်းလို ဖြစ်လေသည်။ လှိုက်က နီဒါန်းကိုမစောင့်ဘဲ ကမ်းပါးစောက်ဘက်ကို လျှောက်သွား၏။

"ဟော့ တယ်ကိုလဲ မသွားနဲ့"

နီဒါန်းက အိမ်ကလေးကို တံခါးဖွင့်နေရင်း သမင်လည်ပြန်လှည့်ကြည့်ပြီး အော်သည်။

"နည်းနည်းသွားကြည့်ချင်လို့ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသွားနဲ့ဦး ပြီးတော့ ကိုယ်လိုက်ပြမယ် အန္တရာယ်ရှိလို့ပြောတာ"

လိှုက်က အင်တင်တင်မျက်နှာလေးနှင့် ပြန်လှည့်လာသည်။ လှိုက်ကို စောင့်နေပြီးမှ နီဒါန်းက အိမ်ထဲဝင်သည်။ သူပဲရှေ့ကဝင်ပြီး ပြတင်းတံခါးတွေကို လိုက်ဖွင့်၏။

အိမ်ကလေးက ရှေ့ကကြည့်တော့ တိုက်ပုလေးနဲ့တူပြီး နောက်နဲ့ဘေးနှစ်ဖက်က ပျဉ်နဲ့ဆောက်ထားတာဖြစ်သည်။ အထဲမှာ ထပ်နိုးလေးထည့်ထားသဖြင့် နှစ်ထပ်ဖြစ်နေသည်။ မကျယ်လှပေမယ့် လင်းလင်းချင်းချင်း သက်တောင့်သက်သာနေလို့ကောင်းမည့် ပုံစံလေးပါပဲ။

ဧည့်ခန်းနေရာမှာလည်း စားပွဲနှင့် ကုလားထိုင်တွေ အစုံလိုက်ရှိသည်။ ဘုရားစင်လေးကလည်း နေရာကျ၏။ ဒါပေမဲ့ ပန်းအိုးထဲမှာတော့ ပန်းခြောက်တွေသာရှိလေသည်။

ထိုင ါမှာ ရွှေကွာနေပြီဖြစ်သည့် ဗုဒ္ဓရုပ်ပွားတော်လေးတစ်ဆူက ဒီတိုင်းရှိနေ၏။ ဘယ်နေရာကြည့်ကြည့် လူမနေတာကြာပြီဖြစ်သည့် လက္ခဏာတွေကို ထင်ရှားစွာ မြင်နေရသည်။ ခြေလှမ်းတိုင်းနောက်မှာထင်ကျန်ခဲ့သည့် ခြေရာတွေက သက်သေ...

"နီဒါန်း"

"ဟင်"

နီဒါန်းက အဝတ်စုတ်တစ်ခုကိုင်ပြီး အနားရောက်လာ၏။

"ဒါ ရှင့်အိမ်လားဟင်"

"မေးပြန်ပြီ"

"ရှင်ကကော ဖြေသေးလို့လား"

နီဒါန်းက ပြန်မပြောသေးဘဲ ကျွန်းကုလားထိုင်တွေကို အဝတ်နဲ့





ရိုက်ပုတ်ပစ်လိုက်၏။ ဖုန်တွေဟူးခနဲ လွင့်တက်လာတော့ လှိုက်က နှာခေါင်းပိတ်၍ နောက်ဆုတ်သည်။ ထိုအခါကျမှ နီဒါန်းက အဝတ်နဲ့ မပုတ်တော့ဘဲ ထိုင်မည့်နေရာကိုပဲကွက်၍ သေချာငုံ့သုတ်လိုက်သည်။

"ရပြီ ထိုင်တော့"

လှိုက်က မထိုင်ဘဲနှင့် သူ့ကိုပဲလိုက်ကြည့်ကာ...

"မေးတာကို ဖြေစမ်းပါ ဒါဘယ်သူ့အိမ်လဲ လူမနေတာ တော်တော်ကြာပြီဖြစ်မယ် ရှင်ပြောတော့ ရှင့်ရဲ့အခြေအနေက အိမ်တစ်လုံးတောင် ပိုင်ပုံမရဘဲနဲ့"

နီဒါန်းက အဝတ်စုတ်ကို ရောက်ချင်ရာ နောက်ပြန်လွှဲပစ်လိုက်သည်။ ပြီးတော့ လှိုက် မျက်နှာလေးကို ခပ်ချဉ်ချဉ်ပုံစံနှင့် စိုက်ကြည့်၏။

"အိမ်ပိုင်တာ မပိုင်တာသိပ်အရေးကြီးလား"

"ကြီးတာပေါ့ ရှင်ပဲလှိုက်ကိုရှင်နဲ့နေဖို့ပြောပြီးတော့"

"အဲဒီတော့ ဘာဖြစ်လဲ"

"အိမ်ထောင်တစ်ခုကို ထူထောင်ဖို့က နေစရာတစ်ခုတော့ မဖြစ်နေလိုတာပဲ လှိုက်ပြောတာက တိုက်တာအဆောင်အယောင်တစ်ခုကို ပိုင်ဆိုင်ချင်လို့မဟုတ်ဘူး ပြောလိုက်ရင် မဟုတ်တာတွေးဖို့ပဲသိတယ်"

လှိုက်က မျက်စောင်းလေးထိုး၍ မျက်နှာလွှဲပစ်သည်။ နီဒါန်းက လှိုက်၏မေးဖျားလေးကို သူ့ဘက်လှည့်လာအောင် ပြန်ဆွဲယူကာ...

"ဘယ်သူက မဟုတ်တာတွေးလို့လဲ မင်းကျတော့ မျက်စောင်းထိုးတာဝန်ကျေနေတာထည့်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မျက်လုံးကြီးကိုသိနေလို့လေ လူကိုကြည့်ပုံက"

နီဒါန်းက ပြုံးလိုက်သည်။ လှိုက် ပါးကလေးကို လက်မနဲ့အသာလေးပွတ်ပြီး စိုက်ကြည့်၏။

"ဒီလိုအိမ်လေးတစ်လုံးလောက်ပိုင်ထားနိုင်ရင် ကောင်းမှာပဲလို့ မင်းစိတ်ကူးမိသွားတာလား"

"ဟုတ်တယ်"

လှိုက်ကလည်း ဝန်ခံသည်။

"တကယ်လို့ အဲဒီလောက်တောင် ကိုယ့်မှာပိုင်ဆိုင်မထားခဲ့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

လှိုက်နှုတ်ခမ်းလေးတစ်ချက်ဖိပြီး မော့ကြည့်သည်။ ဒီယောကျ်ားဟာ သူ့ဘက်က မပေးနိုင်တာတွေများချင်များနေလိမ့်မည်။ သူလိုချင်တာကိုတော့ မရရအောင်လုပ်တတ်တဲ့သူပါ။

သူ့ဘက်က ရိုးယွင်းချက်ပါလားဆိုတာကို မတွေးဘဲ လှိုက်တို့တော့ လောဘကြီးတဲ့သူဟု လက်ညှိုးထိုးဖို့ အဆင်သင့်ရှိနေတာမျိုး လှိုက်မှာလည်း မာနရှိတာပဲ သူ့ကိုလမ်းပေါ်မှာပဲ လိမ့်နေတဲ့ လမ်းသရဲသာသာပဲ လှိုက်အသိထဲမှာရှိသည်။

သူ့ကိုတွယ်တာခဲ့တဲ့ အထဲမှာ ပိုင်ဆိုင်မှုတွေလည်းမပါ မိန်းကလေးတစ်ယောက်၏ ရွေးချယ်မှု မျက်လုံးဆိုတာနဲ့ ကြည့်ခဲ့တာလည်း မဟုတ်ပေ။ အထင်ကြီးစိတ်သက်သက်နဲ့ သူ့ရဲ့ တရိစ္ဆာ တည်ကြည်ဖြတ်သားမှု ထည့်တွက်ခဲ့တာ ဒါတွေပဲဖြစ်သည်။ ဒါပေမဲ့ နေထိုင်ကြဖို့ဆိုတာ မရှိလို့ ဖြစ်သလား။

ပိုင်ဆိုင်ထားတာပဲဖြစ်ဖြစ် ငှားထားတာပဲဖြစ်ဖြစ် ပိုင်ရှင်ပိုင်တယ်





ငှားထားရင်လည်းငှားတယ်ပေါ့ မေးတာကိုဖြေလိုက်ရင်ပြီးပြီ။ လှိုက်မျက်နှာလေးကိုတင်း၍ မာနနှင့် ပြန်ကြည့်လိုက်မိသည်။

"ဟုတ်တယ် အဲဒီလောက်လေးမှ ပိုင်ဆိုင်မထားဘူးဆိုရင်တော့ ဆောရီးလို့ပြောရမှာပဲ ကျွန်မက မိန်းကလေး အားကိုးထိုက်မှ အားကိုးမှာ"

လှိုက်ကရွဲ့သည်။ သူ့ရှေ့မှာကိုပဲ ရပ်မနေချင်သည်မို့ ချာခနဲလှည့်ထွက်၏။ နီဒါန်းက အကြမ်းပရမ်းဆောင့်ဆွဲပစ်လိုက်ပြီး...

"ဆောရီးလို့ပြောခဲ့တာနဲ့ ကိုယ့်ဒီအတိုင်းရပ်ကျန်ခဲ့မယ်ထင်လို့လား"

"အို ရှင်..ရှင် ဘာလုပ်တာလဲ လွှတ်...ဖယ်နော်"

လှိုက် ထုနှက်ရုန်းဖယ်နေရခြင်းက အလကားဖြစ်နေသည်။ ဆွေ့ခနဲပွေ့ယူသွားခဲ့သော နီဒါန်း၏ ခြေလှမ်းတို့က နည်းနည်းလေးမှ တုံ့ဆိုင်းမသွားပေ။

လှိုက် ရှက်တာကော ဒေါသတွေကော စုရုန်းလျက် သူ့ရင်ဘတ်ကို ထုနှက်ရင်း ရှိုက်ငိုမိလေသည်။

"လူဆိုး လူကဲ ရှင် သိပ်လူလည်ကျတယ်သိလား မုန်းတယ်"

လှိုက် ၏ ရှိုက်သံလေးတွေ တစ်စစလွင့်ပါးပျောက်ကွယ်သွားခဲ့၏။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ကမ်းပါးစောက်နှင့် ခပ်လှမ်းလှမ်းမှာ ယှဉ်တွဲထိုင်ရင်း သူ့လက်မောင်းနားမှာ လှိုက်ခေါင်းကလေးမှေးတင်၍ သူပြောသမျှကို နားထောင်နေမိသည်။ အရုဏ်တက်စ နေဝန်းနီက အရှေ့မိုးကုတ်စက်ဝိုင်းထဲကနေ ကိုယ်ရောင်ကိုယ်ဝါတွေပြ၍ လောကကို စီးမိုးကြည့်နိုင်ဖို့ ရုန်းကြွလှုပ်ရှားနေ၏။

အလင်းနဲ့အပူကိုကြို့ဆိုလက်ခံနိုင်ရန် အလို့ငှာ အရုဏ်ဦး၏ လေပြည်နုနုက သုန်သုန်မြူးလျက် တောင်ပံခတ်နေခဲ့သည်။ တိတ်ဆိတ်စွာ ငေးမောခံစားနေကြပြီးမှ နီဒါန်းက လှိုက်မျက်နှာလေးကို ငုံ့ကြည့်သည်။ လက်ဖဝါးချင်းထပ်ထုပ်ထားရာမှ မြှောက်ယူပြီး လှိုက်၏လက်ခုံနုနုလေးကို နှုတ်ခမ်းနှင့် ဖိကပ်နမ်းလိုက်သည်။

"ဘာလို့စကားမပြောတာလဲ ကိုယ့်ကိုစိတ်ဆိုးတုန်းပဲလား"

"ဟင့်အင်း"

လှိုက်က နှုတ်ဖြင့်လည်းဖြေသည်။ ခေါင်းလေးလည်းခါ၏။ နီဒါန်းက လက်တစ်ဖက်ကနေ လှိုက် ခါးကလေးကို သိမ်းဖက်ထားလိုက်ပြီး





"မုန်းတယ်ဆို"

"ရှင် မစနဲ့နော်"

လှိုက် စူပွပွလေးဖြစ်လာတော့ သူရယ်သည်။ ပခုံးစွန်းနားမှာ မှီနေသည့် မျက်နှာလေးကို ထိုင်လျက်ကနေ ငုံ့နမ်းတော့ နှာခေါင်းချွန်ချွန်က နဖူးလေးကို မထိတထိပဲ နမ်းခွင့်ရ၏။

"မင်းထင်နေတယ်မို့လား ကိုယ်က မင်းဆီကပဲ တစ်ကိုယ်ကောင်းဆန်ဆန် ခြွေယူနေတယ်လို့"

"သိရင်ပြီးတာပဲ"

မကျေနပ်သံလေးပါနေဆဲမို့ နီဒါန်းမရယ်နိုင်တော့ပေ။ ခါးမှာ ဖက်ထားသည့် လက်က ပခုံးစွန်းကလေးဆီရောက်ကာ တင်းခနဲ ဆွဲချစ်မိ၏။ ရောင်နီလာပြီဖြစ်ပေမယ့် အရာရာကို သဲကွဲစွာ မမြင်ရသေးပါ။ လှိုက်မျက်နှာလေးကို သေချာမမြင်ရသော်လည်း သူမကြာခဏ ငုံ့ကြည့်မိကာ...

"မင်းကိုကိုယ်တကယ်ချစ်တာ အဲဒါကို မင်းယုံစေချင်တယ် တစ်ဖက်သားရဲ့ ဆန္ဒကို မေးမြန်းရယူလိုစိတ်မရှိခဲ့တာကတော့ ငယ်ချင့်လို့ ပြောရမှာပဲကွာ ပြီးတော့ ဟိုတုန်းကတည်းက မပြည့်စုံခဲ့တဲ့ ကိုယ့်ဘဝကြောင့် ဘယ်သူ့ကိုမှ သိပ်ထည့်မတွက်တဲ့ဉာဉ်က အထူးတသည် မွေးမြူဖို့ မလိုခဲ့တဲ့ မာနစိတ်ပဲ"

သူ့ကိုယ်သူလည်း အားမလိုအားမရ ဖြစ်လာပုံမျိုးနှင့် နီဒါန်းက သက်ပြင်းချ၏။

"ကိုယ်အပြောအဆိုတွေ မညက်ညောဘူး ဒါပေမဲ့ ဒီနေ့ထိ ဘယ်သူ့ကိုမှ လိမ်လည်လှည့်စားခဲ့ဖူးတာ မရှိဘူး၊ အဲဒါယောကျ်ားဝါ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာဝေးလို့ မိန်းကလေးတစ်ယောက်ကို တပ်မက်စွဲလမ်းတဲ့စိတ်နဲ့ သတိတရဖြစ်ဖူးခဲ့တာလည်း မရှိဘူး အဲဒါလည်း တကယ်ပါ ချစ်တယ်ဆိုတဲ့စကားကို ပြောတတ်နေလိမ့်မယ်လို့တောင် ကိုယ့်ကိုယ်ကို မထင်ခဲ့ဘူး ကိုယ်ကလူကြမ်းပဲ”

ဘယ်နေရာမှာကြမ်းတာလဲ မေးတော့မေးချင်မိသည်။ ဆံပင်ဘုတ်သိုက်ကြီး ရှည်နေတာကိုလား ပြောဆိုပုံရက်စက်ရင့်သီးတာကိုလား ရုပ်ဆင်းအင်္ဂါအားဖြင့် လူကြမ်းလို့ပြောတာဆိုရင်တော့ လိုက်နှုတ်ခမ်းမဲ့မိလိမ့်မည်။ ထိုအခါ အသားလတ်လတ် လူကဖြောင့်ဖြောင့်နှင့် သူ့ထိ လူက ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဘူးဆိုသော စကားကိုလည်း ယုံ ခက်ပါသည်။ အထူးသဖြင့် ဆုံးမအုပ်ထိန်းသူကင်းမဲ့စွာ ကြီးပြင်းခဲ့ရ ဟာ....

“ကိုယ်တခြားနေရာမှာ စည်းကမ်းမဲ့တာရှိချင်ရှိမယ် နှလုံးသ ကတော့ လုံးဝသန့်စင်တယ် အဲဒါကိုမင်းယုံပါ”

လိုက်စိတ်ထဲမှာ တွေးနေတာကို သိနေသည့်အတိုင်းပါပဲ။ သူ့စ ကြောင့် လိုက် နှုတ်ခမ်းလေး ပြုံးသွားခဲ့သည်။

“လိုက်”

“ဟင်”

“ဟိုးမှာကြည့်စမ်း”

နီဒါန်းက နီရဲတောက်ပနေသော အာရုဏ်ဦး၏ အလှတရ ကို လက်ညှိုးထိုးရင်း ညီပြာရိပ်သမ်းနေသည့် မိုးကုတ်စက်ဝိုင်း လည်း မော့ငေးကြည့်ဖြစ်အောင်ပြသည်။

“ဒုက္ခ အခက်အခဲတွေ တနင့်တပိုးနဲ့ လောကကြီးကို စိတ်





နွမ်းနွာဖို့ကြိုးစားနေတဲ့သူတောင်မျှ မနက်အာရုဏ်ရဲ့ ရောင်နီကိုမြင် လိုက်ရရင် ခွန်အားတွေဖြစ်လာတယ် နေ့သစ်တစ်ခုရဲ့ အစဟာ ဘယ် လောက် အဓိပ္ပာယ်ရှိနေသလဲဆိုတာကို နားလည်လာတယ် နေရောင် ရဲ့ တကယ်ရဲရင့်မှုကို မနက်အရုဏ်တက်တစ်ချိန်မှာပဲ မြင်ရတာ”

“ဟင် ဒါဆို ညနေဆည်းဆာကျတော့ကော”

“မတူပါဘူး ဆည်းဆာနေရောင်ကျတော့ ပြယ်တဲ့သဘောနဲ့ရှိ တာ သူကရောင်နီလို စုစည်းရဲရင့်နေတာ မဟုတ်ဘူး ဖျော့ကျကျယ် ပြန့်သွားတာ ရောင်နီရဲ့ ဆည်းဆာဟာ နေ့တစ်နေ့တည်းမှာ ရပ်တည် ကြတာချင်း တူပေမယ့် ဆန့်ကျင်ဘက်အသွင်ကို ဆောင်နေကြတာ”

“ရှင်က ဘာပြောချင်လို့လဲ”

လိုက်က သူ့မျက်နှာကို မော့ကြည့်သည်။ နီဒါန်းက ပြန်ကြည့်၏။

“ဘာပြောချင်တာလဲဆိုတော့ အရုဏ်တက်ဆိုတာ နေ့တစ်နေ့ ဲ့ အစပြုလိုက်တာဖြစ်သလို မင်းနဲ့ကိုယ်တို့ နှစ်ယောက်တစ်ဘဝကို ကြမယ်လို့ ပြောတာ ကိုယ်ဟာ အစက ဘယ်လိုကောင်ပဲဖြစ်ဖြစ် င်းအတွက် ရဲရင့်တဲ့သူရဲကောင်းဖြစ်ရမယ် ကိုယ့်လက်ထဲမှာ မင်းဘာ ဖြစ်ရဘူး မင်းဘဝအတွက် ကိုယ့်ရင်ခွင်ဟာ လုံခြုံတဲ့ အရိပ်ကောင်း စ်ခုလို့ တကယ်ယုံကြည်တယ်ဆိုရင်....”

သူ့စကားရပ်သွားသည်။ လိုက်က သူ့ဆက်ပြောမှာကိုစောင့်နေခဲ့ ခဏကြာတဲ့အထိ ဘာမှမပြောဖြစ်သောအခါ လိုက်သူ့ကိုမော့ကြည့် က်မိသည်။ သူသည် လိုက် မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်ရင်း ည်းဖြည်းငုံ့လာ၍....

“မင်းကို ကိုယ်သိပ်ချစ်တာ”



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းဖျားတို့ဆီမှ လေချွေးချွေးသည့် လှိုက်၏ ပါးပြင်လေးတစ်ဖက်မှာ ထိကပ်ပွတ်တိုက်လာခဲ့ရင်း....

"ကိုယ်တို့လက်ထပ်ကြမယ် လက်ခံမယ်မို့လား"

မေးပြီးတော့လည်း ဖြေခွင့်မပေးဘဲ အနမ်းများစွာဖြင့် သူဝဲ ဖြတ်ခဲ့၏။ လှိုက်မျက်ဝန်းများကို မိတ်ထားရင်း ရင်ထဲမှာ တလှပ်လှပ် ခုန်နေမိသည်။ မှောင်ရိပ်သမ်းနေသေးသည့် အာရုဏ်ဦးဆိုတာ လှိုက် မျက်ဝန်းထဲမှာတော့ မှောင်နဲ့မည်းမည်းဖြစ်နေပါလား။

သိနေတာ တစ်ခုပဲရှိသည်။ ပွေ့ဖက်နမ်းရှိုက်နေခဲ့သော သူ့ ပြန်၍ဖက်တွယ်ထားခဲ့မိသည်။ ခေါင်းညိတ်မိသလား ခေါင်းခါမိသလား လှိုက်ကိုယ်လှိုက် မသိခဲ့ဘဲ သူ့အနမ်းများမှာ မေ့မူးမျောပါနေခဲ့၏

တကယ်ဆို သူ့ရင်ခွင်ဟာ လှိုက်အတွက် ကမ်းခြေမဲ့သည့် ပြင်ကျယ်လို ဖြစ်နေခဲ့၏။ နိဒါန်းဆိုသော ယောကျ်ားဟာ နူးညံ့ သာစွာ ဖြားယောင်းခဲ့သည်လည်းမဟုတ်၊ ယုံကြည်အားကိုးနိုင်လော အောင် ဂုဏ်ဓန အဆောင်အယောင်ဆိုတာ နတ္ထိ၊ ဒါပေမဲ့ လှိုက် သူ့ စိတ်ဝင်စားခဲ့သည်။

သူပြောတိုင်းယုံသည်။ အားကိုးစမ်းပါဆိုတော့လည်း အား လိုက်ဖို့ အဆင်သင့် ဘာဖြစ်နေလည်းလို့မေးလျှင် အဖြေမရှိပါ။ ကမ်း လာသည့် သူ့လက်ကို ဆုပ်ကိုင်လိုက်ပြီးသည့်နောက်မှာ သူဘယ် ခေါ်ခေါ် အချစ်ဝမှာမာယာမရှိပါ။

ဖြားယောင်းခြိမ်းခြောက်လို့မရ၊ မမြင်လို မကြားလိုပါဘူးဟု ဆန်ကာ ကမ္ဘာမြေဆုံးထိ ထွက်ပြေးတိမ်းရှောင်ပုန်းတိုင်းလည်း လပ်တစ်ခုမှာ ကျန်ရစ်ပျောက်ကွယ်သွားမှာမျိုး မဟုတ်ပေ။





အချစ်လိုဆွဲငင်နိုင်စွမ်းသော သံလိုက်ဓာတ်အားမျိုး ဖန်တီးနိုင်ခြင်းမရှိသမျှမှာ အချစ်ဟာ မာနကြီးကြီးနှင့် နှလုံးသားရပ်ဝန်းတိုင်းကို အုပ်ချုပ်ပိုင်စိုးနေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်....

အချစ်သည် သူ့နိုင်ငံတော်ကို သူသာတည်ထောင်နိုင်ခဲ့ခြင်းကြောင့်....

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၂)

ခွပ်ခနဲ မီးပွင့်သွားခဲ့သည့် မျက်လုံးထဲမှာ လက်သီးချက်မိသွား သည်လို့မထင်ဘဲ ဆယ်ပေါင်တူကြီးနှင့် ငယ်ထိပ်တည့်တည့်ကို ထုချ လိုက်သလိုပင်။ နောက်ထပ် ဗိုက်ကိုအရှိန်နှင့် ပစ်ဝင်လာသည့် လက်သီး ချက်မှာ ပက်ခနဲလန်ထွက်သွားကာ ကျောပြင်က စားပွဲစွန်းမှာ ပစ်ဆောင့် မိသေးသည်။

မျက်နှာ ဝမ်းဗိုက်နှင့် ကျောပြင်သုံးနေရာမှာ တစ်ပြိုင်တည်း နာကျင်စွာ....

"တော်ပြီ ဖိုးညဏ် သိပ်မလုပ်နဲ့"

နဂိုကတည်းက ရက်စက်တတ်သည့် သဘောမရှိခဲ့သည်မို့ ဦးသာ ရှိန်နေရာမှ ထရပ်ရင်း လက်ဖြင့်လည်း မြှောက်ကာ တားဆီးမိသည်။

"သိပ်မလုပ်လို့မရဘူးအစ်ကို ဒီကောင်တစ်ခုခု လုပ်လိုက်လို့ လိုက် ထွက်ပြေးတာ"

"မလုပ်ဘူး"

ပြန်ထဖို့ကုန်းကွကြိုးစားရင်း မင်းဟိတ်က ဗလုံးဗထွေးပြောသည်။





ထိုနေရာမှ မေးထောက်ကြည့်နေသည့် ဦးညဏ်ရှိန်က ခပ်မဲ့မဲ့ပြုံး၍ ချက်စပစ်လိုက်သည်။ အမိန့်ကို နာခံရန်စောင့်နေကြသည့် တပည့်နှစ် ယောက်က မင်းဟိတ်ကို ပခုံးကိုနေ ဆွဲထူသူကထူသည်။

တစ်ယောက်က ရင်ဘတ်စကိုစုလုံး မထားဓား။ အားနှင့်လွှဲလိုက် သော လက်သီးလုံးကြီးကို ဦးသာရှိန်က အလျှင်အမြန် ဆွဲထားလိုက်ပြီး ညီဖြစ်သူဘက်လှမ်းကြည့်ကာ....

"ဘာပဲဖြစ်ဖြစ် အခုကလေးဘယ်ရောက်သွားသလဲဆိုတာက အရေးကြီးတယ်မို့လား အခ်ပ္ပာယ်မရှိ တစ်ဖြစ်က နှစ်ဖြစ်ဖြစ်ဦးမယ် ညဏ်၊ မင်းလည်း အချုပ်ကလွတ်လာတာ မကြာသေးဘူး"

"နေစမ်းပါအစ်ကိုရာ ညဏ်ရှိန်ဆိုတဲ့ကောင်ကို ဘာပြစ်မှုနဲ့မှ ဖမ်း လို့ရပါဘူး ဟွန်း ဒီပြဿနာပေါ် လာလို့ ဒီကောင်ခုလို ကြံစည်ဖြစ်တာ"

"ကျွန်တော် ဘာမှမကြံစည်ဘူး တကယ်ပြောတာပါ"

မင်းဟိတ်က ထိတ်ထိတ်လန့်လန့် မျက်နှာနှင့်ပြော၍ နှုတ်ခမ်း ထောင့်မှ စိမ့်ကျလာသည့် သွေးတို့ကို လက်ခုံနှင့်သုတ်သည်။

ဦးညဏ်ရှိန်က ကုလားထိုင်လက်ရမ်းကို လက်သီးနှင့်ဒုန်းခနဲ ထုစ်လိုက်ပြီး ထရပ်သည်။ မဲဆောက်မြို့မှာ စားသောက်ဆိုင်ကြီး အွ တခမ်းတနားရှိသမျှ ဘယ်ထဲဝင်ဝင် ဦးညဏ်ရှိန်ပိုင်ဆိုင်သည့် ဆိုင်နှင့်လွတ်တာ သိပ်မရှိ။

ရာထူးရာခံလည်းရှိ ရုပ်ကလေးခပ်ချောချောနှင့် အပျော်လည်း ကျက်တတ်သော မင်းဟိတ်ကို ခြေရာခံဖို့က သိပ်ခက်ပေ။ ဒီနေ့ ပဲတည်းစိမ် စားပျော်ခန်းမထဲကို မင်းဟိတ်ဝင်လာသည်နှင့် ဧည့်တော်ခန်း ကို ရောက်လာအောင် လုပ်ယူလိုက်ဖို့က လွယ်လှပါလေးသာ....



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟိတ် မင်းရဲ့ညာလုံးဖြိုးလုံးတွေကို ဘေးချိတ်လိုက် ငါ့တူ ဘယ်ရောက်သွားသလဲဆိုတာကို လိုရင်းတိုရှင်းဖြေ မဟုတ်ရင် မင်း နာပြီ"

"ကျွန်တော် ညာနေတာမဟုတ်ဘူး လေးလေးညဏ် သူ့ကို ကျွန် တော်ရိုးရိုးသားသား စောင့်ရှောက်ထားတာ သူ့ဟာသူ"

"ခွပ်"

"ဟာကွာ ဖိုးညဏ်"

တားချိန်ဆွဲချိန်မရလိုက်ဘဲ ထိုးချပစ်လိုက်တော ဦးသာရှိန် မင်း ပျက်လက်ပျက် ဖြစ်သွားပြီး ခေါင်းခါလေသည်။ တပည့်လုပ်သည့် ယောက်ကလည်း မင်းဟိတ်ကို ကျကျနန ချုပ်ကိုင်၍ ဖွဲ့အိတ်ကြီး တစ်အိတ်လို ဆရာရှေ့မှာ ထိုးပေးထား၏။

မင်းဟိတ်က နေတာကိုက နုနုနွဲ့နွဲ့မို့ တစ်ချက်ထိုးလိုက်ကတည်း က ဒယီးဒယိုင် ခွေကျသွားခဲ့တာ...

"ဟိတ်ကောင် မင်း စကားပြောင်းပြောစမ်း"

ဦးညဏ်ရှိန် ဒေါသက အရှယ်နှင့်မလိုက်အောင် ဟူးဟူး ဖြစ်နေခဲ့၏။

"မင်း ရိုးရိုးသားသားဆိုရင် လှိုက်ကို သွားကြိုလိုက်ပါလို့ ပြော ခဲ့တုန်းက ဘာဖြစ်လို့ ဘာမှဖွင့်မပြောခဲ့တာလဲ"

ဒါကိုပဲ တွေးမိလေ ဒေါသဖြစ်လေပါ။ ဦးညဏ်ရှိန်၏ သက်တ တလျှောက်မှာ သူများလှည့်စားတာကို ခံလိုက်ရတယ်ဆိုတာ ... သူမှာ တပည့်တပန်းတွေ နိုင်းစရာမရှိလို့မဟုတ်ပေ။

သူလုပ်ငန်းတွေက ဥပဒေနဲ့ ငြိစွန်းတယ်လို့ မဟုတ်ပေ





အပျော်အပါးလောင်းကစားစုံသည်။ သူ့ပတ်ဝန်းကျင် သူ့ဘက်က လူမှု ရေးအားလုံးမှာ မိန်းမငယ်လေးတစ်ယောက်နှင့် မအပ်စပ်တာတွေ အများကြီးရှိနေသည်။

ထို့ကြောင့် အစကအမှတ်တမဲ့နေခဲ့သော မင်းဟိတ်ကို အစ်ကို ဖြစ်သူဆီက ဖုန်းကြောင့်သူရှာဖွေခဲ့သည်။ သိခဲ့ရင်းနီးခဲ့ဖူးသူတွေမို့ ဒီအ ရွယ် ဒီလိုအချိန်ကျမှ ပြန်ဆုံရပေမယ့် ယုံကြည်မိသည်။

ပြီးတော့ မိဘဂုဏ်သိက္ခာနှင့် သူကိုယ်တိုင်က အောင်မြင်နေသည့် ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ယောက်ဖြစ်နေသည်။ အစ်ကိုတစ် ယောက်လုံးက တူမနဲ့ပေးစားမယ့်လူပါဟု လက်ညှိုးထိုးလိုက်တာ မို့လို့လည်း မင်းဟိတ်ဆိုတဲ့ကောင်မှာ မိန်းမရှိနေမလား လူရှုပ်လူပွေ ဖြစ်နေမလားရယ်လို့ ဘာမှထည့်မတွက်ခဲ့မိတာလည်း ပါသည်။

"မင်းဟိတ် ငါ့တူမလေးကို သွားကြိုပေးစမ်းပါ ငါ့ကိစ္စတစ်ရက် နှစ်ရက်ဆိုပြီးပြီ သူရောက်လာတာ မင်းတို့မင်္ဂလာကိစ္စလည်းပါတယ် ထင်တယ် ဒီမှာငါဖြစ်နေတာတွေကို မပြောဘဲ တစ်ရက်နှစ်ရက် စောင့်ရှောက်ထားကွာ"

သူကိုယ်တိုင် မင်းဟိတ်ကို အသိပေးပြောထားခဲ့သည်။ ဒါပေမဲ့ မင်းနဲ့လက်ထပ်ပေးဖို့ အစ်ကိုလွှတ်လိုက်တာလို့တော့ မပြောခဲ့ပေ။ ဘာပဲဖြစ်ဖြစ် အဲဒီတုန်းက ဒီကောင်ဖွင့်မပြောဘဲ မြိုနေခဲ့တာ ရိုးသား တာလား....

"စိတ်ချပါ ကျွန်တော်သွားကြိုပါ့မယ်ဆို"

ဦးညဏ်ရှိန်က ဒေါသကြီးနေဆဲ ဦးသာရှိန်၏စိတ်ထဲမှာတော့ မင်းဟိတ်ထံမှာ မဟုတ်ဘဲ လှိုက်ဘယ်ရောက်နေသလဲဆိုတာ အထပ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်...

"ဝါတူမ ဘယ်နေ့က ထွက်သွားတာလဲ ဘာဖြစ်သွားလဲ မင်းကယ်
ကကျစ်တွေဖယ်ပြီး မှန်မှန်ကန်ကန်ပြောစမ်း"

"သူထွက်သွားတာ နှစ်ရက်ရှိပြီ"

မင်းဟိတ်မထနိုင်တော့ဘဲ ကြမ်းပေါ်မှာ နောက်ပြန်လက်ထောက်
နေလျက် မကျေမနပ်သံနှင့်ဖြေသည်။

လိုက်ထွက်ပြေးသွားကတည်းက ဒီပြဿနာမလွယ်ဘူးဆိုတာ
သူသိသည်။ လိုက်ကို လက်ထပ်ပြီးအပိုင်သိမ်းပိုက်ထားနိုင်ပြီဆိုရင်သာ
ဘာပြဿနာတွေပဲရှင်းရှင်းရ ဂုဏ်သိက္ခာနှင့် မာနတွေကို ထိခိုက်မ
နိုင်သည့်ဘက်မှ လျော့ရမည်။ ဦးညာဏ်ရှိန်ကော ဘာတတ်နိုင်မှာလဲ။

သေချာဆုံးက လိုက်၏စည်းစိမ်တစ်ဝက်တော့ ရနိုင်သေး၏
ထွက်ပြေးသွားလိုက်တာ ချက်ချင်းလိုက်ရှာတာတောင် ဘယ်မှာမှ
မတွေ့တော့ပေ။ နောက်ထပ်မထင်မှတ်ဘဲ ညီအစ်ကိုနှစ်ယောက်စလုံး
ဒီမှာလာတွေ့နေရသည်။

လိုက်ဘယ်ထွက်သွားသည်ကို မပြောနိုင်သရွေ့ သူ့အတွက် သင်
သာဖို့မရှိတော့ဘူးဆိုတာ သိလိုက်သောကြောင့်...

"ကျွန်တော် မပြောဘဲထားခဲ့တဲ့ကိစ္စကို သူဟာသူကြားပြီး အထင်
လွဲသွားတာနေမှာပါ သူထွက်သွားတာကို ကျွန်တော်တကယ်မသိပါ
ဘူး လိုက်လည်းရှာခဲ့တယ် လုံးဝကို မတွေ့လို့ စိတ်ညစ်နေတာပါ
လေးလေးညာဏ် ကျွန်တော့်ကို ယုံပါဗျာ ဘဘကြီးလည်း ယုံပါ"

မင်းဟိတ်က ဦးညာဏ်ရှိန်ထက်ပိုရင်းနှီးသော ဦးသာရှိန်ဘက်သို့
လှည့်၍ စစ်ကူတောင်းသလိုကြည့်၏။ လဲကျနေရာမှ မရိုမသေနဲ့ မျှ





ထရပ်လိုက်ပြီး...

"မာမီတို့မျက်နှာကိုထောက်ထားပြီး ဒီကိစ္စကိုယုံကြည်ပေးပါ
ကျွန်တော့်သူကို တကယ်ဘာမှမကြံစည်ခဲ့ပါဘူး"

အသက်နဲ့ ယှဉ်လာတော့ မဟုတ်မဟပ်တွေပြောဖို့လည်း ရှက်ရ
မှန်းမသိတော့။ အိုးအိမ်စည်းစိမ်ကြောင့်လည်း မတော်မတရားတွေ
ကြံစည်ခဲ့ဖူးပြီ။ မင်းဟိတ်သည် သေခါနီးလူနာတစ်ယောက်ကဲ့သို့ ရုပ်
ကောစိတ်ပါ ချုံးချုံးကျလျက်....

"သူထွက်သွားကတည်းက လုံးဝကို အစအနပျောက်သွားတာ
အမှန်ပါ တစ်ခုတော့ရှိပါတယ် သူကားတန်းလမ်းဆုံကိုရောက်လာတော့
တစ်ယောက်တည်းမဟုတ်ဘူး"

"ဘာကွ"

"ဟုတ်ပါတယ် နီဒါန်းဆိုတဲ့လမ်းသရဲလိုလို လူကြမ်းလိုလို ဘယ်
ဘမှန်းမသိတဲ့ကောင်တစ်ယောက် သူ့ဘေးမှာပါတယ် သူ့ကိုတစ်လမ်း
လုံး ကူညီလာတာလို့ပြောသေးတယ် ပြီးတော့ ဒီကိုရောက်လာတာ
သူနောက်ကျတယ် အဲဒီကောင်နဲ့သူ"

"ဟေ့ တော်တော် အဲဒါတွေငါတို့သိတယ်"

ဦးသာရှိန်က လက်ဝါးကာ၍ တားဆီးသည်။ ပြီးတော့ ဦးညာဏ်ရှိန်
ဘက်လှည့်၍...

"ဗိုးညာဏ် သူ့ကိုပြန်လွှတ်လိုက်ပါကွာ မင်းနဲ့ငါဆွေးနွေးစရာတွေ
ရှိသေးတယ်"

ဦးညာဏ်ရှိန်က မကျေနပ်သေးပေ။ စိတ်ထဲမှာ အလိုလိုသိနေသည်။
လိုက်ကို ဒီကောင်မတော်မတရားကြံစည်လိုက်တာကျ သေချာသည်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ထိ ခေါ်တင်သွားတာကိုက မရိုးသားတာ။

ဘယ်လိုကြံစည်လိုက်သလဲ လှိုက်ဘာဖြစ်သွားသလဲဆိုတာ မသိရသေး။

"တောက် မင်း..မင်း ငါ့တူမကို တစ်ခုခု စော်ကားလိုက်တယ်ဆိုတာသေချာတဲ့တစ်နေ့ ဖျာအောက်ဝင်ပြီး ကြမ်းပိုးဖြစ်နေရင်တောင် မလွယ်ဘူးမှတ်"

ဦးဉာဏ်ရှိန်က ဒေါသတကြီး လက်သီးနဲ့ မျက်နှာကပ်ရွယ်ပြီး လွှတ်ပေးလိုက်သည်။

"အဲဒါ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး မင်းအပြစ်"

အခန်းထဲမှာ နှစ်ယောက်တည်းရှိတော့မှ ဦးသာရှိန်က အပြုံး[illegible]သည်။ ကုလားထိုင်တွေရှိလျက်နှင့် မထိုင်နိုင်ဘဲ အခန်းကို [illegible] လေးဘက်ပြည့်အောင် ပတ်လျှောက်၏။ ပြီးမှ....

"မင်းမှာ ငယ်တော့တဲ့အရွယ်လည်းမဟုတ်ဘူး ခုထိ အချုပ်ထဲဝင်နေရတုန်း ငါ့ဆီက ဖုန်းရတာများ တာဝန်မယူနိုင်ဘူးဆိုရင်လည်း အစ်ကိုရေ ဒီလိုဒီအကြောင်းရှိတယ် ဘယ်လိုဘာညာအကြောင်းပြပါလား အခုကလေးကိစ္စဘယ်လိုလုပ်ကြမလဲ ငါတို့အားလုံးပေါင်း အမွေဆက်ခံမယ့်မျိုးဆက် ဒီတစ်ယောက်ပဲရှိတာ ပြီးတော့ ကလေးကို ငါ့လက်ထဲမှာ ယုံယုံကြည်ကြည်အပ်ပစ်ခဲ့တဲ့ သွားလေသူတွေ ဆ"

"ကဲ အစ်ကိုရာ မနေ့ကကိစ္စတွေကို ထားခဲ့စမ်းပါ အသက်ကြီးတာ ငယ်ကကသပ်သပ် ဒေါသကသပ်သပ်"

"ဩော်...ဩော်"





"အဲဒါတောင် ဖြစ်တဲ့ပြဿနာက ထောင်ထဲကို ဒိုင်ဗင်ထိုးဝင်သွားနိုင်တယ် ဉာဏ်ရှိန်မို့လို့"

"တယ်တော်ပါလား"

ကိုယ့်ပြဿနာကိုယ်ပဲသိသည်။ တကယ့်အဖြစ်ကို ပြောပြတော့လည်း ဦးသာရှိန်က ခေါင်းတဆတ်ဆတ်ညိတ်၍ မဲ့နေ ရွဲ့နေသေး၏။ ဦးဉာဏ်ရှိန်မျက်နှာက မှုန်ကုတ်ကုတ်ဖြစ်နေခဲ့လျက်....

"စိတ်ချ အစ်ကို့တူမ ဒီကနေ့ မြဝတီထိ ဘယ်ရောက်နေနေ အတောင်ပါတာတောင် မသိမသာ ထွက်လို့ရဘူး ကျွန်တော့်အင်ပါယာက ကျယ်ပါတယ်"

"တော်သေးတာပေါ့ အချုပ်ထဲထိ မပို့လို့"

ဦးသာရှိန်က မျက်နှာကိုတည့်တည့်လှမ်းကြည့်ပြီးပြောသည်။

"အစ်ကို အဲဒါပဲ လိုက်ငြိနေတာ တော်တော်ခက်တယ် အစ်ကို့တူမဘာမှမဖြစ်စေရဘူးလို့ အာမခံရင်ပြီးရောမို့လား"

"အစ်ကို့တူမဆိုတော့ မင်းတူမမဟုတ်ဘူးလား"

"အစ်ကိုနဲ့နေတာပဲ"

"အဲဒါကြောင့် မင်းက ဂရုမစိုက်လိုက်တာလား"

"လုပ်ပြီ"

"တစ်ခုခု တစ်စုံတစ်ရာဖြစ်နေပြီဆိုရင် ဘယ်တတ်နိုင်မလဲ မင်း ကိုယ်မင်းတောင် အချုပ်ထဲမရောက်အောင် မကာကွယ်နိုင်ဘူး ဒီက လေးကို မသမာသူလက်ထဲ"

"မသမာသူဆိုတာကို ကျွန်တော်ဂရုစိုက်တာပေါ့ ပိုခွေးသူ တောင်းစားလေးသာ ဉာဏ်ရှိန်အကြောင်းမသိလို့ သွားတိုးစမ်းတာ



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်နယ်မှာ”

“ဟေ့ တော်တော့”

ဦးသာရှိန် စိတ်မရှည် သွားရင်ထဲမှာ ပူလောင်နေတာက လှိုက် အတွက်ပဲဖြစ်ကာ နာရီ၊ စက္ကန့်နဲ့အမျှ ဘယ်လိုမှကို ထိုင်နေလို့ မရဘဲဖြစ်နေ။

ဦးညဏ်ရှိန်က သူကိုယ်တိုင်ထွက်သွားပြီး ပြန်ဝင်လာတော့ လက်ထဲမှာ အကောင်းစား နိုင်ငံခြားအရက်ပုလင်းတစ်လုံး ပါလာသည်။ တစ်ဖက်မှာ အဆီပြန်စိုရွဲနေသော ဘဲကင်ပန်းကန်နှင့်၊ ရှေ့မှာ စား သောက်ခန်းမရှိနေတာမို့ လိုချင်တာ စားချင်တာ အားလုံးရသည်။

“ကဲ ခင်ဗျားဒေါသတွေနောက်မှထွက် လာထိုင်”

“မထိုင်ဘူး အဲဒါတွေ မင်းပဲလုပ် မတော်လို့ လှိုက်ကိုမကောင်း တဲ့လူတွေဖမ်းဆီးသွားတာဆိုရင် ဘယ်လိုလုပ်မလဲ”

ဦးသာရှိန်က ဦးညဏ်ရှိန်နှင့် မျက်နှာချင်းဆိုင်မှာထိုင်လိုက်ပေ မယ့် စားသောက်စရာတွေကို တစ်ချက်မှမကြည့်…

ဦးညဏ်ရှိန်ကလည်း အရက်ကို ဖန်ခွက်ထဲထည့်ရင်း မော့မ ကြည့်ဘဲ ပြန်မေးသည်။

“အစ်ကိုပြောတော့ ခရေမွှေးက ပြဿနာတွေအားလုံးရှင်းသွား ပြီဆို ရှေ့နေပြီးကိုကြံသည့်မှုတွေ လှိုက်ကို အမွေပေါင်းသင်းဖို့ ကြိုး စားတာတွေကော အားလုံးတစ်ယောက်တည်းပဲဆို”

“ဟုတ်တယ် မျိုးဇော်လတ်ဆိုတဲ့ကောင်ပဲ”

ဦးသာရှိန် မျက်နှာတည်တည်ကြီးနှင့် ခေါင်းညိတ်၏။ အစက တည်းက သူတို့အုပ်စုပဲဆိုတာကို သိပြီးသားပါ။





ဘာမှ လက်ပူးလက်ကြပ် ဖမ်းစရာမရှိသေးတော့ ဒီလိုပဲ ရှောင် ရှားနေခဲ့ရ၏။ ဒေါ်မမငြိမ်းဟာ မောင်နှစ်ဝမ်းကွဲတွေထဲမှာ သူမပဲ မိန်း ကလေးတစ်ယောက်ပါ၏။ လောဘကြီးတာလဲ သူမပဲဖြစ်သည်။

လှိုက်၏အမွေကိစ္စတွေဖြစ်လာတာနဲ့ သူမမှာ ယောကျ်ားဘက်က တူဆိုတာ ပေါ်လာလိုက်၊ မွေးစားသားတွေကလည်း များမှများ ဘယ် သူက ဘယ်သူနဲ့သဘောတူပါသည်။ ပေးစားလိုပါသည်၊ ဘယ်လိုပဲ ပြောလာလာ သူမကသာ စီစဉ်ခွင့်ရှိသည်။

သူမနှင့်ပတ်သက်သော ဘယ်တူ ဘယ်သားနဲ့သာ လှိုက်က လက် ထပ်သင့်သည်။ ထိုက်တန်သည် စသဖြင့်။ ဒေါ်မမငြိမ်းတို့ လောဘတွေ တက်လိုက်တာ နောက်ဆုံးလူကိုသေစေ သတ်စေခဲ့သည်အထိ ကြံစည် တော့သည်။

ဒီထဲမှာ မောင်ဝမ်းကွဲတော်သူကလည်း ကြံရာပါ။ ပြဿနာတွေ ပေါ်လာတော့ ကြံစည်ကျူးလွန်ကြသည့်အထဲမှာ တစ်စိမ်းမပါခဲ့ပေ။ ရဲစခန်းမှာ အမှုစစ်တော့ မြုံငုံ၍ ခေါင်းစဉ်တပ်လိုက်သည်မှာ ခရေမွှေး စံအိမ်လူသတ်မှုဟူ၍…

ပြဿနာ၏ ပထမဆုံး ဆုပ်ဖမ်းခဲ့မိသော ကြိုးစက နယ်စပ်အုပ်စု နှင့် ဆက်သွယ်၍ လှိုက်ကိုဖမ်းဆီးကြိုးစားမှုခြင်းဖြစ်သည်။ ဦးသာရှိန် သည် ကြာကြာထိုင်မနေနိုင်ဘဲ အတွေးများနှင့် ပူလောင်လာခဲ့ရင်း ထရပ်လိုက်မိပြန်သည်။

ဦးညဏ်ရှိန်က ဖန်ခွက်ကို ပါးစပ်မှာတေ့မော့၍ အစ်ကိုဖြစ်သူကို မျက်လုံးလှန်ကြည့်သည်။ ဖန်ခွက်ထဲမှာ တစ်စက်မှမကျန်အောင် မော့ ပစ်လိုက်ပြီးမှာ ဖန်ခွက်ကို ပြန်ချ၍…



www.burmeseclassic.com

www.burmeseclassic.com



"နယ်စပ်က ရွှေချိန်တို့လူစုကို ဖမ်းမိတော့လိုက်က ဒီဘက်ဆက်ထွက်သွားတယ်ဆို နီဒါန်းဆိုတဲ့ကောင် ဟို မင်းဟိတ်စောစောကပြောသွားတော့လည်း ပါတာပဲဒီနာမည်"

"ဟုတ်တယ် နီဒါန်းဆိုတဲ့ နာမည်ပါနေတာက သေချာတယ် ဒါပေမဲ့"

"အဲဒီကောင်ကို လူကောင်းလို့ အစ်ကိုထင်သလား"

"ဘယ်သိမလဲကွ မင်းတောင်မှသိလို့လား"

"မသိဘူး ဒါပေမဲ့ တစ်အချက်က နာမည်ကျော်ဆိုးသွမ်းနေတဲ့အုပ်စုထဲမှာ ဒီနာမည်မကြားဘူးဘူး နှစ်အချက်က မင်းဟိတ်လက်ထဲထိ လိုက်ကိုပို့ပေးသွားတယ်ဆိုတော့ လူဆိုးမဖြစ်နိုင်တာ သေချာသွားတယ်"

"အေးလေ သေချာတယ်ပဲထားဦး လိုက်ပြန်ပျောက်သွားတာဟာ ဒီကောင်နဲ့အတူတူမှ မဟုတ်တာ ပြီးတော့ ရွှေချိန်တို့လူစုက မင်းပြောတော့ ဒီလူ့မှာ လက်ဝဲရုံလကျာရုံတွေနဲ့ အားလုံးငါးယောက်ရှိတာဆို"

"ဟုတ်တယ်"

"အခုမိထားတာ သုံးယောက်တည်း ကလေးမှာ အန္တရာယ်ရှိသေးတယ်"

ဦးသာရှိန်ပြောတော့ ဦးညာဏ်ရှိန်ခေါင်းညိတ်လျက် ငြိမ်ကျသွား၏

"ဒါက မိတဲ့လူကို မိထားပြီးရင် နောက်လူကိုရှာဖွေဖမ်းဆီးဖို့ထမခက်ပါဘူး မကြာခင်မိမှာပါ ကျွန်တော်တို့ ပူရမှာက လိုက်ကိုအမြန်ဆုံးရှာနိုင်ဖို့ပဲ နီဒါန်းဆိုတာ ဘယ်ကဘယ်လိုကောင်မှန်းမသိဘူး လူကောင်းဖြစ်ဖြစ် လူဆိုးဖြစ်ဖြစ် မိန်းကလေးတစ်ယောက်အတွက် မှား





နိုင်တယ်"

ထိုအချိန်မှာ ဦးညာဏ်ရှိန်၏ ဘောင်းဘီအိတ်ထဲက ဖုန်းသံမြည်လာ၏။

"ဟဲလို"

"......"

"ဟာင်"

ဦးညာဏ်ရှိန်က ကိုင်ထားပြီးသည့် အရက်ပုလင်းကို ပြန်ချသည်။ ကုလားထိုင်မှီနေသည့်ကိုယ်လည်းပတ်သွားပြီး ဦးသာရှိန်ကို မေးဆတ်၏။

"ဘယ်နေရာလဲ ပြော"

နားထောင်ရင်း ခေါင်းညိတ်ရင်း ထရပ်လိုက်တော့ ဦးသာရှိန်လည်း ရပ်လိုက်ပြီးသား ဖြစ်သွားလေသည်။

တစ်စုံတစ်ယောက်ထံမှ ဆက်လိုက်သည့်သတင်းထဲမှာ လိုက်နဲ့ပတ်သက်သည့် တစ်စုံတစ်ရာပါနေပြီမှန်း သိလိုက်ပြီဖြစ်၏။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၃)

ခုတင်ပေါ်မှာ မွေ့ရာမရှိပါ။ သင်ဖြူးပြန့်ပြန့်လေးနှင့် ခေါင်းအုံးနှစ်လုံးပဲရှိသည်။ ပြီးတော့ စောင်အသစ်လေးနှစ်ထည်။

တစ်အိမ်လုံးမှာလည်း သန့်ရှင်းသပ်ယပ်သွားတာကလွဲလို့ ခန်းဆီးကန့်လန့်ကာ ပရိဘောဂ ဘာဆိုဘာမှမရှိသေးပေ။

လှိုက်က ရန်ကုန်ပြန်ချင်သည်။ နီဒါန်းက မနေချင်။ အိမ်ကလေးထဲမှာ ဘာလိုလိုနဲ့ ငါးရက်ရှိနေပြီ။

"နီဒါန်း"

"ဟင်"

"ဒီဘက်လှည့်စမ်းပါ စကားပြောစရာရှိလို့"

နီဒါန်းက ပက်လက်လှန်ရင်း စီးကရက်သောက်နေရာမှ လှည့်ကြည့်သည်။ ပြီးတော့ စီးကရက်ကို စားပွဲခွက်နှင့်လှမ်း၍ ဖိချေပစ်လိုက်ပြီး ဒီဘက်လှည့်၏။

"ကဲ...ပြော"

လှိုက်ကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲသွင်းပြီး နမ်းမည်ပြင်တော့





လှိုက်က သူ့မျက်နှာကို တွန်းထားလိုက်၏။

"ဆေးလိပ်စော်နံတယ်ကွာ မနမ်းနဲ့"

"နမ်းတော့ဘာဖြစ်လဲ"

"မနမ်းရဘူး"

"အဲဒီလို တားတိုင်းရတတ်လား"

"နီဒါန်းနော် သွား"

"ဘာသွားလဲ မင်းပဲ ဒီဘက်လှည့်ပါဆိုပြီးတော့"

နီဒါန်းက ရယ်ကျဲကျဲမျက်နှာနှင့် လှိုက်ကိုအတင်းလိုက်နမ်း၏။

"နီဒါန်း... အား..ဖယ်စမ်းပါ တကယ်ပြောစရာရှိလို့ဓာ..ဓာလေး"

"မြန်မြန်ပြော"

နှုတ်ခမ်းလေးနားမှာဝဲနေသည့် သူ့နှုတ်ခမ်းကို လှိုက်က လက်ဖဝါးလေးနဲ့ပါ ကပ်ဖိတွန်းထားကာ...

"ဖယ်ပေး ထိုင်ပြီးမှပြောမယ်"

"ဒီအတိုင်းပဲပြော"

"ရှင့်မျက်နှာကြီး နောက်နည်းနည်းပြန်ဆုတ်"

"ဆုတ်ပြီ"

နီဒါန်းက လှိုက်ကိုယ်လုံးလေးကို လွှတ်ပေးလိုက်ပြီး ဘေးမှာပဲ ထောင်နှစ်ဖက်ထောက်၍ မေးဆတ်မေးသည်။

"ဘာလဲ ပြော"

လှိုက်က ခေါင်းအုံးကိုကော ကိုယ်ကိုကော ခေါင်းရင်းထရ်ဘက်တိုး၍ သူနဲ့အလှမ်းကွာသွားအောင် ပြုပြင်သည်။ ပြောလို့ရတာမဟုတ်တစ်ခါတစ်ခါ နီဒါန်းကဆိုးပြီဆို လှိုက်အပေါ်မှာ ဘေးပြုဖြစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လူကြမ်းဖြစ်လိုက်...

"နီဒါန်း"

"ပြောပါဆိုကွာ"

"လိုက်တို့ ရန်ကုန်ပြန်မယ်လေ"

စကား ဧလိုက်တာနဲ့ နီဒါန်းမျက်မှောင်ကုတ်သွားသည်။ ကြည်လင်သော မျက်နှာပေါ်က အပြုံးတွေ ဖြုတ်ခနဲ ပျောက်ကွယ်သွားလျက်...

"ဒါပဲ ခဏခဏ ပြောနေတာပဲကွာ မင်းကို ကိုယ်လက်ထပ်ပြီး ပြီး ကိုယ်သွားတဲ့နောက်ကိုပဲလိုက်ရမှာပေါ့"

"နီဒါန်းရယ် ရန်ကုန်မှာနေလည်း ဘာဖြစ်လဲ ဘဘကြီးတို့နဲ့ လိုက် မဆက်သွယ်ဘူးလို့ပြောပြီးပြီပဲ"

"မယုံဘူးကွာ အဲဒါပဲထပ်ထပ်ပြောနေရင်း မင်းကော ကိုယ်ကော စိတ်ချမ်းသာရမှာမဟုတ်ဘူး အဲဒါအမှန်ပဲ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် မလိုက်လျှောရင် မင်းစိတ်ဆင်းရဲမယ် ကိုယ်လုံးဝ မလိုက်လျှောနိုင် တာလည်း အဲဒါပဲ"

လိုက် တကယ်ပဲ မျက်နှာလေးညိုသွားခဲ့၏။

"ရန်ကုန်မှ ကိုယ်မတွေ့ချင်တဲ့လူနဲ့ မတွေ့အောင်ရှောင်နေရ တွေ အများကြီးပါ ရှင်ဘာဖြစ်လို့ အကြောင်းပြနေရတာလဲဟင် နီ ကျတော့ ဘယ်လောက်ကောင်းနေလို့လဲ"

"မင်းကိုဒီမှာလည်း ကိုယ်မထားဘူး ဘန်ကောက်မှာ ကောင်းဆ နဲ့ ကိုယ်တို့ပိုင်တဲ့အိမ်တစ်လုံးရှိတယ် ဒီအိမ်လိုပဲပေါ့ ကိုယ်ဟို့က မကော တာကိုလုပ်ရတယ် ဒါပေမဲ့ မကောင်းမှန်းသိနေတော့ အသိစိတ် လစ်မစ်ထားတယ် အဲဒါကြောင့် ဘာပဲလုပ်လုပ် လွန်ကျူးခဲ့တာမရှိဘူး





သူ လူကောင်းမဟုတ်ဘူးဆိုတာကို လိုက်အားလုံးသိပြီးသောအခါ စာချုပ်မှာ လက်မှတ်ထိုးပြီးခဲ့သည့် ညကပဲ နီဒါန်းက အားလုံးဖွင့်ပြော ခဲ့သည်။

ဟိုတုန်းကတော့ ကလေကချေ စစ်စစ်တဲ့။ နယ်စပ်ရောက်မှ လူပေါင်းပိုစုံလာသည်။ နိုင်ငံခြားသွားချင်နေတဲ့ ဆန္ဒတွေတောင် ပျောက်ကွယ်ကုန်လောက်အောင် ဦးရွှေချိန်က စည်းရုံးကောင်းခဲ့သည်။

ရွှေမရှား ငွေမရှားဘဝမျိုးနှင့် ထားရုံမကဘဲ နီဒါန်း၏ စွန့်စားရဲ သော မိုက်တိမိုက်ကန်း တဇွတ်ထိုးအကျင့်ကို အသုံးချ၍ ကြိုးစားခဲ့၏ ကားမောင်းသင်ပေးပြီး သူ့ဘေးမှာထားသည်။ ပိုပြီးငွေဖက်လာအောင် မိုက်ရဲတိုက်ရဲလာအောင် လူဆိုးတွေနဲ့ချည်း ဆုံဆည်းပေးခဲ့သည်။

နောက်ဆုံးမှာတော့ သူ့လုပ်ငန်းများထဲမှာ ထည့်သုံးခဲ့တာပါပဲ။ အများအမြင်မှာ နီဒါန်းနဲ့ကောင်းဆက်ဟာ ဦးရွှေချိန်စည်းရုံးထားသည့် အောက်မှာ "နဖူးနမ်းလိုက်တိုင်း လူသတ်ရဲနေခဲ့သည့် စိတ္တဇလူသတ် သမား" လို့ ခပ်ညံ့ညံ့ မိုက်ရူးရဲလေးတွေဖြစ်နေခဲ့သည်။

"တကယ်တော့ ကောင်းဆက်နဲ့ ကိုယ်လှုပ်ရှားခဲ့သမျှမှာ ကိုယ် တို့ရဲ့ အနာဂတ်အတွက်ချည်းပဲ မိဘမဲ့ ကလေကချေ၊ အိမ်ခြေမဲ့ အဆင့်တန်းမရှိဆိုတဲ့ ဘဝတွေကို ခါးသီးနေခဲ့တာချင်းလည်းတူတယ် ဘာအလုပ်ကိုပဲလုပ်လုပ် ရည်ရွယ်ချက်ထဲမှာ အနာဂတ်ပါနေဘာပဲ"

နီဒါန်းက နေရာမှခပ်ဖြည်းဖြည်း ထထိုင်ပြီး အုပ်ပွနေသည့် ဆံပင် တွေကို လက်နှစ်ဖက်နဲ့ ဖိသပ်ပစ်သည်။ လိုက်က ပက်လက်လေး လနေ သူ့ကိုပဲကြည့်နေဆဲပါ။

"ကိုယ့်ကိုနားလည်ပေးစမ်းပါ လိုက်ရယ် မင်းကိုပြန်ပေးလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



မှာစိုးလို့ ကိုယ်မလိုက်လျှောနိုင်တာ ဘယ်မှာပဲနေနေ မင်းအတွက် နေစရာ စားစရာဖြစ်လာအောင် ကိုယ်ဖန်တီးပေးနိုင်တယ် မင်းလူဆိုး မယားမဖြစ်စေရဘူး"

"ဟင့်အင်း"

လှိုက်က ခေါင်းယမ်းပစ်လိုက်ပြီး ငေါက်ခနဲ ထထိုင်သည်။

"လှိုက်ပြောနေတာကလည်း ရှင်ပြောတာတွေ တစ်ခုမှ မပါဘူး နီဒါန်း လူဆိုးမယားပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဒီလိုနယ်စွန်နယ်ဖျားမှာ ကျွ လန့်ဓာ စားမနေချင်တာ ဒီမှာရှင်တို့နှစ်ယောက် လှုပ်ရှားခဲ့တဲ့ အရိပ် တွေရှိခဲ့တယ် ဦးရွှေချိန်တို့နဲ့လည်းနီးတယ် ဘယ်နေ့ကျောနောက်က နေ ခားနဲ့လာချောင်းထိုးမလဲလို့ တွေးပူနေရတာ ဘာလုပ်မှာလဲ"

"ဘန်ကောက်မှာ သွားနေမယ်"

"မနေချင်ဘူး လှိုက်မြန်မာနိုင်ငံမှာပဲနေချင်တယ် ရန်ကုန်မှာနေ မယ် ဘဘကြီးတို့နဲ့ မဆုံအောင်နေမယ်လို့ ပြောပြီးပြီပဲ ရန်ကုန်မှာဆို ရှင်ဘယ်လိုထားထား လှိုက်ပျော်အောင်နေမယ်"

"မင်း"

နီဒါန်း အိပ်ယာပေါ်ကနေ ဝုန်းခနဲထရပ်သည်။

"ဘယ်လောက်ပြောနေနေ မင်း...ဒါပဲ..တောက်"

နီဒါန်း တက်ခေါက်ပြီး စားပွဲအံဆွဲကို ဒိုင်းခနဲထွက်လာအောင် ဆွဲဖွင့်သည်။ စီးကရက်ဘူးထုတ်၍ မီးညှိကာနှုတ်ခမ်းမှာတပ်လိုက်ပြီ သည်အထိ ဒေါသများနှင့် လှုပ်ရှားသွားခဲ့၏။

ပြီးတော့မှ အံဆွဲကို စိတ်ရှိလက်ရှိ ဆောင့်ထည့်လိုက်တာ စား တစ်ခုလုံးတုန်ခါသွားလေသည်။ သူသည် အလွန်အမင်းထိုးဆောင့်





သည့် ဒေါသများကို ချုပ်တီး၍ စီးကရက်တစ်လိပ်လုံးပါးစပ်ထဲဝင်ပါ သွားလောက်အောင် ရှိုက်ဖွာ၏။ မျက်ရည်တွေ ဝေ့လည်နေပြီဖြစ်သည့် လှိုက်ရှေ့မှာ တစောင်းရပ်နေရာမှ ဖျတ်ခနဲလှည့်လာကာ..

"မင်းဒီလောက်တောင် ချမ်းသာနေတဲ့ဟာ ရန်ကုန်ပြန်ပြီး ခြေရာ ဖျောက်နေတော့ကော လှိုက်ရှာနေတဲ့သူတွေက မတွေ့တော့ဘူးတဲ့လား ပြန်တွေ့ကြရင် ကိုယ်ကောဘာကောင်ဖြစ်သွားမလဲ"

"ဘာဆိုင်လို့လဲ လှိုက်ကကလေးလား ရှင့်ကို လှိုက်ကိုယ်တိုင် ရွေးချယ်ခဲ့တာ"

"မယုံဘူး ဘယ်သူမှ ယုံမှာမဟုတ်ဘူး"

လက်ခါခြေခါနှင့် ဒေါသကြီးနေသည့်သူ့ကိုမော့ကြည့်ကာ လှိုက် မျက်ရည်တွေ စီးကျလာ၏။ ပြီးတော့ ဒူးနှစ်ဖက်ပေါ် မျက်နှာလေး မှောက်ချပြီး ငိုချလိုက်လေသည်။

နီဒါန်း ကျွတ်ခနဲစုတ်သပ်ပြီး စီးကရက်ကို ပြတင်းပေါက်ဆီ လွှဲ ပစ်လိုက်၏။

"အဲဒါကြောင့်ပြောတာ မင်းနဲ့ကိုယ် ဒီကိစ္စပေါ်လာတိုင်း စိတ်ညစ် နေရမှာ ဘာဖြစ်လို့ ရန်ကုန်ကိုပဲပြန်ချင်နေရတာလဲ ပါးစပ်ကပြောနေပြီး ညီးစိမ်ချမ်းသာကို မစွန့်နိုင်ဘဲ မင်းဖြစ်နေတာ ရှင်းရှင်းလေးပဲ"

"ရှင် မစွပ်စွဲနဲ့သိလား လှိုက်ဆင်းရမှာကို မကြောက်ဘူး ရန်သူ တွေဝိုင်းနေတာကိုပဲကြောက်တော့ အဲဒါလည်း သေမှာကြောက်လွန်း လို့မဟုတ်ဘူး ရန်သူရှိနေလို့ ကျောစိမ့်နေရတဲ့ဒုက္ခကို မခံစားချင်တာ"

"မင်း မဲ့တစ်ပေါက်မစွန်းစေရဘူးလို့ ငါပြောပြီးသား နားသည်းခံ ပါလှိုက်ရယ် မင်း"



www.burmeseclassic.com

www.burmeseclassic.com



နှိခါနီး လှိုက်ဘေးမှာ ခြေတစ်ဖက်တင်ပြီး ထိုင်ချလိုက်သည်။ ရှိုက်ငိုနေသည့် လှိုက်ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ငေးကြည့်၏။

"မင်းကို ငါချစ်လွန်းလို့ သဝန်တိုနေတာ ဘာကြောင့်ဖြစ်ဖြစ် မင်းကို ငါပြန်မပေးနိုင်ဘူး အားလုံးနဲ့ အဝေးကြီးကိုခေါ်သွားဖို့တစ်ခုပဲ ခေါင်းထဲမှာရှိတယ် အဲဒီဆုံးဖြတ်ချက်ကို ပြင်ဆင်ဖို့လည်း ဘယ်တော့မှ စိတ်မကူးဘူး"

လှိုက်က ငိုနေရင်း မော့ကြည့်လာတော့ မျက်ရည်တွေကို သူတယုတယ သုတ်ပေးသည်။ သုတ်ပေးနေရင်း ထပ်၍ ထပ်၍ တိုးဆင်းနေသော မျက်ရည်များကြောင့် သူသည်လှိုက်မျက်နှာလေးပေါ်မှာ သူ့နှုတ်ခမ်း၊ ပါး၊ နဖူးစသည်တို့ဖြင့် တိုးတိုက်နမ်းရှိုက်နေရင်း....

"တိတ်ပါ လှိုက်ရယ်"

လှိုက် မျက်ရည်တို့ကို ခြောက်သွေ့စေခဲ့လေသည်။ ထို့ကြောင့် သူဟာရက်စက်တတ်သော်လည်း လှိုက်၏တစ်ဘဝလုံးမှာ အချစ်ဆုံး—

✪ ✪ ✪





အခန်း (၂၄)

သူ့ရင်ခွင်ထဲမှာ လှိုက်အိပ်ပျော်သွားတော့ နာရီကိုခြောက်ကြည့်မိ၏။ နေ့လည် နှစ်နာရီခွဲတော့မည်။ လှိုက်မျက်နှာလေးကို စူးစိုက်ငုံ့ကြည့်ရင်း နဖူးဆံစလေးတွေကို သပ်တင်ပေးမိ၏။ ထို့နောက် ဖွဖွလေး နမ်းကာ ခေါင်းအောက်က လက်မောင်းကို လှိုက်မနိုးအောင် ထုတ်ယူလိုက်သည်။

မသောက်ဖြစ်ဘဲ လွှင့်ပစ်လို့ ကုန်သွားခဲ့ရသည့် စီးကရက်ဘူးထဲမှာ နှစ်လိပ်ပဲ ကျန်တော့သည်။ စီးကရက်ကို မီးညှိပြီး ခုတင်ခေါင်းရင်းမှာ ခေါင်းအုံးကို ထောင်သည်။ ပခုံးစောင်းနှင့် ခပ်လျှော့လျှော့ မှီထိုင်ရင်း အပေါ်စီးမှနေ၍ လှိုက်မျက်နှာပေါ်မှ နှာခေါင်းချွန်ချွန်လေးကို ငေးကြည့်နေမိသည်။

ပြီးတော့ ကော့နက်သည့် မျက်တောင်ရှည်များကို ငေး၏ ထို့ဆီမရောက်မှန်းသိလျက်နှင့် ရှိုက်ထားသည့် မီးခိုးမြူတို့ကို မျက်နှာလေးဆီ မှုတ်လွှတ်နေခဲ့မိ၏။

လှိုက်ဟာ တကယ်တော့ သူနဲ့မထိုက်တန်သော ရွှေအိမ်စံ မင်း



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးဖြစ်သည်။ နုသည်။ ငယ်သည်။ ပြီးတော့ အလွန်ချစ်စရာကောင်း၏။ လှိုက်နဲ့ သူ့ဘဝ မထိုက်တန်သည့် အခြေအနေတို့ကို သိသာစေနိုင်သည့် အရပ်မှ သူ့ ခွာမှဖြစ်မည်။

ရွှေငွေစည်းစိမ်တွေ ဘာလုပ်ဖို့လဲ။ အစကတည်းက စိန်ခဲ၊ ရွှေခဲကိုက်မွေးခဲ့တာလည်းမဟုတ်။ ဆင်းရဲခြင်းနဲ့ကိုယ်က သူ့စိမ်းတွေမှ မဟုတ်တာ။ ချမ်းသာချင်တဲ့စိတ်ရှိနေတာက လူ့သဘာဝရဲ့ လောဘသက်သက်ပဲ ဖြစ်သည်။ အချစ်နဲ့ရောထွေးပြီး လိုချင်တာမျိုး မဟုတ်ပေ။ အထူးသဖြင့် လှိုက်နဲ့ပတ်သက်၍ ပုတ်ခတ်လာနိုင်သည့် ဘာစကားမဆို သူ့မှာနက ခံနိုင်ရည်ရှိဖို့မလွယ်။

ရင်ထဲမှာ ပူလောင်နေသည်။ ကိုယ့်ဘဝကို ချမ်းသာချင်လွန်းလို့လည်း မပူလောင်ခဲ့ဖူးပေ။ သူများ သတ်ဖြတ်ကြဲစည်မှာကို တွေးခဲ့တာ၍လည်း ဒီလောက်ထိ မပူပန်ခဲ့ဖူးပါ။ အချစ်ဟာ လူကို လောင်ကျွမ်းစေနိုင်သည်ဆိုသော အချက်ကိုတော့ လက်ခံခဲ့မိပြီဖြစ်၏။

ထိုအခါ လှိုက်ကို တင့်တယ်စေနိုင်ပြီး စိတ်ဆင်းရဲငိုကြွေးနေရခြင်းမှလည်း ကင်းရအောင် သူ့မှာ စွမ်းအားရှိဖို့ လိုပြီကို သိလိုက်သည်။

စီးကရက်ကို တစ်ဝက်ကျအောင် ဘယ်တော့မှ မသောက်တတ်ခဲ့သော အကျင့်အတိုင်း ဆေးလိပ်ပြာခွက်လည်း မရှိသည့်အဖြစ်မှာ စားပွဲစွန်းနဲ့ပဲ ဖိချေပစ်လိုက်သည်။ ပြီးတော့ သူ နေရာမှထ၍ အခန်းတံခါးဖွင့်လိုက်သောအချိန်၌ ...

"ဟင် .."

အမျိုးသားကြီးနှစ်ယောက်။ နိဒါန်း ဘယ်သူ့ကိုမှ မမြင်ဖူးခဲ့ပေ။ နိဒါန်း ဘယ်သူ့ကိုမှ မမြင်ဖူးခဲ့ပေ။ တစ်ယောက်က နဖူးအနည်းငယ်





ပိုကျယ်ပြီး ကိုယ်လုံးကလည်း အနေတော်ဖြစ်၏။

တစ်ယောက်ကတော့ အရပ်အနည်းငယ် ပုသလိုရှိပြီး လူပုံကလည်း ချောသည်။ သူက ဘောင်းဘီရှည်နှင့် ဖောရိန်းရှပ်အဝါနုနုကို ဝတ်ထားသည်။ နဖူးကျယ်သူကတော့ အသက်လည်း ပိုကြီးပုံရကာ ပုဆိုးနဲ့ တိုက်ပုံပဲဖြစ်၏။

သူ အခန်းထဲက ထွက်လာတော့ ဘောင်းဘီရှည်နှင့်လူကြီးက အခန်းဝမှာပဲ ရပ်လျက် သူ့ကို စာရွက်တစ်ရွက် ကမ်းပေးသည်။ ဘာမှန်းမသိပေမယ့် နိဒါန်းလှမ်းယူ၍ ငုံ့ကြည့်လိုက်သည်။

"ငါတို့က လှိုက်ရဲ့ ဦးလေးနဲ့ဘကြီးပဲ၊ လှိုက် အိပ်နေတယ်မို့လား။ မင်းနဲ့ စကားပြောချင်တယ်"

နိဒါန်းမျက်နှာပျက်ပျက်နှင့် ဖျတ်ခနဲ ပြန်မော့ကြည့်တော့ တိုက်ပုံအကျီနှင့် လူကြီးက ရှေ့ကဦးဆောင်၍ ထွက်သွားသည်။ စာပေးသည့်လူကြီးက သူ့ကို ခပ်စူးစူးကြည့်၍ 'သွားလေ' ဟု အမိန့်ပေးသလို လက်ပိုက်ရပ်နေရာမှ မလှုပ်။

ဒီလူကြီးနှစ်ယောက်ဟာ ဧည့်ခန်းထဲရောက်နေခဲ့ပြီးမှ အသံမပေးဘဲ ထိုင်စောင့်နေခဲ့ကြတာ ဖြစ်မည်။ အကယ်၍ သူ ထွက်မလာဘဲ လှိုက် အပြင်ထွက်လာတာဆိုရင် ဘာလုပ်မှာလဲ။

"မင်းထွက်လာမှာပဲဆိုတာ သိလို့ စိတ်ရှည်လက်ရှည် ထိုင်စောင့်နေတာ"

ခြံကြီး တိုက်ကြီးနဲ့ နေတဲ့သူတွေဆိုရင်တော့ စကားပြောရအောင်ဆိုပြီး ရောင်စုံပန်းတွေနှင့် လှပနေသော ဥယျာဉ်ကြီးထဲကို ဆင်းဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



နီဒါန်းကတော့ လူကြီးနှစ်ယောက်နှင့်အတူ အိမ်ကလေးနှင့်လှမ်းသော မြက်ရိုင်းပင်တွေနားကိုပဲ ထွက်ခဲ့ရ၏။ သုံးယောက်သား တြိဂံပုံရပ်လိုက်မိသည်နှင့် ဘောင်းဘီရှည်နှင့်လူကြီးကပဲ စကားစ၏။

"ဘာဖြစ်လို့လဲဆိုတော့ အားလုံးအသံတိတ်သွားတဲ့နောက်မှာ စီးကရက်မီးခိုးငွေ့တွေကို အပြင်ကနေ မြင်နေရလို့"

လူကြီးက စကားသာပြောသည်။ မျက်လုံးများကိုတော့ နီဒါန်း၏ မျက်ဝန်းတွေထဲမှာပဲ စူးနစ်တည့်မတ်စွာ ထားခဲ့၏။

"ကျုပ်က လိုက်ရဲ့ဦးလေး၊ ဒီမှာပဲနေတာ၊ ဦးညဏ်ရှိန်တဲ့၊ မင်းကို လိုက်ပြော ဖူးမှာပါ၊ လေးလေးဆက်ဆိုတာ"

နီဒါန်း မျက်နှာအေးစက်စက်နှင့် ခေါင်းညိတ်လိုက်၏။ ဒီလောက်ဆို သူ နားလည်ပြီဖြစ်၏။ ဒါပေမယ့် သူ တွေးကြည့်ဖို့မလိုဘဲ တိုက်ရိုက်နှင့်လူကြီးက သူ့ကိုယ်သူ မိတ်ဆက်သည်။

"ကျုပ်က ဦးသာရှိန်ပါ၊ လိုက်ရဲ့ဘကြီးပေါ့၊ ရန်ကုန်က တက်လာတာ"

နီဒါန်းက နောက်ထပ်ခေါင်းမညိတ်မိပေမယ့် ဦးသာရှိန်ကို ကြည့်လိုက်သည်။ ဦးသာရှိန်က လိုက် ကျန်ရစ်ခဲ့သည့် အိမ်ကလေးဘက်ကို မျက်နှာမူရပ်လျက် ...

"မင်းနဲ့ ကျုပ်တူမ စကားတွေပြောနေကြကတည်းက ကျုပ်တို့ ရောက်နေတာပဲ"

နီဒါန်းမျက်နှာ ရဲခနဲဖြစ်သွားတာကို ဦးသာရှိန်က မမြင်သလိုပဲ နေသည်။ အမိကက သူတို့နေရာက်နေခဲ့သည့် အချိန်နှင့် စိတ်ရှည်လက်ရှည် ထိုင်စောင့်နေခဲ့ကြသော ရည်ရွယ်ချက်အနည်းအကျဉ်း





ဖြစ်ဖြစ် နီဒါန်း နားလည်ဖို့လိုသည်။

"ဒီတော့ ယောကျ်ားချင်းပဲကွာ၊ လိုရင်းပဲ ပြောရအောင်"

ဦးသာရှိန်က လက်နှစ်ဖက်နောက်ပစ်လျက် သူ့ဘက် ပြန်လှည့်သည်။ မတွန့်ဆုတ်ဘဲ စူးစူးရဲရဲ ပြန်ကြည့်နေသည့် နီဒါန်း မျက်ဝန်းထောင့်တွေ နီနေတာကိုမြင်တော့ ခပ်သဲ့သဲ့ ပြုံးသည်။

လှောင်ပြုံးတစ်ချက်မှာ ရင်ထဲက ရှိသမျှ မာန၊ ဒေါသတွေအားလုံး အောက်ခြေမှ တိုက်စားခံထားရသည့် ကျောက်ဆိုင်ပွင့်ကြီးသဖွယ်။ ဒါပေမယ့် သူ့မှာတော့ တတိတိတိုက်စားခံရတာမဟုတ်ဘဲ အပြုံးတစ်ချက်မှာပဲ ယိုင်လဲလုလု၊ ထိချက်က ပြင်းသည်။

"မင်းနဲ့ ကျုပ်တို့ကလေး အကြင်လင်မယားအရာမြောက်ခဲ့ပြီဆိုတာ ထားလိုက်ပါတော့"

"ထားလိုက်လို့ မရဘူး၊ သူနဲ့ကျွန်တော် လက်ထပ်ထားပြီးပြီ"

"ဟား ... ဟား"

ဦးညဏ်ရှိန်က ခါးထောက်ရပ်ကာ သူ့ရှေ့ကို လျှောက်လာ၏။ ပြီးတော့ သူ့အင်္ကျီရင်ဘတ်စကို ဖြည်းလေးစွာ ဆုပ်ဆွဲလိုက်၏။ နီဒါန်း မျက်နှာက ရေခဲပြင်လို အေးစက်တင်းမာသွားသည်။ ဒါပေမယ့် ထိုသူတို့ဟာ လှိုင်တွယ်တာနေသော ဦးလေးတွေ။

"ဒီမှာ နီဒါန်း၊ မင်းကို ကျုပ်တို့ ခုလောက်ထိ အရေးပေးစကားပြောနေကြတာ ကျုပ်တို့တူမကိုယ်တိုင်က ကြည်ဖြူခဲ့တဲ့လူမို့လို့ ဒီမှာ"

အင်္ကျီကို ဆွဲထားသည့် လက်အား ရှေ့ကို ခပ်ဆောင့်ဆောင့်ဆွဲလိုက်သဖြင့် မျက်နှာချင်းက ပိုနီးသွားသည်။ သို့ပေမယ့်အရပ်ချင်းက မညီသည်မို့ နီဒါန်းက အပေါ်စီးက ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုရင်းပြောရအောင်လို့ မင်းကို ကျုပ်ဝင်္ကာ ပြောပြီးသား၊ ကျုပ်တို့တူမကို ထားခဲ့ပြီး မင်း အစုထွက်သွားလိုက်၊ ဘာလိုချင်သလဲ တစ်ခွန်းပဲပြော"

နီဒါန်းမျက်နှာသည် နီရာမှ မှိုင်းလာခဲ့လျက် ပြုံတော့မည့်မိုးလို အကျည်းတန် ဆွေးမြေ့စွာ ပြုံး၍ ...

"ပြောနေတာတွေ ကြားတယ်ဆိုရင်လည်း နားလည်သင့်ပြီပေါ့၊ ကျွန်တော်လည်း လှိုက်ကို ပိုင်ဆိုင်ရဖို့တစ်ခုကလွဲရင် ဘာဖြစ်ဖြစ် ထားခဲ့နိုင်တယ်"

"ရယ်စရာကြီးကွာ"

ဦးညာဏ်ရှိန်က အလွန်ရွံ့ရှာသော မျက်ဝန်းများဖြင့် မဲ့ရွဲ့ကြည့်၍ ဆုပ်ကိုင်ထားသည့် အကျီစကို လွှတ်သည်။

"သိတယ်၊ မင်း အဲဒီလိုပြောမှာပဲဆိုတာ တို့ကသိပြီးသား၊ စိန်ရုံ ရွှေပုံပေါ်မှာ ထိုင်ပြီး ကြီးပြင်းလာခဲ့တဲ့ တစ်ဦးတည်းသောမျိုးဆက်သွေးကို ပိုင်ပြီဆိုမှတော့ မင်း မလိုချင်လဲ ရလာမှာပဲမဟုတ်လား၊ ဘာကောင်ပဲဖြစ်ဖြစ် လှိုက်ကို ပိုင်ဆိုင်ထားနိုင်တဲ့ကောင် ဒီစည်းစိမ်တွေကို ခံစားရမှာပဲ၊ ဒီ သမင်မြင်လို့ ဒီတောရှင်းတာ၊ မင်း အပိုတွေ သရုပ်ဆောင်မနေနဲ့"

"ကျွန်တော် အဲဒီလိုလူစား မဟုတ်ဘူး"

"မယုံဘူးလို့ ထပ်ပြောရဦးမလား၊ တကယ်ဆို လှိုက်က တော်ဝင်ပန်းကလေးပါ၊ မရှုမ်းသာဘူးဆိုရင်တောင်မှ လှိုက်ရဲ့ အိမ်ထောင်ဆက်ဟာ သင့်တင့်လျောက်ပတ်တဲ့ အရည်အချင်းတော့ ရှိနေသင့်တာပေါ့၊ မင်းမှာ ဘာရှိသလဲ"





နီဒါန်း အံကြိတ်သည်။ ဒေါသသည် မျက်ရည်ဝေ့လာသည်အထိ ပြန်းထန်စွာ ရှန်းထခဲ့၏။ ဦးညာဏ်ရှိန်ကတော့ အထင်မြင်သေးသော မျက်ဝန်းများဖြင့်သာ စူးစိုက်ကြည့်၍ ...

"ဘာလဲ၊ မခံချင်စိတ်တွေနဲ့ လှိုက်ကို မရရအောင် ယူပြမယ်လို့ ရင်ထဲမှာ ကြိမ်းဝါးနေတာလား၊ ဟွန်း ... ဘယ်လောက်ထိ မင်းချစ်နေသလဲဆိုတာ တိုင်းကြည့်လို့ရတာမှ မဟုတ်ဘဲကွာ၊ မခံချင်စိတ်နဲ့ မရမကရွဲ့ပြီး လိုချင်တယ်ဆိုရင်လဲ မခံချင်စိတ်ဆိုတာ အဝါလား၊ အစိမ်းလား တို့မြင်ရတာမှ မဟုတ်ဘဲ၊ သေချာတာတစ်ခုက ဘဝင်လှိုက်ဆိုတဲ့ မိန်းကလေးဟာ ချစ်လို့၊ မခံချင်လို့၊ ရွဲ့ပြီးတော့ စောင်းပြီးတော့ ဘယ်လိုနည်းနဲ့ပဲ ယူလို့ရရ၊ ရတဲ့လူ ရှုံးမှာမှ မဟုတ်တာ၊ မဟုတ်ဘူးလား၊ မိန်းမလဲ ရမယ်၊ ကုဋေကြွယ်သူဌေးကြီးဖြစ်မယ်၊ ဘယ်သူမဆို နာမည်လေးပျက်တာလောက်တော့ အဖျက်ခံမှာပေါ့"

နီဒါန်း ခေါင်းညိတ်လိုက်သည်။

"လူလိမ္မာမှာ အမျက်မရှိဘူးတဲ့၊ ဒေါသထွက်လွယ်တာ လူမိုက်လို့ ပြောကြတယ်၊ လူမိုက်ဖြစ်ပါစေ၊ သူများ ရှူးတိုက်တိုင်း ကိုက်တဲ့ခွေးလို့ပဲဆိုဆို၊ ခွေးဖြစ်တာတောင် လိပ်ပြာသန့်တယ်"

နီဒါန်းက မျက်ရည်ဝဲ့နေသည့် မျက်ဝန်းများဖြင့် မေးဖျားတို့ လှုပ်ခတ်သွားအောင် အံကြိတ်သည်။ အထင်မြင်သေးသည့် မျက်ဝန်းတစ်စုံကိုပဲ စူးစိုက်ကြည့်ကာ ...

"လှိုက်ကို တွေ့လိုက်ပါ၊ ခင်ဗျားတို့က သူဦးလေး၊ ဘကြီးအမှန်တွေဆိုရင် ..."

"သြော် ... မင်းက လှိုက်ကို ပြန်အားကိုးတာလား၊ ခရီးတစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်မှာ အဖော်မဲ့ခဲ့ပြီး ကလေးက မင်းကို အားကိုးခဲ့တာတွေ ရှိမှာပေါ့၊ ဒီထဲမှာ စွဲမိစွဲရာ သံယောဇဉ်ဖြစ်ခဲ့တာလဲ ရှိမယ်၊ တစ်ယောက်က မခွဲနိုင်မခွာရက် ဖြစ်ကျန်ခဲ့မှာကို ကျုပ်တို့ရှေ့မှာ ပြခဲ့တာကြ မလို့လား။ မလိုဘူး နီဒါန်း၊ ဟောဒီမှာ ကျုပ်က ဦးညဏ်ရှိန်ဖြစ်ကြောင်း မှတ်ပုံတင်"

"ဒီမှာ"

တိတ်ဆိတ်စွာနေခဲ့သည့် ဦးသာရှိန်ကလည်း သူ ကိုင်ထားသော ရှည်လျားဖောင်းကားနေသည့် အိတ်မည်းကြီးထဲကနေ မှတ်ပုံတင် ထုတ်ပေးပြန်သည်။ သူ တစ်ချက်ပင့်ကြည့်လိုက်ပြီး ကျောခိုင်းသည်။

"တကယ် မာနကြီးတယ်ဆိုရင်လဲ မင်းသွားလိုက်တော့၊ ရုပ်ရှင်ထဲက မင်းသားတွေလို အချစ်ကို ရွှေငွေစည်းစိမ်နဲ့ မလဲနိုင်ပါဘူး ဆိုရင်ပြီးပြီ၊ ဒါမှမဟုတ်လို့ တန်ရာတန်ကြေးအတိုင်း လိုချင်တယ်ဆိုရင် ရောက်တဲ့နေရာက ကြိုက်တာတောင်း"

နီဒါန်း စိတ်လှုပ်ရှားလွန်းသဖြင့် အံကြိတ်ရုံမကဘဲ မျက်လုံးအစုံကိုပါ မှိတ်ပစ်လိုက်မိသည်။ ကိုယ်ဘက်က အစွမ်းကုန် ပြေးခဲ့ပြီးပြီ သူတို့ကတော့ မာနစိတ်ကို နှိုးဆွတွန်းချနေကြဆဲပါ။

တမင်တကာ ကွဲစေချင်လို့ ကွဲအောင် ခွဲနေတာမှန်း သိသည်။ မခံချင်စိတ်တွေနဲ့ စိန်ခေါ်ပြိုင်ပွဲဝင်လာအောင် သက်သက်ကြီး ရန်စနေတာမှန်းလည်း သူ နားလည်သည်။

ဒါပေမယ့် သူ့ဘက်ကကျတော့ ရှေ့တိုးလို့မရ၊ နောက်ဆုတ်လို့မဖြစ်။ ဘာပဲဖြစ်ဖြစ် ဒီလူကြီးတွေဟာ လှိုက်ပြောပြောနေသည့် ဘဘကြီးနဲ့ လေးလေးညဏ်ဆိုတာမှန်းကို ပြောလိုက်ကတည်းက ယုံကြည်





ပြီးသား။

ထိုအခါ သူမှာ ဆုံးဖြတ်ရန် တစ်ခုပဲရှိတော့သည်။ လှိုက်ကို မရမနေ ယူဖို့ကြိုးစားလေ၊ ပိုဆိုးလေဖြစ်ရမည့် သူ့အတွက် ...။

"လှိုက်ကို ပြန်ခေါ်သွားလိုက်ပါ"

ဦးညဏ်ရှိန်က ဆတ်ခနဲ ခေါင်းညိတ်သည်။

"ပြော၊ အားမနာတမ်းပြော၊ ဘာလိုချင်လဲ"

"ခင်ဗျား ခဏခဏ ထပ်စော်ကားနဲ့"

"ဟင် ... ကျုပ်က စော်ကားတယ်၊ ဟုတ်လား။ မင်းအတွက် ပြောရခက်မှာစိုးလို့"

"မလိုပါဘူး"

နီဒါန်း နေရာမှ ချာခနဲ လှည့်ထွက်သွားသည်။

"ဟေ့ ...ဒီမှာ၊ နီဒါန်း"

ဒီတစ်ခါ ခေါ်လိုက်သူက ဦးသာရှိန်ဖြစ်သည်။ နီဒါန်းနောက်ကို ရောက်အောင် ခပ်သုတ်သုတ်လျှောက်လိုက်သွားကာ ...

"မင်း ဒီမှာပဲနေတာလား။ ဆက်သွယ်ဖို့ လိပ်စာလေး ဘာလေးပေါ့"

"ဘာလုပ်မလို့လဲ"

"ဘာလုပ်ဖို့ပဲဖြစ်ဖြစ်လေ၊ မင်းကို လှိုက်နဲ့ လက်ထပ်ထားတဲ့သူ ဖြစ်နေတော့"

နီဒါန်းက လည်ပင်းတစ်ချက်ပွတ်ပြီး ပြုံးသည်။ သူများလို မတီမဲ့မြင်ပြုံးတွေနဲ့ လှောင်ရယ်ပစ်လိုက်ချင်သည်။ ဒါပေမယ့် ဘယ်လိုမှ ပြုံးလို့မရဘဲ ဖြစ်နေသည်။

သိက္ခာတရားကို သူ လိုချင်မက်မောတာ အားလုံးနဲ့ လဲပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီ။ အချစ်ဖြင့် သန့်စင်စွာ တည်ဆောက်လိုသော ဘဝအတွက် ညစ်နွမ်းမခံနိုင်တာလည်း မာနနဲ့ပဲ ဖြစ်သည်။

တကယ်တမ်းကျတော့ မာနဖြင့် မထိတထိပြုံးဖို့ကျတော့ သူ မတတ်နိုင်ခဲ့ပေ။ ချစ်တယ် လိုက်ရယ်။ မင်းကို ကိုယ့်ဘဝမှာ အချစ်ဆုံး။

ယောက်ျားတန်မဲ့ ငိုချင်လာသည်။ ဦးသာရှိန်ကို ကြည့်နေသည့် မျက်လုံးအား ချက်ချင်းလွှဲပစ်၍ နောက်ထပ်ကျောခိုင်းလိုက်မိပြန်သည်။ ရင်နာတယ်ဆိုတာ မင်းခံစားဖူးရင် သိလာမှာပါ။

"ဟော့ မင်းကျုပ်ခေါ်တာကို မဖြေသေးဘူး"

ဦးသာရှိန် လှမ်းအော်တော့ သူ မရပ်တန့်ပါ။

"နောက်ထပ် ဘာမှ ဆက်ဖို့မရှိတော့ပါဘူး။ စာချုပ်နှစ်စောင်လုံး ခေါင်းအုံးအောက်မှာ ရှိတယ်၊ အဲဒါ ဖျက်ဆီးလိုက်ရင် ရပြီ"

✪ ✪ ✪





အခန်း (၂၅)

"အို ... အဲဒီလိုလုပ်လို့ ရမလား။ မဖျက်ဆီးနိုင်ဘူး၊ ဟင့်အင်း"

"သမီး"

"ဟင့်အင်း၊ ဖယ် ..."

လှိုက်က ဦးသာရှိန်လက်ထဲက စာချုပ်နှစ်စောင်ကို အတင်းပြန်လုကာ နောက်ဆုတ်ရပ်လိုက်၏။

မျက်စိနှစ်လုံးပွင့်တယ်ဆို ရှာမိတာက နီဒါန်းကိုပဲ ဖြစ်သည်။ သူ အနားမှာရှိနေလျှင် မစားရပေမယ့်လည်း စားစရာတွေ အပြည့်အစုံ ရှိနေသလို ထင်သည်။ နေပူ မိုးရွာ ဘယ်မှာဖြစ်ဖြစ် သူ့ပခုံးဖွန်းမှာ မှီလိုက်တာနဲ့ အားလုံး လုံခြုံသွားတတ်၏။ ပြီးတော့ သူတစ်ယောက်တည်း ကိုယ့်အနားမှာ ရှိနေပါစေ။

ရန်သူတစ်ထောင်လောက် ဝိုင်းနေလည်း လှိုက်မကြောက်တော့ပေ။ ဒီမျက်နှာကို မမြင်ရတော့မှ လှိုက်လှဲပူလောင်လာသော ရင်ခွင်တွင်ထဲမှာ ဘယ်လိုဖြေလို့မှ မရဘဲဖြစ်လာသည်။

"အေးဆေး ပြန်ထိုင်ဦးသမီး၊ စာချုပ်ကိုလဲ ဘာဘာ ဖျက်ဆီးဖို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဒါပေမယ့် သူ့သဘောနဲ့ သူ”

“မဖြစ်နိုင်ဘူး၊ သူ့သဘောနဲ့သူ သွားတယ်ဆိုတာ လှိုက်မယုံဘူး”

လှိုက်က ဦးညဏ်ရှိန် မတ်တတ်ရပ်နေတဲ့ဆီကို စူးစူးရဲရဲမော့ကြည့်လိုက်ပြီး ...

“လေးလေး ဆက်ပြော၊ လေးလေးညဏ် သူ့ကို တစ်ခုခုပြောလိုက်ပြီ မဟုတ်လား၊ လူတစ်ယောက်မှာ အားနည်းချက်ဆိုတာ ရှိကြတာပဲ၊ သူ့အားနည်းချက်က မာန၊ သူ မာနကြီးလို့ လှိုက်နဲ့တစ်လျှောက်လုံး မပြေလည်ခဲ့ဘူး၊ ဒါပေမယ့် အဲဒီမာနကြောင့် သူ့ကို လှိုက်ချစ်ခဲ့တာ၊ လေးလေးညဏ် သူ့ကို သူ့ကို တစ်ခုခုမခံချင်အောင်ပြောလိုက်တာ လှိုက် သိတယ်၊ ဘာပြောလိုက်သလဲဆိုတာလဲ လှိုက် တွေးမိတယ်၊ မရဘူး၊ လှိုက် သူနဲ့ လက်ထပ်ထားပြီးသား၊ လှိုက်ရင်ထဲမှာ သူကလွဲပြီး ဘယ်ယောကျ်ားမှ မရှိဘူး”

“သမီး”

“ဟိတ် ...”

လှိုက်က စာချုပ်တွေကိုကိုင်၍ အိမ်လေးပေါ်ကနေ တအားပြေးထွက်သည်။

“နေဦး ကလေး”

“သမီး နေဦး၊ ဖြည်းဖြည်းဆွေးနွေးကြအောင်ပါ၊ အပြင်မှာ အန္တရာယ်ရှိတယ်”

ဘယ်သူတားလို့မှ မရ၊ လှိုက်က တအားပြေးထွက်သွား၏။ ဦးသာရှိန်တို့ သတိလက်လွတ် ထွက်သွားကြပြီးမှ နောက်ပြန်လှည့်ကာ ကားပေါ် ပြေးတက်ကြသည်။





“အဲဒါကြောင့်ပြောတာ၊ မင်းတို့ သိပ်အတ္တကြီးတာပဲ”

ဦးသာရှိန်က ကားပေါ် ဆောင့်ထိုင်ချပြီး အပြစ်တင်၏။

“အစ်ကို တစ်မျိုး၊ ကိုယ့်တူမကို ဒီလိုအခြေအမြစ်မရှိတဲ့ကောင်နဲ့ သဘောတူစရာလား၊ ငမ်းငမ်းတက်လိုချင်နေကြတဲ့ လူတွေကို သက်စွန့်ဆံဖျား ကျော်လွှားထားခဲ့ပြီးမှ ..”

ကားကို အရှိန်မြင့်၍ မောင်းထွက်လိုက်ရင်း ဦးညဏ်ရှိန်က လှည့်မကြည့်ဘဲပြောသည်။

“ဒီကောင်က ဘာမို့လို့လဲ”

“ကိုယ့်ကလေးက မေတ္တာရှိနေတဲ့ကောင်လေ၊ ဘာကောင်လဲဆိုတာ အခုထိ မင်းမသိသေးဘူးလား”

“မေတ္တာရှိနေအောင် ဒီကောင် သိမ်းသွင်းထားတာရော ဖြစ်နိုင်ဘူးလား၊ အစ်ကို အသာနေစမ်းပါဗျာ၊ ဒီအသေ၊ ဒီလောကအကြောင်း အစ်ကို မသိပါဘူး၊ အားလုံး အကြံသမား လူလည်တွေချည်းပဲ”

“မင်းရော ပါလား”

ကားမောင်းနေရင်း ဦးညဏ်ရှိန်က လှည့်ကြည့်သည်။ ပြီးတော့ ရှေ့ပြန်လှည့်ရင်း ခေါင်းညိတ်လိုက်သည်။

“ပါတာပဲ၊ ကိုယ်နဲ့နှိုင်းပြီး ပြောတာ၊ အစ်ကိုက ဂိုက်ကျောင်းနဲ့ရွာ ထွက်လာတုန်းကတော့ ဒီကောင်နဲ့ ဘယ်လိုမှ အငြိုးစွန်းမခံနိုင်ဘူး ဘာညာနဲ့”

“အခု ငြိစွန်းနေကြတာ ဘယ့်နှယ်လုပ်မလဲ”

“ငြိငြိ စွန်းစွန်း၊ သဘောမတူဘူး၊ အစ်ကို့ပြောနေရတာနဲ့ လှိုက် ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ခြေထောက်နဲ့ပြေးတာ၊ ဒီလောက်ထိ မျက်ခြေပြတ်သွားနိုင်မှာ မဟုတ်ဘူး၊ ဘေးလမ်းကြားတွေထဲ ဝင်ပြေးပြီထင်တယ်၊ ပြန်လှည့်၊ ပြန်လှည့်"

ဦးညဏ်ရှိန်က ချက်ချင်းမလှည့်ဘဲ လမ်းဘေးနှစ်ဖက်တွေကို လိုက်ကြည့်၏။

ဟိုကောင် ဘယ်ရောက်သွားလဲ၊ လှိုက်က နိဒါန်းနောက် လိုက်သွားတာ၊ ဒီကောင် ဖြတ်အုပ်ပြီး လစ်သွားကြတာများလား။

"ဖိုးညဏ်၊ ပြန်လှည့်လေ"

ဦးသာရှိန်၏အသံနှင့်အတူ ဦးညဏ်ရှိန်က ချက်ချင်းနောက်ပြန်ဆုတ်သည်။ သို့သော် ဘယ်ကိုကွေ့ကွေ့၊ ဘယ်ကိုကြည့်ကြည့်၊ ဈေးဆိုင်တန်းတွေနဲ့ လူတွေ၊ ကားတွေသာ ရှိသည်။

မြင်ကွင်းဟာ ကျယ်ကျယ်ဝန်းဝန်း တစ်မျှော်တစ်ခေါ်ကြီး ရှိနေတာမဟုတ်ဘဲလှိုက်ကိုတော့ ရှာမတွေ့ခဲ့ပေ။





အခန်း (၂၆)

ကိုယ့်ခြေထောက်ရှေ့ကိုပဲ ငုံ့ကြည့်လျှောက်နေရင်း မျက်လုံးတွေကလည်း ဝေနေသည်။ လည်ချောင်းတွေ နာ၊ နှာခေါင်းတွေ စပ်၊ ဘယ်သူမှ ကိုယ့်ကို လိုက်ကြည့်နေတာမဟုတ်ဘဲ မျက်နှာငုံ့၍ မြေပြင်မှတစ်ပါး အားကိုးဖွယ်မရှိသော မူဖြင့် မျက်လုံးတွေကို မြဲခတ်ချုပ်နှောင်ထားခဲ့မိသည်။

မိန်းမတစ်ယောက်အတွက် ပူလောင်ပြင်းပြခြင်းက ငိုပစ်လိုက်မှ ခံရသက်သာသည်မည့် အခြေအနေမျိုးလား။

ကိုယ့်အဖြစ်ကို မခံမရပ်နိုင်ဖြစ်ကာ မျက်နှာကိုတင်း၍ မော့လိုက်သည်။ အနီးဆုံးမှာရှိသည့် စားသောက်ဆိုင်လေးထဲကိုဝင်၍ နောက်ဆုံးထိသွားသည်။

ဆိုင်က သိပ်မကျယ်ပေမယ့် နောက်ကို တော်တော်ရှည်တာ စားပွဲတစ်လုံးချင်းပဲ ချထားနိုင်၏။ တစ်ဖက်သပ်သပ်ကို အဝင်အထွက် လမ်း လုပ်ထား၏။ တိုက်ခန်းကျဉ်းလေးလိုဖြစ်ကာ အနက်ဘားနဲ့မို့ အထဲမှာ ယောကျ်ားတွေလိုလိုချည်းပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသောက်မလဲ"

လာမေးကတည်းကိုက ဒီတိုင်းပဲမေး၏။

"သီးစုံဖျော်ရည်ပဲ ပေး"

စားပွဲထိုးကောင်လေးက သူ့ကို သေချာကြည့်၍ ...

"မရဘူး အစ်ကို၊ မက်စ်နဲ့ ခရက်ရှာပဲ ရမယ်"

သူ ဆံပင်တွေ တစ်ချက်ဖိသပ်၍ ခေါင်းညိတ်၏။

"တစ်ခုခုလုပ်ကွာ၊ ဘာဖြစ်ဖြစ်"

အအေးတစ်ခုခု ရှိနေတာပဲ တော်ပါသေးလားဟု တွေးမိပြီး ထရပ်လိုက်သည်။ ဒီကို သူ တစ်ခေါက်ရောက်ဖူးသည်မို့ နောက်ဖေး သွားသည့် လမ်းကလေးထဲကို ဆင်းလျှောက်ခဲ့၏။ ရေအိမ်က တိုက် ခန်းထဲမှာပေမယ့် သွားဖို့ကိုတော့ ဘေးဘက်မှာ လမ်းထုတ်ပေးထား သည်။ အပြင်ကနေပတ်ပြီး နောက်က ဝင်ရ၏။

ရေအိမ်ကို မြင်ရသည့်နေရာရောက်တော့ ရှေ့ကတစ်ယောက် ဝင်သွားတာ မြင်လိုက်၏။ ထိုကျောပြင်ကို သိနေသလိုလိုမို့ နှင်း မျက်မှောင်ကုတ်သွားသည်။

ရပ်စောင့်နေရမလား။ ပြန်ရမလား။ မလှမ်းမကမ်းက မှောင် မဲမြဲဝန်းထဲမှာ မိန်းကလေးတစ်ယောက် အဝတ်တွေလှန်းနေ၏ မိန်းကလေးက ထဘီရင်လျားနှင့်ဖြစ်ကာ သူ ရပ်နေတာကို စူးစိုက် ကြည့်နေသည်။ မျက်နှာလွှဲပစ်၍ ခဏရပ်နေမိသည်။

ပြန်ကြည့်တော့လည်း သူမက ကြည့်နေတာပဲဖြစ်သည်။ ဘာလဲ သူခိုးထင်လို့လား။ ဒီနားမှာ ရပ်နေတာဟာ ရေအိမ်စောင့်နေတာမှန်း တော့ သိမှာပါ။





နှာခေါင်းတစ်ချက် ရှုံ့မိကာ ရေအိမ်ရှေ့ကိုပဲ လျှောက်သွားခဲ့မိ ၏။ သူ့စိတ်ကူးက မျက်နှာပြင်အရေပြားအောက်က ဝေဒနာတွေကို မျက်နှာသစ် ဆေးကြောပစ်လိုက်ချင်တာ ဖြစ်သည်။

ဝေဒနာတစ်ရပ်ကို ထိန်းချုပ်ထားရသဖြင့် လည်ချောင်းနာနေ တာတွေရော၊ နှာခေါင်းတွေ စပ်နေခြင်း၊ မျက်လွှာချထားရခြင်း စ သည့် ပေါ်လွင်နိုင်သည့် ကောက်ကြောင်းတွေအားလုံး ရေထဲမှာ မျော ပါသွားဖို့ဖြစ်သည်။

ဘာ့ကြောင့်၊ ညာကြောင့် အကြောင်းပြချက်မရှိဘဲ ချစ်မိခဲ့တာ လွယ်သလောက် မေ့ဖို့မလွယ်ပါလား။ နှလုံးသားတစ်ခု အရင်းပြု၍ ဘယ်သူ့မှ မသင်ရဘဲ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်တွယ်တာ ကြတာကျတော့ မွေးရာပါအင်အားတစ်ရပ်ဟု ဆိုသည်။

မေ့တတ်ဖို့ကျတော့ မွေးကတည်းက မပါခဲ့ဖူးလား။ ခုချိန်မှာ သူ လိုချင်တာဟာ မေ့နိုင်တဲ့အင်အားတစ်ခုပဲ ဖြစ်သည်။ မင်းကတော့ မုန်းနိုင်၊ မေ့နိုင်မှာပါ လို့ကိုရယ်။ ကိုယ့်ကို လူလိမ်၊ လူညာလို့ သတ်မှတ် လိုက်တာနဲ့ မင်း မုန်းသွားမှာပါ။

"ဘာ ... ပြန်ပြော"

တံခါးရှေ့မှာရပ်ရင်း နားထဲကို အသံတစ်ချက် ဝင်လာသည်။ တွေးလက်စ အာရုံတွေ ပြတ်တောက်သွားကာ အသံကို နားစွင့်လိုက် သည်။

"သေချာချုပ်ထား။ အဘိုးကြီးနှစ်ယောက်ရောက်လာရင် အထဲ ခေါ်သွင်းသွားလိုက်"

"............"



www.burmeseclassic.com

www.burmeseclassic.com



“ငွေရေးကြေးရေး ဘာမှ မပါတော့ဘူး။ ဆယ့်ငါးမိနစ်လောက် ချိန်ဖြုန်းပြီး ကားပေါ်ပြန်တင်ပေးလိုက်၊ အနောက်ကုန်းထိပ် ရောက်ခင် မင်းဆင်း”

နီဒါန်း မျက်လုံးတွေ စူးရဲသွားကာ တံခါးနားကို ကပ်လိုက်သည်။ သချာကြည့်လိုက်တော့ တံခါးလက်ကိုင်ဘုက ဘေးက ကြွေသား ဘွကွာကျလျက် ခပ်စုတ်စုတ်။

“ဘာမှ အရေးမပါဘူး၊ အခု ငါ လှုပ်ရှားနေတာ ငွေလိုချင်လို့ ဟုတ်တော့ဘူး၊ အကုန်လုံးကို သတ်ပစ်ချင်တာ၊ ဆရာကြီးအတွက် ဒါ နောက်ဆုံးဂလဲ့စားပဲ၊ ဟိုရောက်မှ လူတွေရော၊ ကားရော မီးရှို့ တ်ပစ်မယ်”

ဖုန်းပြောနေသူကို နီဒါန်း မြင်နေရပြီဖြစ်သည်။ သူ သေချာသိပါ ည်။ ဒီလူဟာ ဦးရွှေချိန်ရဲ့ လူယုံတော်ကြီး ဆင်ရိုင်းငထွား။ နာမည် ငထွားဖြစ်သည်။ ဗလကြီးပုံက ကျွဲပေါက် ဆင်ပေါက်ကြီးမို့ သူ့ကို င်ပေါက်ဟုခေါ်သည်။ ကိုယ်ခံပညာလည်း သိပ်တော်တာမဟုတ်ပဲ ခါင်းကောင်းသည်။

သူဟာ ဦးရွှေချိန်ဘေးမှာ ကုန်းစွန်းရဲ့လို လူမျိုးဖြစ်၏။ နီဒါန်းက သက်ဝဝရှူ၍ ဖုန်းကိုင်သည့်လက်ကို ဖျတ်ခနဲ ဖိဆုပ်ကာ ဇက်ပိုးကို အားလွှဲရိုက်ပစ်လိုက်သည်။ ဆင်ရိုင်းပေမယ့် တစ်ချက်တည်းနှင့် ကျသွား၏။ ဖုန်းကို သူ သာသာလေးဆွဲယူပြီး နားထောင်လိုက် ည်။

“ဒါပဲလား ဆရာ”

“အေး ...”





နီဒါန်းက ပေါ်နေသည့်ဖုန်းနံပါတ်ကို သေချာမှတ်ထားပြီး ဆင်ရိုင်းကို ငုံ့ကြည့်၏။ ဦးညထ်ရှိန်တို့ပြောတော့ အန္တရာယ်ကို ကျော်လွှားနိုင်ခဲ့ပြီ တဲ့။

သူတို့လည်း ဒီကိုလာကြတဲ့ တစ်လမ်းလုံးမှာ နောက်ထပ် အနှောင့်အယှက် မကြုံခဲ့ရသဖြင့် ဒီလူတွေ ရှင်းသွားပြီဟု ထင်ခဲ့သည်။ ခုတော့ ပြောစကားတွေကို သုံးသပ်ကြည့်လျှင် ဦးရွှေချိန်တော့ အဖမ်းခံလိုက်ရပြီထင်သည်။ ဒါမှမဟုတ် သေသွားခဲ့သည်လား။

လှိုက်တို့ တူဝရီးသုံးယောက်အတွက် အခြေအနေ မကောင်းတော့ပေ။ ဖုန်းကိုင်၍ သူ ပြေးထွက်ခဲ့သည်။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ကောင်မလေးကို အသက်ရှင်လျက် ပြန်လိုချင်ရင် (..........) ကို လာခဲ့"

ဟု ဖုန်းဆက်သဖြင့် သူတို့သွားခဲ့သည်။ လှိုက်ကို မတွေ့ရသေးဘဲ ဖုန်းကိုင်လျက် ထွက်လိုက် ဝင်လိုက် လုပ်နေသော ပုဂ္ဂိုလ်က "ကားပေါ် ပြန်တက်" ဟု အမိန့်ပေးပြန်သည်။

နေရာကလည်း ရုပ်ရှင်ထဲကလို ပြန်ပေးသမားတွေ စိုအောင်းသည့် နေရာမျိုး မဟုတ်ပါ။ တစ်ဖက်ခြမ်းမှာ ဘိလိယက်ခုံနှင့် ဒီဘက်ကပ်လျက် တိုက်ခန်းထဲမှာဖြစ်သည်။

တကယ်ပါ။ ရန်ကုန်မှာ ဒီလိုအန္တရာယ်တွေ ဖြစ်လာဖွယ်ရှိမှန်းသိလို့ လှိုက်ကို အိမ်ထောင်ချပေးဖို့ စီစဉ်သည်။ မဲဆောက်မှာ သွားနေလိုက်ဦးဆိုပြီး လွှတ်ခဲ့၏။ အေးချမ်းပြီဆိုသည့်အတွေးနှင့် စိတ်ခံ့အုံ့ချနေတော့မှ ပြန်ပေးဆွဲခံရသည့်အဖြစ်ကို အံ့လည်းအံ့ဩ ယုံလည်းခယုံနိုင်။

တစ်ဆက်တည်း တွေးမိတာက ဖမ်းမမိသေးဘူးဆိုသည့်





နယ်စပ်က လူနှစ်ယောက်ကိုဖြစ်သည်။ ထို့ပြင် "ဒီလိုနေရာတွေ အကြောင်း အစ်ကိုမသိပါဘူး" ဟု ခဏခဏ ဆရာလုပ်ပြောတတ်သော ညီဖြစ်သူကိုလည်း ကြည့်မိသည်။

အားကိုးချင်သည့် သက်ရောက်မှုတွေ ဖါကုန်သလားတော့ မသိပါ။ ဦးညာထ်ရှိန်က သူ ဘာမှမမေးရသေးဘဲ မျက်ခုံးကြီးတွန့်၍ မှဲ့ရှဲ့ပြကာ ....

"သူတို့က ဦးသွားပြီ၊ မတတ်နိုင်ဘူး"

ဟု တိုးတိုးပြောသည်။ သွားပြီပေါ့။ သူတို့ဖြစ်နေပုံက ဇာတ်သိမ်းခန်းမှာ မင်းသမီးနဲ့မင်းသား ဖက်ပြီး ဇာတ်ဝေါင်းနေကာမှ လူကြမ်းက မသေဘဲ သေနတ်နဲ့ ထပစ်လို့ မဝေါင်းကြရတာမျိုး။ ထိုအဖြစ်မျိုးဆိုလျှင် "အလကား၊ အဲဒါ မသေသင့်ဘဲ သေပြီး ဇာတ်နာအောင် တမင်လုပ်တာ၊ ဒီဇာတ်လမ်း မကောင်းဘူး"

ဟု အများထဲမှာ ဦးသာရှိန်ကိုယ်တိုင်လည်း ဝေဖန်ခဲ့ဖူး၏။ ခုကျတော့ ဘာလဲ။

"ဟော့ ... လှိုက် ဘယ်မှာလဲ"

"ပါတယ်၊ ပူမနေနဲ့"

သူတို့ကို ကားပေါ် တင်ခါနီးမှာ ကြိုးတုပ်လိုက်သေးသည်။

"ငြိမ်ငြိမ်နေနော်၊ ဟိုဟာမလေးက ကျုပ်တို့လက်ထဲမှာ"

ဟု ခြောက်လှန့်တိုင်း သူတို့မှာ ပြုသမျှ နနေရသည်။ ကားကိုအိမ်တံခါးအထိ ဖင်ဆုတ်ကပ်ပြီး သူတို့ကို တက်ခိုင်းသည်။ ရန်ကုန်မှာဆို ဒီကားနဲ့ ဒီလူတွေ မသက်ဘူး ဘာညာနဲ့ မရိုးသားသည့် လှုပ်ရှားမှုတွေကို သေးက ရိပ်မိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတော့ မမြင်ကြတာလား၊ ဒါမျိုးတွေ ရိုးနေတာလား၊ ဒါမှ မဟုတ် ပါဝင်ပတ်သက်ဖို့ စိတ်မကူးကြတာလား။ သူတို့မှာ ဘယ်ကို ကြည့်ကြည့် အားကိုးမည့်သူမမြင်ဘဲ ကားပေါ် ပြန်ရောက်ခဲ့၏။

ပါးစပ်တွေကို စည်းနှောင်ပိတ်ဖွဲ့ထားက မဟုတ်သည့်တိုင် လှိုက်ကို ထိပါးမည်စိုးသောကြောင့် ဦးညာဏ်ရှိန်မှာလည်း မလှုပ်ရဲပေ။

"ဒီကောင်တွေက ဘာလဲ၊ ငွေလိုချင်လဲ ပြောပေါ့ ဘယ်လောက်နဲ့ လဲမယ်၊ ဘာညာ ဟိုခေါ် ဒီခေါ်နဲ့ ဘာလုပ်တာလဲ"

"ဘယ်သိမလဲကွ၊ ငွေလိုချင်တာဆိုရင် ငါလဲ ဂရုမစိုက်ဘူး၊ ဒီကောင်တွေ ဘာမှ မပြောဘဲနေတာ သူတို့အထက်မှာ အကြီးအကဲ ရှိနေသေးလို့ ဖြစ်မှာပဲ၊ ဖုန်းဆက်နေပြီးမှ ငါတို့ကို နေရာရွှေ့ခိုင်းတာ

ဦးသာရှိန်က တွေးတွေးဆဆပြောရင်း ဟိုတစ်ယောက် ပြန်ဝင်သွားသည့် အိမ်ထဲကိုပဲ ကြည့်နေခဲ့သည်။ ဘယ့်နှယ် ကံဆိုးမိုးမှောင်ကျလိုက်ပုံများ လှိုက်က နိဒါန်းနောက်လိုက်၊ သူတို့က လှိုက်ကို လိုက်ရှာ။ စောင့်ဖမ်းသည့်လူတွေက ကြွက်ကလေး ငှက်ကလေးတွေ ဖမ်းသလို အသာလေး ကောက်ယူထားလိုက်ကြတာ ဘယ်လိုမှကို မမျှော်လင့်ခဲ့သည့် အဖြစ်။

ဒီကိုလိုက်ခဲ့ပါ ဆိုလို့ လိုက်ခဲ့သည်။ အခုတစ်ခါ ကားပေါ် ပြန်တက်တဲ့။

"ဟော ... ဟိုမှာ၊ ငါတို့ကလေး"

လှိုက်ကို တစ်ခါတစ်ခါ ကလေးဟု ခေါ်တတ်သည့် ဦးသာရှိန်က ကိုယ်ကြီးမတ်သွားလျက် ဝမ်းသာအားရ ပြောသည်။ ဦးညာဏ်ရှိန် လှမ်းကြည့်တော့ လှိုက်၏လက်တစ်ဖက်ကို နောက်ပြန်သိုင်းလိမ်ပြီး တွန်း





ဆိုးထုတ်လာ၏။ ပြီးတော့ ရင်ဘတ်လေး ကော့တက်၍ ချောက်ချားအုပ်လာသည့် ပုံစံကိုမြင်တာနှင့် လှိုက်ကို နောက်ကနေ ဓား သို့ မဟုတ် သေနတ်တစ်စုံတစ်ရာနှင့် ထောက်ထားသည်မှန်း သူတို့ သိလိုက်ကြ၏။ လှိုက်နဲ့ ထိုသူက နောက်ခန်းမှာ ဝင်ထိုင်လိုက်ကြကာ နောက်က လိုက်လာသည့် တစ်ယောက်က မောင်းသူနေရာမှာ ဝင်ထိုင်လိုက်သည်။

"ဟေ့ ...ကလေးကို မင်းတို့ ဘာလုပ်ထားတာလဲ၊ လိုချင်တာ ပေးမယ်၊ လူကို နာအောင် မလုပ်နဲ့"

ဦးသာရှိန်က ဒေါသနှင့် လှမ်းပြော၏။

"ခင်ဗျားကြီးပါးစပ်ကို ပိတ်ထားစမ်း"

"အား"

"ဟင် ..."

အပြောနှင့်အတူ ထိုသူ ဘာလုပ်လိုက်သည်မသိ၊ လှိုက် ခါးလေး ကော့သွားပြီး အားခနဲ အော်လေသည်။

"မင်း ... မင်းတို့"

ထပ်မပြောရဲတော့ဘဲ ဦးသာရှိန် အံကြိတ်၍ ပါးစပ်ပိတ်လိုက်ရသည်။ ထပ်ပြောလျှင် လှိုက်ကို ထပ်၍ နာကျင်အောင် လုပ်သလိုဖြစ်မည်မို့ ပါးစပ်ပိတ်ထားလိုက်သော်လည်း ဒေါသကြောင့် တက်ခေါက်မိ၏။

နောက်ထပ် လူတွေဆီရောက်လျှင် ဘာတွေ ထပ်ဖြစ်ဦးမည်မသိ။ သူတို့က အကြောင်းမဟုတ်သော်လည်း လှိုက်ကို နည်းနည်းလေးမှ ထိပါးမခံနိုင်။ မျက်လုံးချင်းဆုံသည်က မှန်ထဲမှာဖြစ်၏။ ဦးသာရှိန်၏ မျက်လုံးတွေကိုမြင်လျှင် လှိုက် မျက်ရည်ကျ၏။



www.burmeseclassic.com

www.burmeseclassic.com



"မသွားနဲ့၊ အန္တရာယ်ရှိတယ်၊ နေဦး" လို့ ဘဘကြီး အော်ဟစ်တားမြစ်နေတဲ့ကြားက ဖွတ်ထွက်ခဲ့မိ၏။ တကယ်ဖြစ်လာပြီဆိုတော့လည်း "တားမရတာ ခံပေါ့" ဆိုသည့် ဥပေက္ခာမျိုး မထားနိုင်ခဲ့ကြသော မေတ္တာတွေကို ခံစားမိ၏။

သူ့မကြောင့် ဘဘကြီးနဲ့ လေးလေးဆက်တို့ ဒုက္ခရောက်ရတာပါ။ အဲပေမယ့် လိှုက် သူနဲ့ဝေးရသည့်ဝေဒနာကို ထိုင်ပြီး မခံစားချင်သူဟာ ဒီလိုတွေဖြစ်လာမှာ စိုးလွန်းလို့ ဟိုအဝေးကြီးကိုထွက်သွားကြဖို့တောင် ဆုံးဖြတ်ခဲ့တာ၊ သူ့မနဲ့ အတိုက်အခံ ဖြစ်ရသေးသည်။

တကယ်ဖြစ်လာလျှင် သူ ခံနိုင်ရည်မရှိတာကို သိနေ၍ လိှုက်ကို လုံးဝအလျှော့မပေးဘဲ ထွက်သွားဖို့သာ ကြိုးစားခဲ့တာဖြစ်သည်။ ခုတော့ ဇာကယ်ပဲ လိှုက်ကို ထားရစ်ခဲ့ပြီဖြစ်၏။

လိှုက်ဘဝမှာ ဘာလိုသေးလို့လဲ။ ကိုယ်က ချစ်ဖို့၊ ကိုယ့်ကို ချစ်တဲ့သူ၊ ဒါပဲ လိုတာမဟုတ်ဘူးလား။ ငွေတွေ၊ ဂုဏ်တွေကိုပဲ မြင်နေကြသည့် ဘဘကြီးတို့ကို လိှုက် စိတ်ဆိုးခဲ့မိသည်။ ကိုယ့်အတွက်ပါလားလို့ မမြင်ဘဲ ခွဲရက်လေခြင်းဟု တွေးသည်။

ထို့ကြောင့် နီဒါန်းနဲ့ မတွေ့မချင်း ရှာဖွေဖို့ ထွက်ခဲ့မိသည့်အထဲမှာ ဘာကိုမှ မကြောက်ပေ။

"ငြိမ်ငြိမ်နေစမ်း"

"အ"

တရှိုက်ရှိုက်ငိုနေသဖြင့် ခါးမှာဖိကပ်ထားသည့် ဓားက အသားထဲ ပိုနစ်သွား၏။ စူးစူးရှရှ နာသွားသည့်တိုင် အံကြိတ်ထားမိ၏။ လိှုက် ငိုနေတာက နီဒါန်း ထားရစ်ခဲ့တာကို ဖြစ်သည်။ ပြီးတော့ ဘဘကြီးတို့





သူ့မကြောင့် ဖြစ်ရတာကိုလည်း မကြည့်ရက်။ ခါးမှာ ဓားနဲ့ ဖိထောက်ထားသော်လည်း လိှုက်၏ရှိုက်သံ မစဲခဲ့ပေ။

"တောက်၊ ဒီတစ်ယောက် သေတော့မယ်၊ ဟိုကောင် မြန်မြန်မောင်းစမ်း၊ လက်က ယားနေပြီ"

လိှုက်ကို ထိန်းချုပ်ထားသူ၏ ဒေါသက စကားသံထဲမှာ ပါနေသည်။ သွားကြားစေ့သော လေသံက လက်တုန်ခြေတုန်ဖြစ်အောင် သတ်ချင်နေတာမှန်း သိသာလှသည်။ ဒီအခြေအနေကို ဦးဉာဏ်ရှိန်တို့လည်း သိသည်။ နောက်ခန်းထဲက တူမအဖြစ်ကို မှန်ထဲကနေ လှမ်းကြည့်ရင်း ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်း မသိ။ ဘာမှလည်း မတောင်းဆိုတော့ ပို၍ စိုးရိမ်လာကြသည်။

သူတို့ပုံစံက ငွေလိုချင်တာမှ ဟုတ်ရဲ့လား။

ထိုစဉ် ဖုန်းမြည်သံ ကြားလိုက်ရသည်။ သူတို့၏ ညွှန်ကြားသူထံမှ ဆက်တာမှန်းသိလိုက်သဖြင့် နားတွေကို အစွမ်းကုန်စွင့်ထားလိုက်မိသည်။

"ဆရာ၊ ကျွန်တော်တို့ ရောက်တော့မယ်"

"......................"

"ဗျာ၊ ဘာဖြစ်လို့လဲ၊ ဒီနားမှာ ဘာမှမရှိဘူး၊ စီစဉ်ထားတဲ့အတိုင်း ကွက်တိပဲ"

နောက်ကလူကို ကားမောင်းသူက လှည့်ကြည့်၍ မေးဆတ်ပြမေးသည်။ နောက်ကလူသည် မျက်နှာတစ်ခုလုံး ရှုံ့တွကာ ကမ်းနားလမ်းအတိုင်း တောက်လျှောက် ရှေ့နောက်ကိုလည်း ကြည့်သည်။

အနားမှာ ရွာတစ်ရွာရှိပေမယ့် ရွာလည်းမဟုတ်။ လူလည်း



www.burmeseclassic.com

www.burmeseclassic.com



မများပါ။ မြို့ကြီးတွေမှာ ကျူးကျော်ရပ်ကွက်တစ်ခုလောက်တောင် မရှိပေ။ အိမ်လေးတွေ၊ နှစ်လုံးပူး သုံးလုံးပူး ဟိုတစ်စု၊ ဒီတစ်စုသာ လှမ်းမြင်နေရသည်။ လမ်း၏ပတ်လည်မှာက သစ်ပင်တောတန်းတွေသာရှိ၏။

ထိုအချိန်မှာ ဆိုင်ကယ်သံသဲ့သဲ့ကို ကြားလိုက်သဖြင့် နှစ်ယောက်စလုံး ဟိုကြည့်ဒီကြည့် ဖြစ်သွားကာ ...

'ဘာတဲ့လဲ ဆရာကျော်၊ ဘာလုပ်ရမှာလဲ"

မနေနိုင်သည်မို့ လှမ်းမေးလိုက်တော့ ဖုန်းကိုင်သူက ဖုန်းကိုရှင်း ကျွတ်ခနဲ စုတ်သပ်၏။

"ဘာတွေဖြစ်ကုန်မှန်း မသိဘူး။ လာ .. လာဆိုတော့လဲ သူပဲ နေဦးဆိုတော့လဲ သူပဲ"

"ဟင် ... နေရမယ်"

"ဟုတ်တယ်၊ စကားမများနဲ့၊ ရပ်လိုက်"

မောင်းသူကို အမိန့်ပေး၍ သူက လှိုက်ကို ဒေါသနှင့် ဆောင့်ဆွဲသည်။ လှိုက်၏လည်ပင်းမှ တင်းတင်းကျပ်ကျပ် သိုင်းဖက်၍ .....

"ငြိမ်ငြိမ်နေ"

"အား ... အဟွတ်၊ အဟွတ်"

လှိုက် လည်ပင်းညှစ်ခံလိုက်ရကာ လက်မောင်းကြီးကို ဘယ်လိုမှ ဖယ်ရှားလို့မရ။ ချောင်းတွေဆိုးကာ အသက်ရှူလို့ မဝတော့ပေ။

"ဘယ်လိုလုပ် ကားရပ်မလဲ ဆရာကျော်၊ ရှေ့ဘက်က ဆိုင်ကယ်သံက ဆရာကြီးလား"

"ဆရာကြီး ဘယ်တုန်းက ဆိုင်ကယ်စီးလို့လဲ၊ မင်းစကားများ





နဲ့လေ၊ ရပ်ဆိုရင် ရပ်"

နှစ်ယောက်သား ရှေ့နောက် အငြင်းအခုံတွေ ဖြစ်နေကြ၏။

"ဆီမှ မရှိတော့တာ၊ ဒီမှာရပ်လို့ဖြစ်မလား ဆရာကျော်ရဲ့၊ ရပ်ဆိုရင် ဘယ်လိုလုပ် ဆက်မောင်းမလဲ၊ ကုန်းထိပ်ကို ရောက်တော့မယ်ဟာ"

ဟုတ်သည်။ ကုန်းထိပ်ရောက်လျှင် အလယ်မှာ တောစံသွားမည်။ ကားမီးလောင်နေလည်း ဟိုဘက်ကမ်းကလို့ပဲ ထင်လိမ့်မည်။ ပြီးတော့ ရွာထဲကနေ ချက်ချင်းပြေးကြည့်ဖို့လည်း မလွယ်ပေ။

ဒီမှာဆို လမ်းနဲ့ ရွာစုတ်က လယ်နှစ်ကွေလောက်ပဲ ကွာသည်။ ကားနဲ့လူသုံးယောက်ကို အလွယ်တကူ မီးရှို့ဖျောက်လို့ လွယ်မလား။

ဒီနေရာမှာ တန်းပြီး ကားမှောက်သည့်အခြေအနေဖန်တီးရအောင်လည်း မြေမျက်နှာပြင်အရ ဖြစ်နိုင်ဖွယ်မရှိသည့်အနေအထား။

"မသိဘူး၊ အမိန့်က အမိန့်ပဲ၊ ဒီမှာဆင်းလိုက်၊ သူ လာမယ်တဲ့"

"ဘာလာလုပ်မှာလဲ" ဟု မမေးဘဲ ကားက ရပ်တန့်သွား၏။ လှိုက်ကို ချုပ်ထားသူကလည်း ဖုန်းထဲကနေ

"နိဒါန်းဆိုတဲ့ကောင် ကျုန် သေးတယ်၊ လူမစုံသေးဘူး၊ အဲဒီမှာ ခဏရပ်နေလိုက်" ဟု ညွှန်ကြားတာကို ထည့်မပြောတော့ဘဲ ဆင်းလိုက်၏။ ကြိုးတုပ်ထားတာမို့ ဦးသာရှိန်တို့နှစ်ယောက်ကို ဒီတိုင်းပဲထားခဲ့ပြီး မောင်းသူက ဆင်းသည်။

လှိုက်ကိုတော့ ဟိုတစ်ယောက်က ချုပ်ထားလျက် ဆင်း၏။ ဘေးနှစ်ဖက်စလုံးမှာ ပြောင်းဖူးပင်တိုလေးတွေက မြေကြီးနှင့် လှစ်ရှားနေကြသည်။ ဆရာကြီးဆိုသူက ဘယ်ကနေ အမိန့်ပေး၍ ဘယ်လိုလာ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲဆိုတာ ဦးညာဏ်ရှိန့်တို့သာမကဘဲ သူလူနှစ်ယောက်ကပါ စိတ်ဝင်စားနေကြသည်။

ပြောင်းဖူးပင်တွေဘေးမှာ ရပ်နေကြရင်း ရှေ့ကြည့်လိုက်၊ နောက်ကြည့်လိုက်။ ထိုအချိန်တွင် လှိုက်သည် လည်ပင်းမှ သိုင်းညှစ်ခံထားရရင်း မျက်လုံးတို့က ကားဘီးတွေအောက် ရောက်သွား၏။

"ဟင် ..."

ဓာတ်ဆီတွေပါလား။ သူတို့ပြောနေကြသေးသည်။ ဆီကုန်နေပြီတဲ့၊ ဆီ ဘယ်လိုနည်းနဲ့ ကုန်နေတာဟို သူတို့ သိကြသည်ပေါ့။ ဒါဆိုဒါ တမင်လုပ်ထားတာပဲ။ သူတို့တွေ ဘာလုပ်မှာလဲ။"

ခေါင်းထဲမှာ လက်ခံနဲ့ ဖြစ်သွားကာ လှိုက် မျက်လုံးလေးတွေ ပြူးကျယ်သွား၏။ သူတို့တွေဟာ လှိုက်တို့ထင်ထားသလို ငွေလိုချင်လို့ မဟုတ်။

"ဘဘ ... ဟို ... ဟိုမှာ ဓာတ်ဆီ၊ အား ...."

"ဟော့ .... ဟော့ မလုပ်နဲ့"

လှိုက်ပြောတာကို ဘာမှန်းမသိလိုက်ဘဲ ဟိုလူ လှိုက်လည်ပင်းကို မရိုမသေနဲ့ ညှစ်ပစ်လိုက်သဖြင့် ဦးသာရှိန် ခေါသတကြီး လှမ်းအော်မိသည်။

"တိတ်တိတ်နေလို့ ပြောနေတာ ကြားလား။ နင့်ကို ငါသတ်မိ ..."

ထိုလူ စကားမဆုံးလိုက်ဘဲ နားထင်ကို ဖောင်းခနဲ အကန်ခံလိုက်ရကာ လှိုက်ကိုယ်လေး လွတ်ထွက်သွား၏။

"ဟာ ... ဒီကောင်"

"နီဒါန်း။ ခွေးသူခိုး"





နီဒါန်းသည် နောက်က ပြေးဝင်လာသူကို လက်ပြန်ရိုက်ကာ လှိုက်လက်ကိုလှမ်းဆွဲ၏။

"ဟိုနှစ်ယောက်ကို သွားထုတ်၊ မီးရှို့လိုက်လိမ့်မယ်"

သတ်ချင်ဖြတ်ချင်နေသူ နှစ်ယောက်သည် နီဒါန်းကို ဒေါသတကြီး ပြေးလုံးကြ၏။ နှစ်ယောက်တစ်ယောက်ပေမယ့် နီဒါန်းကတော့ ဂရုမစိုက်ပေ။ သို့သော် လဲကျနေသူသည် ပြန်ကျုံးထပြီး အိတ်ထဲက မီးခြစ်ထုတ်လိုက်၏။

သူ ပြေးကန်လိုက်ပေမယ့် နောက်ကနေ ပြန်ကန်လိုက်သဖြင့် သူကန်ချက်က လွဲသွားသည်။ မီးခြစ်မှာ ဖျောက်ခနဲ မီးတောက်သွားသည်။ သူ ကြိုးစားသော်လည်း လက်မတင်လေးလွဲသွားကာ မီးခြစ်က ကားနောက်မှာ အတန်းလိုက်ရှိနေသော ဓာတ်ဆီကြောင်းပေါ် ကျသွားခဲ့၏။

"လှိုက် ... နောက်ဆုတ်"

"ဟင် ..."

တံခါးဖွင့်လိုက်ပြီးသော်လည်း မျဉ်းကြောင်းကလေးလို တရဲရဲ တောက်လာသော မီးတောက်လေးကို မြင်လျှင် လှိုက် ကြောင်တောင်တောင်လေး ဖြစ်သွားသည်။ မီးတောက်သည် ကားနောက်ပိုင်းဆီသို့ လှလှပပလေး ဝင်လာနေ၏။

နီဒါန်းသည် ခွေခနဲ လဲသွားသူကို ပခုံးနှစ်ဖက်ကနေ ဆွဲမထူလိုက်ပြီး မီးတောက်လမ်းကြောင်းပေါ် လွှဲပစ်လိုက်၏။

"လှိုက်၊ ဖယ်နေစမ်း"

နီဒါန်း ပြေးလာသည်။ လှိုက်ကို ကားနားကနေ ဆွဲဖယ်ပစ်ကာ

www.burmeseclassic.com



ခြေတွေ လက်တွေကို ကြိုးတုပ်ခံထားရသည့် ဦးသာရှိန်နှင့် ဦးညဏ်ရှိန်တို့ အတွဲလိုက်အတိုင်း ဆွဲချသည်။ အခြေအနေတွေက ဝရုန်းသုန်းကားတွေ ဖြစ်ကုန်လေသည်။

မီးလမ်းပေါ် ကန့်လန့်ဖြတ်ကျသွားသည့် အပူဒဏ်ကြောင့် လှုးလဲကျုံးထသောအခါ မီးလမ်းပျက်သွားသည်။ နီဒါန်းက ပြန်ပြေးသွားကာ မီးကြောင်း ကားဆီမသွားနိုင်အောင် မြေသားတွေကို ထိုးဖွပုံးဖို့၍ လမ်းပျက်၏။ လှိုက် ကြိုးဖြည်ပေးလိုက်သဖြင့် ဦးသာရှိန်တို့လည်း ရောက်လာကာ ကြိုးစားပမ်းစား ဝိုင်းသတ်ကြသည်။

"လှိုက်၊ ကားကို ရှေ့ရောက်အောင် မောင်းသွား"

မီးလမ်းပျက်သွားစဉ် နီဒါန်းပြောသည့်အတိုင်း လှိုက်က ကားပေါ် တက်မောင်းသွားသည်။ မီးတောက် လုံးဝသေသွားမှ ဦးညဏ်ရှိန်က မီးလောင်ခံရပြီး လိမ့်နေသူကို လက်သီးနဲ့ ပြေးထိုးသည်။

"ခွေးသူတောင်းစားတွေ၊ ကိုယ့်အသားပူတော့ ပူမှန်း တယ်သိပါလား"

ထိုလူမှာ ဦးညဏ်ရှိန်၏ လက်သီးချက်ဖြင့် မေ့မြောသွားခဲ့လေသည်။

"ဟူး ... အမေမွေးထားခဲ့တာ ဒီမီးကို သတ်ဖို့ထင်တယ်"

ရှေ့ပြေးလိုက်၊ နောက်ပြေးလိုက်နှင့် မီးသတ်ခဲ့ပြီး ဦးသာရှိန်က ကလေးကလား ညည်းညူလေသည်။ လှိုက်ကို ထိန်းချုပ်ခဲ့သည့် ကိုယ်တော်ကတော့ ဗိုဇာမကျဘဲ နိုင်ငံရပ်ခြားသို့ အလည်တစ်ခေါက် ရောက်နေခဲ့ပြီထင်သည်။





"နီဒါန်း"

"လှိုက်"

လှိုက် ကားပေါ်ကနေ ဆင်းရင်း လှမ်းခေါ်သည်။ အသံကြားလို့ လှည့်ကြည့်လိုက်တော့ နီဒါန်းက ပြေးသွားနေပြီဖြစ်သည်။ ဦးညဏ်ရှိန်က ဒီဘက်ပြန်လှည့်လာပြီး ပခုံးတွန့်သည်။ ဦးသာရှိန်က မြေပြင်ကို အတင်းယက်ထုတ် ကန်ကျောက်၍ မြေဖွခဲ့ရသော ခြေထောက်နှင့် လက်နှစ်ဖက်ကို ဖြန့်ကြည့်ပြီး သံဝေဂတွေ ရနေသည်။

ဦးညဏ်ရှိန်က သူ့ဘေး ရောက်သွားကာ ...

"ရုပ်ကြမ်းကြီးနဲ့ နွဲ့မနေပါနဲ့ အစ်ကိုရာ၊ ဘယ်သူမှလဲ သနားမှာ မဟုတ်ပါဘူး။ ဟိုကောင့်ဗိုက်မှာ ဓားထိထားတာ ထင်တယ်၊ ဗိုက်မှာ သွေးတွေ တွေ့တယ်"

"အဲဒါ ဘာလုပ်ရမှာလဲ၊ ဟိုမှာ သူ့ဆေးနဲ့သူ ရှိပြီးသား"

"ပြီးရော"

ဦးညဏ်ရှိန်က လှည့်ထွက်သွား၏။

"ဖိုးညဏ်"

ဦးသာရှိန်က ပြန်လှည့်ခေါ်ကာ ...

"မင်း တားချင်သေးလား"

ဘာကိုမေးတာမှန်း သိတာကြောင့် ဦးညဏ်ရှိန်မျက်လုံးတွေက လှိုက်နဲ့နီဒါန်းဆီ ကြည့်လိုက်ပြီးသား ဖြစ်သွား၏။ ပြီးတော့ ဖုန်ခဲ့ ပေါက်ကွဲသွားမည့် မီးတောက်များနှင့် ကားကြီးကို မြင်ယောင်သွားသည်။ ထိုကားထဲမှာ သူရယ်၊ ဦးသာရှိန်ရယ်။

ဦးညဏ်ရှိန်က ရယ်သံသဲ့သဲ့နှင့် ဆက်လျှောက်သွားသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကို ချည်ထားခဲ့သော ကြိုးတွေနဲ့ပဲ လဲကျနေသူတွေကို တုပ်ဖို့ပြင်ရင်း

"ဒီနေ့ကစပြီး အနန္တေအနန္တဂါးပါးမှာ တစ်ပါးတိုးရဦးမှာ၊ တား စရာလား"

သူ့စကားကြောင့် ဦးသာရှိန်လည်း ရယ်နိုင်မောနိုင် ဖြစ်လာ၏။ လှိုက်သည့် နီဒါန်း၏ ကျောပြင်ကို တင်းကျပ်စွာ သိုင်းဖက်၍ ငိုပစ်လိုက်သည်။

"ရှင် သိပ်ရက်စက်တယ် သိလား"

"လှိုက်ရယ်"

"ဟင့်အင်း၊ မပြောနဲ့ ဒီတစ်ခါ ရှင်တစ်ယောက်တည်း ထွက်သွား ကြည့်"

"ကိုယ် ... မင်းကို"

"ချစ်တယ်လို့ ပြောခဲ့တာကို ရုပ်သိမ်းမလို့လား"

"မဟုတ်ဘူး"

လှိုက်မျက်နှာလေး မော့လာသည်။ ချစ်တယ်ဆိုသည့်စကားကို နှုတ်မှပင် မပြောရက်တော့ပါ။ သူ လှိုက်ကိုယ်လေးကို ဖွဖွလေးပြန် ဖက်ကာ နဖူးပြင်လေးကို နမ်းသည်။

မိုက်က ဓားဒဏ်ရာက တဆစ်ဆစ် တဖျစ်ဖျစ် နာကျင်လာသည်။ သွေးတွေကျနေတာကို လှိုက် မမြင်အောင် ဆွဲကပ်ဖက်ထားရင်း ပြုံး နေရသည်။ မင်းကို ကိုယ် အသက်နဲ့လဲပြီးချစ်တာ မသိဘူးလား လှိုက်ရယ်။

မဟန်နိုင်သည့်အဆုံးမှာ နီဒါန်း၏ ခန္ဓာကိုယ်က တအိအိပြိုကျ လေသည်။





"ဟင် ..."

လှိုက် ချောက်ချားသွား၏။

"နီဒါန်း ... နီဒါန်းရယ်"

"ကိုယ် ... ကိုယ် ဘာမှ မဖြစ်ဘူး"

"ဟင့်အင်း၊ ဘဘကြီး၊ လေးလေးညဏ်၊ လုပ်ပါဦး၊ နီဒါန်းကို ကယ်ပါဦး"

နီဒါန်းကိုယ်ကြီးကို ကျောမှသိုင်း၍ မနိုင်မနင်း ထိန်းထားရင်း လှိုက် စူးစူးဝါးဝါး အော်သည်။ ဦးညဏ်ရှိန်ပဲ အရင်ရောက်လာသည်။ နီဒါန်း သတိမလစ်သေးပါ။ သူ တွဲလိုက်သည့်ထဲကနေ လှိုက်၏ လက် ကလေးတစ်ဖက်ကို ဆုပ်ထားခဲ့၏။

ဦးသာရှိန် ဖုန်းကိုင်လျက် ပြေးလာသည်။

"ဘာလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ"

"ဘာမှ မဖြစ်ဘူး၊ သူ မသေပါဘူး၊ မငိုနဲ့ မငိုနဲ့"

ဦးညဏ်ရှိန်က နီဒါန်းကိုမွေ့ထားရင်း ဦးသာရှိန်ကိုရော လှိုက်ကို ပါ ပြောလိုက်ပြီး ...

"နီဒါန်း၊ မင်း မပျော့နဲ့နော်၊ မိန်းမမရလိုက်ဘဲ သေသွားဦးမယ်၊ ကြားထဲက ငါ့တူမကို မုဆိုးမအဖြစ်မခံနိုင်ဘူး"

စကားလုံးက နူးညံ့မှုမရှိပေမယ့် နားလည်လွယ်စေပါသည်။

"ဟုတ်တယ်ကွ၊ ကျုပ် ဖုန်းဆက်အကြောင်းကြားပြီးပြီ ခုပဲ သူတို့ ရောက်လာမှာ၊ တောင့်ထား"

ဦးသာရှိန်က ထပ်ပြောပြီး သူ့ကို တစ်ဖက်က ဝင်တွဲသည်။ ဒဏ် ရာနှင့် ဝေဒနာများကြားမှာ နီဒါန်း၏ နှုတ်ခမ်းတွေ ပြုံးယောင်သမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

လှိုက် ငိုနေတာကို ကြားနေရသည်။ သူ့လက်ကို လှိုက် နှစ်ဖက်နဲ့ ဖိဆုပ်ထပ်ကိုင်ထားတာလည်း သိသည်။ သူ ကားပေါ် ရောက်သွားပြီမှန်း သိလိုက်ချိန်တွင် မျက်လုံးတွေ ဖွင့်မရတော့ပေ။ ဒါပေမယ့် ခံနေရသည့် ဝေဒနာက ကြည်နူးခြင်းပဲ ဖြစ်၏။ လှိုက်ကို သူ ချစ်သည်။

"နီဒါန်း၊ ရှင့်ကို လှိုက် သိပ်ချစ်တယ်၊ ရှင် ဘာမှမဖြစ်ရဘူး သိလား။ လှိုက်က နေခဲ့မယ့်သူမဟုတ်ဘူးဆိုတာ မှတ်ထားစမ်းပါ၊ ရှင် ဘယ်မှ မသွားရဘူး"

လှိုက်အသံကို သူကြားနေရသည်။ သူ့ပါးပြင်မှာ တိုးဝှေ့ထိကပ်နေသော လှိုက်၏ နှုတ်ဖျားမှ လေငွေ့နွေးကို တပ်မက်နှစ်သက်စွာ ခံစားရင်း လှိုက် လက်ဖဝါးလေးကို ပြန်၍ ဆုပ်ကိုင်လိုက်မိသည်။

"လေးလေးဘဏ်၊ ဒီမှာ သူ သတိမလစ်ဘူး သိလား။ လှိုက် လက်ကို သူ ပြန်ကိုင်ထားတယ်၊ ကြည့်"

"ဟုတ်တယ်၊ သူ ဘာမှမဖြစ်နိုင်ပါဘူး"

လှိုက် ဝမ်းသာနေပေမယ့် မျက်ရည်စက်တို့က သူ့ပါးပြင်ထိ စွန်းထင်းကုန်လေသည်။

"တစ်သျှောက်လုံး လှိုက်ဘေးမှာနေပြီး ရှင် အနစ်နာခံခဲ့တာ နီဒါန်းရယ်၊ ရှင့်ကို လှိုက်ချစ်တယ်၊ လှိုက်ကို အများကြီးပေးထားခဲ့ပြီး လှိုက် ပေးတာကိုလဲ ရှင် ယူရမယ်သိလား"

အရူးမလေးလို စကားတွေပြောရင်း နီဒါန်း နဖူးဆံစတို့ကို သပ်တင်ပေးလိုက်၊ ရင်ဘတ်ပေါ်မှာ ပါးလေးကပ်၍ ငိုလိုက်နှင့် လှိုက်တို့ဦးသာရှိန်တို့ မမြင်ချင်ဘဲ မြင်နေရသည်။





ကားပေါ်မှာ နီဒါန်းကို ပွေ့ထားရတာက သူတို့ဝဲမို့ လှိုက်ငိုနေတာကလည်း သူတို့ရင်ခွင်ထဲမှာ ဖြစ်နေသည်။

ဘာမှ မဖြစ်ပါဘူးဆိုနေမှ ဒီကလေး ခက်ပါလား။

နီဒါန်း၏ နှုတ်ခမ်းသားတွေပေါ် ကို သူမ၏နှုတ်ခမ်းနှင့် ထိကပ်နမ်းလိုက်သောအခါ လူဖျိုကြီး ဦးဉာဏ်ရှိန် မျက်လုံးပြူးသွား၏။

ကြည့်စမ်း၊ အရုတ်ပလုတ်ကောင်မလေး။ ဦးလေးရှေ့မှာ ....။

*ပရိသတ်အတွက်*

*ထာဝရ*

*လရောင်ကျူးရင့်*

မှတ်ချက် ။ ။ ဝေဖန်အကြံပေးစာများ ပေးပို့လိုပါလျှင်
ရွှေသမင် စာပေ အမှတ် (၃၉)၊ ၄၄–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
သို့ ပေးပို့နိုင်ပါသည်။



www.burmeseclassic.com